


www.burmeseclassic.com
PUBLISHING GROUP
ရင်ငြွတ်နိုး
ခေါင်းညိတ်ပြဖို့လိုသေးလို့လား
BURMESE CLASSIC
ဝန်းချီသိမ့်သွေကြည်
2011
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

…မူခွင့်ပြုချက်အမှတ် - ၅၀၁၀၉၉၀၉၁၁

…ျတ်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၅၇၁၀၁၁

ထုတ်ဝေသူ ♦ ဦးကျော်ဆန်း (မြဲ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊
ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

…တွင်းနှင့်အဖုံးပုံနှိပ်သူ ♦ ဦးကျင်ရင်(ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် ၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။

ပုံနှိပ်ခြင်း ♦ ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ။

အုပ်ရေ ♦ ၅၀၀ အုပ်

တန်ဖိုး ♦ ၁၀၀၀ ကျပ်

ဖြန့်ချိရေး ♦ ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - 095163764, 095162031

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

…ှင်မြတ်နိုး
…ခါင်းညိတ်ပြဖို့ လိုသေးလို့လား/ ရှင်မြတ်နိုး ။- ရန်ကုန် ။
…အောင်စာပေ၊ ၂၀၁၁။
(၂၈၈) စာ၊ ၁၂ စင်တီမီတာ x ၁၇.၇ စင်တီမီတာ
(၁) ခေါင်းညိတ်ပြဖို့ လိုသေးလို့လား


# (၁)

လရောင်ရိပ်ဆိုတဲ့ ကောင်မလေးရဲ့ မျက်ဝန်းညို့ညို့လေးတွေက မာမီ့အား တောင်းပန်ခယ အားကိုးတကြီးနှင့် မျှော်လင့်ချက်တွေ အပြည့်ဖြစ်နေတာ ကျော်ကျော်ဈာန် သတိထားမိနေသလို လရောင်ရိပ်ကို မာမီ လက်ခံပေးဖို့လည်း ဈာန့်ရင်ထဲမှာ တထိတ်ထိတ်နှင့် ပြင်းပြင်းပျပျဆုတောင်းနေမိသည်။ အသားဖြူဖြူဝင်းဝင်း၊ ဆံပင်ရှည်ရှည်၊ နှာတံစင်းစင်း၊ မျက်တောင်ကော့ကော့လေးတွေ ပိုင်းရံထားပြီး ချစ်စရာကောင်းတဲ့ ကောင်မလေးကို အိမ်မှာ အလုပ်သမားအဖြစ်လက်ခံဖို့ မာမီ တွေဝေတုံ့ဆိုင်းနေတာ သူ့ ကြောင့်ပဲဆိုတာ သူသိသည်။

"မာမီရာ… လက်ခံလိုက်စမ်းပါဗျာ၊ ဈာန်အရမ်းချစ်မိသွားလို့ပါ၊ မြင်မြင်ချင်းပဲ ချစ်သွားတာ၊ အတိတ်ဘဝက ရေစက်တွေရှိလို့ ထင်တယ်၊ မာမီ လက်ခံပေးပါ၊ လရောင်ရိပ်ကို ဈာန် မျက်စိအောက်ကတောင် အပျောက်မခံနိုင်တော့ဘူး"

တကယ်တော့ ဈာန်က ဧည့်ခန်းဆိုဖာတစ်လုံးမှာထိုင်ပြီး



www.burmeseclassic.com

စာဖတ်နေတာပါ။ အိမ်အကူပွဲစားမကြီး ဒေါ်လေးဆည်းဆာက အလုပ်သမားလာပို့တာဆိုတော့ မာမီ လက်ခံတွေ့ဆုံနေခြင်းဖြစ်သည်။ မာမီ အမြဲတမ်း အားကိုးတကြီး အိမ်အကူရှာပေးဖို့ အကူအညီတောင်းနေရသလို မာမီ့အပေါ်လည်း စေတနာမေတ္တာနှင့် လူကောင်းလူတော်တွေပဲ ပို့ပေးတတ်တဲ့ အိမ်အကူပွဲစားမကြီးဖြစ်နေ၍ မာမီ အရေးတယူဆက်ဆံတတ်သည်။ ဒါပေမဲ့ မာမီ့အတွင်းစိတ်ကို သိနေတဲ့ ဈာန်ကတော့ လရောင်ရိပ်ကို နည်းနည်းလေးမှ စိတ်မဝင်စားဟန်ဖြင့် မျက်လုံးကို စွေမကြည့်ဘဲ စာပဲဖတ်နေမိသည်။

'မမသော်တာမိုးထက်ရယ် လရောင်ရိပ်လေးကိုတော့ စောင့်ရှောက်ပေးထားဖို့ မဆည်းဆာ တောင်းပန်ပါတယ်နော်၊ ကျွန်မ ထိန်းသိမ်းစောင့်ရှောက်ရမယ့်မိန်းကလေး ဖြစ်နေလို့ပါ၊ ကျွန်မဆီမှာလည်း ထားလို့မဖြစ်ဘူးလေ၊ ကျွန်မယောကျ်ားက အရှုပ်အရှင်း မလုံခြုံဘူး၊ မမပဲ လက်ခံစောင့်ရှောက်ပေးထားပါ၊ အရှင်းလိမ္မာပါတယ်၊ ခိုင်းစရာရှိရင်လည်း ခိုင်းပါ၊ ပြဿနာတစ်ခုခုဖြစ်လာရင် ကျွန်မလက်ထဲ ပြန်အပ်ပါ၊ အချိန်မရွေး ဒါပဲ၊ လုံခြုံစိတ်ချရပါတယ် နော် မမသော်တာ'

'မဆည်းဆာကိုလည်း မမသော်တာ ကူညီပေးချင်ပါတယ်၊ ဒီကလေးမက ညည်းနဲ့ ဘယ်လိုပတ်သက်နေလဲ၊ အမှန်အတိုင်းပြောပါ၊ အိမ်ဖော်အသွေးအမွေးတော့ မဟုတ်ဘူးနော်'

'ကျွန်မညီမ အငယ်ဆုံးကမွေးတဲ့ တူမလေးပါ၊ မိဘတွေ [illegible]ပါ၊ တစ်ယောက်တည်းကျန်ရစ်ခဲ့တယ်လေ'





'ဟဲ့… မဆည်းဆာမှာ ညီမရှိတယ်၊ အိမ်အကူပဲ လုပ်နေတာမဟုတ်လား'

'ဟုတ်ပါတယ်၊ ညီမလေး ကျွန်းမာရေးချို့ယွင်းလာလို့ အိမ်အကူအလုပ်မလုပ်တော့ဘဲ အိမ်ငှားပြီး သားအမိနှစ်ယောက်နေတာ ကြာပါပြီ၊ အခုတော့ ဆုံးသွားတယ်လေ၊ လရောင်ရိပ်လေးကလည်း ဆယ်တန်းအောင်ထားပြီးပါပြီ၊ အရမ်းကြိုးစားတဲ့ကလေးပါ၊ အမေက ဈေးရောင်းပြီး ကျောင်းထားတာပါ၊ မဆည်းဆာကလည်း ထောက်ပံ့ပေးရတာပေါ့လေ၊ ညီမဆုံးသွားတော့ လရောင်ရိပ်ကို တာဝန်ယူဖို့ ခက်ခဲသွားတယ်၊ ခဏအပ်ထားတဲ့သဘောပါပဲ မမသော်တာရယ်၊ လောလောဆယ် လုံခြုံစိတ်ချရတဲ့အိမ် မတွေ့သေးလို့ပါ'

'မဖြစ်သေးဘူးထင်တယ် မဆည်းဆာရယ်၊ မိန်းကလေးတစ်ယောက်ရဲ့တာဝန်ကို ယူရမှာ ဝန်လေးတယ်'

'ကျွန်မ ခဏခဏလာမှာပါ၊ မမသော်တာ ဘယ်လိုမှ စိတ်အနှောင့်အယှက်မဖြစ်စေရပါဘူး'

ဒေါ်သော်တာမိုးထက်စိတ်ထဲမှာ လရောင်ရိပ်ကို သနားပေမယ့် သားဈာန်က ရှိနေသည်။ ဒါပေမဲ့ သားဈာန်က မာနကြီးတယ်။ အိမ်အကူကောင်မလေးလောက်ကို စိတ်ဝင်စားမှာ မဟုတ်ပါဘူး။ သားဈာန် လှည့်တောင်မကြည့်ပေ။ ကောင်မလေးကလည်း ချောချော နုနုဖတ်ဖတ်လေး။ ဖြစ်ပါ့မလား။ အိမ်အကူမျိုးရိုးက သမီးတစ်ယောက်ကို သားလူပျိုရှိနေတဲ့အိမ်မှာ ထားရတယ်ဆိုတာ အန္တရာယ်ရှိနေသည်။

'မမသော်တာလည်း တာဝန်ယူပေးချင်ပါတယ် မဆည်းဆာရယ်၊ ဒါပေမဲ့ တာဝန်ကြီးတယ်အေ၊ မမသော်တာ တခြားအကူအညီပဲ ပေးချင်တယ်၊ ငွေကြေးပေါ့၊ အိမ်ငှားလေ

'မဖြစ်နိုင်လို့ပါ မမသော်တာရယ်၊ ကျွန်မယောကျ်ားငမူးက စော်ကားချင်နေတယ်၊ မလုံခြုံဘူး၊ အင်းလေ… မမသော်တာက တာဝန်မယူနိုင်ဘူးဆိုရင်လည်း မပြောတော့ပါဘူး၊ တခြားတစ်အိမ်ပဲ ရှာရတော့မှာပေါ့'

'မတတ်နိုင်ဘူးအေ၊ မမသော်တာကတော့ ဘယ်လိုပဲ စဉ်းစားစဉ်းစား မဖြစ်နိုင်ဘူးထင်တာပဲ'

'ကျေးဇူးပါပဲ မမရယ်၊ ပြန်လိုက်ပါဦးမယ်၊ ထ… အရိပ်၊ ညည်းလေးလည်း ကန်တော့ပါတယ်အေ'

လရောင်ရိပ်ဆိုတဲ့ ကောင်မလေးကို ကြည့်ရတာ လူကြီးမိဘစကားတွေကို နာခံမယ့်ပုံပဲ။ မိမိမှာလည်း ခြေဆုပ်လက်နယ်ပြုစုပေးမည့် မိန်းကလေးတစ်ယောက် လိုအပ်နေတာ အမှန်ပါပဲ။ ခေါ်ထားလိုက်ရင် ကောင်းမလား။ လက်မခံဖို့ ဆုံးဖြတ်ချက်ချလိုက်ပေမယ့် လခမပေးရဘဲ အလုပ်သမားတစ်ယောက်ရမှာပါ၊ လက်ခံထားလိုက်ရင် ကောင်းမလားပဲ။ သားချာန်အတွက် စိတ်မပူရပါဘူး။ သားက အရမ်းအထက်တန်းကျပြီး ဂုဏ်သိက္ခာရှိရှိနေထိုင်တတ်သူပဲ။ လက်ခံလိုက်မယ့် မိမိမှာလည်း သမီးမှမရှိတာ။ ဒေါ်သော်တာမိုးထက် ပြန်စဉ်းစားပြီး လက်ခံထားဖို့ ဆုံးဖြတ်လိုက်သည်။

'ဟဲ့… နေဦး ဆည်းဆာ၊ မမပြန်စဉ်းစားကြည့်တော့





လည်း ဒီလိုအရွယ်လေးတစ်ယောက် မမအနားမှာ လိုအပ်တာပဲလေ၊ ထားခဲ့ပါ၊ ညည်းတော့ မကြာမကြာလာခဲ့ပါ'

'ဟုတ်ကဲ့… စိတ်ချပါ မမ၊ ဝမ်းသာလိုက်တာ မမရယ်၊ ကျွန်မ စိတ်အချဆုံးက မမတို့အိမ်မှာပါပဲ၊ မမရဲ့ ကြင်နာသနားတတ်ပြီး အလုပ်သမားတွေကို ကြည့်ရှုစောင့်ရှောက်တတ်တဲ့ စိတ်သဘောထားပြည့်ဝတာကို သိလို့ပါ'

'အမလေးအေ… အရမ်းမြှောက်မနေစမ်းပါနဲ့၊ မမသော်တာကလည်း ဒုက္ခသည်မိန်းကလေးဖြစ်နေလို့ လက်ခံလိုက်တာနော်'

'ကျေးဇူးပါပဲ မမရယ်၊ အရိပ် လိမ်လိမ်မာမာနေနော်၊ အကြီးလည်း လာမှာပါ၊ မေမေကြီးကိုလည်း ပြုစုပေး၊ သမီးမှာ နေစရာမှမရှိတာဘဲ'

'ဟုတ်ကဲ့ပါ အကြီး၊ စိတ်ချပါ၊ အရိပ် လိမ်လိမ်မာမာ နေပါ့မယ်နော်'

ချာန် သက်ပြင်းမောကြီးကို မာမီမသိအောင် ကြိတ်ပြီး မှုတ်ထုတ်ဖြစ်ရသည်။ တော်ပါသေးရဲ့ အရိပ်ရာ။ မာမီ လက်ခံလိုက်လို့ ကိုယ်အသက်ရှူဖြောင့်သွားတယ်။ အရိပ်အတွက် ကိုယ်အရမ်းစိတ်ပူနေရတာ။ အရိပ်က ဆယ်တန်းအောင်ကာစဆိုတော့ သူ့ထက် ငါးနှစ်လောက်ငယ်နေသည်။ မာမီက လက်ခံပြီဆိုတော့လည်း သူ့ စိတ်အေးစွာဖြင့် အပေါ်ထပ်တက်လာခဲ့သည်။

'လရောင်ရိပ်'

'ရှင်…'

www.burmeseclassic.com



'မင်း လိမ္မာရင် လိမ္မာသလို မာမီကြီးက စောင့်ရှောက်မယ်၊ စာပေးစာယူနဲ့လည်း ဘွဲ့ရအောင် သင်ပေးမယ်၊ ပြီးတော့ မင်းအနာဂတ်အတွက်လည်း မာမီကြီးက တတ်သင့်တဲ့ပညာရပ်တွေအားလုံး သင်ကြားပေးမယ်'

'ဟုတ်ကဲ့… အရိပ် လိမ်လိမ်မာမာနေပါ့မယ်၊ မာမီကြီး လက်ခံပေးတာကို ကျေးဇူးတင်ပါတယ်ရှင်'

'မာမီကြီးအနားမှာလည်း မင်းအရွယ် မိန်းကလေးတစ်ယောက် လိုအပ်နေတယ်လေ၊ မင်းကို သမီးအဖြစ် မွေးစားသင့်ရင်လည်း စာချုပ်စာတမ်းနဲ့ အပြီးအပိုင်မွေးစားမယ်'

'တွေ့လား အရိပ်၊ မာမီကြီးရဲ့စေတနာတွေ၊ အကြီးမှာလည်း ဘယ်လိုမှ တူမလေးကို စောင့်ရှောက်နိုင်တဲ့အင်အားတွေ မရှိလို့ပါ၊ ဒါကြောင့် သမီး လိမ္မာမှဖြစ်မယ်နော်'

'ဟုတ်ကဲ့… စိတ်ချပါ အကြီး၊ အရိပ်ဘဝကို အရိပ် နားလည်ပါတယ်၊ လိမ္မာပါ့မယ်၊ မာမီကြီးရဲ့ စေတနာမေတ္တာတွေကိုလည်း အရိပ်သိတတ်ပြီး မာမီကြီး စိတ်အနှောင့်အယှက်ဖြစ်ရမယ့်ကိစ္စတွေကိုလည်း အရိပ်မှ ဘယ်တော့မှမလုပ်ပါဘူးနော်'

'ဒါဆို မမသော်တာလက်ထဲ အပ်ထားခဲ့ပြီနော်၊ တစ်လတစ်ခေါက်လောက်တော့ မဆည်းဆာ ရောက်လာမှာပါ၊ အရိပ် အမှားအယွင်းတွေလုပ်တာနဲ့ ကျွန်မ ပြန်ခေါ်သွားပါ့မယ်'

'ကောင်းပါပြီအေ'

ဆည်းဆာ ပြန်သွားတော့မှ လရောင်ရိပ်ကို ဒေါ်သော်တာ ထပ် စေ့စေ့ကြည့်ပစ်မိသည်။ ဘုရားရေ… သေသေချာချာ





ကြည့်မှ တော်တော်လှတဲ့ မိန်းကလေးပဲ။ ယောကျ်ားလေးတစ်ယောက် အရူးအမူးစွဲမက်သွားစေနိုင်တဲ့ အလှတွေက လရောင်ရိပ်မှာ ရှိနေသည်။ မိမိ မှားသွားပြီလား။ လရောင်ရိပ်က မျက်တောင်ကော့လေးတွေ တဖျတ်ဖျတ်ပင့်တက်ကာ မော့ကြည့်သည်။ မျက်ဝန်းလေးတွေထဲမှာ ရိုးသားဖြူစင်မှုတွေကတော့ ပြည့်လျှမ်းနေပေမယ့် ရင်တွေပူလာသည်။ အိမ်ဖော်ကောင်မလေး၊ အိမ်ဖော်မိန်းမတစ်ယောက်ရဲ့သမီး မျိုးရိုးလည်းအတိအကျမသိတဲ့ မိန်းကလေးက အရမ်းလှပလွန်းတဲ့မိန်းကလေး ဖြစ်နေသည်။

'လရောင်ရိပ်'

'ရှင်…'

'မင်းကို မာမီကြီး လက်ခံထားလိုက်တာက မင်းဘဝလုံခြုံရေးအတွက်ပဲနော်'

'ဟုတ်ကဲ့… သိပါတယ် မာမီကြီး'

'အခု မင်း ဒီမှာ အိမ်အကူတစ်ယောက်အနေနဲ့ ထမင်းချက်ဒေါ်မမနဲ့ ဝိုင်းကူလုပ်ရမယ်၊ ပြီးတော့ မာမီကြီးဝေယျာဝစ္စတွေ လုပ်ပေးရမယ်၊ မာမီကြီး အိပ်ရာဝင်ခါနီး နှိပ်နယ်ပေးရမယ်'

'ဟုတ်ကဲ့… အရိပ် လုပ်ပါ့မယ်၊ မေမေ့ကိုလည်း အရိပ်ပဲ ပြုစုပေးတာပါ၊ မာမီကြီး ခိုင်းစေသမျှ အရိပ် လုပ်ပေးပါ့မယ် ခိုင်းသာခိုင်းပါ၊ အားမနာပါနဲ့နော်'

'ညည်း လိမ္မာပါ'

'ဟုတ်ကဲ့'

'ဒေါ်မမရေ'

www.burmeseclassic.com



'ရှင်…'

'လာခဲ့ပါဦး'

ထမင်းချက် ဒေါ်မမကို ခေါ်လိုက်၍ ရောက်လာသည်။

'ဒီကောင်မလေးက လရောင်ရိပ်တဲ့၊ ဒေါ်မမနဲ့အတူအိပ်ပါစေ၊ နေရာလုပ်ပေးလိုက်ပါ'

'ဟုတ်ကဲ့'

'နိုင်းစရာရှိတာလည်း နိုင်းပေါ့၊ သင်စရာရှိတာတွေလည်း သင်ပေးလေ'

'ဟုတ်ကဲ့ မာမီကြီး'

'လရောင်ရိပ်'

'ရှင်…'

'လိုက်သွားတော့၊ မင်း ဒေါ်မမနဲ့ နေရမယ်၊ သူခိုင်းစေတာ လုပ်ရမယ်၊ သူ့လက်ထဲ ညည်းကိုအပ်လိုက်ပြီ'

'ဟုတ်ကဲ့'

'လာ… လရောင်ရိပ်'

ဒေါ်သော်တာမိုးထက် စဉ်းစားမိတာက လရောင်ရိပ်အား မြှောက်စားထားဖို့ပင်။ တွေးကြည့်လေ ရင်ပူရလေပဲ။ မိမိ လက်ခံထားပြီးမှ ကောင်မလေးအား အသေအချာကြည့်ပြီး နောင်တတွေရှာခဲ့သည်။ ဒါပေမဲ့ သားရျာန်ကတော့ ဒီလိုအတန်းအစားကောင်မလေးမျိုးကို စိတ်ဝင်စားမှာ မဟုတ်ပါဘူးလေ။ လရောင်ရိပ်ကို ဇွတ်ဇွတ်ပြတ်ပြတ်နှင့် အိမ်ဖော်အဆင့်နှင့်ပဲထားဖို့ ဆုံးဖြတ်လိုက်သည်။





'ဒေါ်မမ'

'ရှင်… မာမီကြီး'

'လရောင်ရိပ်ကို နေရာချထားပြီးရင် မာမီကြီးဆီကို ခဏလောက်လာဦး'

'ဟုတ်ကဲ့'

'ခေါ်သွားတော့'

တွေးမိလေ တွေးမိလေ ဒေါ်သော်တာထက် စိတ်ပူရလေပဲ။ အမလေး… လရောင်ရိပ်ကို မြှောက်စားလို့မဖြစ်ဘူး။ ရျာန့်မျက်စိအောက်မှာလည်း မထားဘူး။ ထမင်းချက်အလုပ်သမားဒေါ်မမလက်ထဲပဲ အပ်ထားရမယ်။ အခြေအနေမကောင်းရင်တော့ ဆည်းဆာရောက်လာတာနဲ့ ပြန်ထည့်ပေးလိုက်မယ်။ ဒုက္ခပါပဲဟယ်။ လက်ခံထားပြီးမှ စိတ်က ပူလာရသည်။ ဒေါ်မမ ပြန်ရောက်လာသည်။

'ပထမတော့ သနားပြီး မာမီကြီး လက်ခံထားမိတာပါ၊ သေသေချာချာကြည့်တော့မှ တော်တော်ချောတာပဲ'

'ဟုတ်တယ် မာမီကြီး၊ မမလည်း စဉ်းစားနေတာ၊ အိမ်ဖော်အသွေးအမွေးတော့ မဟုတ်ဘူးနော်၊ မမတောင် စိတ်ပူနေတာ၊ ဘာလုပ်ပေးရမလဲ'

ဒေါ်မမနှင့် မိမိကလည်း အစစအရာရာ တိုင်ပင်တတ်ပဲ။ မဆည်းဆာပဲ ပို့ပေးထားတာ။ နှစ်တောင် အတော်ကြာပြီပဲ။ မဆည်းဆာက တခြားပွဲစားတွေလို မဟုတ်ပေ။ မှန်ကန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သစ္စာရှိ၏။ ထို့ကြောင့်လည်း ဒေါ်သော်တာမိုးထက် လက်ခံထားလိုက်ခြင်းဖြစ်သည်။

'ဒီကောင်မလေးကို မြှောက်စားလို့တော့ မဖြစ်ဘူးထင်တယ်၊ အိမ်ဖော်အဆင့်မှာပဲထားမှ ဖြစ်မယ်လေ၊ ပြီးတော့ မာမီကြီး ဘာလုပ်ချင်လဲဆိုတာ သိလား'

'ဟုတ်ကဲ့ သိပါတယ် မာမီကြီး၊ ဒါပေမဲ့ ဈာန်က ကျွန်မတို့အလုပ်သမားတွေဘက် လှည့်တောင်မကြည့်ပါဘူး၊ အရင်ကလည်း ငယ်ငယ်ရွယ်ရွယ်တွေ နေလာတာပဲ'

'ဟုတ်ပါတယ်လေ၊ ဈာန့်ကိုယုံပါတယ်၊ လရောင်ရိပ်ကတော့ အရင်ကောင်မလေးတွေနဲ့ မတူဘူး၊ မာမီကြီးလည်း သေသေချာချာမကြည့်မိဘဲ လက်ခံမိတာပါ'

'စိတ်မပူပါနဲ့ မာမီကြီးရယ်၊ ဒေါ်မမ ကြည့်ရှုထားပါ့မယ်၊ ဘာမှမဖြစ်စေရပါဘူး၊ လရောင်ရိပ် ခြေလှမ်းမှားတာနဲ့ မာမီကြီးဆီ သတင်းရောက်ပြီးသားပဲ'

'ဒေါ်မမလက်ထဲ အပ်ထားမယ်နော်၊ နိုင်းစရာရှိတာနိုင်း၊ အဝတ်အစားအသစ်တွေ မဝတ်စေနဲ့၊ မာမီကြီးက မကြိုက်ဘူးလို့ပြော၊ အင်း··· ကျောင်းတော့ထားပေးရမှာပဲလေ၊ ကတိပေးထားပြီး မဟုတ်လား၊ သားဈာန်ရဲ့အခြေအနေရော လရောင်ရိပ်ကိုရော စောင့်ကြည့်ထားပါ'

'ဟုတ်ကဲ့'

'မာမီကြီး တဖြည်းဖြည်းနဲ့မှ စိတ်ပူလာတာလေ၊ အိုးချင်း





ထားတော့ အိုးချင်းထိ၊ ကြိုးချင်းထားတော့ ကြိုးချင်းငြိတဲ့၊ မာမီကြီး မှားပြီထင်တာပဲ'

'လရောင်ရိပ်က လိမ္မာပါတယ်၊ ဖြူစင်ရိုးသားမှု ရှိတယ်၊ မာမီကြီး မပူနဲ့နော်၊ ဒေါ်မမ ကြည့်ထားပေးမယ်၊ မာမီကြီး ကျေးဇူးတွေက အများကြီးပါ'

'ဒေါ်မမကိုပဲ အားကိုးရတော့မှာပဲလေ'

လရောင်ရိပ် မင်းလေးကိုတော့ သနားပါတယ်။ ဒါပေမဲ့လည်း မာမီကြီး သားဈာန်နဲ့ လုံးဝပတ်သက်မှုမရှိစေရဘူး။ တော်ကြာ အိမ်အကျူမျိုးရိုးနဲ့ ခမည်းခမက်တော်နေရဦးမယ်။ ဒေါ်သော်တာမိုးထက် အတွေးနှင့်ပင် ရင်ပူပြီး စိုးရိမ်သောကတွေ ဖိစီးသွားရသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# (၂)

'လရောင်ရိပ်'

'ဟုတ်ကဲ့… ပြောပါ ဒေါ်မမ'

'ညည်း အဝတ်အစားတွေ ဘယ်လောက်ပါလဲ၊ ပြစမ်း ရှင်'

'ပေး… အိတ်'

ဘယ်လိုမိန်းမကြီးလဲ။ အလုပ်သမားချင်းအတူတူ မျက်နှာထားကြီးက တင်းနေသည်။ မာမီကြီးက အပ်ထားတော့လည်း အရိပ်အား နှိမ်ချဆက်ဆံချင်ပုံရနေ၏။ သူမအတွက်ကတော့ နေထိုင်စရာမှမရှိတာဘဲ။ အကြီးယောက်ျားက သူမအား ထိကပါး ရိကပါးနှင့် တို့ဆိတ်ချင်နေသည်။ ထို့ကြောင့်ပင် အကြီးက လုံခြုံစိတ်ချရတဲ့အိမ်ကို ပို့ပေးတာပါ။ မာမီကြီးက လက်ခံထားပြီး ဒေါ်မမလက်ထဲ အပ်လိုက်ပြီး သူမအား ခိုင်းစေဖို့မှာနေသည်။ လရောင်ရိပ်ကတော့ မှီခိုနေထိုင်ရာ အရိပ်ကလေးတစ်ခုပဲ လိုအပ်နေ၏။





'အင်း… ညည်းအိတ်ထဲမှာ အဝတ်အစားအဟောင်းတွေပဲ ပါတာပဲ၊ ဒါပေမဲ့ မာမီကြီးက အလုပ်သမားတွေ ဝတ်စားပြင်ဆင်တာ မကြိုက်ဘူး'

'ဟုတ်ကဲ့'

'အဆင့်အတန်းခွဲခြားပြီး ထားတတ်တယ်၊ အစုတ်အနုတ်လေးတွေပဲ ဝတ်နော်'

'ဟုတ်ကဲ့… အရိပ်အတွက် ဝတ်စားပြင်ဆင်တာက အရေးမကြီးပါဘူး ဒေါ်မမရယ်၊ နေထိုင်ခွင့်ရဖို့ပါပဲ'

'ပြီးရော… ဒီမှာရှိတဲ့လူတွေကိုလည်း ညည်း အရောတဝင်နေခွင့်မရှိဘူးနော်၊ မာမီကြီးကလွဲပြီးလေ'

'ဟုတ်ကဲ့'

ဒီတိုက်ကြီးထဲမှာ ဘယ်သူတွေရှိနေလဲပင် အရိပ် မသိ။ ဧည့်ခန်းမှာတော့ စာဖတ်နေတဲ့သူက မာမီကြီးသားလား အရိပ် သေသေချာချာတောင် မသိပါဘူး။ နောက်ထပ် ဘယ်သူတွေရှိသေးလဲ အရိပ် စိတ်မဝင်စားပါဘူးနော်။ အရေးကြီးတာက အရိပ် ဘွဲ့တစ်ခုရချင်တယ်။ ဘဝရပ်တည်မှုအတွက် သင်တန်းတွေတက်ချင်တယ်။ မာမီကြီး ကျေနပ်သဘောကျအောင် အရိပ် နေထိုင်ပြမှာပါ။ မေမေက အရိပ်ကို အလုပ်မျိုးစုံလုပ်ပြီး ပညာသင်ပေးခဲ့သည်။

'မေမေ့လိုဘဝမျိုး အရိပ် မဖြစ်စေချင်ဘူး၊ သူများအိမ်မှာ အလုပ်လုပ်ရတဲ့အစေအပါးဘဝ မရောက်စေရဘူး၊ သမီး ကြိုးစားပါ၊ ပညာတတ်တစ်ယောက်ပဲ ဖြစ်စေချင်တယ်၊ ဆယ်တန်း



www.burmeseclassic.com

www.burmeseclassic.com



အောင်ပြီးသွားရင် အရိပ် လိုအပ်တဲ့သင်တန်းတွေတက်ဖို့ မေမေ ငွေစုမယ်'

'အလုပ်ပင်ပန်းဒဏ်ကြောင့်ထင်သည်။ မေမေ နှလုံးရောဂါနှင့် ကွယ်လွန်သွားသည်။ မေမေ အသက်မရှိတော့တာ အရိပ်ပင်မသိလိုက်။ အိပ်ရာကနိုးတော့ မေမေ ကွယ်လွန်သွား၏။ အကြီးလက်ထဲပင် မအပ်လိုက်ရ။ မေမေကိုယ်တိုင်ကလည်း အကြီးဆည်းဆာနှင့် မနေစေချင်ပေ။

'မမဆည်းဆာယောကျ်ားက အမူးသမား၊ အကျင့်လည်း မကောင်းဘူး၊ မမဆည်းဆာကလည်း ကြောက်ရတယ်လေ'

မေမေ ကွယ်လွန်သွားတော့ အကြီးဆည်းဆာ ရောက်လာပြီး သူ့အိမ်ခေါ်သွားခဲ့ပေမယ့် အရိပ်ဘဝက မလုံခြုံခဲ့။ အကြီးဆည်းဆာက စိတ်ချရသည့်အိမ်ကို ပို့ပေးမယ်ဆိုပြီး ခေါ်ဆောင်လာခဲ့သည်။

'အကြီး အခုပို့တဲ့အိမ်က မမသော်တာက စိတ်ထားတော့ ပြည့်ဝတယ်၊ အလုပ်သမားတွေကိုလည်း စောင့်ရှောက်တယ် အရိပ်၊ ဒါပေမဲ့ သူ့သားရျာန်ကိုတော့ လုံးဝမထိနဲ့၊ လုံးဝလည်း မပတ်သက်နဲ့၊ ကြားလား'

အရိပ်ကလည်း စိတ်မဝင်စားပါဘူး။ မေမေဖြစ်စေချင်တဲ့ဘဝကိုရောက်ဖို့ပဲ အရိပ် ကြိုးစားချင်သည်။ အိမ်အကူဘဝကို မေမေက မနှစ်သက်ပေ။ ဒါပေမဲ့ အခြေအနေအရ အရိပ်လုပ်ကိုင်ရတော့မည် ဖြစ်သည်။





'မမသော်တာ ချစ်အောင်နေပါ အရိပ်၊ သမီးရဲ့ဘဝရှေ့ရေးကို သူ ထောက်ပံ့ကူညီလိမ့်မယ်၊ အရိပ် လိမ္မာပါ'

အရိပ် သိပါတယ်။ မာမီကြီးရဲ့ကျေးဇူးကို အရိပ် အမြဲတမ်းနားလည်သိတတ်နေမှာပါ။ မိန်းကလေးတစ်ယောက် ဘဝလုံခြုံရေးအတွက်သာ မာမီကြီးက လက်ခံထားတာပါ။ မာမီကြီးနှစ်သက်သလို နေထိုင်ဖို့ ဆုံးဖြတ်ထားသည်။

'လရောင်ရိပ်'

'ရှင်...'

'ထမင်းပေါင်းအိုးတည်တတ်လား'

'ဟင့်အင်း'

'အရိပ်ကို သင်ပေးပါ အဒေါ်ရယ်၊ အိမ်မှာ မချက်လို့ပါ'

'ညည်းလက်လေးတွေက ရှည်လျားသွယ်ပျောင်းနေတာပဲ၊ ညည်း ဘာမှမလုပ်ရဘူးလား'

'ဟင့်အင်း... မေမေက စာပဲကြိုးစားစေချင်တယ်၊ အိမ်အကူဘဝကို မရောက်စေချင်လို့ပါ'

'ကောင်းတာပေါ့အေ၊ လာ... ငါသင်ပေးမယ်'

ဒေါ်မမက ပေါင်းအိုးနှင့် ထမင်းချက်နည်းကို သင်ပြပေးနေသည်။ အရိပ် ကြိုးစားမှတ်သားနေ၏။ မာမီကြီး စိတ်ထဲမှာ အရိပ်ကို လိမ္မာတဲ့ ပိပြားငြိမ်ဝပ်တဲ့ မိန်းကလေးတစ်ယောက်အဖြစ်ပဲ မြင်စေချင်သည်။

'သေသေချာချာသင်ထားနော် အရိပ်၊ ညည်းလုပ်ရမှာ ညည်း ခံယူထားရမှာက ညည်းက အစေခံဆိုတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ရှင်...'

'ဘာရှင်လဲ'

'ဟုတ်၊ ဟုတ်ကဲ့'

'တစ်ခါတလေ အလုပ်ရှင်တွေက မြှောက်စားတာနဲ့ အိမ်စေတွေက ဘဝင်မြင့်ပြီး အလုပ်ရှင်ကိုတောင် ကျေးဇူးကန်းတတ်ကြတယ်၊ အဲဒါကို ငါအမုန်းဆုံးပဲ၊ ညည်းက ပညာတတ်ဆိုတော့ ဘဝင်မမြင့်နဲ့နော်၊ နောက်ဆုံး အိမ်စေမျိုးရိုးက အိမ်စေပဲဖြစ်ရတာလေ'

မာမီကြီးက ဘာမှမပြောဘဲ ဘဝတူချင်း ထမင်းချက်ဒေါ်မမကြီးက အရိပ်အား နှိမ်နှိမ်ချချပြောဆိုနေသည်။ ပြောပါစေလေ။ အရိပ်ဘဝပဲ။ ပေါင်းအိုးနှင့် ထမင်းချက်တာက မခက်ပါဘူး။ မေမေက အရိပ်ကို မခိုင်းရက်။ အတင်းလုပ်ပေးပါ့မယ်ဆိုရင်တောင် အိမ်မှုကိစ္စတွေကို ဝါသနာမပါစမ်းပါနဲ့အေတဲ့။ အမြင်ကတ်လို့တဲ့။ မေမေနှင့် အရိပ်က သိပ်မတူပါဘူး။ အသားဖြူတာပဲ တူသည်။

'လရောင်ရိပ်... ညည်းအမေက ညည်းနဲ့လုံးဝမတူဘူးနော်၊ ငါတို့သတင်းကြားထားတာက ညည်းက သူဌေးမကမွေးတာတဲ့၊ မမွေးချင်လို့ မတာရာကို မွေးခိုင်းလိုက်တာတဲ့လေ'

အရိပ် ငိုယိုပြီး မေမေ့ကိုမေးတော့ အလကားစနေတာတဲ့။ သမီးကို မေမေ့ဝမ်းနဲ့ လွယ်မွေးထားတာတဲ့။ နောက်နေ့ ထိုရပ်ကွက်ကနေ မေမေ ပြောင်းလာခဲ့သည်။





'အလကားလူတွေ၊ အရူးတွေ၊ ကလေးကိုများ စ,စရာရှားလို့'

မေမေက အရိပ်ကို ချက်စိအောက်ကနေ အပျောက်မခံဘဲ ဆယ်တန်းရောက်တဲ့အထိ အနီးကပ်ပြုစုစောင့်ရှောက်နေခဲ့သည်။

'မေမေရေ... မျိုးရိုးကိုတော့ ပစ်ပယ်ထားလို့မဖြစ်ဘူးထင်တယ်၊ အရိပ်လေ အိမ်စေမလေးဖြစ်ရပြီ၊ ဒါပေမဲ့ ဒီဘဝကနေလွတ်မြောက်အောင် အရိပ် ကြိုးစားမှာပါ၊ စိတ်အေးအေးထားပါနော်'

မေမေ့ကို အရမ်းသတိရတာပဲ။

သမီး အားမငယ်ပါဘူး။ ဘဝဆိုတာ ရုန်းကန်သင့်ရင်လည်း သတ္တိရှိရှိ ရုန်းကန်ရင်ဆိုင်လို့ မေမေ နေမကောင်းဖြစ်ကာစတွင် ဆုံးမသွန်သင်သည်။

'ဟဲ့... ကောင်မလေး၊ နင် ထမင်းအိုးတည်ပြီးရင် အဝတ်အစားတွေ စိမ်ထားတာ၊ ခဏထားပြီးရင် လျှော်'

'ဟုတ်ကဲ့'

'လာ... လာ... အဝတ်စိမ်ပြီးရင် ကြက်သွန်အဖြူအနီတွေ ခွာထား၊ အချိန်မပုပ်တော့ဘူးပေါ့အေ'

'ဟုတ်ကဲ့'

'အင်း... ညည်းလက်တွေကတော့ သူဌေးလက်တွေပဲ၊ ဒါပေမဲ့ ညည်း လုပ်ရမယ်၊ မမသော်တာက ပျင်းမတွေဆို မကြိုက်ဘူး၊ ချက်ချင်းပြောင်းပစ်လိုက်တာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'အရိပ် ကြိုးစားပါ့မယ်၊ ဒေါ်မမလည်း ခိုင်းချင်ရာ ခိုင်းပါ၊ အားမနာပါနဲ့နော်'

လရောင်ရိပ်ကတော့ မဆိုးဘူး။ ယဉ်ကျေးသိမ်မွေ့သည်။ တခြားအိမ်အကူကောင်မလေးတွေဆိုရင်တော့ ဒေါ်မမအား ပြန်ခံပြောတတ်လေ၏။ လရောင်ရိပ်ကတော့ ထိုကဲ့သို့မဟုတ်။ ယဉ်ကျေးသိမ်မွေ့နေသည်။ ဆံပင်ရှည်ရှည်ထူထူဖြောင့်ဖြောင့်လေးတွေက ကျောပေါ်ဖြန့်ကျကာ ဘယ်ညာယိမ်းခါပြီး ကျက်သရေရှိလွန်းနေ၏။ ဒါပေမဲ့လည်း မာမီကြီးကတော့ သူ့ဘာသာ ဈာန်နှင့်နီးစပ်သွားမှာ စိတ်ပူသည်။ ဟုတ်လည်း ဟုတ်တာပဲလေ။ လရောင်ရိပ်က အရမ်းချောတယ်။ စေ့စေ့ကြည့်လေ ချစ်စရာကောင်းလေပဲ။ ညည်းလေး နားခိုရာမရှိဘဲ ဘဝပျက်ရမှာကိုလည်း ဒေါ်မမ စိတ်မကောင်းပါဘူးအေ။ အိမ်အကူမျိုးရိုးကို ဘယ်သူက ဆွေမျိုးတော်ချင်မှာလဲဟယ်။ ဒေါ်မမလည်း စိတ်မကောင်းဖြစ်နေရသည်။

'ဒေါ်လေးမ'

'ဟင်'

'အရိပ် အဝတ်တွေစိမ်ပြီးပြီ၊ ဘာလုပ်ပေးရဦးမလဲဟင်၊ သန့်ရှင်းရေးရော လုပ်ပေးရမလား'

'အေး… ဒေါ်လေးမလည်း သန့်ရှင်းရေးလုပ်ရမှာပဲ၊ ညည်းကို ကြက်သွန်ဖြူတွေ နွှာခိုင်းထားတယ်လေ'

'ဟုတ်သားပဲ… ဒါဆိုလည်း အရိပ် လုပ်ပေးထားမယ်နော်'





'အိမ်သန့်ရှင်းရေးတော့ အဒေါ်ပဲလုပ်မယ်၊ ညည်း ကြက်သွန်နွှာပြီးရင် အဝတ်လျှော်ထားနော်'

'ဟုတ်ကဲ့'

မာမီကြီးက လရောင်ရိပ်အား မီးဖိုခန်းထဲမှာပဲထားဖို့ မှာထားသည်။ ဒေါ်မမလည်း မတတ်နိုင်ဘူးလေ။ အိမ်ရှင်သခင်တွေရဲ့ အလိုတော်အတိုင်းပဲ လုပ်ဆောင်ရမည်ဖြစ်သည်။

'အဝတ်လျှော်စက်ကို မသုံးနဲ့နော်၊ လက်နဲ့ပဲလျှော်၊ ငါ သန့်ရှင်းရေးသွားလုပ်ဦးမယ်'

'အရိပ် ကူညီရမလား၊ အဝတ်လျှော်ပြီးမှ လုပ်ပါလား ဒေါ်လေးမရယ်၊ အရိပ် ကူညီပါ့မယ်'

'မလိုဘူး၊ ငါခိုင်းတာပဲလုပ်ပါ အရိပ်'

'ဟုတ်ကဲ့… အရိပ်က ဒေါ်လေးမ အသက်ကြီးနေပြီမို့လို့ ဝိုင်းကူညီချင်တာပါ၊ ဒေါ်လေးမကို အမေလိုပဲ သတ်မှတ်ထားပါရစေနော်'

ဒေါ်မမ ကျောခိုင်းထွက်လာခဲ့သည်။ လရောင်ရိပ် စကားတွေကြောင့် မိမိ မျက်ရည်ကျရတော့မည်။ မိမိလည်း မိဘမဲ့ပဲ။ တစ်သက်လုံး လူမှန်းသိတတ်ကတည်းက အိမ်အကူအဖြစ် လုပ်ကိုင်နေခဲ့ရ၏။ မာမီကြီးအိမ်ရောက်မှ သက်သာရာရခဲ့တာပါ။ လရောင်ရိပ်လေးအပေါ် ဖိနှိပ်ရက်စက်ဖို့ပင် ဒေါ်မမ ဝန်လေးသည်။

'ဒေါ်မမ'

'ရှင်… မာမီကြီး'



www.burmeseclassic.com

www.burmeseclassic.com



'လရောင်ရိပ်ရော ဘယ်လိုလဲ'

'လိမ္မာပါတယ် မာမီကြီး၊ ခိုင်းသမျှ မညည်းမညူလုပ်ဆောပါတယ်'

'ဒီကောင်မလေးကို မီးဖိုခန်းထဲမှာပဲ ခိုင်းနော်၊ မာမီကြီးလည်း လက်ခံထားပြီးမှ နောင်တတွေရနေတယ်၊ စိတ်ပူလို့ အိပ်တောင်မပျော်ဘူး'

'စိတ်မပူပါနဲ့၊ ကျွန်မ စောင့်ကြည့်ပေးနေပါတယ် မာမီကြီး၊ ဒီကောင်မလေးကို ပညာတော့ ဆက်သင်ပေးလိုက်ပါ၊ ဈာန့်ဘယ်လိုမှ စိတ်မဝင်စားနိုင်ပါဘူး၊ ခပ်စုတ်စုတ်ပဲ ထားလိုက်ရင် ဖြစ်ပါတယ်'

'အေး…'

ဒေါ်မမလည်း လရောင်ရိပ်လေးကို သနားပြီး ထောက်ခံပေးမိသည်။ မဆည်းဆာကလည်း ကျေးဇူးရှိတယ်။ မိမိအား အိမ်ကောင်းမှာ ပြန်မခေါ်ဘဲထားခဲ့၏။ တခြားပွဲစားတွေလို ပွဲခရရေးအတွက် ပြန်မခေါ်ပေ။ လရောင်ရိပ်လေးကို အတတ်နိုင်ဆုံးစောင့်ရှောက်ပေးချင်သည်။

'မမ'

'ရှင်…'

'မာမီကြီးကျေးဇူးတွေကိုလည်း ညည်း သိတယ်နော်'

'ဟုတ်ကဲ့… သိပါတယ် ဒေါ်မ၊ ဘယ်တော့မှ မမေ့ပါဘူး၊ ကျေးဇူးလည်း ဆပ်ချင်ပါတယ်'

မာမီကြီးက မိမိအား ညှာတာထောက်ထားစွာ ကျွေးမွေး





ပေးကမ်းထောက်ပံ့သည်။ မိမိရဲ့မိခင်ကြီး ကျန်းမာရေးမကောင်းတော့လည်း ဆေးဝါးကုသပေးခဲ့ပြီး လုပ်အားခထဲက မဖြတ်သေး ထို့ကြောင့်ပင် မာမီကြီးစိတ်ဆန္ဒအတိုင်း ဘာမဆို မိမိ လုပ်ဆောင်ပေးသည်။

'မာမီကြီးက လူတွေကို သနားတတ်တယ်၊ ကိုယ်ချင်းစာတတ်တယ်၊ လရောင်ရိပ်ကိုလည်း အနီးကပ်မကြည့်မိဘူး၊ သာမန်ရွက်ကြမ်းရေကျိုလေးပဲထင်တာ'

ဒေါ်သော်တာမိုးထက် လက်ခံထားပြီးကာမှ တစ်ညလုံးအိပ်လို့တောင်မပျော်ပေ။ သားဈာန့်ကို မိန်းမပေးစားလိုက်ရမလား၊ သင့်တော်မည့်မိန်းကလေးတစ်ယောက်ကို ရှာမှဖြစ်မည်။ မိမိစိတ်ပူနေတာပါ။ လရောင်ရိပ်က လိမ္မာပါတယ်လေ။ မဆည်းဆာပြန်လာရင် ပြန်ထည့်ပေးလိုက်တော့မယ်။ ဒေါ်မမကတော့ထောက်ခံနေသည်။

'လရောင်ရိပ်အတွက်တော့ စိတ်ချပါ၊ ကျွန်မ ထောက်ခံပါတယ် မာမီကြီးရယ်၊ စိတ်ပူမနေပါနဲ့နော်'

'မာမီကြီးကတော့ လရောင်ရိပ်ရဲ့ အလှအပတွေအားလုံးကို ဖျက်ဆီးပစ်ချင်တယ်'

'ရှင်…'

'ဆံပင်တွေလေ'

'ဖြတ်ပစ်ချင်လို့လား'

'အေး… ယောကျ်ားလေးဆံပင်ပုံစံ ဖြတ်ပစ်မယ်'

ဒေါ်မမလည်း လရောင်ရိပ်လေးကို သနားနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မာမီကြီးကတော့ သူ့သားအတွက် ကာကွယ်ထားမှာပါ။ လက်ခံထားလိုက်တာပဲ ကျေးဇူးတင်ရမည်။ တကယ်တော့ မာမီကြီးက ရက်စက်တတ်သူ၊ ယုတ်မာကောက်ကျစ်သူတစ်ယောက် မဟုတ်ဘူးဆိုတာ မိမိအသိဆုံးပင်။ အင်းလေ… လရောင်ရိပ် ဘဝရှေ့ရေးအတွက်ပဲ။ ဆံပင်က အရေးမှမကြီးတာ။ မာမီကြီး ကျေနပ်မှ လရောင်ရိပ်လေးဘဝရှေ့ရေး ဖြောင့်ဖြူးမည်ဖြစ်သည်။

'မာမီကြီးပြောတာလည်း ကောင်းပါတယ်၊ ကျွန်မ စီစဉ်လိုက်ပါ့မယ်'

'မာမီကြီး စိတ်သဘောထားကိုတော့ သိပါတယ်နော်၊ လရောင်ရိပ်လို ကောင်မလေးမျိုးကို မကူညီထားသင့်ပါဘူး'

'မာမီကြီးရယ်'

'ဒေါ်မမ ကူညီမှဖြစ်မယ်၊ လရောင်ရိပ်ကိုလည်း ခပ်နှိမ်နှိမ်ထားမှဖြစ်မှာမို့ ညည်းပဲ အမုန်းခံပေးစမ်းပါအေ'

'စိတ်ချပါ မာမီကြီး၊ ကျွန်မ တာဝန်ယူပါတယ်၊ လရောင်ရိပ်က လိမ္မာလို့ပါ၊ ဘဝနာတဲ့ကလေးလေး၊ စိတ်ထားဖြူစင်ပါတယ်'

'မာမီကြီးလည်း မလုပ်ချင်ပါဘူးအေ၊ ဒါပေမဲ့ တစ်မိမ့်ကြည့်လေ လရောင်ရိပ်က ချောလေပဲ'

'စိတ်ချ… ဒေါ်မရှိပါတယ်၊ မာမီကြီးကို စိတ်အနှောင့်အယှက်ပေးတာနဲ့ မဆည်းဆာလက်ထဲ ပြန်အပ်လိုက်လေ'

'ဒေါ်မမပဲ အားကိုးရတော့မှာပဲလေ'

မိမိကိုယ်တိုင်က စိတ်ပူပန်နေတာလား၊ သားချာန်က





အေးအေးဆေးဆေးပဲ။ ကောင်မလေးကိစ္စ စိတ်ဝင်စားပုံမရပါဘူး။ မိန်းကလေးဘဝကိုလည်း မပျက်စီးစေချင်ပေ။ ကိုယ်ချင်းစာမိသည်။ မဆည်းဆာယောကျ်ား ဆိုးတယ်ဆိုတာလည်း မိမိသိထား၏။ ညီမကိုတောင် ကြံစည်လို့ သူများအိမ်ပို့ထားရတာ။ လရောင်ရိပ်ကိုတော့ ခပ်နှိမ်နှိမ်ပဲ ထားရမယ်။ ဒေါ်မမမကတစ်ဆင့်ကြိုတင်ကာကွယ်မှုတွေ လုပ်ထားရမည်ဖြစ်သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## (၃)

မာမီ့ရှေ့မှာတော့ လရောင်ရိပ်ကို စိတ်မဝင်စားသလိုလို နေရပေမယ့် ဈာန် ကြိတ်ပြီးပျော်နေမိသည်။ မင်းကိုတွေ့တွေ့ချင်းပဲ ကိုယ်စွဲလမ်းနှစ်သက်နေတယ် လရောင်ရိပ်ရယ်။ လှပချောမောနုနုထွတ်ထွတ်မျက်နှာလေးကို ဈာန်မေ့ပစ်၍မရပေ။ မျက်စိထဲမှာ လရောင်ရိပ်မျက်နှာလေးပဲ မြင်ယောင်ပြီး တွေ့မြင်စကားတွေ ပြောချင်နေသည်။ ဈာန်လည်း ဒီအဖြစ်အပျက်အတွက် ကိုယ့်ကိုယ်ကိုယ်ပင် နားမလည်နိုင်တော့။ ဒေါ်လေးဆည်းဆာ လာပို့ကတည်းက သူ့နှလုံးသားထဲအထိ နက်ရှိုင်းစွာတိုးဝင်ငြိတွယ်ချစ်မိသွားသည်။

'လရောင်ရိပ်ရယ်··· မင်း ဘာတွေလုပ်နေလဲကွာ၊ မင်း အရမ်းပင်ပန်းတဲ့အလုပ်တွေ လုပ်နေရပြီလား၊ ကိုယ် ကူညီပေးမချင်တယ်'

လရောင်ရိပ်အကြောင်းတွေပဲ ဈာန် တွေးမိနေသည်။ မာမီမရိပ်မိအောင်လည်း နေပြရသေးသည်။ မာမီ လက်မခံချင်တာက သူ့ကြောင့်ပဲ။ တခြားရုပ်ဆိုးဆိုးအိမ်အကူကောင်မလေး





တွေကို မာမီ စောင့်ရှောက်နေကျပါ။ လရောင်ရိပ်ရဲ့ဘဝကို ဈာန် ကြားရတော့လည်း သနားမိသည်။ သူတို့အိမ်မှာ မာမီ လက်ခံထားလိုက်၍လည်း ဈာန် စိတ်အေးသွားရ၏။ မာမီ မျက်စိနောက်အောင်မနေမှဖြစ်မယ်။ လရောင်ရိပ်ကို တွေ့လိုတွေ့ငြား ရှာသည်။ မတွေ့ပေ။ စားသောက်ခန်းထဲမှာတော့ ရှိနေမှာပဲ။ မာမီနှင့် ဒေါ်မမ အပေါ်ထပ်မှာ ကြိတ်ကြိတ် ကြိတ်ကြိတ် စကားပြောနေတုန်း ဈာန် မီးဖိုခန်းထဲထွက်လာခဲ့၏။ လရောင်ရိပ်ကို ကြက်သွန်ပုံကြီးနှင့် တွေ့လိုက်ရသည်။

'မင်း··· မင်း ငိုနေတာလား လရောင်ရိပ်၊ ဘာဖြစ်လို့လဲ၊ မင်းအကြီး ဒေါ်ဆည်းဆာကို သတိရလို့လား'

'ရှင်··· မဟုတ်ပါဘူး၊ ကြက်သွန်မွှန်လို့ပါ၊ အရိပ် မငိုပါဘူး'

'ဟာကွာ'

လရောင်ရိပ် မျက်ရည်တွေကျနေတာ မြင်လိုက်ရသဖြင့် ဈာန် ပျာပျာသလဲ စိုးရိမ်ပူပင်စွာ အနားတိုးကပ်သွားပြီး မေးလိုက်တော့ လရောင်ရိပ် မျက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက်ကာ အထိတ်တလန့် ပြန်ဖြေသည်။

'မျက်စိစပ်ရင်လည်း ရပ်လိုက်တော့လေ၊ အများကြီးပဲ၊ ဒေါ်မမရော'

'သန့်ရှင်းရေးသွားလုပ်ပါတယ်၊ မများပါဘူး အစ်ကိုကြီး၊ အရိပ် လုပ်နိုင်ပါတယ်၊ ပြီးပါပြီ၊ အဝတ်သွားလျှော်တော့မယ်နော်'

လရောင်ရိပ် ထပြီး ရေချိုးခန်းထဲ ပြေးဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အဝတ်လျှော်စက်ရှိလျက်သားနှင့် ရေချိုးခန်းထဲဝင်သွား၍ ချာန်နောက်ကနေ လိုက်သွားမိသည်။

'အဝတ်လျှော်စက်နဲ့ လျှော်လေ'

'လက်နဲ့ပဲလျှော်မှာပါ၊ ဒေါ်လေးမက လက်နဲ့ပဲလျှော်ဖို့ ပြောထားပါတယ်၊ ကျွန်မ လုပ်နိုင်ပါတယ်'

'အဓိပ္ပာယ်မရှိတာဘဲ၊ အဝတ်လျှော်စက်နဲ့ပဲ လျှော်ဖွပ်နေတာပါ၊ မင်း မလုပ်တတ်လို့လား'

'အင်း…'

'လာ… ကိုယ်ပြမယ်'

'မလုပ်ပါနဲ့ အစ်ကိုကြီးရယ်၊ ကျွန်မ လက်နဲ့ပဲလျှော်ပါ့မယ်'

'မင်းလက်တွေက အရမ်းနုဖတ်နေတာ၊ မင်း မလုပ်နိုင်ပါဘူး၊ မင်းအမေက ဘာမှမခိုင်းဘူးဆို'

'ရှင်…'

'ကိုယ်ကြားတာပါ၊ မင်းလက်တွေ အကျင့်မရှိရင် ပေါက်ပြဲလိမ့်မယ်၊ အဝတ်လျှော်စက်နဲ့ပဲလျှော်'

'မဖြစ်ပါဘူး၊ ကျွန်မ လက်နဲ့ပဲလျှော်မယ်၊ ကျွန်မ လက်ပေါက်တာ အစ်ကိုကြီးလက်ပေါက်တာမှ မဟုတ်တာ၊ ရပါတယ်'

'အရိပ်'

'ဟင်…'

'မင်းကို သနားတယ်'

'ဘာဖြစ်လို့လဲ၊ ကျွန်မကတော့ ကျွန်မကို သနားတယ်





လို့ပြောရင် မကြိုက်ပါဘူး၊ ကျွန်မဘဝကို ကျွန်မ ဖြတ်သန်းနေတာပဲ၊ မသနားပါနဲ့'

'ဟော့…'

ပြောပြီးသည်နှင့် အရိပ် ရေချိုးခန်းထဲ ပြေးဝင်ပြီး တံခါးကို ပိတ်ပစ်လိုက်သည်။ ဘယ်လိုလူလဲ။ သူနဲ့ဘာမှမဆိုင်ဘဲနှင့် အရိပ်ကို သနားလို့တဲ့။ မာမီကြီးသား ကျော်ကျော်ချာန်ဆိုတာလား။ မီးဖိုခန်းထဲဝင်လာပြီး ရောနေ၏။ အရိပ်မျက်နှာလေးက တင်းသွား၏။ အကြီးဆည်းဆာရဲ့ယောကျ်ားလည်း ဒီလိုပဲ။ အရိပ်အား သနားသယောင်နှင့် ကြင်ကြင်နာနာပြောဆို ဆက်ဆံ အရောတဝင်လုပ်ကာ စော်ကားဖို့ကြံစည်ခဲ့သည်။

'ဟင်း… ဒါမျိုးတွေက ရိုးနေပြီ၊ ဘာသနားတာလဲ၊ ဒီမှာဖြင့် ခိုကိုးစရာမရှိလို့။ ယောကျ်ားတွေ၊ ဘာမှအထင်ကြီးစရာလည်း မရှိဘူး'

အရိပ် နာနာကြည်းကြည်း တွေးမိသည်။ သနားတယ် သနားတယ်နဲ့ အရိပ်ဘဝကိုဖျက်ဆီးပစ်ဖို့ စတင်ခြေလှမ်းလှမ်းတာပဲ။ ရမလား။ မာမီကြီးရဲ့သားကို အရောတဝင်မနေဖို့ ဆုံးဖြတ်ထား၏။ အရေးကြီးတာက မာမီကြီးရဲ့ ချစ်ခြင်းမေတ္တာတွေ ရရှိဖို့ပဲ။ အရိပ်ကို ရိုးသားဖြူစင်တဲ့ မိန်းကလေးအဖြစ် လက်ခံယုံကြည်ပေးဖို့ပဲ။ အရိပ် ပညာဆက်သင်ချင်ပါတယ်။ မေမေ မနှစ်သက်တဲ့ အိမ်အကျဉ်းဘဝကနေ လွတ်မြောက်ဖို့။ ဒီလူ လာရောတာပါ။ အလစ်ဝင်လာပြီး အကြင်နာတွေ လာပေးတာ မုန်းတယ်။ အရိပ်က အချောင်သမားမဟုတ်ဘူးနော်။ ဒီလူဟာ အရိပ်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အနာဂတ်ကို ဖျက်ဆီးပစ်မယ့်လူပဲ။ ဝေးဝေးရှောင်မှ။ အရိပ် အဝတ်တွေကို မကိုင်နိုင်သေး။ ရင်တွေတုန်ပြီး စိတ်တွေငြိမ်သက် သွားအောင် ကြိုးစားရသည်။

'ဒေါ်မလေးက အရိပ်ကို မီးဖိုခန်းထဲမှာပဲ ခိုင်းစေနေ တာ အကြောင်းရှိရမယ်၊ မာမီကြီးသားက စားနေကျကြောင်ဖား ကြီးထင်တယ်၊ အရင်အိမ်အကူကောင်မလေးတွေတုန်းကလည်း ဒီလိုပဲထင်တယ်၊ လုံးဝကိုရှောင်ပစ်ရမယ်'

အကြီးဆည်းဆာက ပြောတော့ မာမီကြီးအရိပ်က လုံခြုံ စိတ်ချရတယ်တဲ့။ ဘာဖြစ်လို့ပြောတာလဲ။ မာမီကြီးသား ရှာန်ကို တော့ ယောင်လို့တောင် သွားမပတ်သက်နဲ့နော်တဲ့ မှာထားသည်။

'သူ့ရဲ့အကျင့်တွေကြောင့် ဖြစ်မှာပေါ့၊ ကြည့်လေ… မီးဖိုခန်းထဲမှာ အရိပ်တစ်ယောက်တည်းရှိနေတာ သိသိကြီးနဲ့ အလစ်ဝင်လာတာ ကြောက်စရာကောင်းလိုက်တာ'

အရိပ် အတွေးနှင့်ပင် ရှုံ့ရှာမှုန်းတီးသွားသည်။ အရိပ် ကတော့ ကံဆိုးခြင်းတွေနဲ့ပဲ ရင်ဆိုင်သွားရတော့မလား မသိပါ ဘူး အကြီးဆည်းဆာရယ်။ လုံခြုံပါတယ်ဆိုတဲ့ အိမ်မှာတောင် ဖျက်ဆီးဖို့ကြံစည်တဲ့လူက ရှိနေတယ်။ မာမီကြီးသားလေ။ မတွေး ရဲတော့ဘူး။ ကျောထဲကတောင် စိမ့်တက်နေတယ်။ မလုံခြုံပေ။ အရိပ် အဝတ်တွေကို လျှော်ဖွပ်ရင်း စိတ်ကိုထိန်းချုပ်သည်။

'မင်းလက်တွေ ပေါက်လိမ့်မယ်၊ မင်းအမေက ဘာမှ မခိုင်းဘူးဆို၊ မင်းလက်တွေက အရမ်းနုဖတ်နေတယ်၊ အဝတ် လျှော်စက်နဲ့ပဲ လျှော်ပါ၊ ကိုယ်ပြပေးမယ်'





သူပြောတဲ့စကားတွေကို အရိပ် ပြန်ကြားလာနေသည်။ အခု အရိပ်လက်တွေ နီရဲပေါက်ပြဲနေသည်။ နာကျင်စပ်ဖျင်းနေ၏။ မလွယ်ပါလား။ မေမေလုပ်ခဲ့ရတဲ့အလုပ်တွေက ပင်ပန်းခက်ခဲ လွန်းသည်။ ထို့ကြောင့်ပင် မေမေက အိမ်အကူဖြစ်မှာကို အစိုး ရိမ်ဆုံးပင်။ အရိပ်အား ပညာတတ်ဖြစ်အောင်ပဲ ပညာသင်ပေး သည်။

'ဖြန်း… ဖြန်း… အမလေး… အား…'

အဝတ်တွေကိုရိုက်လျှော်ရင်း ဆပ်ပြာရည်တွေက မျက်စိ ထဲဝင်ကုန်သည်။ စပ်လိုက်တာ။ စောစောက ကြက်သွန်မွှန်လို့ မျက်ရည်ကျတာ။ အခု တကယ်ငိုပစ်ချင်တယ်။ လက်တွေက အဝတ်ကို ထပ်မညှစ်နိုင်တော့။ အရိပ် ဘယ်လိုလုပ်ရမလဲ။ ဒေါ်မမကရော ဘာဖြစ်လို့များ အဝတ်လျှော်စက်နဲ့ မလျှော်ခိုင်း ရတာလဲ။ အရိပ်ကို ညှဉ်းပန်းနှိပ်စက်ချင်လို့လား မသိပါဘူးနော်။ အဲဒီလိုလည်း မတွေးပါနဲ့ လရောင်ရိပ်ရယ်။ ကိုယ့်ဘဝနဲ့ကိုယ်ပဲ။ ဒေါ်လေးမကလည်း အမေအရွယ်ပဲဟာ။ အရိပ် ကူညီရမယ်။ မျက်ဝန်းတွေထဲကနေ မျက်ရည်တွေ ပြုတ်ကျလာသည်။

'အဟင့်… ဟင့်… ဟင့်…'

အရိပ် ဘယ်လိုမှ ထိန်းချုပ်ထားလို့မရတော့ဘဲ ရှိုက်ကြီး တငင် ငိုကြွေးမိသွားသည်။

'ဟဲ့… လရောင်ရိပ်၊ တံခါးဖွင့်စမ်း၊ ဘာဖြစ်လို့ ငိုနေ ရတာလဲ၊ ရေချိုးခန်းတံခါးကို ဘာဖြစ်လို့ပိတ်ထားရတာလဲ။ ဖွင့် စမ်း'



www.burmeseclassic.com

www.burmeseclassic.com



'ဒုန်း… ဒုန်း…'

'လရောင်ရိပ်'

အပြင်မှ ဒေါ်လေးမအသံကြောင့် အရိပ် အသိတွေဝင်လာပြီး အငိုရပ်ကာ တံခါးဖွင့်ပေးလိုက်သည်။

'ညည်း ဘာဖြစ်လို့ငိုနေရတာလဲ'

'ဟို… ဟိုလေ အရိပ်လက်တွေ ပေါက်လို့ အဝတ်ဆက်မညှစ်နိုင်တော့လို့ စိတ်ညစ်ပြီး ငိုပစ်မိတာပါ ဒေါ်လေးမ၊ မျက်ရည်တွေက ဘယ်လိုကနေကျလာလဲ မသိပါဘူး'

လရောင်ရိပ်ရဲ့ လက်နုနုလေးတွေက နီရဲတွတ်နေကာ အရေခွံတွေပင် လန်နေသည်။ ဒေါ်မမပင် စိတ်ထိခိုက်ကြေကွဲနေရ၏။ မာမီကြီးက လရောင်ရိပ်ရဲ့ အလှအပတွေမှန်သမျှ ဖျက်ဆီးပစ်ရမယ်တဲ့လေ။ ညည်းလေး ဘယ်လိုရင်ဆိုင်မလဲ။ လရောင်ရိပ်ရဲ့ ဆံပင်ရှည်ရှည်တွေကို ဖြတ်ပစ်ရမှာ နမြောစရာပင်။ ဒေါ်မမတောင် မဖြတ်ရက်။ ကံဆိုးမလေး။ ဒေါ်မလည်း မကူညီနိုင်ပါဘူး။ ညည်းဘဝရှေ့ရေးအတွက် မာမီကြီးရဲ့ ဆန္ဒအတိုင်း ကျုပ် လုပ်ပေးရတော့မယ်။ လရောင်ရိပ်က မျက်တောင်ကော့ကော့လေးတွေ ပင့်တက်ကာ တောင်းပန်ခယတဲ့ မျက်ဝန်းလေးတွေနှင့် ကြည့်နေသည်။

'ကဲ… ထားတော့၊ လာ… ယူခဲ့၊ အဝတ်လျှော်စက်နဲ့ ညှစ်မယ်၊ ငါကလည်း ညည်း လက်ကြောမတင်းမှာ စိတ်ပူလို့ပေါ့'

'အရိပ် အကျင့်မရသေးလို့ပါနော်၊ မလုပ်ချင်တာတော့





မဟုတ်ပါဘူး၊ ကျန်တဲ့အဝတ်တွေ အဝတ်လျှော်စက်နဲ့ပဲ ညှစ်လိုက်မယ်နော် ဒေါ်လေးမ'

'အင်း…'

အဝတ်တွေက ဖြူဖွေးသန့်စင်နေတာပဲ။ ဒီကောင်မလေး အထပ်ထပ်ပွတ်တိုက်လျှော်ဖွပ်ထားပုံရသည်။ ဖြစ်မှဖြစ်ရလေ လရောင်ရိပ်ရယ်။ နောက်တစ်ခါတော့ အဝတ်လျှော်စက်နဲ့ပဲ လျှော်ပါတော့။ မိမိပင် ငိုချင်လာသည်။

'အဝတ်လျှော်စက်အသုံးပြုပုံ ဒေါ်မ သင်ပေးမယ်၊ နောက်ဆို အဝတ်လျှော်စက်နဲ့ပဲ လျှော်'

'မဟုတ်ပါဘူး၊ ရပါတယ် ဒေါ်မရယ်၊ အကျင့်ရသွားရင် အရိပ် လုပ်နိုင်ပါတယ်၊ အချောင်မခိုချင်ပါဘူး'

'ငါပြောတဲ့အတိုင်း လုပ်စမ်းပါအေ'

လရောင်ရိပ်အား အဝတ်လျှော်စက် အသုံးပြုပုံတွေ သင်ပေးသည်။ ကောင်မလေးက အတတ်မြန်ပါတယ်။ ညည်းလို အသွေးအမွေးနဲ့ ဒီလိုဘဝမျိုးရောက်ရတယ်လို့။ မာမီကြီးသော်တာ မိုးထက်မှာလည်း အပြစ်မရှိပါဘူး။ သားရှင်ပဲ။ လရောင်ရိပ်က လည်း စွဲစွဲကြည့်လေ ချောလေပဲ။ နှုတ်ခမ်းလေးက ပန်းရောင်သွေးထပြီး နှင်းဆီငုံလေးလိုပဲ။ ဈာန်သာ ညည်းလေးကို သေသေချာချာတွေ့သွားရင် ဒေါ်မမပင် ဆက်မတွေးရဲ။ မာမီကြီးသား ဈာန်က လူရှုပ်လူပွေ မဟုတ်ပါဘူး။ မိန်းကလေးတွေနှင့်တောင် အရောတဝင်နေထိုင်တတ်တာ မဟုတ်ဘူး။ အင်္ဂလိပ်ယောပေါက်

www.burmeseclassic.com



[illegible] ဘောက်လုပ်ရေးတွေလုပ်မယ်ဆိုလားပဲ။ လရောင်ရိပ်အား [illegible] ခုံးဖြတ်ထားသည်။

'ဒေါ်လေးမ အဝတ်တွေလှန်းပြီးပြီ၊ ဘာနိုင်းဦးမလဲ၊ [illegible]တွေတိုက်ရမလားဟင်'

'လရောင်ရိပ်'

'ရှင်…'

'ထိုင်ပါဦးအေ'

ဖြောင့်စင်းရှည်လျားနေတဲ့ ဆံပင်ထူထူတွေကို ဖြတ်ဖို့ ပြောရဦးမည်။ ဒေါ်လေးမလည်း စိတ်မကောင်းပါဘူး။ လရောင်ရိပ်ရယ်။ အခြေအနေအရပါအေ။ မာမီကြီးဆန္ဒက မိမိပဲ အမုန်းခံဖို့ပါ။ ပျော့ကျတော့မည့်မျက်နှာကို ပြန်တင်းပစ်လိုက်သည်။

'ညည်းကို ဒေါ်လေးမ ပြောချင်တာက ဆံပင်ရှည်တွေကို ဖြတ်ပစ်ဖို့ပဲ'

'ရှင်…'

'အရေးကြီးတာက အလုပ်ကို ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက်လုပ်နိုင်ဖို့ပဲ လရောင်ရိပ်၊ ဖြတ်ပစ်ရမယ်၊ ညည်းဆံပင်ရှည်မဖြတ်ရင် ကျုပ်ကတော့ အတင်းညှပ်ပစ်မှာနော်'

'ဆံပင်ကိုတော့ မဖြတ်ပစ်ပါနဲ့ ဒေါ်လေးမရယ်၊ အရိပ် ဆယ်နှစ်သမီးကတည်းက ထိန်းသိမ်းထားခဲ့ရတာပါ၊ ဒီဆံပင်ကြောင့် ဒေါ်လေးမတို့ အလုပ်တွေ မလစ်ဟင်းစေရပါဘူး၊ အရိပ် ကြိုးစားလုပ်မှာပါ'





'မရဘူး လရောင်ရိပ်၊ ညည်း လူကြီးစကားကို နားခံရမယ်လေ၊ ဘာဖြစ်လို့ ကလန်ကဆန်လုပ်ရတာလဲ'

'မဟုတ်ပါဘူး အရိပ်၊ ဒေါ်လေးမကို အမေတစ်ယောက်လိုပဲ ချစ်ခင်အားကိုးတာပါ၊ မေမေ့စကားတွေကိုလည်း အရိပ်ဘယ်တော့မှ မဆန့်ကျင်ခဲ့ပါဘူး'

'တော်စမ်း… ငါက ဒီဆံပင်တွေကို ဖြတ်ဆိုရင် ဖြတ်လိုက်၊ ဒီလောက်နှမြောနေရင် ဇာစ်သက်လုံးသိမ်ထား၊ ညည်းယောကျ်ားလေးတစ်ယောက်လို ဆံပင်ပုံစံညှပ်ရမယ်'

'မလုပ်ပါနဲ့၊ အရိပ် အသက်တမျှနှစ်သက်မြတ်နိုးရလို့ပါ၊ တောင်းပန်ပါတယ်နော်၊ ရှိခိုးပါတယ်'

'မရဘူး'

မိမိအား လက်လေးနှစ်ဖက်အုပ်ပြီး ရှိခိုးတောင်းပန်နေတဲ့ လရောင်ရိပ်ကို ထွေးပွေ့ပြီး နှစ်သိမ့်ပေးချင်ပေမယ့် လရောင်ရိပ်ရဲ့ဘဝရှေ့ရေးအတွက် ဒေါ်မမ ရက်စက်ရတော့မည်ဖြစ်သည်။ မတတ်နိုင်ဘူး။ ဆံပင်ညှပ်သမား လာတော့မယ်။ ဒေါ်မမ မျက်နှာကြောတင်းနေသည်။

'နင်ပြောနေတာ မရဘူးလား လရောင်ရိပ်၊ ဆံပင်က အရေးကြီးလား၊ ငါက လုပ်ဆိုရင် လုပ်စမ်း'

လရောင်ရိပ်ရဲ့ အလှအပ ကျက်သရေတင့်တယ်စေတာ ဆံပင်မှာလည်း ဆွဲဆောင်မှုအပြည့်ရှိနေသည်။ ဒေါ်မမပင်တာတော့ လရောင်ရိပ်ရဲ့အလှတွေကို ဖျက်ဆီးပစ်ဖို့ဆိုရင် လရောင်ရိပ်တစ်ကိုယ်လုံး တွင်းတူးပြီး မြေမြှုပ်ပစ်လိုက်မှ ထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မမလည်း ဆံပင်ညှပ်သမားရောက်လာရင် ပြဿနာဖြစ်မှာ စိုးရိမ်၍ သူမဆံပင်အရှည်တွေကို ကတ်ကြေးတစ်လက်ယူပြီး ကိုယ်တိုင်ဆွဲညှပ်ပစ်သည်။

'ဒီဆံပင်က ဘာလုပ်မှာလဲ၊ နင်ကရော ဘာလဲ၊ နင့်ကိုယ်နှင့် ပြန်စဉ်းစားစမ်း လရောင်ရိပ်၊ အလှပြနေစရာလိုလို့လား၊ ငါကတော့ အိမ်ဖော်မတွေ အလှပြင်ဆင်တာ၊ အလှမက်တာ လုံးဝမကြိုက်ဘူး'

'ဟုတ်ကဲ့… ဖြတ်ပါတော့ ဒေါ်လေးမရယ်၊ အရိုပ်ကျေကျေနပ်နပ် အဖြတ်ခံပါ့မယ်၊ ဒေါ်လေးမ ပြောတာလည်း မှန်ပါတယ်၊ အလှအပတွေက ဘဝအတွက် အရေးမကြီးပါဘူးလေ၊ ဖြတ်ပါ'

'ဒီလိုမှပေါ့အေ၊ ဆံပင်ညှပ်သမား လာလိမ့်မယ်၊ ညည်း စဉ်းစားကြည့်စမ်း လရောင်ရိပ်၊ ညည်းလေးကို အလှအပမက်မောပြီး ဆံပင်ကိုတသသလုပ်နေရင် မာမီကြီးက မျက်စိစပါးမွေးစူးလိမ့်မယ်၊ ဒီမှာက သူဌေးသား ကိုဈာန်ရှိနေတယ်လေ၊ ညည်း ဘဝအတွက် ဘာအရေးကြီးလဲ၊ စဉ်းစား'

'ဟုတ်ပါတယ် ဒေါ်လေးမရယ်၊ အရိပ် သဘောပေါက်ပါတယ်၊ စိတ်ထဲမှာ နှမြောနေပေမယ့် ဆံပင်အရှည်ပြန်ထားဖို့ အချိန်တွေ ရှိနေပါသေးတယ်၊ အရိပ် ကြည်ကြည်ဖြူဖြူပဲ အဖြတ်ခံပါ့မယ်၊ ဒေါ်လေးမကို ပြန်ပြောဆိုမိတာလည်း ရှိခိုးတောင်းပန်ပါတယ်နော်'

လရောင်ရိပ်က မိမိအား လက်အုပ်ချီကာ ထိုင်ကန်တော့





နေသည်။ ငါတော့ ရင်ကွဲနာကျတော့မလားပဲ လရောင်ရိပ်ရယ်။ သနားလိုက်တာ။ လိမ္မာရေးခြားရှိတဲ့ ကလေး။ တခြားအိမ်အကူကောင်မလေးတွေဆို မိမိကို ဘဝတူချင်း ကျောရမလားဆိုပြီး ပြန်၍ပင် ပြောဆိုရန်တွေ့ကာ အလုပ်ကနေ ထွက်ကြသည်။ လရောင်ရိပ်လေးက ပညာတတ်လေးပဲ။ သမီးရယ်။ ကိုယ့်ဘဝကိုယ် နားလည်တာ ညည်းဘဝရဲ့ တိုးတက်မှုအစပါအေ။ ဆံပင်ညှပ်သမား ရောက်လာတော့ လရောင်ရိပ်က ပြုံးပြုံးရွှင်ရွှင်ပင် အညှပ်ခံလေသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

(၄)

'ချာန်'

'ဗျာ… မာမီ'

'သားချာန်ရဲ့လုပ်ငန်းအတွက် ရှယ်ယာထည့်ဝင်ချင်တဲ့ လူတစ်ယောက်ရှိတယ်'

'ဘယ်သူလဲ မာမီ'

'ချယ်မှုန်းထင်တဲ့လေ၊ မာမီ့သူငယ်ချင်း မြတ်ထင်ရဲ့ သမီးလေးပဲ၊ မှုန်းရဲ့အဖေက နိုင်ငံခြားမှာလေ၊ အခုမှဆက်သွယ်မိကြပြီး စီးပွားရေးလုပ်ငန်းတွေ လုပ်ကြဖို့ တိုင်ပင်မိရင်း သားချာန်အလုပ်မှာ ရှယ်ယာဝင်ချင်တယ် ဖြစ်ကြတာပဲ'

'အဲဒီ ချယ်မှုန်းထင်ရဲ့ ပညာအရည်အချင်းကရော မာမီ'

'သားချာန်လိုပဲလေ၊ မြန်မာပြည်က B.E ဘွဲ့ရပြီး နိုင်ငံခြားမှာ ဒီပလိုမာသွားတက်ခဲ့တာလေ၊ အရမ်းတော်တယ်၊ ထက်မြက်တယ်၊ အရမ်းလည်းလှတယ်'

'တော်ပါတော့ မာမီရာ၊ ချာန့်ကို ဆရာကြီးလာလုပ်နေရင် ခက်မယ်၊ တချို့ သူဌေးသမီးတွေက မော်ကမာတတ်ကြတယ်'





'မှုန်းကတော့ သားချာန်ထင်သလို မဟုတ်ပါဘူး၊ ယဉ်ကျေးသိမ်မွေ့တယ်၊ မြန်မာဆန်တယ်၊ စိတ်သဘောထားလည်း ပြည့်ဝတယ်'

'မာမီ တွေ့ဖူးလို့လား'

'အင်း… တစ်ကြိမ်ပဲတွေ့ဖူးတယ်၊ လူကြီးမိဘကိုလည်း အရမ်းလေးစားတယ်၊ မိန်းမကောင်းလေးပါ'

ချယ်မှုန်းထင်ကို ဒေါ်သော်တာမိုးထက် ချွေးမလောင်းအဖြစ် သတ်မှတ်ထားသဖြင့် သားနှင့်နီးစပ်စေချင်သည်။ တကယ်လည်း လူကြီးမိဘကို ရိုသေတတ်ပြီး ထူးချွန်ထက်မြက်သူပါ။ ရုပ်ရည်ကလည်း ချောမောသည်။

'ဒီညနေပဲ မာမီတို့ သွားတွေ့ရမယ် ချာန်'

မာမီ့စကားသံတွေကို ကြားရကတည်းက အဓိပ္ပာယ်သက်ရောက်မှုကို ချာန်သိနေသည်။ ချာန့်ရင်ထဲမှာရှိနေတာက အရိပ်ပဲ။ မနက်က အရိပ်နှင့် တွေ့ဆုံဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်ကို သူ မေ့ပစ်၍မရ။ သူ့အဖြစ်သည်းမှုကြောင့် လရောင်ရိပ်က တစ်မျိုးထင်သွားစေနိုင်သည်။

'အရိပ်ကို မသနားပါနဲ့၊ မကြိုက်ဘူး'

လရောင်ရိပ်ရဲ့ အသံတင်းတင်းပြတ်ပြတ်လေးက သူ့နားထဲမှာဆူဝေနာကျင်စေသည်။ သူ့ကို အထင်သေးသွားအောင်ထဲ ကိုယ့်နှလုံးသားထဲက လရောင်ရိပ်ကို ဘယ်သူမှ ခွဲထုတ်လို့မရဘူးထင်တယ်။ မင်းမျက်နှာလေးကို အနီးကပ်ကြည့်လိုက်ရတဲ့ အချိန်ဟာ ကိုယ့်ရင်တွေ ပြောင်းဆန်သွားအောင် လှုပ်ခတ်ရတယ်

www.burmeseclassic.com



လရောင်ရိပ်ရယ်၊ မင်း အရမ်းပင်ပန်းနေပြီလား။ မျက်ရည်ကျသေအောင် ကြက်သွန်မွှန်လို့လားကွာ။ မင်းလက်လေးတွေ ပေါက်ပြဲနေမှာပါပဲ။ ကိုယ် တကယ်ပဲ ရှူးချင်တယ်။

'ချာန်'

'ဗျာ… မာမီ'

'ဘာတွေစဉ်းစားနေတာလဲ သားရယ်၊ မာမီပြောတာတွေ ဆော ကြားရဲ့လား'

'ကြားပါတယ် မာမီ၊ ချာန်က လုပ်ငန်းတွေအကြောင်း စဉ်းစားနေတာပါ'

'မွန်းတို့တိုက်မှာ ညစာစားကြဖို့ ချိန်းထားတယ်၊ လုပ်ငန်းအကြောင်းလည်း ဆွေးနွေးကြရင်းပေါ့'

'ဟုတ်ကဲ့… ကောင်းပါတယ် မာမီ'

ဘာပဲဖြစ်ဖြစ် မာမီ့ဆန္ဒကို အလိုက်အထိုက်ပြောဆိုနေထိုင်မှ လရောင်ရိပ်အပေါ် မာမီ အာရုံစူးစိုက်မှု နည်းမည်ဖြစ်သည်။ ထိုအချက်ကြောင့်ပင် မာမီလုပ်စေချင်တာတွေကို သူလုပ်ဆောင်ရမည်ဖြစ်၏။ မင်းဘဝအတွက်ပါကွာ။ မင်း ပညာဆက်သင်နိုင်ဖို့ ကိုယ် ဘာပဲဖြစ်ဖြစ် လုပ်ပေးချင်ပါတယ်။ မာမီ့ဆန္ဒအတိုင်း ခြယ်မွန်းထင်အကြောင်း စိတ်ဝင်တစား ဆွေးနွေးမိသည်။

'မွန်းအကြောင်း စဉ်းစားနေတာပါ မာမီရာ၊ ထက်မြက်တဲ့ မိန်းကလေးတစ်ယောက်နဲ့ လက်တွဲပြီး လုပ်ငန်းတွေထူထောင်ရင် အောင်မြင်မှုရမယ်ထင်တာပဲ'





'ဟုတ်တယ် သား၊ မွန်းက တကယ့်ကို ထက်မြက်တယ်၊ မွန်းကို လက်ထပ်ချင်တဲ့ယောကျ်ားတွေကလည်း ဝိုင်းဝိုင်းလည်နေတာပဲ'

'မာမီရော ချွေးမတော်ဖို့ စိတ်ကူးမရှိဘူးလားဗျာ'

'အမလေး… ဘယ်လိုပြောလိုက်တာလဲ ချာန်ရယ်၊ မာမီက ချာန့်ဇနီးလောင်းကို ချာန့်စိတ်ကြိုက်ရွေးချယ်ဖို့ အခွင့်အရေးပေးချင်လို့သာ မွန်းလေးကို မာမီ ချွေးမတော်ချင်နေတာပါ'

'ဒါကြောင့်ကိုး၊ အင်းလေ… ချာန် လေ့လာမယ်၊ ကိုယ်နဲ့ စီးပွားဖက် ကိုယ့်အတွက် အကူအညီပေးနိုင်မယ့် ဇနီးလောင်းပဲ ရွေးချယ်လက်ထပ်မယ် မာမီ'

'သားချာန်ရယ်'

ချာန့်စကားကြောင့် မာမီ အတော်လေးကျေနပ်ပီတိဖြစ်သွားပုံပင်။ မာမီရယ်၊ ချာန့်ကို ဇနီးလောင်းရွေးချယ်ခွင့်ပေးမယ်ဆိုရင် ချာန်ရွေးချယ်မှာက လရောင်ရိပ်ပဲလေ။ မာမီ လက်မခံနိုင်ဘူး မဟုတ်လား။ ချာန် တကယ်တမ်း ရွေးချယ်လက်ထပ်မှာက လရောင်ရိပ်ပဲ။ ခြယ်မွန်းထင်က အယောင်ပြထားတာပါ။ လရောင်ရိပ်ရဲ့ ဘဝလေးကို လင်းလက်တောက်ပစေရန် သူကြိုးစားကူညီပံ့ပိုးပေးရမယ်။ မာမီက တက်ကြွနေသည်။

'ချာန်… မင်း အဝတ်အစားကအစ ဂရုစိုက်ရမယ်၊ မွန်းက သေသပ်တိကျတယ်၊ နိုင်ငံတကာအမြင်ရှိနေတော့ ချာန်လည်း စတိုင်ရှိမှဖြစ်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'လုပ်ပါဦး မာမီ၊ ကျွန်ဘာဝတ်ရမလဲ၊ မှုန်းမျက်စိထဲမှာ အထင်တကြီးဖြစ်သွားစေဖို့လေ'

'အေးပါ… မာမီ ရွေးပေးပါ့မယ်၊ ကျွန် ငယ်ငယ်လေးကတည်းက အဝတ်အစား အသုံးအဆောင်တွေကအစ မာမီပဲ ရွေးချယ်ရတာ၊ မာမီ့သားက ယောကျ်ားပီသတယ်'

မတတ်နိုင်ဘူး ခြယ်မှုန်းထင်ရေ။ မင်းကိုတော့ အသုံးချရတော့မှာပဲ။ လရောင်ရိပ်ကို မာမီ သံသယတွေနဲ့မကြည့်အောင်လေ။ ကျွန် တစ်တိုက်လုံးကို မသိမသာ ရှာဖွေကြည့်မိနေတာက လရောင်ရိပ်ပင်။ မီးဖိုခန်းထဲက မထွက်ရ။ ကျွန့်ကြောင့်ပဲ ထင်သည်။ ကျွန့်အခန်းထဲမှာပဲ စားစရာတွေ ယူလာပေးတတ်၏။ မာမီ့ရဲ့ ပြောင်းလဲမှုက သိသာလွန်းနေ၏။ ကျွန် တွေ့ချင်နေတာက လရောင်ရိပ်ပါ။ မာမီက အဝတ်အစားတွေ ရွေးချယ်ဝတ်စေသည်။

'ကြည့်စမ်းပါဦး၊ မာမီ့သားက အရမ်းခံ့ညားတာပဲ၊ ချောလိုက်တာကွယ်၊ အရပ်ကမြင့်မြင့်၊ ခန္ဓာကိုယ်က တောင့်တောင့်ဖြောင့်ဖြောင့်'

'တော်ပါတော့ မာမီရာ၊ သား မိုးပေါ်မြောက်တက်သွားပါဦးမယ်၊ မာမီ့သားမို့ပါ၊ မှုန်းတွေ့ရင် ဘယ်လိုဝေဖန်မလဲ'

'အမှန်တွေပဲဟာ၊ မာမီ့သားလူချောကို ဘယ်မိန်းကလေးက စိတ်မဝင်စားဘဲနေမလဲ'

ကျွန့်ကို စိတ်မဝင်စားတဲ့သူ ရှိနေတယ် မာမီ။ လရောင်ရိပ်ပဲ။ မျက်နှာထားက တင်းနေတယ်။ ကျွန် အရောတဝင်လာ





လုပ်နေတာကို မလိုလားဟန်ပါပဲ။ လရောင်ရိပ်ရာ ကိုယ် အရမ်းတွေ့ချင်တယ်။ ဘာဖြစ်လို့မှန်း မသိဘူး။ မင်းကျောပေါ်ဝဲကျနေတဲ့ ဆံပင်ရှည်ရှည်တွေကို အမြတ်တနိုး နမ်းရှိုက်နေချင်တယ်၊ ကျွန်အတွေးထဲမှာ လရောင်ရိပ်ပဲ လွှမ်းမိုးနေသည်။

'သွားမယ် ကျွန်ရေ၊ မာမီ့သူငယ်ချင်း ကိုမြတ်ထင်ကတော့ နိုင်ငံခြားမှာပါ၊ သူ့သမီးကို သဘောကျရင် ချွေးမတော်နိုင်တယ်တဲ့၊ သား လေ့လာလိုက်နော်'

'ဟုတ်ကဲ့ပါ မာမီ'

မာမီက ရှေ့မှ တက်တက်ကြွကြွ သွက်လက်စွာ ခြံထဲ ဆင်းသွားသည်။ သူ့နောက်မှနေ၍ တိုက်ကြီးထဲသို့ လရောင်ရိပ်ကို တွေ့လိုတွေ့ငြား ပြန်လှည့်ကြည့်လိုက်တော့ ဒေါ်လေးမပဲ တွေ့လိုက်ရ၏။ ကျွန့်ရှူးသွပ်မှုပဲ ထင်တယ်။ လရောင်ရိပ်က မီးဖိုခန်းထဲမှာပဲ နေရတာပါ။ ဒေါ်လေးမက အဝင်ဝတံခါးကို လာပိတ်သည်။

'မာမီ့သား ကျွန်ကတော့လေ ဘယ်လိုပဲကြည့်ကြည့် ခံ့ညားချောမောနေတယ်၊ မှုန်းလေးနဲ့ဆိုရင် အရမ်းလိုက်ဖက်မှာပဲ'

'မာမီ့သားပဲ၊ ချွေးမလောင်းရှေ့မှာ အရမ်းပဲအမွန်းတင်မနေနဲ့ဦးနော်'

'မာမီ သိပါတယ်'

ကိုယ့်ရင်ထဲမှာ အသက်မပါလိုက်တာ လရောင်ရိပ်ရယ်။ ကိုယ်လုံးဝခံစားလို့ရမှာ မဟုတ်ဘူးကွာ။ မာမီ့အတွေးအာရုံတွေ မင်းဆီမရောက်စေဖို့ ကိုယ် လုပ်ကြံဖန်တီးပေးနေတာပါ။ မာမီ



www.burmeseclassic.com

www.burmeseclassic.com



တ ထူးချွန်သူဆိုရင် မြေတောင်မြှောက်ပေးတတ်တယ်။ ရျာန် အပြုံးတွေ ဝေဝေဆာဆာနှင့် ကားမောင်းလာသည်။

'မှုန်းလေးလား၊ အန်တီသော်ပါ၊ သမီးတို့ခြံရှေ့ ရောက်တော့မယ်လေ'

မာမီက ခြယ်မှုန်းထင်ထံ ဖုန်းဆက်ပြောနေကာ ပီတိတွေ ဖြစ်နေသည်။ ခြယ်မှုန်းထင်တို့ခြံကြီးက အကျယ်ကြီးပဲ။ တိုက်ကြီးကလည်း ထည်ဝါခံ့ညားနေပေမယ့် ရျာန် ဘယ်လိုမှခံစား၍ မရပေ။ လရောင်ရိပ်ရဲ့ ဖြူစင်သန့်စင်တဲ့ မျက်နှာလေးကိုပဲ တမ်းတမ်းတတဖြစ်ရသည်။

'အန်တီသော်တာ ဖုန်းဆက်ထားလို့ မှုန်း ထွက်မျှော်နေတာလေ၊ ဝင်ပါ'

'မှုန်း'

'ရှင်...'

'ဒါလေ အန်တီ့သား ကျော်ကျော်ရျာန်ဆိုတာပါ၊ ရျာန် သူလေးက ခြယ်မှုန်းထင်လေ'

'တွေ့ရတာ ဝမ်းသာပါတယ်၊ ရျာန့်အကြောင်း မကြာခဏပြောပါတယ်၊ ကြွပါ'

'ကိုယ်လည်း တွေ့ရတာ ဝမ်းသာပါတယ် မှုန်း၊ စီးပွားဖက်တွေလည်း ဖြစ်လာနိုင်တာပဲ၊ မာမီက မှုန်းကို အရမ်းအမွှန်းတင်နေတာနော်'

ခြယ်မှုန်းထင်ကတော့ မာမီပြောသလိုပဲ ရုပ်ရည်ချောမောပြီး ယဉ်ကျေးသိမ်မွေ့တဲ့သူပါပဲ။ နိုင်ငံခြားမှာ ပညာသင်ခဲ့ပေ





မယ့် မြန်မာဆန်လွန်းတာ ရျာန်ပင် အံ့ဩရသည်။ တိုက်ထဲဝင်လာတော့ ရှေးမြန်မာအနုပညာလက်ရာတွေနှင့် ခမ်းခမ်းနားနားရှိလွန်းနေ၏။ ဒါပေမဲ့လည်း ရျာန့်နှလုံးသားတွေက အေးစက်စက်။ လှုပ်ရှားနွေးထွေးမှုက ကင်းမဲ့လွန်းသည်။

'ဒီညစာကိုတော့ မှုန်းကိုယ်တိုင် စီစဉ်ချက်ပြုတ်ထားပါတယ်၊ အအေးလေးပဲ အမောပြေ အရင်သုံးဆောင်ပါဦး'

မှုန်းက မိန်းကလေးပီသစွာ အချက်အပြုတ်လည်း ကျွမ်းကျင်ကြောင်း မာမီက ပြောနေသည်။ အိမ်ရှင်မကောင်းတစ်ယောက်ရဲ့ အရည်အချင်းတွေ ပြည့်စုံနေတဲ့ မိန်းကလေးကို လရောင်ရိပ်အရင် တွေ့ခဲ့ရင်တော့ သူ့နှလုံးသားတွေ နိုးထလှုပ်ရှားသွားချင် သွားမှာပါပဲ။ ထူးဆန်းစွာဖြင့် ရျာန့်နှလုံးသားထဲက လရောင်ရိပ်ကို ဖယ်ရှားထုတ်နိုင်ခြင်း မရှိတာပင်။ ခြယ်မှုန်းထင်က အိမ်အကူကောင်မလေးတွေ သုံးယောက်လောက်ရှိပြီး စိန့်တွေ ညွှတ်နေအောင် ဝတ်ဆင်ထားပေမယ့် ရျာန့်အတွေးတွေကို လွှမ်းမိုးနေရာယူထားတာက လရောင်ရိပ်ဖြစ်နေသည်။

'ညစာသုံးဆောင်ပြီးမှ စီးပွားရေးကိစ္စတွေ ဆွေးနွေးတိုင်ပင်ကြတာပေါ့ အန်တီသော်၊ ရျာန်ရော ဆာပြီလား'

'မဆာသေးပါဘူး မှုန်း... ကိုယ်တို့ အေးအေးဆေးဆေးပေါ့'

ရျာန်ကတော့ မှုန်းကိုပဲ အလွန်အမင်း စိတ်ဝင်စားသွားတဲ့ဟန် ပီပြင်သည်။ အရောတဝင် ရင်းရင်းနှီးနှီးနေပြခဲ့၏။ မှုန်း



www.burmeseclassic.com

www.burmeseclassic.com



လတ်ရာတွေကို မက်မက်မောမော နှစ်နှစ်သက်သက် စားသောက်ပြလိုက်သဖြင့် မာမီ ကျေနပ်သွားသည်။

'မှုန်းက မိန်းမပီသတယ်ကွာ၊ ဟင်းချက်လက်ရာလည်း ကောင်းတယ်၊ တကယ့်ကို တော်လေးဝဝင်တယ်'

'ရှာန်နော်၊ အရမ်းမြှောက်ပင့်လွန်းသွားပြီထင်တယ်၊ ဟင်း… ဟင်း… မှုန်းခန္ဓာကိုယ်တောင် လေထဲမြောက်တက်သွားတော့မယ်'

'မှုန်းဟင်းချက်လက်ရာက တကယ်ကောင်းတာပါ၊ အရသာရှိတယ်၊ ကိုယ် တကယ်ပဲ ချီးမွမ်းတာပါ၊ မှုန်းက အဘက်ဘက်မှာ ပြည့်စုံလွန်းနေပါတယ်'

'ကဲပါ… ရှာန် ဘာစားချင်သေးလဲ၊ ပြောနော်၊ အားမနာနဲ့'

'တော်ပါပြီ မှုန်းရယ်၊ မှုန်းလက်ရာတွေကို အရမ်းစွဲလမ်းသွားပြီး ကိုယ် အမြဲတမ်းစားချင်နေရင် ဘယ်လိုလုပ်မလဲ'

'အမလေး… ရှာန်ရယ်၊ ဒါများ နေ့တိုင်းလာသုံးဆောင်လေ၊ မှုန်း ဖိတ်ပါတယ်နော်'

'မှုန်းနဲ့ သားက နောက်ဆို အလုပ်အတူတူလုပ်ကြရတော့မယ်လေ၊ နေ့စဉ် ခွေးနွေးတိုင်ပင်ရမှာပါ၊ မှုန်း အန်တီသော်အပ်တယ်နော်၊ သား စားသောက်ရေးအတွက် တာဝန်ယူပေးပါလားကွယ်'

'စိတ်ချပါ အန်တီသော်တာ၊ မှုန်း တာဝန်ယူတယ်'

မာမီကတော့ သဘောကျနေသည်။ သူက ပြန်ပြောချင်





နေတာ မာမီ မသိပေ။ လရောင်ရိပ်ကိုပဲ သတိရနေ၏။ ကိုယ်တွေ့ချင်တယ်။ အားပေးစကားတွေ ပြောချင်တယ်။ နှစ်သိမ့်ချင်တယ်။ မာမီနှင့် စကားတွေကောင်းနေသည်။ နောက်ကျမှ ပြန်ရသည်။

'ဘယ်လိုလဲ သား၊ မှုန်းလေးက အဘက်ဘက်က ပြောစရာမရှိအောင် ပြည့်စုံနေတယ်နော်၊ ရှာန် ဘယ်လိုသဘောရလဲ'

'မာမီ သဘောကျရင် ရှာန် သဘောမကျစရာမရှိတာပဲ၊မှုန်းလို မိန်းကလေးမျိုးနဲ့ လက်ထပ်ခွင့်ရမှာ သား ဘယ်လိုငြင်းမလဲ မာမီ'

'သားရယ်… မာမီ ဝမ်းသာလိုက်တာ၊ မှုန်းနဲ့ဆို မာမီ စိတ်အေးရပါပြီ'

မင်းအတွက်ဆို ကိုယ် ဘာပဲလုပ်ရလုပ်ရပါ လရောင်ရိပ်ရယ်။ မာမို့အာရုံတွေကို ပြောင်းပစ်ရမယ်လေ။ ဒါမှ မင်းအနာဂတ်အတွက် မာမီက ပြုစုပျိုးထောင်ပေးမှာပါ။ မှုန်းအကြောင်းတွေကို သူ ရွှန်းရွှန်းဝေအောင် ပြောပစ်သည်။

'မိန်းမတော်တော်လေးပီသတာပဲ မာမီ၊ မှုန်းက အပြစ်ပြောစရာမရှိအောင် ပြည့်စုံတယ်၊ အပြုစုလည်း ကောင်းတယ်'

'ရှာန် သဘောကျတယ်ဆိုရင် လူကြီးတွေနဲ့ ပြောပြီး မာမီတို့ လက်ထပ်ပွဲ စီစဉ်ကြမယ်လေ'

'လောလောဆယ်တော့ စေ့စပ်ထားပါဦး မာမီရာ၊ တစ်ယောက်အကြောင်း တစ်ယောက် လေ့လာပါရစေဦး၊ အလုပ်လည်း အခုမှ အစပျိုးရမှာလေ၊ စေ့စပ်ထားမယ်'



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ဖို့အထိတော့ ကိုယ် လက်မခံနိုင်ပါဘူး။ ကိုယ် ပိုင်ဆိုင်ချင်တာက မင်းပဲလေ။ ကိုယ့်နှလုံးသားထဲကနေ မင်းကို ဘယ်လိုအကြောင်းပြချက်နဲ့မှ ဖယ်မထုတ်နိုင်ဘူး။ ကိုယ် စေ့စပ်ဖို့ လက်ခံလိုက်တာလည်း လရောင်ရိပ်အတွက်လေ။ သူက စေ့စပ်ဖို့လက်ခံတာပင် မာမီ ကျေနပ်နေသည်။

'အင်းလေ… စေ့စပ်ထားရမယ်၊ ကိုမြတ်ထင်က လက်ခံမှာပဲ'

'မှန်းကရော မာမီ'

'မာမီ့သားကို ဘယ်လိုမိန်းကလေးက ငြင်းမှာလဲကွယ်'

စေ့စပ်ထားတဲ့ မိန်းကလေးပေါ် ကိုယ် စော်ကားအခွင့် အရေးယူတာတွေ မရှိဘူးဆိုရင် ကိုယ့်စိတ်တွေ လုံမယ်လို့ထင် တယ်။ လရောင်ရိပ်ကြောင့် ခြယ်မှုန်းထင်ဘဝကို နင်းတက်ဖို့ ကြံစည်တဲ့ ကိုယ့်မရိုးသားမှုအတွက်တော့ တောင်းပန်ပါတယ် ခြယ်မှုန်းထင်ရယ်။ ကိုယ် မင်းကို လုံးဝမချစ်ဘူး။ အိမ်ပြန်ရောက် တော့ ဒေါ်လေးမကပဲ တံခါးဖွင့်ပေးသည်။

'ဒေါ်မမ'

'ရှင်… မာမီကြီး'

'လရောင်ရိပ်ကို ကျွန်မအခန်းထဲ လွှတ်ပေးပါ၊ ဆေး လိမ်းနှိပ်နယ်နိုင်းချင်တယ်'

'ဟုတ်ကဲ့ မာမီကြီး၊ ကျွန်မရော လာဖို့လိုသေးလားရှင်'

'မလိုပါဘူး၊ သားရှာနဲ့လေး ခြယ်မှုန်းထင်ဆိုတဲ့ကောင်မ လေးနဲ့ လက်ထပ်တော့မယ်'





'ဟုတ်လား၊ ဝမ်းသာလိုက်တာ မာမီကြီးရယ်'

'ညည်းက ဘာဖြစ်လို့ ဒီလောက်ပျော်ရွှင်သွားရတာလဲ'

'မာမီကြီး စိတ်အေးသွားရလို့ပါ'

တကယ်တော့ လရောင်ရိပ်လေးအတွက် အခွင့်အရေး တွေ ပွင့်သွားလို့ပါ။ မိမိရင်ထဲမှာ လရောင်ရိပ်ကို သနားနေမိ သည်။ ဒါကြောင့် မိမိက အိမ်ဖော်ကောင်မလေးကို ဈာန်က စိတ်မဝင်ပါဘူးလို့။ မာမီကြီးက စိတ်ပူနေတာ လရောင်ရိပ်လေး မာမီကြီးအနားမှာ အနီးကပ်နေထိုင်သည့် အခွင့်အရေးရရှိပြီဖြစ် သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## (၅)

'လရောင်ရိပ်'

'ရှင်…'

'ညည်း ကျောင်းတက်ဖို့ကိစ္စတွေ သားချာန် လိုက်လုပ်ပေးလိမ့်မယ်'

'ရှင်…'

'ညည်းလေး ပညာဆက်သင်ဖို့လေ၊ မာမီကြီး ပညာပါရမီဖြည့်ပေးချင်တယ်'

'ကျေးဇူးတင်ပါတယ် မာမီကြီးရယ်၊ အရိပ် ကြိုးစားပါ့မယ်'

'ညည်းလေးက ဘာဖြစ်ချင်တာလဲ အရိပ်'

'အရိပ်က ပန်းချီဆရာမ ဖြစ်ချင်ပါတယ်'

'ဘာပြောတယ်'

'ပန်းချီဆရာမပါ… အရိပ်ငယ်ငယ်လေးကတည်းက ဝါသနာပါလို့ အိမ်နားမှာနေတဲ့ ပန်းချီဆရာက သင်ပေးထားတာရှိပါတယ်၊ အနုပညာကျောင်းကို တက်ချင်ပါတယ်'





လရောင်ရိပ်ရဲ့ ဝါသနာကို ဒေါ်သော်တာမိုးထက် အံ့ဩနေသည်။ လက်ချောင်းလေးတွေက ဖောင်းဖောင်းအိအိ ရှည်ရှည်သွယ်သွယ်လေးနှင့် အနုပညာရှင်လက် ဖြစ်နေ၏။ သူမလက်ဖဝါးပြင်လေးတွင် ပေါက်ပြဲဒဏ်ရာရဲရဲလေးတွေ ရှိနေ၍ ဒေါ်သော်တာမိုးထက် မေးရသည်။

'ညည်းလက်က…'

'အဝတ်လျှော်လို့ပါ၊ လောလောဆယ်တော့ လက်ကနနေသေးတယ်ထင်ပါတယ် မာမီကြီးရယ်၊ ဟိုလေ… နောက်ဆိုရသွားမှာပါ၊ ဒေါ်လေးမက သနားပြီး အဝတ်လျှော်စက်နဲ့ ညှစ်ခိုင်းပါတယ်၊ အရိပ် လက်ကြောမတင်းတာတော့ မဟုတ်ပါဘူး၊ မေမေက မခိုင်းရက်လို့ပါ'

လရောင်ရိပ်က ယောကျ်ားလေးဆံပင်နှင့်ဖြစ်၍ ဆံပင်ရှည်ရှည်နှင့်လောက်တော့ 'နဖတ်ချောမောမနေတော့။ အဝတ်အစားအစုတ်အနုတ်လေးက လရောင်ရိပ်ရဲ့ အလှအပတွေကို ဖုံးကွယ်ထားသလိုပင်။ နွမ်းနွမ်းဖတ်ဖတ်လေး။ ဒေါ်မမကတော့ အရမ်းလိမ္မာတယ်တဲ့။ ဒေါ်သော်တာမိုးထက် စိတ်ပူနေတာပါ။ ချာန်က အိမ်ဖော်ကောင်မလေးအဆင့်ကို စိတ်မဝင်စားပေ။ ခြယ်မှုန်းထင်နှင့်လက်ထပ်ဖို့ သဘောတူထားသည်။ မကြာခင် ဇာတ်စပ်ကြတော့မယ်။ လရောင်ရိပ်ရဲ့ ကျောင်းကိစ္စတွေ၊ သင်တန်းကိစ္စတွေ သားချာန်ပဲ လုပ်တတ်မှာပါ။ မိန်းမချောလေးဆိုတော့ တခြားသူတွေနှင့် စိတ်မချရ။ လရောင်ရိပ်ကို သမီးလေးတစ်ယောက်အဖြစ် ကျွေးမွေးစောင့်ရှောက်ထားဖို့ စိတ်ကူးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါဆိုရင်လည်း ညည်းအမှတ်နဲ့ တက်လို့ရမလား၊ သားရွှေနှန်ကို ပြောပြလေ၊ မာမီကြီးသားကို ညည်းအစ်ကိုအရင်း လိုပဲ သဘောထား၊ မာမီကြီးက ညည်းလေးကို သမီးအဖြစ် မွေးစားဖို့ စိတ်ကူးထားတယ်လေ'

'ဝမ်းသာလိုက်တာ မာမီကြီးရယ်၊ အရိပ် ကြိုးစားမှာပါ၊ မာမီကြီးကို အမေလိုပဲ အရိပ် သတ်မှတ်ပါတယ်'

မာမီကြီးကို ကျေးဇူးတင်လွန်း၍ အရိပ် ဆေးနှင့်ပွတ်သပ် လိမ်းပြီး နှိပ်နယ်ပေးနေမိသည်။ မာမီကြီးက သဘောထားပြည့်ဝ ပေမယ့် မာမီကြီးသားနဲ့တော့ မသွားချင်ပါဘူး။

အခွင့်အရေးသမားကြီး။ အရိပ်ရှိနေတဲ့မီးဖိုခန်းထဲ ယောင် တောင်ပေါင်တောင်ဝင်လာပြီး အရောတဝင်လာလုပ်သည်။ အရိပ် ဘယ်သူ့ကိုမှ ဖွင့်မပြောရဲ။ သူမမှာ မှီခိုစရာမရှိတော့။ အကြီး ဆည်းဆာကလည်း ပြန်မလာပေ။ ဒီလူကိုတော့ ရှောင်ရမယ်။ သူမကို ခြေတော်တင်မှာပဲ။ စိတ်ထဲမှာ သဘောမကျမိ။ မသွား ချင်ဘူးပြောပြန်တော့လည်း တစ်မျိုးထင်ဦးမည်။ သတိထားရ မယ်။

'တော်ပါပြီ အရိပ်ရယ်၊ နားတော့'

'ဟုတ် မာမီကြီး၊ အရိပ်ကို အားမနာပါနဲ့နော်၊ ခိုင်းပါ၊ မာမီကြီး အိပ်ပျော်တဲ့အထိ နှိပ်နယ်ပေးပါရစေ'

'ရပါပြီကွယ်၊ ညည်းလေးလည်း တစ်နေကုန်ပင်ပန်းနေ တာ နားတော့၊ သင်တန်းတက်ရင်တော့ အလုပ်တွေ အရမ်းမခိုင်း





တော့ပါဘူး၊ ညည်းလေး ကြိုးစားရင် ကြိုးစားသလောက် မြှောက် စားမှာနော်'

'ဟုတ်ကဲ့... ကျေးဇူးပြန်ဆပ်ပါ့မယ် မာမီကြီးရယ်၊ စိတ်ချပါနော်'

'သွားတော့'

မာမီကြီးကို ထိုင်ကန်တော့ပြီး အရိပ် ပြန်ထွက်လာခဲ့ သည်။ အောက်ထပ်လှေကားအခင်းမှာတော့ မမျှော်လင့်ဘဲ မာမီ ကြီးသားနှင့် ဆုံသွား၏။ အရိပ် အထိတ်တလန့်နှင့် ရှောင်ဖယ် ထွက်ပြေးဖို့ ပြင်လိုက်သည်။

'နေပါဦး လရောင်ရိပ်၊ မင်း... မင်း... ဆံပင်တွေ ဖြတ်လိုက်ပြီ ဟုတ်လား၊ ဘယ်သူဖြတ်ပစ်တာလဲ၊ မာမီလား၊ ဒေါ်လေးမလား၊ ပြောလေ'

'ကျွန်မ ရှုပ်လို့ဖြတ်လိုက်တာပါ၊ ဘယ်သူဖြတ်တာမှ မဟုတ်ပါဘူး'

'မဖြစ်နိုင်ဘူး၊ မာမီပဲဖြစ်မယ်၊ နမြောစရာကောင်းလိုက် တာကွာ၊ အရမ်းလှတဲ့ ဆံပင်တွေပါ'

'ကျွန်မကတော့ အလုပ်လုပ်ရတာ စိတ်အိုက်လို့ပါ၊ အလှ အပက ကျွန်မအတွက် အရေးမကြီးဘူးလေ'

'နေပါဦး... မင်းက ကိုယ့်ကို ဘာဖြစ်လို့ကြောက်နေ ရတာလဲ၊ မင်းကို ကူညီမယ့်သူပါ လရောင်ရိပ်'

'ရပါတယ် ကျေးဇူးပါပဲ၊ ကျွန်မသွားတော့မယ်'

ဒီလူကြီးအနားမှာ အကြာကြီးနေလို့ မဖြစ်ပါဘူး။ မာမီ



www.burmeseclassic.com

www.burmeseclassic.com



ကြီးတို့၊ ဒေါ်လေးမတို့ မြင်သွားရင်လည်း မကောင်းပါဘူး။ ကြောက်လိုက်တာ။ အရိပ်ကို စူးစိုက်ကြည့်နေတဲ့ သူ့မျက်လုံးတွေ ဘာလုပ်ချင်တာလဲ။ မဖြစ်ဘူး။ အရိပ်ကိုတော့ လာမထိနဲ့နော်။ အရိပ် ကျွဲပတ်ရောင်ဖယ် ပြေးထွက်လာခဲ့သည်။

'လရောင်ရိပ်၊ ဒုက္ခပါပဲကွာ၊ အကြောက်ကြီးတဲ့ကောင်မလေးပဲ'

လရောင်ရိပ်ရဲ့ မျက်ဝန်းတွေက အကြောက်ကြီးကြောက်နေပုံပင်။ ထိတ်လန့်နေသည်။ ကျွန့်မှာတော့ လရောင်ရိပ် အနေချောင်စေဖို့ လုံးပမ်းလိုက်ရတာ။ ဒီကောင်မလေးဆံပင် ဘယ်သူဖြတ်ပစ်တာလဲ။ ကျွန့်အထင်တော့ ကောင်မလေး သူ့ဆန္ဒနှင့်သူဖြတ်တာတော့ မဖြစ်နိုင်ပါဘူး။ မာမီလား၊ ဒေါ်လေးမလား၊ စိတ်မကောင်းလိုက်တာ။ ယောကျ်ားဆန်ဆန်ဆံပင်လေးနှင့်ဆိုတော့ လရောင်ရိပ်မျက်နှာအလှတွေက ပိုမိုပေါ်လွင်နေသည်။

'ကိုယ်ကတော့ မင်းကိုတွေ့ချင်လို့ အခွင့်အရေးစောင့်နေတာပါ၊ မင်းကတော့ ကိုယ့်ကိုတွေ့လိုက်တာနဲ့ သရဲသဘက်နဲ့တွေ့လိုက်သလိုပဲ၊ ကြောက်ရွံ့ထိတ်လန့်နေတာပဲ'

မာမီက လရောင်ရိပ်အား တိုက်ကြီးထဲဝင်ထွက်သွားလာခွင့်ပြုလိုက်သည်။ ကျွန် တမင်အားပေးစကားပြောချင်လို့ စောင့်နေတာ။ ဘယ်လိုကောင်မလေးလဲ။ ကျွန် အပေါ်ထပ်ပြန်တက်လာခဲ့၏။ အိပ်ရာပေါ် လှဲအိပ်လိုက်ပြီး မျက်လုံးတွေက မအိပ်ချင်သေး။ ကြောင်နေသည်။

'လရောင်ရိပ်က ကိုယ့်ကို မယုံဘူးထင်တယ်၊ ကိုယ်





လူရမ်းကားတစ်ယောက် မဟုတ်ပါဘူးကွာ၊ မင်းကို ကူညီမယ့်သူပါ'

လရောင်ရိပ် ဆံပင်ရှည်ရှည်ကြီးတွေ အဖြတ်ခံလိုက်ရတာပဲ ကျွန်က မဆီမဆိုင် နှမြောနေပြီး စိတ်ထိခိုက်ကြေကွဲနေရသည်။ အဝတ်အစား အစုတ်အနုတ်လေးနှင့် နွမ်းဖတ်နေ၏။ လရောင်ရိပ်ကို ပိုင်ဆိုင်ချင်တယ်။ မင်းဘဝအတွက် ကိုယ် လုပ်ပေးချင်တယ်။ ခြယ်မှုန်းထင်ကို မင်းဘဝရှေ့ရေး ဖြောင့်ဖြူးလှပစေဖို့ ကိုယ် စေ့စပ်ရတော့မယ်။ သူ့မျက်ဝန်းတွေထဲမှာ လရောင်ရိပ်ရဲ့မျက်နှာလေးက စွဲထင်နေသည်။

'ကျွန်မကို မသနားပါနဲ့၊ ကျွန်မဘဝကို ကျွန်မ ရင်ဆိုင်ဖြတ်သန်းနေတာပါ'

မာနမျက်ဝန်း သင်းသင်းလေးတွေနှင့် ခပ်ပြတ်ပြတ်ပြောသည်။ ကောင်းပါတယ် လရောင်ရိပ်ရယ်။ မင်းဟာ တန်ဖိုးရှိတဲ့မိန်းကလေးပါ။ ကျွန် ညဥ့်နက်မှ အိပ်ပျော်သွား၏။ ထူးထူးဆန်းဆန်း မာမီက စားသောက်ခန်းမှာ သားအမိနှစ်ယောက် လက်ဆုံစားကြမယ်တဲ့။ သူ ရေချိုး အဝတ်အစားလဲပြီး အောက်ထပ်သို့ဆင်းလာခဲ့သည်။

'သားရေ··· လာကွယ်၊ မာမီ ပြောစရာရှိလို့ပါ'

ထမင်းစားပွဲမှာ ကျွန် ဝင်ထိုင်သည်။ လရောင်ရိပ်က ပန်းကန်တွေဆေးနေ၏။ ကျွန်မြင်တွေ့ရတိုင်း စိတ်ထိခိုက်ကြေကွဲရသည်။

'သားကို မာမီ တစ်ခုလောက်အကူအညီတောင်းချင်

www.burmeseclassic.com



မယ်၊ လရောင်ရိပ်က အနုပညာတက္ကသိုလ် တက်ချင်တယ်လို့ ပြောနေတယ်'

'ဟုတ်လား၊ ဘာဝါသနာပါတာလဲ'

'ပန်းချီတဲ့'

'ဪ…'

ကျွန် စိတ်ဝင်စားမှုမရှိသလိုနှင့် မနက်စာကို ဆက်စားနေသည်။ ပန်းချီတဲ့။ ထူးထူးခြားခြားပါလား။ မာမီက လိုလိုလားလား ယုံကြည်စွာ သူ့လက်ထဲအပ်နေ၏။ ကျောင်းကိစ္စတွေ လုပ်ပေးပါတဲ့။ ကူညီလိုက်ပါ သားရယ်တဲ့။ သူ ခေါင်းပဲညိတ်ပြမိသည်။

'မဆည်းဆာကတော့ စာပေးစာယူလောက်နဲ့ပဲ ဘွဲ့လေးရပြီး ကုမ္ပဏီတွေမှာ ဝင်လုပ်စေချင်တယ်၊ ဒါပေမဲ့ မာမီက လရောင်ရိပ် ဘယ်တက္ကသိုလ်တက်ချင်လဲဆိုတော့ ပန်းချီသင်တန်းတဲ့'

'ကောင်းပါတယ်လေ၊ သူ့ဆန္ဒပဲပေါ့၊ ကျွန် ကူညီပါ့မယ် မာမီ'

'လရောင်ရိပ်'

'ရှင်…'

'လာထိုင်ပါဦး'

'ဟုတ်ကဲ့'

မာမီကြီးက သူ့သားလက်ထဲ-အပ်နေသဖြင့် အရိပ် စိတ်ညစ်နေသည်။ ရှောင်လို့လည်း မရတော့။ မာမီကြီးက လိုလိုလား





လားပဲ အရိပ်ကို ကူညီနေ၏။ သူ့ကို မကြည့်။ ထမင်းစားပွဲမှာ ဝင်ထိုင်သည်။

'သားကျွန်ကို မင်းအစ်ကိုလို သဘောထားပါ၊ မင်း ကျောင်းကိစ္စအတွက် ကျွန် ကူညီပေးမယ်၊ လိုအပ်တဲ့စာရွက်စာတမ်းတွေ ယူသွား၊ မနက်ဖြန်သွား'

'ဟုတ်ကဲ့'

'မင်း ပန်းချီရော နည်းနည်းပါးပါးဆွဲတတ်ရဲ့လား လရောင်ရိပ်'

'ဟုတ်ကဲ့… ငယ်ငယ်လေးကတည်းက ဝါသနာပါလို့ အိမ်ဘေးကဆရာ သင်ပေးပါတယ်'

'မင်း ဝါသနာပါရင်လည်း ကြိုးစားပါ၊ ကူညီမယ်'

'ဟုတ်ကဲ့'

မာမီကြီးရှေ့မှာတော့ ကိုကျွန်က မသိသလိုလို။ တစ်ခါတလေမှ မပတ်သက်ဖူးသလို။ ဟန်ဆောင်တော့ ကောင်းသည်။ မတတ်နိုင်ဘူးလေ။ အရိပ်ကိုတော့ လာထိမယ်မကြံနဲ့။ မာမီကြီးက ယုံကြည်စွာအပ်နေ၏။ အစ်ကိုလို သဘောထားတဲ့။ ကျောင်းကိစ္စတွေကိုတော့ ကိုကျွန်ပဲ လုပ်ပေးနိုင်သည်။

'အစစအရာရာ ကူညီပေးလိုက်ပါ သားရယ်၊ မာမီက ပညာဒါနပါ'

'ဟုတ်ကဲ့ မာမီ'

'သား ဒီနေ့ မုန့်လေးနဲ့တွေ့မလား'

'ဟုတ်ကဲ့… အခုပဲသွားမှာ မာမီ'



www.burmeseclassic.com

www.burmeseclassic.com



'အေး… အေး…'

လရောင်ရိပ်ရှေ့မှာ ခြယ်မှုန်းထင်အကြောင်း ပြောလိုက်၍ ဗျာန် နည်းနည်းတော့ မျက်နှာပူထူသွားသည်။ သူ့ကို လူရှုပ် လူပွေထင်မှာလည်း စိုးရိမ်မိနေ၏။ သူ ထလိုက်သည်။

'ဒါဆို သားသွားပြီနော်'

သူ ထွက်သွားမှ လရောင်ရိပ်အသက်ရှူဝသွားသလို ဖြစ်ရသည်။

'လရောင်ရိပ်'

'ရှင်… မာမီကြီး'

'သမီးကို မာမီကြီး အစစအရာရာ ဖြည့်ဆွမ်းပေးမယ်၊ လိုအပ်တာတွေလေ၊ ညည်းလေး ကြိုးစားစေချင်တယ်'

'စိတ်ချပါ မာမီကြီး'

'သားချာန်က ခြယ်မှုန်းထင်ဆိုတဲ့ မိန်းကလေးနဲ့ စေ့စပ်တော့မယ်၊ မြင်မြင်ချင်းပဲ နှစ်သက်သဘောကျပြီး စေ့စပ်ခိုင်းတယ်'

ရှင် ဘယ်လိုလူလဲ။ ခြယ်မှုန်းထင်ဆိုတဲ့ အမျိုးသမီးကို လက်ထပ်ဖို့ ရည်ရွယ်ထားလျက်နဲ့ ကျွန်မကို အရောတဝင်လာလုပ်နေတယ်။ ရှုံတယ်။ မာမီကြီးသားဖြစ်နေ၍ ရိုသေလေးစားဟန် ပြုနေရသည်။

'မနက်ဖြန်တော့ အပြင်ထွက်ရမယ်၊ ကျောင်းကိစ္စရော လိုအပ်တဲ့အသုံးအဆောင်တွေ ဝယ်ရမယ်၊ ညည်းလေးအစ်ကို စီစဉ်ပေးလိမ့်မယ်၊ သိလား'





'ဟုတ်ကဲ့'

'ဒေါ်မမ'

'ရှင်… ပြောပါ မာမီကြီး'

'လရောင်ရိပ်ကို ကျွန်မက သမီးအဖြစ်မွေးစားမယ်၊ အကြမ်းပတမ်းအလုပ်တွေ မခိုင်းပါနဲ့တော့'

'ဟုတ်ကဲ့ပါ… မာမီကြီး'

'မာမီကြီး'

'ပြောလေ လရောင်ရိပ်'

'အရိပ်လေ အိမ်မှုကိစ္စတွေ လုပ်ပါရစေ၊ ဒေါ်လေးမကို ကူညီချင်တာပါ၊ မပင်ပန်းပါဘူး'

'စာပဲကြိုးစားပါ အရိပ်၊ အင်းလေ… အားတဲ့အချိန်တော့ ကူညီပေါ့၊ အဝတ်အစားတွေကို လက်နဲ့မလျှော်နဲ့တော့'

'ဟုတ်ကဲ့'

မာမီကြီး ထွက်သွားတော့ ဒေါ်လေးမက အရိပ်အား ပွေ့ဖက်ထားသည်။ ညည်းလေးအတွက် ဝမ်းသာတယ်တဲ့။ ဘဝအတွက် ကြိုးစားစမ်းပါအေတဲ့။ ဒေါ်လေးမကို အရိပ် ပြန်၍ဖက်ထားလိုက်မိ၏။ အမေအမှတ်နှင့်ပါ။ အရိပ်ကို ကောင်းစားစေချင်တဲ့သူ ဖြစ်နေသည်။

'တွေ့လား အရိပ်၊ ညည်းလေးက လူကြီးမိဘတွေရှိသေးတယ်၊ ပြောစကားနားထောင်လို့ မာမီကြီးက ချိုချိုသာသာတာလေ၊ ကြိုးစားနော်'



www.burmeseclassic.com

www.burmeseclassic.com



'မာမီကြီးက တကယ့်ကို ပြောင်းလဲသွားတယ်၊ အရိပ် ထံပါဝဲလေ'

'မာမီကြီးသား ဧစပ်တော့မယ်တဲ့၊ မိန်းကလေးက အရမ်းချမ်းသာပြီး အဘက်ဘက်ကပြည့်စုံတယ်တဲ့၊ ပညာရော ရုပ်ရောပဲ'

'အရိပ် ပန်းကန်တွေသုတ်ဖို့ ကျန်သေးတယ်၊ သွားလုပ်လိုက်မယ်နော်'

ကိုဈာန့်အကြောင်းတွေကို အရိပ် မကြားချင်ပေ။ ဆက်ပြောမနေပါနဲ့တော့ ဒေါ်လေးမရယ်။ ဒီလူက ဟန်ဆောင်နေတာပါ။ ချမ်းသာတဲ့ မိန်းကလေးကိုပဲ လက်ထပ်ယူမယ်လေ။ အရိပ်ကိုတော့ ထိကပါးရိကပါးနဲ့။ အကြီးဆည်းဆာရဲ့ယောက်ျားလိုပဲလေ။ အရိပ်မုန်းတယ်။ မပတ်သက်ချင်ဘူး။ မာမီကြီးမျက်နှာကြောင့်ပါ။ အရိပ်ဘဝမှာလည်း အားကိုးတွယ်တာရာ မရှိလို့ ငြိမ်နေရသည်။

'ကိုဈာန်က ရိုးသားတယ်၊ တည်ကြည်တယ်၊ အမေ့စကားကိုလည်း အရမ်းနားထောင်တယ်၊ ညည်းလေး မကြောက်နဲ့၊ အကူအညီတောင်းစရာရှိရင် တောင်းနော် အရိပ်'

'ဟုတ်ကဲ့'

'ကျောင်းအတွက် လိုအပ်တာတွေ ဝယ်နော်၊ အခွင့်အရေးက နှစ်ခါမရနိုင်ဘူး'

'ဟုတ်ကဲ့'





မာမီကြီးက သူ့သားမှာ လက်ထပ်မည့်မိန်းကလေး ရှိလာပြီဖြစ်၍ လရောင်ရိပ်နှင့် စိတ်မပူတော့ဘဲ စိတ်ချလက်ချဖြစ်သွားသည်။ ကောင်းပါတယ်။ လရောင်ရိပ်လေးအတွက် ကံကောင်းတာပဲပေါ့။ သနားစရာကောင်းတဲ့ ကလေး၊ လိမ္မာလွန်းတယ်။ ဒေါ်မမ စိတ်ချမ်းသာနေသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## (၆)

မာမီကြီးသားနှင့် သွားရတာ အရိပ် စိတ်မဖြောင့်ပေ။ သူမကိုများ တစ်နေရာရာကိုခေါ်ဆောင်သွားမလားဟုပင်။ ကိုစျာန်က လူက ချောမောခံ့ညားသလောက် စိတ်ဓာတ်ညံ့ဖျင်းတယ်။ အရိပ်အား ထိကပါးရိကပါးလုပ်နေတာ မာမီကြီးရော ဒေါ်လေးမပါ မသိကြ။ ကိုစျာန်က တည်တယ်တဲ့။ ရိုးသားဖြောင့်မတ်တယ်တဲ့။ သူမအကြောင်းသိ။ အရိပ် ကားနောက်ခန်းမှာ ငြိမ်ကုတ်ကုတ်လေး ထိုင်နေသည်။

'လရောင်ရိပ်'

'ရှင်...'

'မင်း ပန်းချီကားတွေအကြောင်း ဘယ်လောက်သိလဲ

'ရှင်...'

'ပန်းချီကားတွေအကြောင်းလေ၊ လီယိုနာဒိုဒါဗင်ချီရဲ့ မိုနာလီဇာပန်းချီကားကိုရော မင်း မြင်ဖူးလား'

'ဟင့်အင်း'





မြင်ဖူးသားပဲ။ ထိုပန်းချီကားထဲက မိန်းမတစ်ယောက်ရဲ့ အပြုံးကို အရိပ် နှစ်သက်ခဲ့သည်။ ရိုးသားဖြူစင်စွာ ကျက်သရေရှိလွန်းတဲ့ မိန်းမပဲ။ သူ့ကို ရှည်ရှည်ဝေးဝေး ပြောပြမနေချင်လို့ မသိဘူးလို့ ပြောလိုက်တာပါ။ စကားမရှိ စကားရှာပြီး ပြောနေတာဟု အရိပ် ထင်မိသည်။ ပြီးတော့လည်း အရိပ်ကို ကြင်နာသယောင်၊ ဖေးမကူညီနေသယောင် လုပ်နေတာကို မနှစ်သက်မိ။ မာမီကြီးကြောင့်ပါ။ မာမီကြီးသားဆိုပေမယ့် စိတ်ဓာတ်က တခြားစီပဲ။ ကြိတ်ပုန်းခုတ်နေတဲ့ လူကြီး၊ အိမ်ဖော်ကောင်မလေး ဘယ်နှယောက်ကိုများ ခြေတော်တင်ထားပြီးပြီလဲ။ လရောင်ရိပ်ကိုတော့ ရမယ်မထင်နဲ့နော်။ အသက်ပဲ အသေခံသွားမယ်။

'ကျောင်းကိစ္စတွေပြီးရင် မင်းကို ပန်းချီပြခန်းတစ်ခုကို ခေါ်သွားမယ်၊ ကိုယ့်မှာ သူငယ်ချင်းပန်းချီဆရာတွေလည်း ရှိတယ်'

'ဟင့်အင်း... ကျွန်မ ဘယ်မှမလိုက်ချင်ဘူး'

'ဟင်... ဘာဖြစ်လို့လဲ'

'အပိုအလုပ်တွေ မလုပ်ချင်တာပါ'

'အပိုအလုပ်တွေ... ဟုတ်လား၊ မင်းပဲ ပန်းချီဝါသနာပါတယ်ဆို'

'ကျွန်မ ပန်းချီကျောင်းတက်တော့မှာပဲ၊ ရပါပြီ'

'မင်း ကိုယ့်ကို မဝံ့မရဲနဲ့၊ ကြောက်နေတာလား အရိပ်'

'ရှင်...'

'မင်း ကိုယ့်ကိုမယုံတာ ကြောက်နေသလိုပဲ'

www.burmeseclassic.com



ရျာန့်အတွက် လရောင်ရိပ်နှင့် နှစ်ယောက်တည်းတွေ့ဆုံသွားလာဖို့ဆိုတာ အခွင့်အရေးသိပ်မရနိုင်။ လရောင်ရိပ်နှင့် သွားလာလည်ပတ်ပြီး ရင်းနှီးမှုရယူချင်နေသည်။ လရောင်ရိပ်က မငုံ့မရဲ။ သူ့ကို ကြောက်နေတာများလား။ လူ့ကို မပြောချင်သလိုပြောချင်သလိုလိုနှင့်။ ရျာန့်မှာတော့ လရောင်ရိပ် အခွင့်အရေးအပြည့်အဝရဖို့ ဖန်တီးပေးနေရသည်။

'မင်း ဗိုက်ဆာလား'

'ဟင့်အင်း...'

ဘယ်အချိန်ရှိသေးလို့လဲ။ အရိပ်ကတော့ ကျောင်းကိစ္စမြန်မြန်ပြီးရင် ပြန်ချင်သည်။ ကိုရျာန်နှင့် မသွားလာချင်ပေ။ စိတ်ညစ်တယ်။ သူက ကားကို စားသောက်ဆိုင်တစ်ဆိုင်ရှေ့မှာ ရပ်သည်။

'ကိုယ် ဆာနေတယ်၊ မနက်စာတောင် မစားခဲ့ရဘူး၊ အရိပ်လည်း မစားရသေးဘူး မဟုတ်လား'

'စားပြီးပါပြီ'

'မာမီက မင်းတို့မောင်နှမ လမ်းမှာဝင်စားတဲ့၊ မင်းညီမလေးအရိပ် သွားရဲလာရဲ စားရဲအောင်တဲ့'

'အရိပ် မစားဘူး၊ ဆာလည်း မဆာဘူး၊ မုန့်စားခဲ့ပါတယ်'

'လာကွာ... ကိုယ်ကျွေးချင်လို့ပါ၊ မင်း ဘာမှကြောက်ရွံ့ထိတ်လန့်မနေပါနဲ့ အရိပ်၊ မာမီက မင်းကို သတ္တိရှိစေချင်တယ်'





ကိုရျာန် အတင်းခေါ်နေသဖြင့် အရိပ် မလိုက်ချင်ဘဲလိုက်ခဲ့ရသည်။ သူတော့ မနက်စာမစားရသေးဘူး။ မာမီကြီးကအတွေ့အကြုံရှိအောင် လမ်းမှာဝင်စားဟု ပြောလိုက်သည်။ မာမီကြီးက သူ့သားအကြောင်း မသိတာလား တော်တော်လေးယုံကြည်နေပုံပင်။ သူမ ဆင်းလိုက်လာရ၏။ ပတ်ဝန်းကျင်မှ အကြည့်တွေသူမတို့နှစ်ယောက်ဆီ စုပြုံရောက်ရှိနေသည်။ ရှက်လိုက်တာ။ အတွဲလို့ထင်ရင် ဒုက္ခပဲ။ ကိုရျာန်က ရှေ့မှဝင်သည်။

'ထိုင်လေ လရောင်ရိပ်၊ ဘာစားမလဲ'

'ကိုရျာန်ပဲ မှာပါ'

'ရှမ်းခေါက်ဆွဲ စားမလား'

'ရှင်...'

'မင်း ဒေါ်လေးမကို ပြောနေတာ ကိုယ်ကြားတယ်၊ ဒါကြောင့် မှာတာလေ၊ ကိုယ်လည်းကြိုက်တယ်'

အမလေး... ဘယ်တုန်းကများ ခိုးနားထောင်လိုက်တာလဲ။ အရိပ်တောင် မမှတ်မိတော့ဘူး။ ဟုတ်တယ်။ အရိပ်ကထူးထူးခြားခြား ရှမ်းအစားအစာတွေကို ကြိုက်တယ်။ သူမစားချင်စိတ်တွေ ဖြစ်လာသည်။

'ကိုယ် ဒီဆိုင်ဝင်တာက မင်းကြိုက်တဲ့ ရှမ်းအစားအစာတွေ ကောင်းလို့လေ'

'ဟုတ်ကဲ့'

တိုဟူးကြော်တွေလည်း မှာနေသည်။ အရိပ် စားဖို့အတွက် တယုတယပြင်ဆင်ပေးနေတာကြည့်ပြီး စိတ်ထဲမှာ ရွှန်း



www.burmeseclassic.com

www.burmeseclassic.com



လာ၏။ ရှင့်မှာ စေ့စပ်တော့မယ့်မိန်းကလေး ရှိနေတာပဲ။ ဘာဖြစ်လို့ တခြားမိန်းကလေးတစ်ယောက်ကို ဖြားယောင်းစည်းရုံး သိမ်းသွင်းနေသလဲ။

'လရောင်ရိပ်'

'ရှင်...'

'မင်း ကြိုးစားပါ၊ ကိုယ် ကူညီချင်တယ်၊ မင်းလို ကိုယ့်ဘဝကိုယ် ရိုးသားဖြောင့်မတ်စွာ ဖြတ်သန်းနေတဲ့ ကောင်မလေးတစ်ယောက်၊ ဘဝတိုးတက်အောင်မြင်စေချင်တယ်'

ရှင် ဘာတွေပဲပြောပြော ကျွန်မ အထင်ကြီးမယ်ထင်လား။ ရှင့်အကူအညီကို မလိုချင်ပါဘူး။ မာမီ ထောက်ပံ့ရင်ပြီးတာပဲ။ အရိပ်မျက်နှာလေးက တည်နေသည်။ ကိုရှာန်နဲ့ အရောတဝင်မနေချင်ပါဘူး။ အရိပ် သတိထားရမယ်။ မာမီကြီးက သူ့ကို ယုံနေတာ လူမသိ သူမသိ အရိပ်ကို ဖြားယောင်းနေတဲ့လူ။ သူမ စားဖူးသမျှ ရှမ်းခေါက်ဆွဲတွေထဲမှာ ဒီတစ်ခါစားရတာ အကောင်းဆုံးပင်။

မေမေက အရိပ်စားချင်တာ ကြိုက်နှစ်သက်တဲ့ အစားအစာတွေကို တယုတယကျွေးမွေးတတ်၏။ သူက မေမေ့လိုပဲ။ ဒါပေမဲ့ ရှင်က မရိုးသားဘူး။ ရှင့်မျက်လုံးအကြည့်တွေထဲမှာ ကျွန်မအပေါ် နှစ်သက်နေတဲ့ ရီဝေဝေအရိပ်တွေ လွှမ်းနေတယ်။ အဲဒါ မရိုးသားမှုပဲ။ သူမ တွေးနေရင်း စိတ်ထဲမှာ ဒေါသတွေထွက်ချင်နေ၏။ ရှမ်းခေါက်ဆွဲစားပြီး လိမ္မော်ရည်မှာသည်။





'လိုက်ဖက်တယ် လရောင်ရိပ်၊ မင်း လိမ္မော်ရည်လည်း ကြိုက်တယ်မဟုတ်လား'

အရိပ် ကြိုက်နှစ်သက်တာတွေ သူက အကုန်သိနေသည်။ လေ့လာထားတာလား။ အရိပ် အထင်ကြီးလာအောင် ပြောနေတာပဲဖြစ်မည်။ အရိပ် မသောက်ဘူးဆိုတာ အတင်းတိုက်နေ၏။ မြန်မြန်ပြီးသွားအောင် ယူသောက်လိုက်သည်။

'သွားတော့မယ် ကိုရှာန်၊ ဒီလို အချိန်တွေဖြုန်းနေတာ ကျွန်မစိတ်အိုက်တယ်'

'လရောင်ရိပ်ရယ်၊ ဒါက လုပ်သင့်လို့ လုပ်တာပဲ၊ အချိန်တွေဖြုန်းတာမှ မဟုတ်တာ၊ မင်းအတွက် အတွေ့အကြုံအသစ်ကွ'

သူမ ထလိုက်သည်။ သူလည်း ငွေရှင်းပြီး နောက်မှ လိုက်လာ၏။ ကျောင်းကိုရောက်တော့ ကျောင်းကိစ္စတွေ သူပဲ လုပ်ပေးသည်။

'မေမေ အရိပ်လေ ကိုယ်ဝါသနာပါတဲ့အလုပ်ကို လုပ်ရတော့မယ်၊ အနုပညာတက္ကသိုလ်ကို တက်ရတော့မယ်၊ အိမ်အကူမျိုးရိုးကို ဖြတ်ပစ်မှာပါ၊ အရိပ် ကြိုးစားမယ်၊ အောင်မြင်စေရမယ်'

မေမေ့ကို သတိရနေသည်။ အရိပ်ကို အိမ်အကူဖြစ်မှာ အရမ်းစိုးရိမ်ခဲ့၏။ ဒါပေမဲ့ အခြေအနေအရ ဘဝဖန်တီးပေးခဲ့တာပဲ။ သူတော်ကောင်းတွေအိမ် ရောက်ရပါတယ်။ အထစ်အငေါ့ ရှိချင်တော့ မာမီကြီးသားက မရိုးမသားကြံစည်ချင်နေသည်။

'အရိပ်'

www.burmeseclassic.com

www.burmeseclassic.com



'ရှင်…'

'ကျောင်းကိစ္စတွေတော့ ပြီးပြီ၊ ရေ့တစ်ပတ်မှာ စတက်ရမယ်၊ ရော့… ဒီမှာ စလစ်တွေ မင်းသိမ်းထား'

'ဟုတ်ကဲ့'

'သွားမယ်'

အရိပ်ကတော့ သူ ဘာပဲလုပ်လုပ် အမြင်စောင်းနေပြီး ကျေးဇူးလည်း မတင်။ သူမနှင့် အရောတဝင်လုပ်နေတာကပဲ မရိုးသားမှုဟု ထင်နေသည်။ အစားအသောက်ကအစ အရာရာ ဂရုစိုက်လွန်းနေ၏။ ဒါမျိုးတွေ လုပ်နေကျထင်တယ်။ ကားပေါ် တက်ပြီး သူက အိမ်ကိုမပြန်သေးသဖြင့် သူမ အထိတ်တလန့် ဖြစ်ရသည်။

'ကားက ဘယ်ကိုမောင်းမလို့လဲ၊ ကိုရျာန် ပြန်မယ်လေ

'မပြန်သေးဘူးလေ၊ ကိုနဲ့ အရိပ် လိုအပ်တဲ့ပစ္စည်းတွေ သွားဝယ်ရဦးမယ် အရိပ်၊ နောက်တစ်ခေါက် ထပ်ထွက်ဖို့မလွယ်ဘူး'

'သိပ်လည်း မလိုပါဘူး'

'မင်း တော်တော်စကားများတဲ့ ကောင်မလေးပဲ၊ ဘာဖြစ်လို့ ဒီလောက်ငြင်းနေရတာလဲ'

'အရိပ်အတွက် မလိုအပ်ဘဲ အခွင့်အရေးတွေကို အလွန်အမင်းသုံးနေရင် မာမီကြီး မနှစ်သက်မှာ ကြောက်ပါတယ်၊ ကိုရျာန် ပြန်မယ်'

'မာမီကြီးကိုယ်တိုင်က မင်းကို လိုအပ်တဲ့ပစ္စည်းတွေ





အဝတ်အစားတွေ ဝယ်ပေးဖို့မှာလိုက်တယ်၊ မင်း ဘာကိုကြောက်နေရတာလဲကွာ'

'ကျွန်မ ပြန်ချင်တယ်'

လရောင်ရိပ်က ရျာန့်ကို ကြောက်ရွံ့ထိတ်လန့်နေပါ၏။ သူ့ဘက်ကလည်း အရမ်းစိတ်တွေညစ်နေပြီလားပဲ။ ကားနောက်ကြည့်မှန်ထဲကနေ လရောင်ရိပ်ရဲ့ မျက်နှာချောချောလေးက အလိုမကျဟန် သုန်မှုန်မှုန်လေးကို တွေ့နေရသည်။

'မင်း ဘာကိုကြောက်နေတာလဲကွာ၊ မကြောက်ပါနဲ့၊ သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ်နဲ့ ရဲရဲတင်းတင်း နေစမ်းပါ၊ ကိုယ်က အရိပ်ကို သတ္တိရှိစေချင်တယ်'

'ကျွန်မ ဘာကိုမှ မကြောက်ပါဘူး၊ ကျွန်မအတွက် အောင်မြင်အောင်ကြိုးစားမှာပါ၊ အခွင့်အရေးကိုလည်း လိုအပ်သလောက်ပဲ လိုချင်ပါတယ်'

အရိပ်ကို တစ်ခါတည်း ကားပေါ်တင်ပြီး အဝေးကိုပင် ခေါ်သွားချင်သည်။ မင်းကိုချစ်တယ် အရိပ်။ ကိုယ် ဘယ်လိုဖွင့်ပြောရမလဲ။ ကိုယ် မင်းတို့လို အိမ်အကူကောင်မလေးတွေ မပြောနဲ့။ ကိုယ့်အတန်းဖော်ကောင်မလေးတွေတောင် ပတ်ပတ်သက်သက်မနေဖူးခဲ့ဘူး။ မင်းကိုတွေ့မှ ကိုယ့်နှလုံးသားထဲက အချစ်တွေ နိုးထလာတာပါ လရောင်ရိပ်ရယ်။ သူ ကားကို ကုန်တိုက်တစ်ခုထဲဝင်ပြီး လိုအပ်တာတွေ ရွေးချယ်ဝယ်ပေး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'တော်ပါပြီ… ကိုချာန်၊ အများကြီးပဲ၊ အဲဒီလောက်မှ ခုလိုအပ်တာ၊ များနေပြီ'

'မာမီ့အမိန့်ပါ၊ မင်းကို သမီးအဖြစ် မွေးစားတော့မယ်တဲ့၊ ကိုယ်ကလည်း လက်ထပ်ပြီး မာမီ့အနားကနေ ထွက်သွားမှာ'

လရောင်ရိပ် စိတ်တွေ လုံခြုံသွားစေရန် ချာန် လက်ထပ်တော့မယ့်အကြောင်းပါ ပြောလိုက်ရသည်။ မာမီကလည်း သူ့အကြံနဲ့ သူပဲ။ ချာန်က သွားတော့မှာဆိုမှ အရိပ်ကို သမီးတစ်ယောက်ကဲ့သို့ အားကိုးချင်နေ၏။ ချာန်ကတော့ ခြယ်မှုန်းထင်နှင့် လက်ထပ်ဖို့ စိတ်ကူးထဲမှာပင် မရှိပေ။ မာမီ့ကို အယုံသွင်းတာပါ။ မင်း ပျော်ရွှင်လွတ်လပ်ဖို့ပါကွာ။ ကိုယ်ချစ်မြတ်နိုးရတဲ့ လရောင်ရိပ်အတွက်ပါ သူပန်းချီခန်းမလည်း ခေါ်သွားသည်။

'မင်း လေ့လာရအောင် လရောင်ရိပ် နောက်ပိုင်း သွားခွင့်ရချင်မှ ရမှာလေ'

ပန်းချီပြခန်းထဲရောက်တော့ အရိပ် ကြည်လင်တက်ကြွသွားသည်။ စောစောက စိတ်ညစ်ညူးမှုတွေ မရှိတော့။ အရိပ် အလွန်အမင်းလေ့လာချင်နေသော အရာဝတ္ထုပစ္စည်းတွေ နိုင်ငံကျော် ပန်းချီဆရာကြီးတွေရဲ့ လက်ရာတွေ အရိပ်အသိကင်းမဲ့စွာ ငေးမောသွားသည်။

'မင်း အရမ်းပျော်သွားပြီမဟုတ်လား လရောင်ရိပ်'

'ဟုတ်ကဲ့'

မင်းကို ဒီထက်ခမ်းနားတဲ့ ပန်းချီပြခန်းကြီးတွေ လိုက်ပြချင်တယ်ကွာ။ လရောင်ရိပ်ရဲ့ မျက်ဝန်းလေးတွေထဲမှာ အင်အား





တွေ၊ ရွှန်းလဲ့တောက်ပမှုတွေ ပြည့်လျှံနေသည်။ ချာန် ကျေနပ်သွား၏။ လရောင်ရိပ်ရဲ့ ပျော်ရွှင်ကြည်နူး ပီတိတွေလွှမ်းနေတဲ့ မျက်နှာလေးကို သူ တိတ်တိတ်ငေးမောကြည့်ဖြစ်နေသည်။

'လရောင်ရိပ်'

'ရှင်…'

'မင်း ပန်းချီသိန်းရွှေကြည်ကို ကြားဖူးလား'

'ကြားဖူးပါတယ်၊ အရိပ် အရမ်းလေးစားပါတယ်၊ ဆရာ့ပုံတွေ ဝတ္ထုမျက်နှာဖုံးတွေမှာ တွေ့မြင်ကတည်းက အရိပ် ကြိုက်တယ်'

'ကိုယ်နဲ့ ခင်တယ်'

'ဟုတ်လား'

'မင်းကို သူ့ဆီခေါ်သွားပြီး မိတ်ဆက်ပေးမယ်'

'နေပါစေ၊ ရပါတယ် ကိုချာန်၊ အရိပ်လည်း တက္ကသိုလ်တက်ရတော့မှာပဲ၊ ရပါပြီ'

သူမ ပျာပျာသလဲ ငြင်းပစ်မိသည်။ အကြောင်းပြပြီး အရိပ်အား ဟိုခေါ်ဒီခေါ်လုပ်မှာ ကြောက်သည်။ သူ အကြောင်းရှာနေတာပါ။ အရိပ်လိုက်လို့ မဖြစ်ပါဘူး။ စိတ်ထဲမှာ ပန်းချီခန်းမကြီးထဲခေါ်လာ၍ ကျေးဇူးတင်မိသွားပေမယ့် မယုံရဘူး။ အရိပ်ကို မြူဆွယ်ဖြားယောင်းနေတာလည်း ဖြစ်နိုင်၏။ အရိပ် ပြန်ချင်တယ်။ ဒါမျိုးတွေ နောက်ထပ် အရိပ်ကိုယ်တိုင် လာရောက်ကြည့်ရှု လေ့လာနိုင်သေးတာပဲ။ သူ့အကြည့်တွေက အရိပ်မျက်နှာလေးဆီ စူးစိုက်ကြည့်နေတာ အရိပ် သိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းကိုကြည့်ရတာ ကိုယ့်ကို မယုံသလိုပဲ၊ မင်းကြောက်နေတာလား၊ ကိုယ်က ရုပ်တွေအရမ်းဆိုးပြီး ဘီလူးကြီးနဲ့တူနေသလား'

'အင်း…'

'ဘာပြောတယ်'

'ဟင့်အင်း… ဟို… ဟို… ယောင်သွားလို့ပါ၊ ဒီမှာလေ အရိပ်ကြည့်နေတာ ဘီလူးပါပဲ၊ ကြည့်ပါဦး၊ တကယ်တူတာနော်၊ ကြောက်စရာကြီး'

တော်ပါသေးရဲ့။ အရိပ်ကြည့်နေတာက ဘီလူးပုံကြီးဖြစ်နေလို့။ မာမီကြီးမျက်နှာနှင့် ပက်ပက်စက်စက်တော့ မပြောသင့်သေးဘူး။ အရိပ်အတွက် ဒီတိုက်ကြီးထဲမှာပဲ မှီခိုနေထိုင်ရသေးတာပါ။ ကိုရျာန့်နဲ့ မျက်နှာပျက်သွားပြီးမှ ပြန်ပြီး ပြုံးပြုံးရွှင်ရွှင်ဖြစ်လာသည်။

'မင်းဘဝအတွက် ကိုယ်က ထောက်ပံ့ကူညီပေးချင်တာပါ၊ မင်းဘဝကို ဖျက်ဆီးပစ်ချင်တာ မဟုတ်ပါဘူး၊ မင်း ယုံကြည်ပေးပါ၊ မင်းလိုအပ်တာတွေ ကိုယ့်ဆီမှာ တောင်းခံပါ၊ အားမနာပါနဲ့၊ မင်းရဲ့အစ်ကိုတစ်ယောက်လိုပဲဖြစ်ဖြစ်ပါ'

'ဟုတ်ကဲ့'

'ကိုယ် ဖြည့်စွမ်းပေးတာတွေလည်း လက်ခံပေးပါ လရောင်ရိပ်'

'ဟုတ်ကဲ့'

'ဘာ…'





'ရှင်…'

'မင်းကိုကြည့်ရတာ ကိုယ့်ကို မလွဲမရှောင်သာလို့ ပြောဆိုဆက်ဆံနေရသလိုပါပဲလား လရောင်ရိပ်ရယ်'

ကိုယ်ပြောတဲ့စကားလုံးတိုင်းကို၊ ကိုယ့်အပြုအမူတွေကို မင်းဆီက လိုလားနှစ်သက်မှုတွေ၊ ပျော်ရွှင်ကျေနပ်မှုတွေပဲ တုံ့ပြန်စေချင်တာပါ၊ ဒါပေမဲ့ လရောင်ရိပ် မျက်ဝန်းတွေက တည်တင်းလွန်းသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## (၇)

'သားချာန်ရေ··· သားကို မာမီစောင့်နေတာ၊ မှုန်းလေး ဆီက ဖုန်းလာတယ်၊ သူ့ဒယ်ဒီ ဒီညနေရောက်မယ်တဲ့၊ သွားကြို ရမယ်'

'ဟုတ်လား မာမီ၊ ဒီမှာလေ လမ်းကြုံတာနဲ့ လရောင်ရိပ် ကို ပန်းချီပြခန်းဝင်ပြတာ၊ မာမီက ဒီလောက်အရေးကြီးတဲ့ကိစ္စ ကို သားဖုန်းကို မဆက်ဘူး'

'အချိန်က လိုသေးလို့ပါ၊ လရောင်ရိပ်လေးအတွက်လည်း ပြီးပြတ်အောင် လုပ်ပေးစေချင်လို့ မဆက်တာ၊ လရောင်ရိပ်လေး အတွက် အားလုံးပြီးသွားပြီလား'

'ဟုတ်ကဲ့ မာမီကြီး'

'အေး··· အေး··· သွားတော့၊ ညည်းလေးလည်း ကြိုးစားနော်၊ ကိုယ့်ဘဝတိုးတက်ရေးပဲ စဉ်းစား၊ ကိုယ့်ဘဝကို နားလည်သိထားရင် ပြဿနာဆိုတာ မရှိပါဘူးကွယ်'

'စိတ်ချပါ မာမီကြီး၊ အရိပ်ကို စိတ်မပျက်စေရပါဘူး၊





အရိပ်ကြောင့်လည်း မာမီကြီး စိတ်သောကမရောက်စေရပါဘူး၊ ကတိပေးပါတယ်နော်'

'လိမ္မာလိုက်တာကွယ်၊ ဒါကြောင့်လည်း မာမီကြီးက စောင့်ရှောက်ထောက်ပံ့ပေးတာပါ'

'ကျေးဇူးတင်ပါတယ်'

မာမီ့ရှေ့မှာတော့ ချာန့်ပုံစံက လရောင်ရိပ်အား လုံးဝ ဂရုမစိုက်သလိုလို၊ တာဝန်ဝတ္တရားအရပဲ ဆက်ဆံရသည်။ အရေး ကြီးတာက လရောင်ရိပ်ကို ချာန်နှင့် စိတ်ချဖို့ပဲ။ မင်းဘဝအတွက် ခြယ်မှုန်းထင်ကို မဖြစ်မနေ လက်ထပ်ရမယ်ဆိုရင်လည်း ကိုယ် လက်ထပ်မယ်။ သူ တက်တက်ကြွကြွနှင့် ယောက္ခမလောင်းကြီး ကပဲ သူ့အတွက် အရေးတကြီးဖြစ်နေသယောင် ပြောဆိုလိုက်၍ မာမီ ကျေနပ်သွားသည်။

'အချိန်က လိုပါသေးတယ်ကွယ်၊ ချာန် အနားယူလိုက် ဦး၊ ပင်ပန်းနွမ်းနယ်နေတဲ့ပုံစံတော့ မဖြစ်ဘူး၊ ကိုမြတ်ထင်က အရမ်း style ကျပြီး စည်းစနစ်ကြီးတယ်'

'မာမီ'

'ပြော'

'အန်ကယ်ထင်က မာမီ့ရဲ့ ငယ်ချစ်ဦးလား'

'ဟဲ့··· ဘာတွေပြောနေတာလဲ သားရယ်၊ ကိုမြတ်ထင် က မင်းဒယ်ဒီနဲ့ရော ငယ်သူငယ်ချင်း ကျောင်းနေဖက်တွေပါ၊ တတွဲတွဲနဲ့ အရမ်းခင်ကြတာ၊ ပညာလည်း တော်တယ်၊ ထက်မြက် တိကျတယ်၊ စည်းစနစ်လည်း ရှိတယ်'



www.burmeseclassic.com

www.burmeseclassic.com



'တော်ပါတော့ မာမီရာ၊ ယောက္ခမလောင်းကြီးရဲ့ အရည်အချင်းတွေက ပြောလို့ကုန်မှာတောင် မဟုတ်တော့ဘူး၊ သွားပြီနော်'

မာမီနှင့် ခြယ်မှုန်းထင်ရဲ့အသိုင်းအဝိုင်းတွေ ကြီးကျယ်ခမ်းနား မြင့်မြတ်နေမှုတွေကို ဆက်မကြားချင်တော့၍ ထလာခဲ့သည်။ သူ့အိပ်ခန်းထဲရောက်မှ မာမီ ကျေနပ်အောင် ဟန်ဆောင်ပြောဆိုနေရတာတွေကို မွန်းကျပ်လွန်း၍ သက်ပြင်းမောကြီးကို မှုတ်ထုတ်ပစ်သည်။

'ဟူး...'

'လရောင်ရိပ်ရယ်၊ မင်းရဲ့မျိုးရိုးက အိမ်အကူမျိုးရိုးဆိုတဲ့ အရိပ်မည်းကြီးကို ကိုယ်က ဘယ်လိုချေဖျက်ပေးရမလဲ၊ တစ်ယောက်နဲ့တစ်ယောက် လက်ထပ်တာ အချစ်ပဲလိုမယ်ထင်တယ်၊ ဘဝတစ်လျှောက်လုံး အတူတူလက်တွဲဖြတ်သန်းရမှာလေ

ရှာန် အိပ်ရာပေါ်ပစ်လှဲမိသည်။ စိတ်တွေ ရှုပ်ထွေးနောက်ကျိနေ၏။ မှုန်းရဲ့ဖခင် ရောက်လာပြီဆိုတော့ အမြန်ဆုံးစေ့စပ်ဖို့ကိစ္စက သေချာသွားသည်။ လက်ထပ်ဖို့ကိစ္စတော့ စီးပွားရေးလုပ်ငန်းတွေကို အကြောင်းပြ၍ အချိန်ဆွဲထားရမည်ဖြစ်၏။ ကိုယ် တစ်နာရီ၊ တစ်စက္ကန့်လေးပဲဖြစ်ဖြစ် မျှော်လင့်နေချင်တယ်။ လရောင်ရိပ်ကလည်း သူ့ကို ကြောက်ရွံ့ရှောင်ဖယ်ချင်နေသည်။

'ချစ်တယ် လရောင်ရိပ်၊ မင်းကို ကိုယ်ချစ်တယ်၊ မင်းကို ကားပေါ်တင်ပြီး ကမ္ဘာကြီးရဲ့အပြင်ဘက်ကို မောင်းထွက်ပြေးချင်တယ်'





ယောက္ခမလောင်းကြီး ဦးမြတ်ထင်ကို ရင်ဆိုင်ရမှာ ရှာန်စိတ်ညစ်နေသည်။ စီးပွားရေးလည်း ရှာန်တစ်ယောက်တည်း တာဝန်ယူနိုင်ပေမယ့် မာမီက ခြယ်မှုန်းထင်ကို ဆွဲထည့်နေတော့ ရှာန့်စိတ်တွေ ကျဉ်းကျပ်နေရ၏။ လရောင်ရိပ်အတွက် ရှာန် မလွှဲမရှောင်သာတော့ဘဲ ခြယ်မှုန်းထင်ကို ပတ်သက်ဆက်ဆံရမည်ဖြစ်သည်။

'သားရှာန်ရေ... ပြင်ဆင်တော့နော်၊ မှုန်း ရောက်လာတော့မယ်တဲ့'

'သားတို့ပဲ မှုန်းကို သွားခေါ်လိုက်တာကောင်းမယ် မာမီ'

သူ မှေးခနဲအိပ်ပျော်သွားပြီး မာမီ့အသံကြားမှ လူးလဲထကာ မှုန်းကိုရောက်မလာစေချင်ပေ။ လရောင်ရိပ်ကြောင့်ပါ ခြယ်မှုန်းထင်နှင့် ရှာန့်ကို တွဲလျက်မမြင်တွေ့စေလိုခဲ့။ မာမီက မှုန်းလေးက လာချင်လို့တဲ့။ ရှာန်တို့အခြေအနေကို လေ့လာတာဖြစ်မယ်။ ခြယ်မှုန်းထင် ရောက်လာလျှင် အမြန်ပြန်ထွက်နိုင်ရန် ရှာန် ရေချိုးခန်းထဲ အပြေးအလွှားဝင်ခဲ့သည်။

'လရောင်ရိပ်ရေ... ကိုယ်နဲ့ မင်းကြားမှာ အနှောင့်အယှက် အဟန့်အတားတွေက များလိုက်တာကွာ၊ မိုးနဲ့မြေလိုပဲ ဝေးကွာလွန်းနေတယ်'

ရေသံတွေကြားမှာ သူ့ရင်ထဲက စကားတွေ ပွင့်ထွက်သွားသည်။ မနီးစပ်နိုင်တော့ဘူး။ သူလက်ထပ်ရမည့်မိန်းကလေးက ကြားထဲမှာ ပေါ်လာ၏။ လရောင်ရိပ်ဘဝကို မာမီ အထင်

www.burmeseclassic.com

www.burmeseclassic.com



သေးတာလည်း မာမီ့မှာ အပြစ်မရှိပါဘူးလေ။ ဒါပေမဲ့ လရောင်ရိပ်ကို ချာန် အရှုံးအမှုးစွဲလမ်းနှစ်သက်ချစ်နေသည်။

'အား… ကိုယ် ဘာဆက်လုပ်ရမလဲ လရောင်ရိပ်ရဲ့ မင်းကို စိတ်ဒုက္ခရောက်အောင်လုပ်မယ့်သူက ဘာဖြစ်လို့ ကိုယ်ဖြစ်နေရတာလဲ'

ရေသံတွေက တဝုန်းဝုန်းဆူညံအောင် ရေပန်းကို အစွမ်းကုန်ဖွင့်ထားပြီး ရေပန်းအောက်ဝင်ကာ အော်မိသည်။ လရောင်ရိပ်နှင့်နီးစပ်ဖို့ဆို လုံးဝမဖြစ်နိုင်တာ သူ့အသိဆုံးပင်။ လရောင်ရိပ်ကို အဝတ်အစားအစုတ်အနုတ်တွေနှင့်ထားတာ။ လှပရှည်လျားတဲ့ ဆံပင်တွေကို ဖြတ်ထားတာ။ မီးဖိုခန်းထဲမှာပဲ ထားနေတာ။ ချာန်နှင့်နီးစပ်မှုမရှိစေရန် ဖြစ်နေသည်။

'ကိုယ် တရားဝင်လက်မထပ်သေးသရွေ့ မျှော်လင့်ချက်တွေ ရှိနေပါတယ်ကွာ၊ ကိုယ့်မှာ မင်းကို ရယူပိုင်ဆိုင်ဖို့ အခွင့်အရေးတွေ ရှိနေသေးတယ်'

ချာန်တစ်ယောက်တည်း ပြောမိသည်။ ရေသံတွေကြားမှာ သူ့ရင်တွေ ပေါက်ကွဲနေရ၏။ ခြယ်မှုန်းထင် ရောက်လာတော့မယ်ဆိုတဲ့အတွေး ဝင်လာမှ ချာန် ရေပန်းကိုပိတ်ပြီး အပြင်ထွက်လာခဲ့သည်။ ယောက္ခမလောင်းကြီး အံထင်သေးအောင်ပဲ နေထိုင်ပြမှုလိုက်ရမလား။ မဖြစ်သေးပါဘူး။ လရောင်ရိပ်ကို ချာန် အရောဝင်ဆက်ဆံနိုင်မယ့်အခွင့်အရေး ပျောက်ဆုံးသွားနိုင်၏။ မာမီက ပြန်ဝင်လာပြီး အဝတ်အစားဝတ်တာကအစ ရွေးခွဲ့ဆွတ်တာကအဆုံး အထပ်ထပ်ကြည့်ရှုစစ်ဆေးနေသည်။





'အင်း… မာမီ့သားကတော့ တကယ့်ကို styleရှိတာပဲ၊ ခံ့ညားလိုက်တာ၊ ခြယ်မှုန်းထင်လို ဂုဏ်ဒြပ်တွေပြည့်စုံနေတဲ့ သတို့သမီးလောင်းလေးနဲ့မှ လိုက်ဖက်တင့်တယ်မယ်လေ'

မာမီရာ… လူလူချင်းပဲ။ လူ့လောကကြီးထဲ ခဏတဖြုတ်ရောက်လာကြတာ။ ဂုဏ်ဒြပ်တွေ ဘာလုပ်ရမှာလဲ။ အချစ်ပဲလိုတယ်။ ချာန့်နှလုံးသားထဲကနေ စူးနင့်နေအောင် ချစ်မြတ်နိုးရတဲ့ လရောင်ရိပ်နဲ့ပဲ ဘဝခရီးကို အတူတူဖြတ်သန်းချင်ပါတယ်။ သူ့ရင်ထဲမှာ မာမီ့ကို ပြောချင်တဲ့စကားတွေ စုပြုံနေသည်။ ထိုစကားတွေက ပြောလို့မဖြစ်ပါဘူး။ မာမီ လက်ခံမှာလည်း မဟုတ်။ ရင်ထဲမှာပဲ မျိုသိပ်ထားသည်။

'ခြယ်မှုန်းထင်က တစ်ဦးတည်းသောသမီးလေ၊ သားကလည်း တစ်ဦးတည်းသော သားပဲ၊ ဘယ်လောက်လိုက်ဖက်တင့်တယ်နေလဲ၊ ရွှေနဲ့မြ နေနဲ့လဆိုတာ သားချာန်တို့အတွဲကိုပြောတာပဲဖြစ်မယ်၊ ဟင်း… ဟင်း… ဟင်း… ဟင်း…'

မာမီက ရယ်မောပျော်ရွှင် ပီတိတွေဖြစ်နေသလောက် ဟန်ဆောင်နေတဲ့ ချာန်ကတော့ ပြုံးပြဖို့ပင် ဝန်လေးနေသည်။ မာမီ့ဆန္ဒအတိုင်း အလိုက်အထိုက်နေ ပြောဆိုမှုဖြစ်မည်။ မာမီနှင့်အတူတူလိုက်ရယ်နေရ၏။ မာမီ့သား ခန့်ရဲ့လား။ ယောက္ခမလောင်းကြီး သဘောကျပါ့မလားဟုလည်း မေးရသေးသည်။

'သားကတော့ မှုန်းကို လက်လွှတ်မခံနိုင်ဘူး မာမီ၊ ယောက္ခမလောင်းကြီး အမြင်မှာ အထင်ကြီးမှုဖြစ်မယ်၊ ဒါမှ သမက်တော်မှာလေ'



www.burmeseclassic.com

www.burmeseclassic.com



'အမလေး... မာမီ့သားကိုများကွယ်၊ ခြယ်မှုန်းထင်က တောင် အရမ်းကြိုက်သွားပြီး သူ့ဒယ်ဒီကို အမြန်ဆုံးခေါ်လိုက် တာပဲကြည့်လေ'

မာမီ မသိလို့နော်။ ဈာန် ဘယ်လောက်စိတ်ညစ်နေရလဲ။ ကိုယ်မချစ်မနှစ်သက်နိုင်တဲ့ မိန်းမတစ်ယောက်ကို ချစ်ပါတယ် လို့ ပြောနေရတာ စိတ်ဒုက္ခဘယ်လောက်ရောက်ရလဲ။ ပြီးတော့ လက်ထပ်ရမယ်၊ စေ့စပ်ရမယ်။ သေချင်တာပဲ။ မာမီကတော့ ပီတိတွေဝေဖြာနေသည်။

'သားရေ... မာမီ အောက်ကိုဆင်းနှင့်မယ်၊ မှုန်းလေး လာမှ သားကိုခေါ်လိုက်မယ်နော်၊ မင်း လှေကားပေါ်ကဆင်းလာ ရင် အိုက်တင်အပြည့်နဲ့ဆင်း၊ မှုန်း မျက်တောင်မခတ်တမ်း ငေး ကြည့်သွားအောင်လေ၊ နော်'

'ဟုတ်ကဲ့'

မာမီ ပြန်ထွက်သွားမှ သူ စိတ်သက်သာသွားရသည်။ ခုတင်ပေါ် စိတ်ပျက်လက်ပျက်နှင့် ထိုင်မိသွား၏။ လရောင်ရိပ် အတွက် သူ လုပ်သင့်တာပဲ။ လုပ်ကို လုပ်ရမယ်။ မာမီ့သံသယ တွေကို ဖျက်ပစ်ရမယ်။ သူ့ကြောင့် လရောင်ရိပ်ရဲ့အနာဂတ် လှပ ဖြောင့်ဖြူးနေစေချင်သည်။ ခဏကြာတော့ သူ့ Hand Phone ကို မာမီက ဆက်၏။ မှုန်းလေး ရောက်နေပြီတဲ့။ ဘယ်လိုအိုက်တင် အပြည့်နဲ့ လှေကားထစ်တွေကို ဆင်းရမလဲကွာ။ ကိုယ့်ခြေလှမ်း တစ်လှမ်းတောင် လှမ်းလို့မရဘူး။

သူ အနိုင်နိုင်ထသည်။ လရောင်ရိပ်အတွက်ပဲလေ။ မင်း





မလုပ်ချင်လည်း လုပ်ရမှာပဲ ဈာန်။ အခုဆို လရောင်ရိပ် တက္ကသိုလ်တက်ခွင့်ရသွားပြီ။ အခွင့်အရေးတွေ အများကြီး ရအောင် ကြိုးစားပြလိုက်ပါ ကျော်ကျော်ဈာန်ရာ။ စိတ်ကို ပြန် ထိန်းချုပ်ပြီး အပြင်ထွက်လာခဲ့သည်။ မှုန်းက ဧည့်ခန်းထဲမှာ ထိုင်နေ၏။ အကြည့်ချင်းဆုံမိစဉ် ဈာန် ပြုံးပြနှုတ်ဆက်ရသည်။

'ကိုဈာန်က အရမ်းပဲချောတယ်၊ ခန့်တယ်၊ မှုန်းရဲ့စိတ် ကူးယဉ်အိပ်မက်တွေထဲက မင်းသားလေးတစ်ပါးပါပဲလေ'

မှုန်း မဟူရာကျွန်းလှေကားကြီးပေါ်ကနေ အဖြူရောင် အနောက်တိုင်းဝတ်စုံနှင့် ဆင်းလာတော့ ဈာန့်အား ငေးမောကြည့်ရှု ရင်း မှုန်း တွေးမိနေသည်။ မှုန်းကိုယ်တိုင် တစ်ကြိမ်တစ်ခါမှ ချစ်သူရည်းစားမထားဖူးခဲ့ပေ။ ဒယ်ဒီက သမီးစိတ်ဝင်စားမယ် ဆိုရင် သော်တာသားလေး ဈာန်က မဆိုးဘူးပြောလိုက်၍ မှုန်း တွေ့တွေ့ချင်းမှာပင် စိတ်ဝင်စားသွားသည်။ ဒယ်ဒီ့ကိုပင် အမြန် ဆုံးခေါ်လိုက်၏။ စေ့စပ်ထားဖို့ပါ။ ဈာန့်အပြုံးက မှုန်းရင်ကို ငြိတွယ်စေသည်။

'မှုန်းကို တော်ရုံယောကျ်ားလေးတစ်ယောက်က ညို့ယူ ဖမ်းစားနိုင်ဖို့ဆိုတာ အရမ်းခက်ခဲတယ် ဈာန်၊ မှုန်းကိုယ်တိုင်က ယောကျ်ားတွေကို အထင်မကြီးတာ၊ ကိုယ့်လောက်တော်တယ် ထက်တယ်လို့ မထင်တာ၊ မှုန်းလက်ထပ်မယ့်ယောကျ်ားက မှုန်း ထက်သာရမယ်၊ မှုန်းထက် ပိုတော်ရမယ်၊ ခံ့ညားနေရမယ်'

မှုန်း တွေးနေမိသည်။ ဈာန် ဆင်းလာတာက style ရှိ တယ်။ မှုန်း လက်ထပ်မယ့်ယောကျ်ားက တင့်တယ်လိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဆွဲကြီးမှာ ညှော်ပရိသတ်တွေပင် အားကျသွားမယ်။ ချာန့်က မှုန်းချစ်မြတ်နိုးရတဲ့ ယောကျ်ားတစ်ယောက်ဖြစ်သွားသည်။

'သွားကြစို့လေ မှုန်း'

'နေဦး သားရဲ့၊ မှုန်းကို အအေးတိုက်ဖို့ မာမီ မှာထားတယ်၊ ထိုင်ပါဦး'

'အချိန်နှောက်ကျနေမလားလို့ မာမီ'

'ကြည့်တော့ မှုန်းရေ၊ သားက ကိုမြတ်ထင်ကို အလေးအနက်ထားလွန်းတယ်လေ၊ အန်တီသော်က ကိုမြတ်ထင်က စည်းစနစ်ကြီးပြီး တိကျတယ်ဆိုလို့လေ'

'အချိန်လိုပါသေးတယ် ချာန့်ရဲ့၊ ထိုင်ပါဦး၊ ဒယ်ဒီက သဘောမကျမှာတော့ မပူနဲ့၊ မှုန်း လက်ထပ်မယ့်ယောကျ်ားကို မှုန်းသဘောဆန္ဒအတိုင်းပဲ ရွေးချယ်ခွင့်ပေးထားတာလေ'

မှုန်းစကားကြောင့် ချာန့်နှလုံးသားတွေ ဆုပ်ကိုင်ချေမွပစ်လိုက်သလို နာကျင်သွားသည်။ မှုန်းက သူ့ကို ရွေးချယ်ထားလိုက်ပြီပဲ။ ကိုယ် ငြင်းပိုင်ခွင့်မရှိတော့ဘူး လရောင်ရိပ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က အရင်စပြီး မှုန်းကို ချစ်မိသွားတာကြောင့်ပဲ။ ဒါပေမဲ့ ကိုယ် မလွဲမသွေ လက်ခံရတော့မယ်ထင်တယ်။ မထင်မှတ်ဘဲ လရောင်ရိပ်က အအေးဗန်းလေးနှင့် ထွက်လာသည်။

'သူက ဘယ်သူလဲ အန်တီသော်'

'အန်တီ့ယောကျ်ားဘက်က တူမလေးပါ၊ သားရဲ့ညီမ





ဝမ်းကွဲလေးလေ၊ အမေဆုံးသွားလို့ အန်တီသော် ခေါ်ထားတာ၊ အနုပညာတက္ကသိုလ်မှာ ပန်းချီအဓိကနဲ့ တက်မယ်လေ'

'ဟုတ်လား၊ နာမည်လေးကရော'

'လရောင်ရိပ်တဲ့'

'အေးချမ်းတယ်၊ မင်းနဲ့ နာမည်လေးနဲ့ အရမ်းလိုက်တာပဲ၊ ကိုချာန့်တို့မောင်နှမတွေ အရမ်းချောကြတယ်နော်'

မာမီကတော့ လုပ်ချလိုက်ပြန်ပြီ။ လရောင်ရိပ်ကို ချာန့်ညီမဝမ်းကွဲအဖြစ် ပွဲထုတ်နေသည်။ ချာန့်မဖြစ်ချင်ဆုံးအခြေအနေတစ်ခုပါ။ မှုန်းနှင့် လရောင်ရိပ်ကို မတွေ့ဆုံစေချင်မိ။ မှုန်းထက် လရောင်ရိပ် သိမ်ငယ်သွားမှာ စိုးရိမ်သည်။

'ညီမလေးက ပန်းချီဝါသနာပါတာလား၊ မမမှုန်းလည်း ဝါသနာပါတယ်၊ ဒါပေမဲ့ ဆောက်လုပ်ရေးဘက်ဖြစ်သွားတယ်လေ၊ အကူအညီလိုအပ်ရင်လည်း ပြောနော်၊ အားမနာနဲ့၊ လရောင်ရိပ်ကို မြင်မြင်ချင်း မမ အရမ်းချစ်သွားတယ်'

'ဟုတ်ကဲ့'

'မှုန်းရေ… အအေးလေးသောက်လိုက်ဦးနော်၊ ရင်ထဲမှာ အေးသွားအောင်လို့'

'ဟုတ်ကဲ့ အန်တီသော်၊ ဟယ်… လရောင်ရိပ်ရဲ့ လက်လေးတွေက ရှည်ရှည်သွယ်သွယ် ဖောင်းဖောင်းအိအိလေးတွေပဲ၊ လှလိုက်တာကွယ်၊ တကယ်အနုပညာလက်ပဲ'

မှုန်းက လရောင်ရိပ်ရဲ့ လက်လေးကို ဆွဲယူဆုပ်ကိုင်ရင်းချီးမွမ်းနေသည်။ မာမီက သဘောကျနေပေမယ့် ချာန့် မှုန်းကျပ



www.burmeseclassic.com

www.burmeseclassic.com



ဝိတ်လျှောင်လာ၍ အပြင်ထွက်လာခဲ့သည်။ လရောင်ရိပ်ကို မှုန်းရွှေမှာ သိမ်ငယ်နိမ့်ကျမနေစေချင်ပေ။ ဒီကောင်မလေးကလည်း ပေကပ်ကပ်၊ သူဝယ်ပေးတာတွေကို လက်မခံဘဲ ငြင်းဆန်နေသည်။ လှလှပပ သစ်သစ်လွင်လွင်ဝတ်စမ်းပါ။ မင်းက မှုန်းထက်လှတယ်၊ နုတယ်။ မင်း သိမ်ငယ်မနေစမ်းပါနဲ့ လရောင်ရိပ်ရာ။ ကိုယ် စိတ်ထိခိုက်ကြေကွဲရလွန်းလို့ပါ။ သူ ခြံထဲဆင်းလာတော့ မှုန်းနှင့် မာမီလည်း ဆင်းလိုက်လာကြသည်။

◆ ◆ ◆



(၈)

'ဟွန်း… မာမီကြီးနဲ့ မမမှုန်းရွှေမှာတော့ မာမာထန်ထန်နဲ့၊ အရိပ်နဲ့ပဲ လုံးဝမပတ်သက်ဖူးသလိုလို၊ လူရိုးကြီးဟန်ဆောင်နေတယ်'

အရိပ် စိတ်ထဲကနေ မကျေမနပ်နှင့် ပြောမိနေသည်။ မမခြယ်မှုန်းထင်ဆိုတာကလည်း ချောတယ်။ ပညာလည်းတတ်တယ်။ ချမ်းလည်း ချမ်းသာတယ်။ ရှင် တကယ်တမ်း ရွေးချယ်မှာက မမမှုန်းကိုပါပဲ။ မာမီကြီးကတော့ သမီးတစ်ယောက်၊ တူမတစ်ယောက်အဖြစ် ပွဲထုတ်သည်။ အရိပ် ကြိုးစားမယ်။ မာမီကြီး စိတ်အနှောင့်အယှက်ဖြစ်အောင် ဘာမှမလုပ်ဘူး။ အရိပ် မီးဖိုခန်းထဲ ပြန်ဝင်လာသည်။

'ခြယ်မှုန်းထင်က အရမ်းချောတယ်နော် အရိပ်၊ ရှာန်နဲ့လိုက်ဖက်တယ်၊ ရှာန်က အရမ်းတည်တယ်၊ ဘယ်မိန်းကလေးနဲ့မှ အရောမဝင်ဘူး'

ဒေါ်လေးမရယ်။ အရမ်းလည်းချီးမွမ်းမနေပါနဲ့ဦး။ ကြိတ်ပုန်းခုတ်နေတာက ပိုကြောက်စရာကောင်းပါတယ်။ အရိပ်ကတော့



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမပြောပေ။ အိမ်ရှင်မိသားစုဝင်တွေကိုစွ ရေငုံ့နှုတ်ပိတ်နေတာ အကောင်းဆုံးပဲ။ အကြီးဆည်းဆာလည်း လာမယ်ဆိုပြီး မလာသေးဘူး။ ဘာတွေများဖြစ်နေလဲ မသိဘူး။ အရိပ်ကတော့ အဆင်ပြေနေသည်။

'အရိပ်'

'ရှင်'

'ညည်းလေးကို သွေးသားတစ်ယောက်အဖြစ် မိတ်ဆက်ပေးတာ ကျေးဇူးတင်ရမယ်နော်၊ မာမီကြီးက ဒီလိုပဲအေ့၊ သူ့သားချာန်လက်ထပ်သွားရင် ညည်း ပိုပြီးတော့တောင် အခွင့်အရေးရဦးမယ်'

'အင်း… ဟုတ်တယ် ဒေါ်လေးမ၊ အရိပ်ကတော့လေ မြန်မြန်လက်ထပ်သွားပါစေလို့ ဆုတောင်းနေတယ်၊ အရိပ် မနေတတ်လို့ပါ' /

'နေတတ်အောင် နေပါအေ၊ ညည်းအတွက် ကောင်းတာပဲ'

စတွေ့တွေ့ချင်းကတော့ ဒေါ်လေးမက အရိပ်အပေါ် ညှဉ်းပန်းနှိပ်စက်သယောင်ရှိပေမယ့် အခုတော့ ကြင်နာဖေးမနေသည်။ အကြီးဆည်းဆာရဲ့ ကျေးဇူးရှိလို့တဲ့။

'ညည်းလက်လေးတွေက တကယ့်ကို သူဌေးလက်ပဲ၊ ပျော့ပျောင်းနူးညံ့လိုက်တာ အရိပ်ရယ်၊ ဒေါ်လေးမလေ ညည်းကို တင်းတင်းမာမာနဲ့ စုတ်စုတ်ပြတ်ပြတ်လေးထားရတာ အိမ်ရှင်တွေ ကြည်ဖြူစေချင်လို့ပါ'





အိမ်ရှင်မှာ သားလူပျိုရှိလို့ ဒေါ်လေးမက ညည်းလေးကို နှိမ်ထားတာပါတဲ့။ အရိပ် နားလည်ပါတယ်။ တစ်ဦးမေတ္တာ တစ်ဦးမှာလေ။ အမေအရွယ်တွေကို အရိပ် ချစ်တယ်။ ဘာပဲလုပ်လုပ် ပြောပြော ဆုံးမသွန်သင်သည်ဟုပဲ ထင်သည်။

'အရိပ် ဆံပင်အရှည်တွေ ပြန်ထားလို့ရပြီထင်တယ်နော် ဒေါ်လေးမ'

'ထားလေ… ရပါပြီ၊ ချာန်က လက်ထပ်ပြီးရင် သူ့မိန်းမတိုက်မှာနေမှာ၊ ဒါကြောင့် ညည်းလေးကို သမီးအဖြစ် မွေးစားတာလေ'

'အရိပ် ပြန်ကျေးဇူးဆပ်မှာပါ၊ မာမီကြီးကို ပြုစုမှာပါ'

'လိမ္မာလိုက်တဲ့ အရိပ်လေး၊ ညည်းလေး ကံကောင်းပါစေအေ'

အရိပ်က အိပ်ခန်းလေးထဲ ဝင်လာခဲ့သည်။ အရင်ကလို ဒေါ်လေးမနှင့် အတူတူမနေရတော့။ သီးသန့်အိပ်ခန်းလေးနှင့် နေရ၏။ ကိုချာန်ဝယ်ပေးထားတဲ့ အသုံးအဆောင်တွေက အများကြီးပဲ။ အရိပ် မကြိုက်ပါဘူး။ ပစ္စည်းတွေနှင့်မြူဆွယ်တာ။ လူတွေရှေ့မှာတော့ အရိပ်ကို အဖက်မလုပ်သလိုပဲ။ အရိပ်နှုတ်ခမ်းလေး စုတင်းကာ သူဝယ်ပေးထားတဲ့ပစ္စည်းတွေကို မနှစ်သက်သလို ပစ်ထားလိုက်သည်။

'အိမ်ရှင်သူဌေးသားတွေက မေမေတို့လို ရုပ်ရည်ရှိတဲ့ အိမ်အကူတွေအပေါ် မရိုးမသားကြံစည်ချင်ကြတယ်၊ အဲဒါပျက်တော့ ကိုယ်ပဲပျက်ရတယ်လေ၊ မေမေကတော့ ဒီမျိုးရိုးကြီးကို



www.burmeseclassic.com

www.burmeseclassic.com



အသိုင်းသတ်ထက်မှာ စွန့်ပစ်ရမယ်၊ အစွမ်းအစရှိပြီး ကြီးပွားအောင် မြင်တဲ့မျိုးနွယ်ကို တည်ထောင်ချင်တယ်၊ ဘယ်လိုလဲ အရိပ် အစွမ်း အစရှိလား'

'စောင့်ကြည့်လိုက်ပါ မေမေရာ၊ လရောင်ရိပ် အစွမ်းကို ဆေ၊ အောင်မြင်စေရမယ်'

'သမီးလေးရယ်… ဝမ်းသာလိုက်တာ၊ အိမ်မှုကိစ္စတွေ လည်း သင်စရာမလိုဘူး၊ တတ်ရင် လုပ်နေရဦးမယ်၊ မုန်းလွန်းလို့'

မေမေ မနှစ်သက်တဲ့ အိမ်အကျွဘဝကနေ လွတ်မြောက် စေရမယ်။ အရိပ် မျိုးရိုးစဉ်ဆက်မှာ ပညာတတ်တွေ၊ ချမ်းသာ တဲ့လူတွေဖြစ်လာဖို့ ကြိုးစားထူထောင်မယ်။ ကိုဈာန် ဝယ်ပေးထား တဲ့ ပစ္စည်းတွေထဲမှာ ပန်းချီနှင့်ပတ်သက်တဲ့ စာအုပ်တွေ၊ အသုံး အဆောင်ပစ္စည်းတွေကိုတော့ အရိပ် နှစ်သက်မြတ်နိုးမိသည်။

'အရမ်းကို အကောင်းစားတွေပဲ၊ အလှပြင်ပစ္စည်းတွေ ဆိုရင်လည်း အဖိုးတန်တွေချည်းပဲ၊ အရိပ် မြင်တောင်မမြင်ချင် ပါဘူး၊ ဒါတွေအားလုံး မရိုးသားမှုပဲ'

အရိပ်အပေါ် ဒီလောက်ကြီးသဘောကောင်းစရာမှ မလို တာပဲ။ စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေသည်။ ကိုဈာန့်အား ဒေါ်လေးမက ချီးကျူးလို့မဆုံးပေ။ အရိပ် ပြောပြလို့ မဖြစ်ပါ ဘူး။ လူတစ်ယောက်ရဲ့ဂုဏ်သိက္ခာပဲ။ မာမီကြီးမျက်နှာကလည်း ရှိသေး။ အရိပ် ရှောင်မယ်။ အထင်လည်းမကြီးပါဘူး။ ကျောင်း တက်ဖို့အတွက် အရိပ် ပြင်ဆင်နေသည်။

ဈာန်ကတော့ ယောက္ခမလောင်းကြီးနှင့် ရင်ဆိုင်ရမှာ





စိတ်ညစ်နေသည်။ အရေးထဲ မှုန်းကလည်း သူ့အနားကပ်နေ၏။ ခွာလို့မရ။ ဈာန့်ညီမဝမ်းကွဲအရိပ်ကို မြေတောင်မြှောက်ပေးချင် တယ်တဲ့။ သူ့ စိတ်အရှုပ်ဆုံးပဲ။ မာမီက ဘာဖြစ်လို့များ ညီမ ဝမ်းကွဲလို့ ပြောလိုက်ရတာလဲဗျာ။ ဈာန်နှင့် မသက်ဆိုင်မှာစိုးရိမ် လို့ထင်တယ်။

'ဈာန်ရေ… ဟိုမှာ ဒယ်ဒီ ကြည့်စမ်း၊ မှုန်းဒယ်ဒီက ဘယ်လောက်ခန့်လဲ'

မှုန်းလှမ်းပြ၍ ဈာန် ကြည့်လိုက်တော့ ဖြူနုထောင်မောင်း တဲ့ ချောချောဖြောင့်ဖြောင့်လူကြီးတစ်ယောက်က သူတို့ရှိရာသို့ အပြုံးတွေနှင့် လျှောက်လာနေသည်။ တခြားလူဆိုရင် အထင် တကြီးနှင့် ဝမ်းသာအားရ ဆီးကြိုနေမှာဖြစ်ပေမယ့် ဈာန်ကတော့ ယောက္ခမအဖြစ် အသိအမှတ်ပင်မပြုလိုပေ။ ဒေါ်ကြီးဆည်းဆာ ကိုတောင် သူ ရင်ခုန်သေးတယ်။ အသက်မပါတဲ့အပြုံးနှင့် အရို အသေပြုလိုက်သည်။

'သော်တာရေ… မင်းကတော့ အရင်လိုပဲ နုပျိုနေတာပဲ'

'ရှင်ကရော… ဟင်း… ဟင်း…'

ဈာန့်စိတ်ထဲမှာ ဦးမြတ်ထင်အား မာမီ အရေးတယူ ရှိလွန်းသည်။ ဘာတွေလဲ။ ဦးမြတ်ထင်က သူ့အားလည်း တရင်း တနှီးလက်ဆွဲနှုတ်ဆက်သည်။ စိတ်မပါလိုက်တာ။ သူ့လုပ်ရပ်တွေ မှားနေပြီလား။ ဒါပေမဲ့ အန်ကယ်ထင်ကို သူ တရိုတသေ တလေး တစားဆက်ဆံနေသည်။

'သော်တာ့သားက ကိုယ့်စိတ်ကူးထဲက သမက်လောင်း

www.burmeseclassic.com



ပါပဲ၊ ကိုယ့်သမီးကို ကံကောင်းစေချင်တာ၊ ပြီးပြည့်စုံနေတဲ့ ယောကျ်ားတစ်ယောက်နဲ့ပဲ လက်ထပ်စေချင်တယ်၊ သမီးကိုလည်း ချစ်မြတ်နိုးတယ်ဆိုတော့ ဘာမှမလိုတော့ပါဘူး'

'တွေ့တယ်မဟုတ်လား၊ ဒယ်ဒီက ချာန့်ကို သဘောကျမှာပါလို့'

'ကျေးဇူးတင်ပါတယ် အန်ကယ်ထင်၊ စိတ်ချပါ... မှုန်းကို ချာန့်ချစ်ပါတယ်'

တကယ်ပဲကွာ။ ကိုယ် အရမ်းပီပီပြင်ပြင် သရုပ်ဆောင်ပြနေရတယ်။ မင်းအတွက်ပဲလေ လရောင်ရိပ်။ မှုန်းကို ချစ်ပါတယ်လို့ ပြောလိုက်တဲ့အချိန်မှာ ကိုယ့်နှလုံးသားတွေ အတိုင်းအဆမရှိ နာကျင်စူးနစ်သွားရတယ်။ ကိုယ်ချစ်တာက လရောင်ရိပ်ပါ။ အပြင်မှာ တပျော်တပါး ညစာစားကြသည်။ မှုန်းက သူ့ပန်းကန်ထဲ တယုတယထည့်ပေးနေတော့လည်း လူကြီးတွေရှေ့မှာ သူ့ကလည်း ပြန်ထည့်ပေးရ၏။ အရမ်းချစ်နေတဲ့ပုံ။ မာမီက ပြုံးရွှင်နေသည်။

'ချာန့်...မင်း အရက်သောက်တတ်လား'

'နည်းနည်းပါးပါးပဲ သောက်တတ်ပါတယ်၊ ညှိခံပွဲတွေဘာတွေလောက်ပဲလေ'

ကိုယ် ညှိခံပွဲတွေမှာတောင် အရက်ကို နည်းနည်းပါးပါးပဲသောက်တာ။ မကြိုက်ဘူး။ ဒါပေမဲ့ ဒီနေ့တော့ ကိုယ် အရမ်းသောက်ချင်နေတယ်။ မလုပ်ချင်ဆုံးအလုပ်တစ်ခုကို လုပ်နေရလို့ပါ။ ကိုယ့်ရင်ထဲမှာ လရောင်ရိပ်ကို မင်းနဲ့အတူ မျက်နှာချင်း





ဆိုင်ထိုင်ပြီး စားချင်တယ်။ ကိုယ့်ရင်ခွင်ထဲမှာ မင်းကိုထွေးပွေ့ပြီး အားပေးနှစ်သိမ့်ချင်တယ်။ မာမီကတော့ သား အရက်သောက်တာတွေ့ရခဲ့တယ်တဲ့။ အန်ကယ်ထင်က ယောကျ်ားပဲ ဒီလောက်တော့ရှိမှာပဲ။ အန်ကယ်တို့ အတူတူသောက်ကြရအောင်တဲ့။ ဒါ ဂုဏ်ပြုတာပါတဲ့။ ဟုတ်တယ်။ ကိုယ် အရက်သောက်မိတယ်။ နည်းနည်းများသွားတယ်ထင်တယ်။ မာမီကတော့ တားနေတယ်။ ချာန့် အရမ်းပျော်လို့ပါလို့ ပြောလိုက်သည်။

'အန်ကယ်ထင်ရဲ့ ပွင့်လင်းပြီး ခေတ်မီနေတဲ့ အမူအရာတွေကို ချာန့်သဘောကျတယ်ဗျာ၊ လူကြီးလူကောင်းပီသပါတယ်။ ချာန့် ပျော်တယ် မာမီ၊ အန်ကယ်ထင်က သမက်အဖြစ် လက်ခံလိုက်လို့ပါ'

ချာန့် တစ်ခွက်ပြီးတစ်ခွက် သောက်ပစ်သည်။ ချာန့်ယခုရင်ဆိုင်ဖြတ်သန်းနေရတဲ့ ဟန်ဆောင်မှုတွေကို မုန်းတီးလာနေတယ်။ မာမီ မျက်လုံးတွေပြုံးနေ၏။ ချာန့်က တဟားဟားရယ်မောရင်း ထပ်သောက်သည်။

'ပျော်ပါစေ သော်တာ၊ ချာန့် အရမ်းပျော်နေတယ်၊ ကိုယ့်သမီးလေးနဲ့ လက်ထပ်ခွင့်ကို ချာန့် အရမ်းမျှော်လင့်နေတာပဲ'

'ဟုတ်ပါတယ် အန်ကယ်၊ ချာန့် အရမ်းမျှော်လင့်နေခဲ့တာပါ၊ မှုန်း ချမ်းသာလို့မဟုတ်ဘူးနော်၊ ချာန့်ဘဝမှာ မိန်းကလေးတွေနဲ့ ပတ်သက်ဆက်ဆံဖူးတာ မဟုတ်ဘူး၊ မှုန်းနဲ့တွေ့မှ...'

'ချာန့် အရမ်းမူးနေပြီထင်တယ်၊ ဒယ်ဒီ တော်တော်သောက်ပြီထင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကိုယ် သောက်ဦးမယ် မှုန်း၊ ရပါတယ်၊ အန်ကယ့်ကို တိုယ် အရမ်းလေးစားလို့ ကိုယ်ပျော်လို့ပါ'

ချာန် အသိတော့ရှိနေသည်။ အရမ်းမူးသွားရင်လည်း သူ့ရင်ထဲ ခံစားနေရတာတွေ ပွင့်အံထွက်လာမှာ ကြောက်ရသေး။ သူ ထိန်းလိုက်သည်။

'ဒီတစ်ခွက်ပဲ အန်ကယ်၊ ဒီတစ်ခွက်ပဲ'

'သောက်ပါကွာ ချာန်၊ မင်းလည်း လူငယ်ပေမယ့် လူကြီးလူကောင်းဆန်ပါတယ်၊ အန်ကယ် မြင်တာနဲ့သိနေတာပဲ'

'မှုန်း'

'ဟင် . . .'

'ကိုယ် အရက်သမားမဟုတ်ပါဘူးကွာ၊ အရမ်းပျော်လို့ ပါ၊ ဟန်ဆောင်ပြီး ရီးသားပြနေရတာတွေ ကိုယ်မုန်းတယ်၊ လူ့ လောကကြီးထဲကို ရောက်လာတာ ခဏလေးပါ၊ အခု ကိုယ့် ဒယ်ဒီလည်း မရှိတော့ဘူး၊ မင်းမာမီလည်း မရှိတော့ဘူး၊ တကယ့် ကို ခဏလေးပဲ၊ လူ့လောကထဲမှာ လူတွေရဲ့အခေါင့်အတာန်းခွဲခြား မှုတွေ၊ မတူမတန်တာတွေ၊ ဂုဏ်မောက်မှုတွေ ကိုယ်မကြိုက်ဘူး၊ ရှုံတယ်'

'ဟုတ်တယ် မောင်ရင်၊ ချာန် မှန်တယ်၊ အန်ကယ်လည်း မကြိုက်ဘူး၊ ဒါကြောင့် သမီးမှုန်းကိုယ်တိုင် ရွေးချယ်ခွင့်ပေးထား တာလေ၊ သမီးနဲ့ပဲ တစ်သက်လုံး အတူနေထိုင်သွားရမယ့် ယောကျ်ားက သမီးမှုန်းချစ်တဲ့သူပဲ ဖြစ်စေချင်တယ်'

'အဲဒါ အမှန်ပါပဲ အန်ကယ်ထင် Right'





မာမီက ပြန်ကြရအောင်ပြော၍ အတင်းထမှ ပြန်ဖြစ် သည်။ သူ ကားကို ဖြောင့်အောင်မောင်းနိုင်၏။ မှုန်းက ပြန်ပို့ ပေးပေမယ့် ချာန်က လက်မခံ။ ကားကိုမောင်းပြီး ပြန်လာသည်။

'သားချာန် . . . မင်း တစ်ခါမှ ဒီလောက်အထိ အရက် မသောက်ဖူးပါဘူး'

'ပျော်လို့ပါ မာမီ၊ အန်ကယ်ထင်က တကယ့်ကိုလေးစား ဖို့ကောင်းတဲ့လူကြီးလူကောင်းတစ်ယောက်ပါ'

'ဟုတ်တယ် သား၊ ခေတ်မီတယ်၊ ပွင့်လင်းတယ်၊ လူ တစ်ယောက်ရဲ့ အခွင့်အရေးကိုလည်း နားလည်တယ်'

'မာမီက အရမ်းချီးမွမ်းနေပါလား'

'ငယ်သူငယ်ချင်းတွေလေ'

သူ ပြန်ရောက်တော့ အရမ်းမူးနေသည်။ မာမီက ပင်ပန်း နေပြီ သားရေ။ မာမီ အပေါ်တက်တော့မယ်ဆိုပြီး တက်သွား၏။ ချာန် အရမ်းမူးနေတယ်။ ကားသော့ပိတ်ကာ အထဲဝင်တော့ တံခါး ပေါက်မှာ လရောင်ရိပ် ရပ်နေသည်။

'လရောင်ရိပ်'

'ရှင် . . .'

'မင်း . . . မင်းရှိနေတာကိုး၊ ကိုယ် အရမ်းပျော်သွားတယ် ကွာ'

'ကိုချာန် အရမ်းမူးနေပြီထင်တယ်၊ အထဲဝင်ပါ'

'OK'

ကိုချာန် အရက်သမားပဲ။ လူမှန်းမသိအောင် ပြုံးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဖျက်လိုက်တာနော်။ ဖက်တောင်ကျိုးနေပြီ။ သူမ တံခါးပေါက်ထနေ ဖယ်မလို့လုပ်နေစဉ် သူဝင်လာပြီး အရိပ်ခန္ဓာကိုယ်ပေါ် ယိုင်လဲကျလာသည်။

'အို…'

'ဟာ…'

'Sorry'

'ဖယ်ပါ'

သူက မဖယ်ပေ။ အရိပ်ကို သိုင်းဖက်ထားပြီး ချစ်တယ်ဟု ပြောနေသည်။

'အရမ်းချစ်တယ်၊ မင်းကို အရမ်းချစ်တယ်၊ ကိုယ့်အသည်းနှလုံးထဲမှာ စူးနစ်အောင်ချစ်တယ်'

'ဒုက္ခပါပဲ၊ ဘာတွေလာပြောနေတာလဲ၊ ကိုဈာန် သတိထားပါ၊ လူမှားနေပြီ'

'မမှားပါဘူး၊ လုံးဝမမှားဘူး၊ ကိုယ်ချစ်တာ မင်းပဲ'

'ဖယ်ပါ'

သူမ ဒေါသတကြီးနှင့် သူ့ခန္ဓာကိုယ်လုံးကြီးအား တွန်းဖယ်ပစ်ပြီး ရုန်းထွက်လိုက်သည်။

'Sorry, Very Sorry'

ကိုဈာန် ဒယိမ်းဒယိုင်နှင့် ထွက်သွားသည်။ သေချင်တာပဲ။ သူ တမင်လုပ်တာပါ။ ယုတ်မာချင်တာ။ သူချစ်တယ်လို့ပြောတာလည်း မမမှုန်းပဲဖြစ်မယ်။ ဒေါ်လေးမ အိပ်ပျော်နေလို့ အရိပ် တံခါးဖွင့်ပေးမိတာပါ။ မှားတယ်၊ ကိုဈာန် ဒီလောက်





အထိ အရက်သောက်တတ်မှန်း မသိပေ။ ကြောက်စရာကောင်းလိုက်တာ။ သူမ တံခါးကို မြန်မြန်သော့ခတ်ပြီး သူမ အခန်းလေးထဲ ပြေးဝင်လာခဲ့သည်။

'အမလေး… ကြောက်လိုက်တာ၊ သေတောင် သေချင်တယ်၊ အရိပ် အားငယ်လိုက်တာ'

သူမ ရင်ဘတ်လေးကို လက်လေးနှင့်ဖိထားသည်။ ချစ်တယ်တဲ့။ ဘယ်သူ့ကိုလဲ။ အရိပ်ကိုတော့ မဖြစ်နိုင်ပါဘူး။ ရှင်ဖျက်ဆီးပစ်ချင်တာ မဟုတ်လား။ သူမ ယောကျ်ားလေးတစ်ယောက်ရဲ့ အပွေ့အဖက် အထိအတွေ့ကို တစ်ကြိမ်တစ်ခါမျှ မခံစားဖူး၍ အရိပ် ရင်တွေတဆတ်ဆတ်တုန်နေသည်။

'မင်းကိုချစ်တယ်၊ အရမ်းချစ်တယ်'

မကြားချင်ဘူး။ သူချစ်တာ ဘယ်လိုလုပ်ပြီး အရိပ်ဖြစ်နိုင်မှာလဲ။ မမမှုန်းကိုပါ အရိပ် ချောက်ချားတုန်ယင်နေသည်။ မတွေးချင်ပေမယ့် တွေးကြည့်ချင်နေ၏။ ကိုဈာန့်အပေါ်ကိုပဲ မုန်းတီးရွံရှာသွားရသည်။

'အရိပ် ကံဆိုးတယ် မေမေ၊ ကောင်းကောင်းကျွေးမွေးစောင့်ရှောက်မယ့်သူ ရှိပေမယ့် ဖျက်ဆီးချင်နေတဲ့သူကလည်း ရှိနေတယ်၊ အကြီးဆည်းဆာပြောတော့ မာမီကြီးအိမ်က အလုံခြုံဆုံးပဲဆို'

အရိပ် နာကြည်းကြေကွဲနေသည်။ မေမေ့ကို သတိရတမ်းတနေ၏။ အကြီးဆည်းဆာကလည်း စိတ်ချလက်ချအပ်ထားခဲ့ပြီး မလာတော့တာ အခက်အခဲတွေ ရင်ဆိုင်နေရပြီပဲ။ အရိပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာပါနဲ့နော်။ ကြောက်လို့ပါ။ တဒိန်းဒိန်းခုန်နေတဲ့ ရင်ဘတ်ကို လက်လေးဖိ၍ မငြိမ်သဖြင့် အိပ်ရာပေါ် မှောက်ချလိုက်ပြီး ခေါင်းအုံးနှင့် သူမရင်ဘတ်ကို ဖိထားလိုက်ရသည်။ တစ်ညလုံး အိပ်မက်ဆိုးတွေ မက်နေ၏။ ကိုဈာန် အရက်တွေမူးပြီး အရိပ်အား မတော်တဆကြံစည်၍ တိုက်ကြီးထဲက အသည်းအသန် ပြေးနေရသည်။

'ကြောက်တယ်၊ အရမ်းကြောက်တယ်၊ ကယ်ကြပါဦး'

သူမ လန့်နိုးသွားတဲ့အချိန်တွင် ခန္ဓာကိုယ်တစ်ခုလုံး ချွေးတွေနှင့် ရွှဲနစ်မောဟိုက်နေသည်။

◆ ◆ ◆



(၉)

'လရောင်ရိပ်··· မင်း လှလှပပလေးဝတ်စားလေ၊ မာမီကြီးသမီး ဖြစ်သွားပြီပဲ၊ ပတ်ဝန်းကျင်မှာ တူမလို့ပြောထားတော့ မာမီကြီးတို့ ဂုဏ်ဒြပ်နဲ့ညီအောင် ဝတ်စားရမယ်နော်'

'ရပါတယ် မာမီကြီးရယ်၊ အရိပ် အရမ်းအလှအပတွေလည်း မလိုအပ်ပါဘူးနော်'

'ဘယ်ဟုတ်မလဲကွယ်၊ အရိပ် အင်္ကျီတွေက ဟောင်းနွမ်းလွန်းတယ်၊ ဆံပင်ကြီးကိုလည်း ဖြတ်ပစ်မိတာ မာမီကြီး နှမြောလိုက်တာ၊ အရိပ်လေးက ဒီလိုပြင်ဆင်လိုက်တော့ ချောလိုက်တာ'

အရိပ် ငိုပစ်ချင်သည်။ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ဝေ့တက်မလာအောင် ထိန်းချုပ်ထားရ၏။ ဘာဖြစ်လို့လဲဆိုတော့ မာမီကြီးက ဘာမှမသိရှာဘူး။ ကိုဈာန်လေ အရိပ်အပေါ် မဖွယ်မရာကြံစည်နေတယ်။ ထိကပါး ရိကပါးနဲ့။ အရိပ် စိတ်ညစ်တယ်။ ရှောင်နေရတာ စိတ်မောသည်။

'သွား··· သွား··· ညည်းအစ်ကို ဈာန်လိုက်ပို့လိမ့်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



အားမငယ်နဲ့နော် အရိပ်၊ မာမီကြီးသမီးပဲ၊ ချာန်လက်ထပ်ပြီးရင် မှုန်းလေးနဲ့နေမှာလေ၊ အရိပ်လေးပဲ မာမီကြီး အားကိုးရမှာပါ'

အရိပ် ပခုံးလေးကို ပွေ့ဖက်ပြီး တရင်းတနှီး သမီးတစ်ယောက်ကဲ့သို့ ပြောဆိုဆက်ဆံနေသည်။ အရိပ် ငိုပစ်ချင်တယ်။ မာမီကြီးကို သနားလို့ပါ။

အရိပ် ကြိုးစားမယ်။ မာမီကြီးသား မြန်မြန်လက်ထပ်သွားပါစေ။ သူမ သူ့ကားနှင့် ကျောင်းသွားရသည်။

'သားရေ… အရိပ်လေး အားငယ်နေမယ်၊ မင်းညီမလေးကို အားပေးပါကွယ်၊ မာမီ့အနားမှာ ဒီသမီးလေးပဲ နေတော့မှာ'

'ချာန် လိုက်ပို့ပေးလိုက်ပါ့မယ် မာမီ၊ မပူပါနဲ့၊ ဒီကောင်မလေးကို ကြည့်ရတာ ကြိုးစားမယ့်ပုံပါ မာမီ၊ ဒါမှ မကြိုးစားရင်လည်း သူ့ဘဝနဲ့သူပဲလေ၊ မဟုတ်ဘူးလား မာမီ'

'ဟုတ်တယ် အရိပ်၊ မာမီကြီးက ညည်းလိမ္မာရင် လိမ္မာသလို ကြိုးစားရင် ကြိုးစားသလို ချီးမြှောက်ပေးမယ်၊ သိလား'

'ဟုတ်ကဲ့… အရိပ် ကြိုးစားပါ့မယ်၊ မာမီကြီး စိတ်မပျက်စေရပါဘူး'

'သွားကြတော့'

အရိပ်အား သမီးတစ်ယောက်ကဲ့သို့ အားကိုးတော့မည့် မာမီကြီးရဲ့ မျက်ဝန်းတွေ တောက်ပနေသည်။ ရှင် တော်တော်ဟန်ဆောင်ကောင်းတာပဲ။ မာမီကြီးရှေ့မှာ အရိပ်ကို လုံးဝစိတ်မဝင်စားသလိုလိုနဲ့ပါလား။ စားနေကျကြောင်ဖားကြီးထင်တယ်။





ရှပ်ရည်နဲ့ အကျင့်စရိုက်က တခြားစီပါပဲ။ အရိပ် စိတ်မပါပေမယ့် ချာန့်နောက်လိုက်ခဲ့ရသည်။

'မင်း ရှေ့မှာလာထိုင် လရောင်ရိပ်'

'ကျွန်မ နောက်မှာပဲထိုင်မယ်'

'လာပါကွာ၊ မင်းကို နောက်မှာထားပြီး ကိုယ်ကားမမောင်းချင်လို့ပါ'

'ကျွန်မလည်း ရှေ့ကနေထိုင်ပြီး အခန့်သားမစီးချင်လို့ပါ ကိုချာန်'

ချာန် ဘာမှပြောမနေတော့ဘဲ ကားကိုမောင်းထွက်လာခဲ့သည်။ လမ်းထိပ်ရောက်မှ ကားရပ်ပြီး ပြောင်းခိုင်းလိုက်၏။ ဘာကောင်မလေးလဲ။ ကိုယ့်ကို ပြေပြေလည်လည် ရင်းရင်းနှီးနှီး ဆက်ဆံပေးစမ်းပါကွာ။ မနေ့ညက သူ တော်တော်လေးမူးသွားသည်။ အသိတွေပင် ကင်းမဲ့သွားရ၏။ မာမီပြောတော့ အရိပ်လေးက စောင့်နေပြီး တံခါးလာဖွင့်ပေးတာတဲ့။ မာမီ့ကွယ်ရာမှာ အရိပ်ရဲ့ အရေးတယူဆက်ဆံမှုကို လိုလားနေသည်။

'ဆင်းလေ'

'ကိုချာန်'

'ပြော'

'အရိပ်ကို အဲဒီလို နိုင်ထက်စီးနင်း မဆက်ဆံပါနဲ့'

'ဘာကွ'

'မာမီကြီး ကွယ်ရင် ကွယ်သလိုမဆက်ဆံပါနဲ့၊ အရိပ်ဘဝက မာမီကြီးအရိပ်ကလွဲပြီး နားခိုစရာမရှိလို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



သူမ ပြောင်းထိုင်သည်။ ကိုချန့်အား ခပ်ပြတ်ပြတ်ပြောဖို့လည်း မာမီကြီးမျက်နှာနှင့် မရှိသေ မလေးစားရာရောက်နေ [illegible] အရိပ် ဒီကနေလည်း ထွက်သွားလို့မဖြစ်သေးပါဘူး။ ပြောချင်ပေမယ့် သူမဒေါသတွေကို ထိန်းချုပ်လိုက်သည်။ အရိပ်မပါဖို့ပဲ အဓိကပါ။ ကိုချန့်ဘက်မှ ဘယ်လောက်ပဲ ကြံစည်နေပါစေလေ။ အရိပ်ကိုယ်ကျင့်တရားပဲ အရေးကြီးတာပဲ။ သူမ တောင်းပန်သည်။

'လရောင်ရိပ်… မင်း အထင်လွဲနေပြီထင်တယ်၊ ကိုယ်က မင်းအတွက် အကူအညီပေးနေတာပါ'

'ဟုတ်ပါတယ်၊ ဒါပေမဲ့ အရိပ် စိတ်ကျဉ်းကျပ်လို့ပါ'

'ကိုယ့်ကို ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ဆက်ဆံလို့မရဘူးလား လရောင်ရိပ်'

'ကျွန်မ ဒီလိုပဲနေတတ်လို့ပါ'

ကိုချန့်ကိုလည်း အရိပ် ကြောက်သည်။ ပြဿနာရှာလျှင် မာမီကြီးက နေထိုင်ခွင့်ပေးမှာ မဟုတ်။ သေချာတာပဲ။ သူ့ကို အရိပ်က ဘာဖြစ်လို့များ တရင်းတနှီးဆက်ဆံရမှာလဲ။ ရှင့်မှာ မောင်နှမစိတ်ရှိလို့လား။ သူက အရိပ်ကို စူးခနဲစိုက်ကြည့်သည်။ အဲဒါပေါ့။ မရိုးသားတာပဲ။ အရိပ်စိတ်ထဲမှာ ခံစားနေရတာက သူ လုံးဝမရိုးသားဘူးဟုပင်။ ကားရှေ့ခန်းမှာ ထိုင်နေရတာပင်။ အရိပ် စိတ်မလုံ။ ကျောင်းရောက်မှ စိတ်မောသက်သာသွားရသည်။

'ညနေ လာကြိုမယ်'





'အရိပ် ဘတ်စ်ကားနဲ့ပဲ ပြန်ပါ့မယ်'

'မင်း စီးတတ်လို့လား'

'မေးပြီး…'

'စကားမရှည်နဲ့၊ လာကြိုမယ်'

'ဟုတ်ကဲ့'

ဒုက္ခပါပဲ။ ဒီလူ မနေ့ညက အရိပ်ကို ပြောဆိုဆက်ဆံခဲ့တာတွေ မသိသလိုဘဲ ပြန်ထွက်သွားသည်။ ရှင် မူးနေလို့လား။ သူ့ရဲ့ ထွေးပွေ့မှုတွေက အရိပ် ကြောက်လန့်တကြားနှင့် ယခုထိရင်ထဲ တုန်လှုပ်မောနေဆဲပင်။ မပတ်သက်ချင်ပေမယ့် မရေးမြန်မြန်လေး လက်ထပ်သွားပါစေဟုသာ ဆုတောင်းနေရသည်။ အရိပ် ပန်းချီသင်တန်းတက်ခွင့်ရတာတော့ ပျော်ရွှင်ကျေနပ်မိ၏။ ဒါပေမဲ့ အရိပ်ကံကိုက မကောင်းပါဘူး။ အိမ်ရှင်သားရဲ့ ကြံစည်မှုကို ခံနေရသည်။ ညနေကျောင်းဆင်းတော့ ကိုချန် လာကြိုနေ၏။ အရိပ် ဘတ်စ်ကားဂိတ်ကို ရှာမိသည်။

'ဘာရှာနေတာလဲ'

'ဘတ်စ်ကားဂိတ်ပါ'

'မင်း ဘာလုပ်မလို့လဲ'

'ကျွန်မကို နေ့စဉ်လာကြိုနေရမှာစိုးလို့ပါ'

'ကိုယ်လာကြိုမယ် ပြောထားပြီးပြီပဲ'

'ဟင့်အင်း'

'ဘာဖြစ်လို့လဲ အရိပ်'

'ဟိုလေ… ဟို…'



www.burmeseclassic.com

www.burmeseclassic.com



မသင့်တော်ပါဘူးလို့ ပြောမလို့ဟာက စကားတွေအရှည် မပြောချင်။ သူလည်း လက်ထပ်တော့မှာပဲ။ စိတ်ညစ်လိုက်တာ။ သူမ ပြန်လိုက်လာရသည်။

'တစ်ခုခုစားမယ်'

'အမလေး… မလုပ်ပါနဲ့၊ ကျွန်မ ပြန်မယ်၊ အပြင်မှာ လည်း မစားတတ်ပါဘူး'

သူ့စိတ်တွေကို လျှော့ပစ်လိုက်သည်။ လရောင်ရိပ်လေး ဘဝကို တိုးတက်အောင်မြင်စေချင်တာ မဟုတ်လား။ မင်း ဖွတ်ကြီးရင်းနှီးမှုမယူပါနဲ့ကွာ။ အရိပ်ကို သနားသွားသည်။

'မင်း ပြန်ချင်နေတယ်ဆိုတာ သိလို့ ကိုယ်ပြန်ပို့တယ်၊ မင်းကို ပျော်ရွှင်စေချင်တယ်'

ရှင့်ကြောင့် ကျွန်မ စိတ်အရမ်းညစ်နေတာ သိလား။ မာမီကြီးက ရှင့်ကို ရိုးသားတယ်လို့ထင်နေတာလေ၊ အရိပ် ငြိမ်ငြိမ်ကုတ်ကုတ်လေးပဲ ထိုင်နေသည်။ ပြန်ရောက်တော့ မမမှုန်း တို့သားအဖ ရောက်နေ၏။ မမမှုန်းရဲ့ဘဝက ပြည့်စုံလိုက်တာ။ အားကျနေမိသည်။

'အရိပ်လေး… ကျောင်းတက်နေပြီလား၊ အတော်ပဲ… အခု မမမှုန်းနဲ့ ရျာန် အပြင်ထွက်ပြီး လိုအပ်တဲ့ပစ္စည်းတွေ ဝယ်ကြမယ်၊ အရိပ်လေး လိုက်ခဲ့နော်၊ လိုအပ်တာတွေ ဝယ်ပေးမယ်'

'ဟင့်အင်း… အရိပ် မလိုက်တော့ပါဘူး၊ ကျောင်းကိစ္စတွေ ရှိနေလို့ပါ၊ ကျေးဇူးတင်ပါတယ် မမ'





'အရိပ် သွားတော့'

သူ မျက်နှာထားတင်းတင်းနှင့် ပြောလိုက်သည်။ မှုန်းက သူ့ညီမဝမ်းကွဲဆိုပြီး လရောင်ရိပ်ကို အရေးတယူလုပ်နေတာ မဖြစ်စေလိုပေ။ မာမီကတော့ လရောင်ရိပ်အား အရေးတယူရှိလွန်းနေသည်။ ရျာန်မရှိတော့သည့်အချိန်တွင် လရောင်ရိပ်အား သမီးတစ်ယောက်အဖြစ် အားကိုးချင်နေ၏။ ရျာန် အပြင်ထွက်လာခဲ့သည်။

'ရျာန်'

'ပြောလေ မှုန်း'

'အရိပ်လေးက ချစ်စရာလေးနော်'

'ကိုယ်တို့ကိစ္စတွေထဲ အရိပ်ကို ခေါ်မသွားပါနဲ့'

'ဘာဖြစ်လို့လဲ ရျာန်'

'ကိုယ်မကြိုက်လို့'

'ရျာန်ကလည်းကွာ၊ ကိုယ့်အိမ်မှာ လာကပ်နေတာ ဘာဖြစ်လို့ မျက်နှာထားကြီးက တင်းနေရတာလဲ'

'အရိပ်ကို ထားလိုက်ပါ၊ မှုန်းလည်း အကူအညီမပေးပါနဲ့'

'မှုန်းမှာ ညီအစ်ကိုမောင်နှမတွေ မရှိလို့လားမသိဘူး ရျာန်၊ လရောင်ရိပ်ကိုတွေ့တော့ မောင်နှမလို ညီမလေးလို ချစ်တယ်'

မာမီနှင့် အန်ကယ်ထင်တို့လည်း အိမ်မှာကျန်ခဲ့သည်။ ဒါပေမဲ့ ရျာန် စိတ်မပူပေ။ မာမီက ဒယ်ဒီအပေါ် သစ္စာရှိသူဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မှာပါ။ လရောင်ရိပ်ကို မာမီ သမီးတစ်ယောက်အဖြစ် သတ်မှတ်ထားတာတော့ သူ သဘောကျပေမယ့် သူ့အတွက် အခက်ဖြစ်နေသည်။

'ဒယ်ဒီကတော့ ရှာန့်ကို အရမ်းသဘောကျနေတယ်သိလား၊ ယောကျ်ားကောင်းတစ်ယောက်ပဲတဲ့၊ သမီး ကံကောင်းပါတယ်တဲ့၊ ယောက္ခမတော်ရမယ့်သူကလည်း ဒယ်ဒီတို့ ငယ်ပေါင်းတွေတဲ့'

သူကတော့ မှုန်း ကံဆိုးသည်ဟုထင်သည်။ သူ့ရင်ထဲမှာ ချစ်နေတာ လရောင်ရိပ်ပဲ။ မှုန်းနှင့်နေရတာ အသက်မဲ့နေ၏။ ပစ္စည်းတွေ သွားဝယ်တော့ မှုန်းက လက်ထပ်ပြီးရင် သုံးမည့် ပစ္စည်းတွေဆိုပြီး ဝယ်နေသဖြင့် ရှာန် တားနေရသည်။ ရှာန် မင်း ဘာလုပ်မှာလဲ။ မင်းကို လက်ထပ်တော့မှာလား။ အခြေအနေအရ လက်မထပ်၍လည်း မဖြစ်ဘူး။ လရောင်ရိပ်အတွက် သူ လုပ်ကိုလုပ်ရမည်ဖြစ်သည်။

'ရှာန်'

'ဟင်…'

'မှုန်းကိုရော ချစ်ရဲ့လားဟင်'

သူ ဘယ်လိုဖြေရမလဲ။ မှုန်း ခန္ဓာကိုယ်လေး သူ့ပခုံးပေါ် မှီတွယ်လာသည်။ ပြဿနာပဲ။ ရှာန့်လက်တွေက မှုန်းကို ဖက်ဖို့ ဝန်လေးနေ၏။ လရောင်ရိပ်လို ခံစား၍မရတော့။ မှုန်းကို ချစ်သည်ဟု ပြောထားပြီးသားဖြစ်သဖြင့် ငြင်လို့လည်းမရတော့၊





မှုန်းလက်လေးကိုပင် မဆုပ်ကိုင်ချင်။ လရောင်ရိပ်အပေါ် သစ္စာမဲ့သည်ဟု ခံစားရ၏။ သူ ထွက်ပြေးချင်သည်။

'ရှာန်ရယ်… မှုန်းမေးတာကို ဖြေပါဦး၊ ရှာန့်ရင်ထဲမှာ တကယ်ပဲ မှုန်းကို ချစ်ရဲ့လား'

'ချစ်ပါတယ် မှုန်းရယ်၊ ကိုယ်က အချစ်တွေဘာတွေကို လက်တွေ့မပြတတ်ဘူး၊ ကိုယ့်ရင်ထဲမှာပဲ သိမ်းထားတတ်တယ်'

'မောင်က လူကြီးလူကောင်းတစ်ယောက်ပဲဟာ၊ မှုန်းနားလည်ပါတယ်၊ မောင့်ကိုလည်း မှုန်း အရမ်းချစ်တယ်၊ သိလား'

သေပြီ။ မောင်တဲ့။ လရောင်ရိပ်ရှေ့မှာ မောင်ဆိုတဲ့ အသုံးအနှုန်းကို မသုံးစေလိုပေ။ စိတ်ပျက်စရာပဲ။ ရှာန် ရှောင်ထွက်ပြေးချင်နေသည်။ မှုန်းလက်တွေက သူ့လက်မောင်းကို ချိတ်ထား၏။ ဖယ်ပစ်၍လည်း မရ။ ပြန်ဖို့ပဲ ရှာန် စဉ်းစားနေသည်။

'ပြန်ကြစို့နော် မှုန်း၊ အန်ကယ်ထင် ကျန်ခဲ့တယ်လေ၊ နောက်မှ ကိုယ်တို့ ထပ်ဝယ်ကြရအောင်'

'မောင်'

'ဟင်…'

'မောင်ကလေ မှုန်းကိုချစ်တယ်ပြောပြီး အရမ်းစိမ်းလွန်းနေသလိုပဲ'

'မဟုတ်ပါဘူး မှုန်းရယ်၊ ကိုယ်က ဒီလိုပဲနေတတ်လို့ပါ၊ မှုန်းကို ချစ်ပါတယ်၊ ကိုယ်က မိန်းကလေးတွေနဲ့ နီးနီးစပ်စပ်မနေဖူးလို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



'မှုန်းလည်း မောင့်ကိုချစ်တယ်၊ ညနေစာကို မှုန်းတို့အိမ်မှာ လိုက်စားပါလား'

'ကောင်းသားပဲ မှုန်း၊ ကိုယ်တို့ ပြန်ကြမယ်၊ မာမီနဲ့ အန်ကယ်ထင့်ကိုပါ ခေါ်ပြီး မှုန်းတို့အိမ်မှာ ထမင်းလက်ဆုံစားကြမယ်'

ရျာန် ဆက်မနေချင်တော့သဖြင့် အိမ်ပြန်မည့်နည်းလမ်းတွေကို စဉ်းစားရသည်။ မှုန်းနှင့် အချစ်တွေကို မဆွေးနွေးလိုပေ။ ချောက်ချောက်ချားချားတွေ ဖြစ်လာရ၏။ အိမ်ရောက်တော့ မှုန်းက သူ့ကို မောင်လို့ခေါ်တာ မာမီ သဘောကျနေသည်။

'မာမီ သိလား၊ မောင်ကလေ လရောင်ရိပ်လေးကို မှုန်းအရေးတယူလုပ်တာ မကြိုက်ဘူးတဲ့၊ မောင် အရမ်းစိမ်းတယ်'

'သားက ဒီလိုပါပဲလေ၊ ခပ်စိမ်းစိမ်းနေတတ်တယ်၊ မှုန်းနဲ့မှ အရောတဝင်နေတာ'

ရျာန် အပေါ်ထပ်တက်ပြီး အဝတ်အစားတွေလဲတော့ လရောင်ရိပ်က ဒေါ်လေးမနှင့်အတူ အိမ်သန့်ရှင်းရေး လုပ်နေသည်။ အပေါ်ထပ်မှာပါ။ သူ့ကိုမြင်တော့ အကြည့်ကို ချက်ချင်းလွှဲပစ်လိုက်၏။ လရောင်ရိပ်က ယခုကဲ့သို့ ဥပေက္ခာနှင့် စိမ်းစိမ်းဆက်ဆံတာမျိုး ရျာန် မခံစားနိုင်။ ဒေါ်လေးမရှိနေ၍ လရောင်ရိပ်နား မသွားတော့ဘဲ အခန်းထဲဝင်ခဲ့သည်။

'မောင်ကျော်ကျော်ရျာန်ကတော့ ချောမောခံ့ညားတာပဲနော် အရိပ်'

အရိပ် မဖြေမိ။ ချောမောခံ့ညားဖို့ထက် ကိုယ်ကျင့်တရား





ကောင်းမွန်ဖို့ အဓိကပဲဟု အရိပ်ထင်သည်။ သူ့မှာ လက်ထပ်မည့်သူ ရှိသားနှင့်။ ဘာမှအထင်ကြီးစရာ မရှိပါဘူး။ အရိပ် အောက်ထပ် ပြန်ဆင်းလာခဲ့၏။ မမမှုန်းက သူ့မနောက် ကပ်လိုက်လာသည်။

'လရောင်ရိပ်'

'ရှင်...'

'ညီမလေးကို မမက မုန့်ဖိုးပေးချင်လို့ပါ'

'ရပါတယ် မမမှုန်း၊ ကိစ္စမရှိပါဘူး၊ အရိပ်ကို မာမီကြီးက အပြည့်အစုံပေးထားပါတယ်'

'ပေးပေးကွာ၊ အရိပ်ရဲ့ ကြိုးစားမှုတွေ၊ သိတတ်လိမ္မာမှုတွေကို မာမီက ပြောပြောနေတာလေ၊ မမမှုန်း အရမ်းကူညီချင်တယ်၊ ယူပါ၊ ကိုယ့်အစ်မက ပေးတာပဲ'

'အရိပ်... အရိပ်လေ'

'မာမီ့ကို ပြောပြထားပြီးပါပြီ၊ ညီမလေးက သေသေချာချာကြည့်ရင် တကယ်ချောတာ၊ ဒါကြောင့် မမမှုန်းက ပြင်ဆင်ပေးချင်တယ်'

'ကျွန်မ ဒီလိုပဲနေချင်ပါတယ် မမမှုန်းရယ်၊ ပညာရေးပဲ အဓိကပါ၊ မာမီကြီးရဲ့တူမဆိုပေမယ့် အရိပ်က ဆင်းရဲပါတယ်၊ ပညာသင်ခွင့်ရရင်တောင် ကျေနပ်ပါပြီ'

'လိမ္မာလိုက်တာကွယ်၊ အဲဒီစိတ်ဓာတ်ကို မမမှုန်း အရမ်းလေးစားတယ်၊ မောင်ကတော့ နည်းနည်းလေးစိမ်းတယ်နော်

မောင်တဲ့။ မမမှုန်းကတော့ စေတနာပြည့်ဝတဲ့သူပဲ ဖြစ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပါ။ ခောင်ဆိုတဲ့အသုံးအနှုန်းတောင် ပြောဆိုနေကြပြီပဲ။ မိန်းမ တစ်ယောက်ကို ရလျက်သားနဲ့ ကိုရျာန် သစ္စာမရှိဘူး။ မမမှုန်း ရှေ့မှာ ရပ်နေတာပင် အရိပ် မလုံတော့။ အရိပ်အား ပိုက်ဆံ တစ်သိန်းပေးသည်။

'များလိုက်တာ မမမှုန်းရယ်၊ အဲဒီလောက် မလိုပါဘူး၊ အရိပ် မသုံးတတ်လို့ပါ'

'ယူထားပါ၊ ကျောင်းမှာ လိုအပ်တာတွေ ရှိချင် ရှိမှာ လေ၊ မမမှုန်း ပညာဒါနလုပ်တာပါ'

အရိပ် လက်ခံထားရသည်။ မမမှုန်းက အားပေးစကား တွေ ပြောပြီး ပြန်ထွက်သွား၏။ ရင်မောလိုက်တာ။ ဘယ်လိုလုပ် ရမလဲ။ မာမီကြီးရော မမမှုန်းရော အရိပ်အပေါ် ကောင်းလွန်းနေ သည်။ အရိပ်အပေါ် ရျာန်က စိမ်းနေတယ်တဲ့။ ရှင့်အရိပ်နောက် ကွယ်မှာတော့ စိမ်းသယောင်ယောင် မပတ်သက်သယောင်ယောင် လုပ်ပြနေတာပေါ့လေ။ အရိပ် အခန်းလေးထဲဝင်လာပြီး ငြိမ်ငြိမ် လေးထိုင်နေမိသည်။

◆ ◆ ◆



## (၁၀)

'အရိပ်'

'ရှင်...'

'သမီးလေးကို မှုန်းကပါ ချစ်နေတယ်၊ ကောင်းပါတယ်၊ ဘာပဲဖြစ်ဖြစ် မှုန်းလေးက သမီးလေးယောက်မဖြစ်လာမှာ၊ သမီး လေး ကပ်ထားနော်'

'ဟုတ်ကဲ့'

'အရိပ်လေးက အရမ်းလိမ္မာတယ်ကွယ်၊ မာမီကြီး ကြည့် တာနဲ့ သိပါတယ်၊ မဆည်းဆာကိုတောင် ကျေးဇူးတင်ရမယ်၊ မာမီကြီးအနား လရောင်ရိပ်လေးကို ပို့လို့ပေါ့'

မာမီကြီးကို အရိပ် ဆေးလိမ်းနှိပ်နယ်ပေးနေရင်း မာမီ ကြီး၏စကားတွေက အရိပ်နှလုံးသားတွေထဲ ထိုးနက်နာကျင်သွား စေသည်။ မာမီကြီးသားအကြောင်း ဖွင့်ပြောလိုက်ရင် ကောင်း မလားပဲ။ ကိုရျာန့်အခြေအနေက ပို၍အတင့်ရဲလာ၏။ လူတော့ ကွယ်တာနှင့် အရိပ်အား ကြင်နာသနားသလိုလို၊ ယုယသလိုလိုနှင့် ချစ်သည်ဟု ပြောချင်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'အရိပ်'

'ရှင်…'

'ပညာကိုလည်း ကြိုးစားနော်၊ မာမီကြီးမှာ ပိုက်ဆံတွေ အများကြီးရှိတယ်၊ လိမ္မာရင် အရိပ်လေးအတွက်ပါပဲ'

'အရိပ် ကြိုးစားနေပါတယ်၊ မာမီကြီး ဒီလောက်စောင့်ရှောက်ထောက်ပံ့ပေးနေတာပဲ ကျေးဇူးအရမ်းတင်ပါတယ်နော်၊ အရိပ် ကိုယ့်အစွမ်းအစနဲ့ပဲ အောင်မြင်ချင်ပါတယ်'

'အရိပ်လေးရယ်၊ လိမ္မာလိုက်တာ၊ မာမီကြီးက လူတွေကို သိပ်မယုံတော့ဘူး၊ မာမီကြီး ဘယ်လောက်ပဲကောင်းကောင်း မာမီကြီးအပေါ် မကောင်းကြလို့လေ'

အရိပ် ကြောက်မိသည်။ မာမီကြီးက လိမ္မာတယ်ပြောလေ အရိပ် စိုးရိမ်ထိတ်လန့်လေပဲ။ ကိုဈာန့်ကို ရှောင်ရမယ်၊ အရိပ် ဘယ်လိုတားဆီးရမှန်းမသိ။ ဒေါ်လေးမကလည်း ကိုဈာန်ဆို လူတော်လူကောင်းအဖြစ် ချီးမွမ်း၍မဆုံးတော့။ အရိပ် ဘယ်လိုဖွင့်ပြောပြရမလဲ။ ပြဿနာတွေ ပို၍ရှုပ်ထွေးသွားမှာလည်း ကြောက်ရ၏။ အရိပ်က သူများအိမ်မှာ ခိုကပ်နေရတာပါ။ အရှုပ်မလေးအဖြစ် မာမီကြီး မုန်းသွားမှာ၊ ရွံသွားမှာ အရိပ် စိုးရိမ်ထိတ်လန့်နေရသည်။

'သမီးလေး… သွားနားတော့၊ မနက် ကျောင်းသွားရဦးမယ်လေ'

'မာမီကြီး အိပ်ပျော်သွားမှ သွားပါ့မယ်၊ ရပါတယ် အရိပ် ကျေးဇူးဆပ်ပါရစေ'





မာမီကြီး အိပ်ပျော်သွားတဲ့အထိ အရိပ် သေသေချာချာ နှိပ်နယ်ပေးသည်။ မေမေ နေမကောင်းဖြစ်တော့လည်း အရိပ် ပြုစုပေးနေရတာပါပဲ။ မာမီကြီးရယ်။ အရိပ် ကံဆိုးတာပါပဲ။ မိခင်တစ်ယောက်လို စောင့်ရှောက်မယ့် မာမီကြီးရှိနေတော့လည်း မာမီကြီးသားက အကောက်ကြံစည်နေသည်။ မာမီကြီး အိပ်ပျော်သွားသဖြင့် အရိပ် စောင်ပါးပါးလေးခြုံပြီး ထွက်လာခဲ့သည်။ ဒေါ်လေးမလည်း အိပ်ပျော်နေ၏။ အလုပ်ပင်ပန်း၍ အရိပ် ခြေသံဖွဖွလေးနှင့် မီးဖိုခန်းထဲဝင်လာသည်။

'ဟင်… ရှင် ဘာလုပ်နေတာလဲ ကိုဈာန်'

'ကိုယ် ရေသောက်ချင်လို့ လာရှာတာပါ အရိပ်၊ မင်းက ဘာဖြစ်တာလဲ၊ ထိတ်ထိတ်လန့်လန့်နဲ့ ကိုယ်က သရဲလား'

'ရုတ်တရက်ကြီးတွေ့လိုက်ရတော့ ကြောက်သွားတာပါ၊ ကျွန်မ မာမီကြီးကို ဆေးလိမ်းပေးနေတာပါ'

'ဒီအချိန်အထိလား'

'ဟုတ်ကဲ့'

'မင်း အိပ်တော့လေ၊ မနက်ကျောင်းတက်ရမှာ'

'ဟုတ်ကဲ့'

'စာကြိုးစားနော်၊ ကောင်မလေး'

'ဟုတ်ကဲ့'

သူမ ခေါင်းလေးကိုပုတ်ပြီး အေးအေးဆေးဆေးထွက်သွား၍ တော်ပါသေးရဲ့။ ဒီလိုဆိုတော့လည်း ကိုဈာန် စိတ်မကောင်းဝင်နေသည်။ သူ ရေတွေယူပြီး ထွက်သွားမှ အရိပ်



www.burmeseclassic.com

www.burmeseclassic.com



အသက်ကို ရှဲရှဲရှူရဲတော့၏။ သူမ အိပ်ခန်းလေးထဲ ပြေးဝင်လာပြီး တံခါးကို လော့ခ်ချပစ်လိုက်သည်။

'အမလေး… အသက်ရှူတောင် မှားတော့မယ်၊ သေချင်တာပဲ၊ ဒုက္ခပါပဲနော်'

အရိပ် ရင်တွေတုန်ပြီး ခန္ဓာကိုယ်လေးတစ်ခုလုံး တုန်ယင်နေသည်။ သူ ဘာလာလုပ်တာလဲ။ ရေမရှိလို့တဲ့။ ဟုတ်တော့ ဟုတ်၏။ ချာန့်အခန်းထဲ ရေဖြည့်ပေးရဦးမယ်တဲ့။ အရိပ်ကလည်း သူ့အခန်းထဲ ယောင်၍ပင် မဝင်မိ။ ရေတကယ်ဆာလို့လား တမင်အကွက်ချောင်းဖို့ ရောက်လာတာလား ကြောက်နေသည်။

'အရိပ် အိပ်မက်ဆိုးတွေ မမက်ပါစေနဲ့၊ သူများ မကောင်းကြံစည်နေတာလည်း တားဆီးပေးပါ'

အရိပ် ဘုရားရှိခိုးရင်း ဆုတောင်းနေမိသည်။ ကြောက်လိုက်တာ။ ရင်တွေခုန်နေဆဲ။ ယောကျ်ားတစ်ယောက်ရဲ့ အထိအတွေ့တွေကို ပထမဆုံး စတင်ခံစားမိ၍လား မသိ။ အရိပ် နှလုံးသားတွေ ဖြောင်းဆန်အောင် တုန်လှုပ်နေသည်။ ညဥ့်နက်မှ သူမ အိပ်ပျော်သွား၏။ ဒေါ်လေးမ လာနှိုးမှ လန့်နိုးသွားသည်။

'အရိပ်လေး'

'အရိပ်'

'ဟင်…'

နေမြင့်နေပြီ။ အရိပ် ကျောင်းသွားရမယ်။ သူမ အပြင်ထွက်လာသည်။





'ညက ညဥ့်နက်တယ်ထင်တယ် အရိပ်၊ တော်သေးတာပေါ့၊ ချာန့် သတိလာပေးလို့၊ ဒေါ်လေးမလည်း မေ့နေတာ'

'ကိုချာန့်က…'

'အခုပဲတက်သွားတယ်၊ လရောင်ရိပ် ကျောင်းတက်ရမယ်၊ နောက်ကျနေပြီ၊ သတိပေးလိုက်ပါဦးတဲ့'

အရိပ်အတွက် အစစအရာရာ စိတ်ပူပင်ပေးနေသည်။ ဒါက မြူခွယ်ဖြားယောင်းမှုတစ်ခုပဲဟု အရိပ် မြင်နေ၏။ ရိုးသားမှု မဟုတ်ပါဘူး။ ကိုချာန့်နဲ့ ဘာဆိုင်လို့လဲ။ မိန်းကလေးတစ်ယောက်နှင့် လက်ထပ်တော့မည့် ယောကျ်ားတစ်ယောက်လုပ်နေတာ အကောက်ကြံစည်နေတာပဲ ဖြစ်သည်။

'အရိပ် ရေချိုးခန်းထဲ ဝင်တော့မယ်'

'အေး… အေး…'

တကယ်တော့ မာမီ့ဆီက ပြန်လာပြီး အရိပ် အိပ်မပျော်ပေ။ သူ့ကြောင့်ပါပဲ။ အရိပ် ရေချိုးသည်။ အဝတ်အစားလဲပြီးတော့ မနက်စာစားဖို့ မာမီကြီးနှင့် ကိုချာန့်လည်း ရောက်လာ၏။ အတူတူစားကြဖို့ မာမီကြီးက ပြောသည်။

'အရိပ်လေးက မာမီကြီးသမီး ဖြစ်နေပြီပဲ၊ ခွဲခြားမနေတော့ပါဘူး၊ အတူတူစားသောက်ကြမယ်လေ'

'ဟို… အရိပ် မစားတတ်လို့ပါ၊ တောင်းပန်ပါတယ်၊ အရင်စားကြပါ'

'မဟုတ်တာ အရိပ်ရယ်၊ မာမီကြီး စိတ်မကောင်းအောင် မလုပ်ပါနဲ့၊ လာ… ထိုင်'



www.burmeseclassic.com

www.burmeseclassic.com



ကိုချာန်ကတော့ ဘာမှမပြောဘဲ ဒေါ်လေးမ ချာန့်အတွက် ထည့်ဆိုပြီး အရင်စားနေသည်။ လူရှေ့မှာတော့ တည်တင်းပြီး စိမ်းနေလိုက်တာ။ ရှင် တော်တော်ဟန်ဆောင်ကောင်းတာပဲ။ ကြောက်စရာကောင်းတယ်။ အရိပ်ကိုပဲ အဖက်မတန်သလိုလို၊ စိတ်မဝင်စားသလိုလို။ သူက ပြီးတော့ ထထွက်သွားသည်။

'ချာန်က နည်းနည်းတော့တည်တယ်၊ သမီးလေး ဘာမှမစိုးရိမ်နဲ့နော်၊ သူက ဒီလိုပဲနေတတ်လို့ပါ၊ စိတ်သဘောထားပြည့်ဝပြီး လူတိုင်းအပေါ် ကူညီတတ်ပါတယ်'

မာမီကြီးကတော့ သူ့သားအကြောင်းမသိဘဲ ပြောနေသည်။ ကြိတ်ပုန်းခုတ်ချင်တဲ့ လူတစ်ယောက်ရဲ့ ပီပြင်တဲ့ သရုပ်ဆောင်ပြနေမှုတွေပါ။ အရိပ် ဝင်ထိုင်ပြီးစားသည်။

'မိသားစုလိုပဲ ရဲရဲတင်းတင်းနေစမ်းပါကွယ်၊ အားမနာနဲ့၊ မာမီကြီးမှာ သမီးတစ်ယောက်ရှိတာ ဘယ်လောက်အားရှိလဲ'

အရိပ်လေး အရမ်းလိမ္မာတယ်။ မိမိတောင် စိတ်ပူပြီး ဆံပင်ရှည်ရှည်တွေ ဖြတ်ပစ်မိတာ နောင်တရနေသည်။ လူကြီးမိဘကိုလည်း ရိုသေတတ်တယ်။ ကျနေ့ရှိလိုက်တာ။ သားချာန်ကြောင့်ပါ။ အိမ်ဖော်မျိုးရိုးဖြစ်နေတာပဲ အပြစ်ရှိ၏။ ချောလိုက်တာ။ မြင်ရသူတိုင်း ငေးရမလောက်ပဲ။ အဝတ်အစား အပြင်အဆင်တွေ ပြောင်းသွားတော့လည်း ပိုမိုလှပချောမောလာသည်။ သားချာန်က စိတ်တောင်မဝင်စားဘူး။ မိမိသိသင့်တယ်။ အရိပ်ကလေးလို သမီးလေးတစ်ယောက် မိမိအနားမှာရှိနေတာ အားရှိ





တယ်။ နိမ်ချဆက်ဆံမနေတော့ပါဘူး။ သမီးအဖြစ်ပဲ သတ်မှတ်ပြီး စောင့်ရှောက်မယ်။ အရိပ်လေးကို တစိမ့်စိမ့်ကြည့်မိသည်။

'သမီး ကျောင်းချိန်နောက်ကျတော့မယ် ထင်တယ်၊ ညည်းအစ်ကို စောင့်နေပြီ'

'မာမီကြီး'

'ပြော'

'အရိပ်လေ ဘတ်စ်ကားနဲ့ သွားချင်ပါတယ်၊ အပြန်လည်း ဘတ်စ်ကားနဲ့ ပြန်ပါရစေနော်၊ အစ်ကိုကြီးကို အားနာလို့ပါ'

'အမလေး… အရိပ်ရယ်၊ ဘာမှအားနာစရာမလိုပါဘူး၊ ကိုယ့်အစ်ကိုလိုပဲ သဘောထား၊ အားမနာနဲ့၊ ဘတ်စ်ကားစီးလို့ ဘယ်ဖြစ်မလဲ၊ မာမီ့သမီးလေ'

'အရိပ် အဲဒီလိုကြီးနေရတာ စိတ်ကျဉ်းကျပ်လို့ပါ၊ ကားကြီးနဲ့ ကျောင်းတက်ရတာလည်း စိတ်မလုံလို့'

'အရိပ်ရယ်… မာမီကြီး စိတ်မကောင်းအောင် မလုပ်ပါနဲ့၊ ကားနဲ့ပဲသွားပါ၊ သားချာန် လက်ထပ်သွားတော့လည်း မာမီကြီး ဒရိုင်ဘာငှားမယ်၊ အရိပ်လေးလည်း သင်ထားလေ၊ မဖြစ်ပါဘူး၊ သားကို သင်နိုင်းဦးမှပဲ'

'အို… မလုပ်ပါနဲ့၊ အရိပ် မသင်ချင်ပါဘူး၊ ကြောက်တယ်၊ မောင်းရဲမှာလည်း မဟုတ်ပါဘူး မာမီကြီး'

'ဘာဖြစ်လို့ မမောင်းရဲရမှာလဲ၊ သင်ထားရမယ်၊ ကြောက်ဆို အရိပ် ကိုယ့်ဘာသာကိုယ် ကားနဲ့သွားလို့ရပြီလေ၊ မာမီကြီး



www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းတွေ ဘုရားတွေသွားချင်ရင်လည်း အရိုပ် ပို့ပေးလို့ရတာပေါ့၊ မာမီကြီးက လူစိမ်းတွေကို မယုံဘူး'

'အရမ်းလောမကြီးမိနဲ့ဦးနော်၊ အရိုပ်မှာ သတ္တိမရှိသေးလို့ပါ'

သူ့သားကို ကားမောင်းသင်ပေးခိုင်းမလို့ဆိုတော့ အရိုပ် အကြောက်အကန်ငြင်းမိသည်။ မသင်ချင်ပါဘူး။ မာမီကြီးသားနှင့် ပတ်ပတ်သက်သက်မလုပ်ချင်ပါဘူး။ ကျောင်းသွားဖို့ထွက်လာတော့ သူစောင့်နေ၏။ ခြံထဲမှာ အရိုပ်ကို ဘယ်တော့မှ ရှေ့ခန်းပြောင်းမထိုင်ခိုင်းပေ။ လမ်းကျူရင်ရပ်ပြီး ရှေ့ခန်းမှာထိုင်စေသည်။

'ကျွန်မ နောက်ခန်းမှာပဲ ထိုင်ပါရစေ'

'ပြောင်းကွာ၊ မိန်းကလေးတစ်ယောက်ကို နောက်ခန်းမှာထားပြီး မောင်းနေရင် ပတ်ဝန်းကျင်က အထင်သေးတယ်ကွ'

သူက အတင်းအကျပ်ပြောင်းခိုင်းတော့လည်း အရိုပ် ပြောင်းရပြန်သည်။ စိတ်ရှုပ်လိုက်တာ။ မာမီကြီးသားနှင့်ပတ်သက်နေရတာ အရိုပ် စိတ်ညစ်နေရ၏။ လူတွေရှေ့မှာ မျက်နှာထားကြီးတင်းနေတာ အမြင်အကတ်ဆုံးပင်။ အရိုပ် စကားမပြောဘဲ ထိုင်နေသည်။

'လရောင်ရိပ်'

သူမ ဘာမှတုံ့ပြန်မနေတော့ဘဲ ငြိမ်နေသည်။ လူကွယ်ရင်တော့ စကားတွေပြောနေသည်။

'မင်းကို ကားမောင်းသင်ပေးဖို့ မာမီက တာဝန်ပေးနေတယ်'





'မသင်ချင်ပါဘူး၊ ကျွန်မ ကားလည်းမမောင်းရဲပါဘူး၊ မသင်ဘူး'

'သင်ရမယ်၊ မင်းငြင်းရင်လည်း အတင်းအကျပ် သင်ပေးရမယ်တဲ့၊ မာမီက ပြောတာ'

'မသင်ပါဘူးဆိုမှ၊ ကျွန်မ ကြောက်တယ်၊ ကားမမောင်းရဲဘူး'

'ဘာမှမဖြစ်ပါဘူးကွ၊ သင်ပေးမယ်'

'ကျွန်မ ကြောက်တယ်၊ သတ္တိမရှိပါဘူးဆိုမှ မသင်ဘူး'

'သင်ပေးမယ်ကွာ၊ လိုအပ်တာပဲ၊ ဒီကောင်မလေးက သားကို ကြောက်နေတာတဲ့၊ သားမျက်နှာကြီး တင်းမနေနဲ့တဲ့'

လရောင်ရိပ်ကို စတွေ့ကတည်းက မာမီ လက်ခံလိုက်ပါစေလို့ ဆုတောင်းနေခဲ့တဲ့ ကိုယ့်စေတနာ မေတ္တာတွေကို မင်း ဘာလို့အသိအမှတ်မပြုချင်ရတာလဲကွာ။ မင်းအတွက် မင်းဘဝတွေတိုးတက်အောင်မြင်စေဖို့ မာမီယုံကြည်အောင် ကိုယ်နေပြတာလေ။ တကယ်တော့ မင်းနဲ့ စကားလေးတွေပြောပြီး မင်းမျက်နှာလေးကို ငေးကြည့်နေချင်တယ်။ လရောင်ရိပ်က သူ့ကို ရှောင်နေသည်။ ဈာန် နေမထိထိုင်မသာနှင့် လရောင်ရိပ်အား ပွေ့ဖက်နမ်းရှိုက်ချင်လာ၏။ မာမီက သမီးတစ်ယောက်ကဲ့သို့ သတ်မှတ်ပြီး ဝတ်စားပြင်ဆင်စေ၍ လရောင်ရိပ် နုပျိုလှပနေသည်။

'ကိုယ် မာမီ့ကိုပြောခဲ့တယ်၊ ညနေ အရိပ်ကိုခေါ်ပြီး ကားမောင်းသင်ပေးလိုက်ပါ့မယ်လို့'



www.burmeseclassic.com

www.burmeseclassic.com



'အို… ဒုက္ခပါပဲ၊ မသင်ချင်ပါဘူးဆိုမှ၊ ကျွန်မ သတ္တိ မရှိဘူးနော်၊ ဒရိုင်ဘာငှားပါလား'

'မင်း ကားမောင်းဖို့ သတ္တိမရှိတာလား၊ ကိုယ်သင်ပေးမှာကို ကြောက်လို့လား၊ ပြောလေ'

'နှစ်ခုစလုံးပဲ'

အရုပ် အမြင်ကတ်လာသဖြင့် ကြောက်ကြောက်နှင့် ခပ်ပြတ်ပြတ်ပဲ ပြောမိသည်။

သူလုပ်နေပုံက အရိပ် ဘယ်လောက်အထိ စိတ်ဆင်းရဲရလဲ။ တင်းတင်းမာမာပြောဖို့ကလည်း မဖြစ်သေးပေ။ အရိပ်မှာ ပြေးစရာမြေမှ မရှိတာ။ မျက်နှာလေး သုန်မှုန်နေသည်။

'ဟော့…'

'အမလေး…'

'မင်း ဘာဖြစ်နေတာလဲ၊ ကိုယ့်ကို ဘာဖြစ်လို့ ဒီလောက်အထိ ကြောက်နေရတာလဲကွာ'

'ကားကို ဂရုစိုက်မောင်းပါ ကိုချာန်'

'မင်း ဘာမှမဖြစ်စေရပါဘူး၊ မင်းဘဝအတွက် ကိုယ်အာမခံပါတယ်၊ ကားမောင်းတော့ သင်ရမယ် လရောင်ရိပ်'

လရောင်ရိပ်ရဲ့ ရိုးသားဖြူစင်တဲ့ မျက်ဝန်းလေးကို နှစ်နှစ်သက်သက် စိုက်ကြည့်နေမိသည်။ ချာန့်လို သူဌေးသားတစ်ယောက်ကို ရိုးသားစွာဆက်ဆံနေ၏။ ကျေးဇူးသိတတ်လွန်းသည်။

'လရောင်ရိပ်ရယ်… ကိုယ့်ကို မကြောက်ပါနဲ့၊ မာမီက မင်းစိတ်တွေ သတ္တိရှိစေချင်တယ်၊ လူဝင်ဆန့်စေချင်တယ်၊ မင်းကို အရမ်းအားကိုးနေတာလေ'





'ကျွန်မ ကားမောင်းတော့ မသင်ချင်ဘူး'

'သင်ရမယ်'

'ဒုက္ခပါပဲ'

သူ ကားကို လမ်းဘေးမှာထိုးရပ်လိုက်တော့ လရောင်ရိပ် ထိတ်ထိတ်ပျာပျာနှင့် မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်သွားသည်။

'ဘာဖြစ်လို့ ရပ်တာလဲ၊ ကျွန်မ ကျောင်းချိန်နောက်ကျတော့မယ်နော်'

'မင်း ကားမောင်းသင်မယ်ဆိုမှ ဆက်မောင်းမယ်၊ ငြင်းနေသရွေ့ ရပ်ထားမှာနော်'

အရိပ်က ကားတံခါးကိုဖွင့်ဖို့ပြင်တော့ ကိုချာန်က သူမလက်လေးအား ဆတ်ခနဲဆုပ်ကိုင်လိုက်သည်။

'ဘာလုပ်တာလဲ၊ လွှတ်ပါ'

'ပြောလေ… ကားမောင်းသင်မှာလား'

'အရိပ် တောင်းပန်ပါတယ်နော်၊ ပတ်ဝန်းကျင်နှင့်က အမြင်မှာ မသင့်တော်လို့ပါ၊ အရိပ် အငှားကားနဲ့ပဲ သွားပါရစေ'

'မာမီ ဘာပြောထားလဲ၊ မင်းကို လေ့ကျင့်ပေးဖို့ ကိုယ် တာဝန်ယူထားတယ်၊ ငြင်းဖို့မစဉ်းစားနဲ့'

သူ ကားကိုဆက်မောင်းလာခဲ့သည်။ မတတ်နိုင်ဘူး လရောင်ရိပ်ရ။ မင်းနဲ့အတူတူ သွားလာနေရတာရယ်၊ မင်းကို လိုအပ်တာတွေ ဖြည့်စွမ်းပေးနေရတာ ကိုယ်ပျော်တယ်။ မင်းနဲ့ မတွေ့ရရင် တစ်စက္ကန့်လေးတောင် ကိုယ် မနေနိုင်တော့ဘူး။ လရောင်ရိပ်ရဲ့ မျက်နှာလေးကိုကြည့်ပြီး ရယ်သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

ကျောင်းဆင်းချိန်မှာ အရိပ် ဘယ်ထွက်ပြေးရင် ကောင်း မလဲဟုပင် တွေးနေမိသည်။ သူ ဘယ်ကိုခေါ်သွားပြီး ကားမောင်း သင်ပေးမှာလဲ။ အရိပ် အတွေးနှင့်ပင် ရင်တွေတုန်နေ၏။ ဘယ်လို လူလဲ။ အတင်းအကျပ်ကြီး။ မာမီကြီးကို အယုံသွင်းပြီး အရိပ် နှင့် ရင်းနှီးမှုကိုယူနေတာ။ ထွက်ပြေးချင်တယ်။ ကိုဈာန်နဲ့ ဝေးရာ ကိုပါ။ မမမှုန်းကို ဖုန်းဆက်ပြီး ကိုဈာန်ကို ခေါ်ပါ။ အရိပ် ကားမောင်းမသင်ချင်ဘူးလို့ပြောရရင် ကောင်းမလား။ ဘာမှန်း မသိဘဲနှင့် မမမှုန်းဆီလည်း မဆက်ချင်။ ကျောင်းမှာ နာမည်ကြီး ကာ လာကြိုက်ကြတဲ့ ယောကျ်ားလေးတွေ အများကြီးပဲ။ ရှောင် နေရသည်။

'လရောင်ရိပ်…မနက်က လာပို့တာ မင်းအစ်ကိုလား၊ ဘာလဲ'

'နင်တို့နဲ့ ဘာဆိုင်လို့လဲ'

'မေးကြည့်တာပါ၊ ဒီလူက အရမ်းဂရုတစိုက်နဲ့ ကြင် ကြင်နာနာရှိလို့ပါ'





'အစ်ကို'

သူမ ထွက်လာခဲ့သည်။ အပြင်မှာ ကိုဈာန်က ရောက်နေ ၏။ အရိပ် ခြေလှမ်းတွေပင် မှားချင်လာသည်။ ဘယ်လိုလုပ်ရ မလဲ။ အရိပ်စိတ်တွေ လှုပ်ရှားလို့ သေတော့မယ်။ ကျောင်းသား တွေကလည်း အကဲခတ်သလိုလို တကြည့်ကြည့်။ ကားနားရောက် အောင် အရိပ် အတော်လေးထိန်းပြီး လျှောက်လာရသည်။

'လရောင်ရိပ်'

'ဟင်…'

'မင်းနောက်ကနေ ပါလာတဲ့ကောင်လေးတွေက ဘာတွေ လဲ'

'မသိပါဘူး၊ အရိပ်နဲ့လည်း ဘာမှမဆိုင်ပါဘူး'

'ဆိုင်တယ်'

ကျောင်းသားအုပ်စုက လရောင်ရိပ်နောက်ကို လိုက်လာ ကြတာ သေချာသည်။ ဈာန့်ကိုလည်း အကဲခတ်နေကြ၏။ ဈာန် ဒေါကန်လာသလိုပင်။ လရောင်ရိပ် ကျောင်းတက်တာတောင် မကြာသေးဘူး။ ရှုပ်ချင်တာလား။ သူ ကားကို ဝေါခနဲမောင်း ထွက်လာသည်။

'ဟိုကောင်တွေက မင်းနောက်ကိုလိုက်နေတာ မဟုတ် လား လရောင်ရိပ်'

'မဟုတ်ပါဘူး၊ ကိုဈာန် လာကြိုနေတာ စပ်စုချင်ကြလို့ ပါ၊ ဘာတော်လဲတဲ့'

'မင်းက ဘာပြောလိုက်လဲ'



www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုလို့'

'ဘာ…'

'အစ်ကိုပဲဟာ၊ ဘာဖြစ်လို့ ဒီလောက်အထိ ဒေါသတကြီး ဖြစ်နေရတာလဲ'

'ကိုယ်က မင်းအစ်ကိုမှ မဟုတ်တာ၊ မင်းကို စိတ်ဝင်စား နေတဲ့ကောင်တွေ သံသယရှင်းသွားအောင် အစ်ကိုလို့ပြောတာ မဟုတ်လားကွ'

အရိပ်က ကိုဈာန့်ကို အစ်ကိုလို့မပြောဘဲ ချစ်သူလို့ ပြောရမှာလား။ ဒေါသတွေပြည့်နေတဲ့ မျက်လုံးတွေနှင့်ကြည့် သည်။ ကိုဈာန်ရဲ့ ကြင်နာရိပ်တွေ လွှမ်းနေတဲ့ မျက်ဝန်းရူးရူး ကြောင့် အရိပ်စိတ်ထဲမှာ မွန်းကျပ်ပိတ်လှောင်လာရ၏။ ကိုဈာန် လွန်နေပြီ။ အကြီးဆည်းဆာ ပြန်လာရင် အရိပ် ပြန်လိုက်သွား တော့မယ်။ မာမီကြီးဆီမှာ ဆက်မနေချင်တော့ပေ။ ဘယ်မှာလုံခြုံ လို့လဲ။ သူက ကားကို ကားမောင်းလေ့ကျင့်ကွင်းတစ်ခုသို့ မောင်းလာသည်။

'လံရောင်ရိပ်'

'ရှင်…'

'ဟုတ်တယ်၊ ကိုယ်က မင်းအစ်ကိုပဲ မှန်ပါတယ်၊ အဲဒီ လိုပဲဖြေပါ၊ ဒါပေမဲ့ မင်း ချစ်သူရည်းစားထားဖို့တော့ လုံးဝ မစဉ်းစားနဲ့နော်'

'ရှင်…'

'ဘာရှင်လဲ'





အော်ပစ်လိုက်တာ ပတ်ဝန်းကျင်က လူတွေပင် အထိတ် တလန့်နှင့် ကြည့်နေကြသည်။ အရိပ် ရှက်လိုက်တာ။ ပတ်ဝန်း ကျင်က ဘယ်လိုထင်မလဲ။ မမမှုန်းသိသွားရင်လည်း မကောင်း ပါဘူး။ မောင်နှမဝမ်းကွဲပြောထား၍ မမမှုန်း ဘာမှမပြောဘဲနေရင် တောင် အမှန်တွေကိုသိနေတဲ့ အရိပ် မလုံမလဲနှင့် မျက်နှာပူသည်။

'မင်းကို အရင်ဆုံး ဂီယာထိုးနည်း သင်ပေးမယ်'

'ရှင်…'

'လာပြန်ပြီ ဒီရှင်'

'ဟို… ဟို…'

'ဘာလဲ'

'ကားကို ဂီယာမထိုးရဘဲ မောင်းတဲ့ကား မရှိဘူးလား'

'မရှိဘူး'

သူ… သူ အရိပ့်လက်ကိုကိုင်တော့မယ်။ တမင် အခွင့် အရေးယူဖို့ ဖန်တီးတာပဲ။ အရိပ် ကားမောင်းမသင်ပါဘူးဆို တော့လည်း ပြောမရ။ သေချင်တယ်။ အသက်ရှူကျပ်ပြီး ဇော ချွေးတွေပင် ပျံလာသည်။

'ကားမောင်းတဲ့အခါ ဂီယာက အရေးအကြီးဆုံးပဲ၊ လွယ် တော့ လွယ်ပါတယ်၊ လာ…'

'အမေ့'

'ဘာလဲ'

'မဟုတ်ပါဘူး'

အရိပ့်လက်လေးပေါ် သူ့လက်တွေ အုပ်မိုးလိုက်၍ အရိပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ခန္ဓာမှာရှိနေတဲ့သွေးတွေ ရုတ်တရက် အရှိန်အဟုန်ကြီးစွာ ဝေါခနဲစီးဆင်းလာတဲ့ ရေတံခွန်လို အရိပ်ရင်ကို ပြင်းထန်စွာ လာရိုက်ခတ်သွားသည်။ ယောကျ်ားလေးတွေနှင့် ကင်းကင်းရှင်းရှင်းနေတတ်တဲ့ အရိပ် ဆောက်တည်ရာမရအောင်ပင် ရင်ခုန်မြန်လာ၏။ သူ ဘာတွေပြောနေတာလဲ မသိဘူး။ နားတွေလည်း ဆူဝေနေသည်။

မာမီကြီးသားကို မယုံပါနဲ့။ မမမွန်းကိုတော့ အတိအလင်းလက်ထပ်ယူပြီး အရိပ်ကိုတော့ အပျော်ကြံစည်နေတာပါ။ သူ လုံးဝမရိုးသားဘူး။ အကြောင်းရှာပြီး ထိတွေ့နေတာ။ ရှင့်မျက်လုံးတွေထဲမှာ ရမ္မက်တွေ။ အရိပ် ဘယ်လိုရှောင်ပစ်ရမလဲ။ မမမွန်း ဖုန်းဆက်ပါရစေ။ ခေါ်ပါစေ။ အရိပ် အသက်ရှုရပ်ပြီး သေတော့မယ်။ မာမီကြီးဆီက အခွင့်အရေးတွေ ဘာမှမလိုချင်ဘူး။ အကြီးဆည်းဆာရေ အရိပ်ကို လာပြန်ခေါ်ပါ။ နေရောင်က တဖြည်းဖြည်း အမှောင်ဘက်သန်းလာတော့ အရိပ် စိုးရိမ်ထိတ်လန့်မှုတွေ ပိုကဲကြီးထွားလာသည်။

'ပြန်… ပြန်မယ်'

'မင်း ဘာဖြစ်နေတာလဲ၊ ကိုယ် သင်ပေးနေတာတွေလည်း အာရုံမစိုက်ဘူး။ လက်တွေအေးစက်နေပါလား၊ ချွေးစေးတွေပျံနေတယ်'

'ဟုတ်တယ်၊ အရိပ်… အရိပ် ကြောက်လို့ပါ၊ ကားမောင်းဆက်မသင်ပေးပါနဲ့တော့နော်'

'လရောင်ရိပ်ရယ်'





လရောင်ရိပ်ကိုကြည့်ပြီး ဈာန် အရမ်းသနားသွားသည်။ ကြည့်ပါဦး။ မျက်ဝန်းလေးတွေ ဖြူဖျော့နေတာပဲ။ လက်လေးတွေက အေးစက်နေ၏။ ကြောက်နေတာလား။ ဟိုကောင်တွေက အရိပ်အား လိုက်ကြောင်ချင်နေတာ သူ သတိထားမိ၍ စိတ်မချဖြစ်နေသည်။

'မင်း မသင်ချင်ဘူးဆိုရင်လည်း ပြန်ကြမယ်၊ ကိုယ့်ကို ဒီလောက်အထိ မကြောက်ပါနဲ့ကွာ၊ မင်းအစ်ကိုတစ်ယောက်လိုပဲ သဘောထားလိုက်ပါတော့'

'အင်း…'

'အရိပ်'

'ရှင်…'

'ပညာရေးကလွဲပြီး တခြားကိစ္စတွေ စိတ်မဝင်စားနဲ့နော်၊ ကောင်မလေးရယ် သနားစရာကောင်းလိုက်တာ၊ ကြည့်ပါဦး၊ မျက်နှာလေးပေါ်မှာတောင် သွေးမရှိတော့ဘူးပဲ'

ဈာန် သနားသွား၍ အရိပ်အပေါ် သူ လွန်ကဲစွာဂရုစိုက်မိသွားကြောင်း အသိတွေဝင်လာသည်။ သတိနဲ့ထိန်းချုပ်ပြီး သူ ပြန်လာခဲ့၏။ လောကကြီးထဲမှာ ကိုယ်ဖြစ်ချင်တာတွေ ဘာဖြစ်လို့များ မဖြစ်ရတာလဲကွာ။ လာရောင်ရိပ်ကို ထိတ်ထိတ်လန့်လန့်နှင့် ဘဝခရီးကို ရင်မဆိုင်စေလိုပေ။ ဈာန့်စေတနာတွေက လွန်ကဲနေသည်။

'မင်း ပျော်ပျော်ရွှင်ရွှင်နေပါ လရောင်ရိပ်၊ ကိုယ့်ရင်ထဲက



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒပါ၊ နောက်ဆို မင်းမကြိုက်တာတွေ ကိုယ် မလုပ်တော့ပါဘူး၊ ပျော်ပျော်နေပါ၊ မကြောက်နဲ့နော်'

'ဟုတ်ကဲ့'

'အရိပ်က ကိုယ့်ညီမလေးပါပဲ'

ညီမလေးတစ်ယောက်လိုပဲ သတ်မှတ်ထားလိုက်ပါပြီ လရောင်ရိပ်ရယ်။ ကိုယ့်ရင်ထဲကအချစ်တွေကို ထာဝရသိမ်းဆည်းထားလိုက်ပါတော့မယ်။ မှုန်းကို လက်ထပ်မယ်။ ဒါမှ လရောင်ရိပ် စိတ်လွတ်လပ်မှာ။ သူ့ရဲ့ အလွန်အမင်းဂရုစိုက်မှုတွေကြောင့် မင်း ကြောက်လန့်နေရတာပါ။ ကိုယ် ထိန်းချုပ်ပါ့မယ်။ ငြိမ်ကုပ်နေတဲ့ ကောင်မလေးက သူ့ကို မကြည့်။ အပြင်ဘက်ကိုပဲ ကြည့်နေသည်။

'ကိုယ့်ကို ရှောင်နေဦးမှာလား လရောင်ရိပ်'

'ဟင့်အင်း... မရှောင်ပါဘူး အစ်ကိုကြီး'

'အစ်ကိုကြီးတဲ့လား၊ ဟား... ဟား... ဟား...'

ကြောက်ကြောက်လန့်လန့်နှင့် အစ်ကိုကြီးဖြစ်သွား၍ ချာန် ရယ်ပစ်သည်။ လရောင်ရိပ်မျက်နှာလေးလည်း ပြုံးယောင်သမ်းပြီးမှ ပြန်တည်သွားသည်။

'ကောင်းပါတယ် လရောင်ရိပ်၊ အစ်ကိုကြီးပဲ ခေါ်ပါ၊ မင်းအတွက် အစ်ကိုကြီးပါပဲလေ'

လရောင်ရိပ်အပေါ် ညီမလေးတစ်ယောက်လို သဘောထားတော့မယ်။ မှုန်းနဲ့ လက်ထပ်မယ်။ ဘာမှပြောမနေဘဲ ကားကိုမောင်းလာခဲ့သည်။





'သားတို့ကား လှေကျင့်ကွင်းကို သွားနေကြတာလား၊ အရိပ်လေး ဘယ်လိုနေလဲ'

'မာမီ့သမီးက ကြောက်နေတယ်၊ ကားမမောင်းနိုင်ပါဘူး၊ ဒရိုင်ဘာပဲ ငှားပေးလိုက်ပါ'

'အင်းလေ... အရိပ်လေး ကြောက်နေရင်လည်း မသင်ပေးပါနဲ့တော့လေ၊ သားကို မှုန်း ရှာနေတယ်၊ စေ့စပ်ပွဲအတွက် စီစဉ်စရာရှိတာတွေ စီစဉ်ဖို့လေ'

'ဟုတ်လား မာမီ၊ ချာန် အခုပဲ ဖုန်းဆက်လိုက်ပါ့မယ်'

'အေးကွယ်... ညီမလေးကို ကားမောင်းသင်ပေးနေတယ်လို့ပြောတော့ ကောင်းတယ်၊ မှုန်းလည်း အရိပ်လေးကိုချစ်တယ်တဲ့'

ချာန် အပေါ်တက်လာပြီး မှုန်းဆီကို ဖုန်းဆက်သည်။ စေ့စပ်ပွဲအတွက်ဆိုတော့ သူ ရင်လေးသွားရ၏။ ကိုယ်တို့ တကယ်ပဲ ဝေးကြတော့မှာလား လရောင်ရိပ်ရယ်။ မှုန်းနှင့် စကားပြောရတာ အသက်မပါ။ စေ့စပ်ပွဲအတွက် Hotel စီစဉ်ထားကြောင်း ပြောနေသည်။

'မှုန်းကို ချစ်ရဲ့လား မောင်'

'အင်း... ချစ်ပါတယ် မှုန်းရယ်'

'ကြည့်ပါဦး... ပြောတာကြီးက အသက်မပါသလိုပဲ၊ မောင်ဆိုတဲ့ အသုံးအနှုန်းလည်း ထည့်ပြောဖို့ ဝန်လေးနေတာလား မောင်'



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူး မှုန်းရယ်၊ ကိုယ်က အချစ်တွေကို ရင်ထဲမှာပဲ သိမ်းထားတတ်တယ်'

'ညီမလေးရော ကားမောင်းသင်နေပြီလား'

'အရိပ်က အရမ်းကြောက်တတ်တယ်၊ ကားမမောင်းရဲပါဘူး မှုန်း၊ မသင်ပေးတော့ဘူး'

'မှုန်းရော လာကူပေးရမလား မောင်'

'မသင်တော့ပါဘူးကွာ၊ အလုပ်ရှုပ်လို့'

'မောင်ကလည်းလေ၊ ညီမလေးဆိုရင် စိတ်မရှည်ဘူး၊ မိဘမဲ့လေးပါ၊ မှုန်းတော့ ညီမလေးအရိပ်အတွက် ဘယ်လိုဖြည့်ဆွမ်းပေးရမလဲဆိုတာပဲ စဉ်းစားမိနေတယ်၊ မနက်ဖြန် မှုန်းတို့တွေ့ကြရအောင်နော်၊ ဖိတ်စာအတွက်လေ မောင်'

'OK မောင်စောင့်နေမယ်၊ မှုန်းလာခဲ့လေ'

'မောင်'

'ဟင်…'

'မောင့်ကိုချစ်တယ်'

မှုန်းကိုလည်း မောင်ချစ်တယ်ဆိုတဲ့စကားကို အလွယ်တကူ ပြောမထွက်။ ချစ်တယ်ဆိုတဲ့စကားလုံးက လရောင်ရိပ်ကို ပြောဖို့ပဲ ထားချင်သည်။ မှုန်းက ယောကျာ်းလေးတစ်ယောက်လက်ထပ်သင့်တဲ့ မိန်းကလေးတစ်ယောက်အဖြစ် သတ်မှတ်နိုင်ဖို့ မှုန်းကို လက်ထပ်မှာပါ။ မှုန်းက စကားတွေ တရှည်တလျားပြောချင်နေပေမယ့် ရျာန့်မှာ ပြောစရာစကားတွေ ကုန်နေသည်။

'ကိုယ်တို့ မနက်မှတွေ့ကြမယ်နော် မှုန်း'





'မောင်'

'ပြောလေ မှုန်း'

'မောင့်ကို ချစ်တယ်'

သူ ဖုန်းကို ပိတ်ပစ်လိုက်သည်။ မှုန်း ထပ်ဆက်မှာ ကြောက်နေ၏။

စေ့စပ်ပွဲက တကယ်ပဲဖြစ်တော့မည်။ ရျာန် အမှားတွေ ဆက်လုပ်ရတော့မည်။ အရိပ်အား ညီမလေးအဖြစ် သတ်မှတ်ထားပြီးပြီမို့ စိတ်တွေသန့်ရှင်းနေဖို့ ထိန်းချုပ်ရတာ စိတ်မွန်းကျပ်နေ၏။ သူ အဝတ်အစားတွေလဲပြီး ရေချိုးခန်းထဲ ဝင်လာခဲ့သည်။

'ရျာန်ရေ… မာမီကြီးက ညစာစားဖို့တဲ့'

'ရျာန် အပေါ်မှာပဲ စားမယ်၊ ယူလာခဲ့ပေးပါ ဒေါ်လေးမ'

'အေး… အေး…'

ရျာန် ရေချိုးခန်းထဲကနေ ထွက်လာတော့ ဒေါ်လေးမက ပြောနေသည်။ အောက်ထပ်ကို မဆင်းချင်တော့။ လရောင်ရိပ်နှင့် ခပ်ရှောင်ရှောင်နေဖို့ပဲ ဆုံးဖြတ်ထား၏။ ကိုယ် သတ္တိရှိတယ် လရောင်ရိပ်။ ဒါပေမဲ့ မင်းဘက်က ကိုယ့်အပေါ် ချစ်သူလို့ လက်ခံမှာမဟုတ်ပါဘူးကွာ။ မှုန်းကို လက်ထပ်ဖို့ကလွဲပြီး တခြားနည်းလမ်း မရှိတော့တာပဲ။ ခဏကြာတော့ ဒေါ်လေးမ စားစရာတွေယူလာသည်။

'ရျာန် ဖုန်းပြောနေလို့ အောက်ဆင်းမစားတာလို့ မာမီကို ပြောလိုက်ပါ ဒေါ်လေးမ'

'အေးကွယ်… အခုတစ်လော မာမီကြီးက မိသားစု



www.burmeseclassic.com

www.burmeseclassic.com



ပုံစံမျိုးဖြစ်စေချင်တယ်၊ အရိပ်လေးအပေါ် ရင်းရင်းနှီးနှီးဆက်ဆံပေးစေချင်တယ်၊ လိမ္မာတဲ့ကလေးပါ'

'ဟုတ်ကဲ့'

အရိပ်က ရျာန် ချစ်မြတ်နိုးလွန်းတဲ့ မိန်းကလေးပါ။ ရျာန် ရူးမတတ်ပါပဲ။ မွန်းကို လက်ထပ်ရတော့မယ်ဆိုတဲ့ အတွေးနှင့်ပင် ရျာန် ရူးသွပ်ရတော့မယ် ထင်တယ်။

'ဒါဆိုလည်း အရိပ်လေးကိုပဲ ပို့ခိုင်းလိုက်မယ်'

'မပို့ခိုင်းပါနဲ့ ဒေါ်လေးမ'

ဒေါ်မမလည်း ရျာန်နှင့် အရိပ် မစိမ်းစေချင်၍ ထမင်းပို့ခိုင်းမလို့ဟာ မပို့နဲ့တဲ့။ အိမ်ဖော်ကောင်မလေးတစ်ယောက်ကို ရျာန့်အနေနှင့် ညီမအရင်းတစ်ယောက်လိုဆက်ဆံဖို့ ခက်နေမှာပါ။ တဖြည်းဖြည်း ရင်းနှီးအောင်ပဲ လုပ်ရမည်ဖြစ်သည်။

'ဒေါ်မမ... သားရော'

'အပေါ်ထပ်မှာပဲ စားမယ်တဲ့ မာမီကြီး၊ ဖုန်းပြောနေလို့တဲ့'

'ဟုတ်လား၊ ဒါဆိုလည်း အရိပ် သမီးအစ်ကိုကို သွားပို့ပေးလိုက်ပါကွယ်'

'မပို့နဲ့တဲ့ မာမီကြီး၊ အရိပ်ကို မခိုင်းပါနဲ့တဲ့၊ ကျွန်မပဲ သွားပို့လိုက်ပါ့မယ်'

'အင်း... သားနဲ့ အရိပ်ကို ရင်းနှီးစေချင်တယ်၊ သွေးသားအရင်းတွေလိုပဲလေ'

'တဖြည်းဖြည်းတော့ ဖြစ်မှာပါ'





'အရိပ်လေး ဘာမှအားမငယ်နဲ့နော်၊ ညည်းအစ်ကိုက ဒီလိုပဲ၊ အနေတည်တယ်'

ဟွန်း... သူတော်ကောင်းယောင်ဆောင်နေတာပါ။ လူရှေ့သူရှေ့ဆို ဒီအတိုင်းပဲ။ အရိပ်ကလည်း ရှင်နဲ့ မပတ်သက်ချင်ပါဘူး။ ဝေးဝေးက နေချင်တာ။ အယောင်ဆောင်လူကြီး။ မာမီကြီးက စိတ်သဘောထားပြည့်ဝပြီး ရိုးသားသလောက် ရှင်က လူလည်ကြီး။ ဒါပေမဲ့ စိတ်ထဲကပဲပြောပြီး မာမီကြီးကို အားနာ၍ အဖြစ်မှန်ကို မျိုသိပ်ထားရသည်။

'သားအတွက် မာမီကိုယ်တိုင် ပြင်ဆင်ပေးထားတာလို့ ပြောလိုက်နော်၊ လက်ထပ်ပြီးရင် မာမီကြီးက သားကို မပိုင်တော့ဘူး၊ ချွေးမနဲ့လည်း မနေချင်ပါဘူး၊ အခုကတည်းက ပြုစုယုယပေးရမယ်'

ဒေါ်မမကို ထမင်းပို့ဖို့ ဒေါ်သော်တာမိုးထက်ကိုယ်တိုင် ပြင်ဆင်ပေးသည်။ အရိပ်လေးကို သားက ညီမအရင်းလို ဆက်ဆံဖို့ ခက်မှာပါပဲ။ အိမ်အကူကောင်မလေးလေ။ မိမိကတော့ အရိပ်လေးကိုပဲ အားကိုးရမှာပါ။ သားလက်ထပ်ပြီးရင် သားတို့ လင်မယားကြားမှာ မိမိ ရှိမနေသင့်ဟု ထင်မိနေ၏။ ထို့ကြောင့်ပင် အခုကတည်းက အရိပ်လေးကိုပဲ မှီခိုပြီး အဖော်ရှာထားရသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

'အန်ကယ်ထင်ကတော့ စေ့စပ်ပြီး တစ်လကြာတာနဲ့ လက်ထပ်ပွဲကို ကျင်းပစေချင်တယ် ဈာန်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းတို့အရွယ်တွေ မငယ်ကြတော့ဘူးလေ၊ အချိန်မဆွဲသင့်ဘူး'

'ဟုတ်တယ် သား၊ မာမီလည်း ဒီလိုပဲဆန္ဒရှိတယ်၊ မာမီ့အတွက် မပူပါနဲ့၊ အရိပ်လေးရှိပါတယ်'

အရိပ်ရှိနေလို့ မှုန်းကို လက်မထပ်နိုင်တာပါ မာမီ။ ဈာန် ဘယ်လိုလုပ်ရမလဲဟင်။ စေ့စပ်တာတောင် ကြေကွဲနေတယ်။ အပြင်းအထန်ကန့်ကွက်ငြင်းဆန်ပစ်ချင်နေတာပါ။ လက်ထပ်ဖို့ အထိတော့ သူ တွန့်ဆုတ်သွားသည်။

'ဟုတ်တယ် မောင်၊ မှုန်းတို့ ဒီလိုပဲဆုံးဖြတ်လိုက်ကြရအောင်၊ စေ့စပ်ပြီးတာနဲ့ လက်ထပ်ပွဲအတွက် စီစဉ်ကြမယ်၊ မှုန်းတို့ အသက်အရွယ်က အိမ်ထောင်ပြုသင့်နေပါပြီ မာမီ'

'အင်း… ကောင်းတယ်၊ မာမီလည်း သားကို မှုန်းလေးနဲ့ အမြန်ဆုံးစီစဉ်ချင်တယ်၊ စိတ်အေးချင်ပါပြီကွယ်'





မာမီ နောက်အိမ်ထောင်ပြုချင်လို့လား။ ဦးမြတ်ထင်နှင့် မသက်သာမီ။ အရမ်းရောနေသည်။ သူ့ကို အတင်းအကျပ်လက်ထပ်စေချင်နေ၏။ ဘာဖြစ်လို့မှုန်းမသိဘဲ ဈာန့်ရင်တွေ ဒေါသတွေနှင့် ပေါက်ကွဲနေသည်။

'မောင်…'

'ဟင်…'

'လက်ထပ်ကြရအောင်နော်'

'မောင်တို့ စီးပွားရေးလုပ်ငန်းတွေက ရှိသေးတယ်လေ၊ အခုမှအစပျိုးမှာဆိုတော့ လက်ထပ်ဖို့ မလောချင်တာပါ'

'လက်ထပ်ပြီးတော့လည်း မိသားစုဘဝလေးတည်ဆောက်ရတာ အဓိပ္ပာယ်ပိုရှိတာပေါ့၊ မောင်နဲ့ မှုန်း ပူးပေါင်းပြီးကြိုးစားကြမယ်၊ အစစအရာရာ ပြည့်စုံနေတဲ့ ချစ်သူနှစ်ယောက်ပဲကွယ်နော်'

'ဟုတ်တယ် သား၊ မာမီလည်း သဘောကျတယ်၊ လက်ထပ်ပွဲအတွက် မှုန်းလေးသဘောကျ စီစဉ်တော့နော်၊ သားက လုပ်ငန်းတွေမအောင်မြင်သေးဘဲ လက်မထပ်ချင်တာပါ၊ လက်ထပ်ပြီးတော့ ပိုပြီးကျက်သရေမင်္ဂလာရှိသွားမှာ'

'မောင် လုံးဝတွေဝေမနေနဲ့တော့နော်၊ တစ်လအတွင်း စေ့စပ်မယ်၊ နောက်တစ်လမှာ လက်ထပ်မင်္ဂလာပွဲ ကျင်းပမယ်၊ ဒါပဲ'

ဈာန် ဘယ်လိုအကြောင်းပြချက်နှင့်မျှ ငြင်းမရတော့။ မချစ်နိုင်တဲ့ မိန်းကလေးတစ်ယောက်ကို ဈာန်·ဘယ်လိုလုံးသား



www.burmeseclassic.com

www.burmeseclassic.com



နဲ့ လက်ထပ်ယူနိုင်မလဲ။ လက်ထပ်ပြီးရင် သူနှင့် လရောင်ရိပ်တို့ အဝေးကြီးဝေးရတော့မည်ဖြစ်သည်။ ကိုယ် ခံနိုင်ရည်ရှိပါ့မလား။ မင်းကို စွန့်လွှတ်သင့်ပါတယ်။ ဒါပေမဲ့ ကိုယ် မလုပ်နိုင်ဘူး။ တစ်ချိန်ချိန်ဆိုတဲ့ မျှော်လင့်ချက်လေးနဲ့ ကိုယ်နေချင်တယ်။

လုံးဝတော့ စွန့်လွှတ်နိုင်မှာမဟုတ်ဘူးကွာ။ သူတို့တွေ့ဆုံပွဲလေးကို လရောင်ရိပ်က ဧည့်ခံနေရသည်။

'အရိပ်လေးရေ... မမမွှန်းအတွက် အအေးလုပ်ပေးပါဦး၊ ရင်ပူလာလို့၊ မောင်လေ ဇီဇာကြောင်နေလို့ ပြောရတာ ရင်ပူလာပြီ'

'ဟုတ်ကဲ့'

လရောင်ရိပ်ကို ခိုင်းစေနေတာကိုလည်း ဈာန် ဒေါသဖြစ်ရသည်။ မင်း တော်တော်လေး အစေအပါးလုပ်ချင်လား။ မာမီကလည်း အရိပ်ကိုပဲ ပွဲထုတ်ချင်နေသေး၏။ မွှန်းကတစ်မျိုး။ အရိပ်အား ညီမလေးတစ်ယောက်လို အရေးတယူနှင့် ရင်းနှီးကျွမ်းဝင်ဖို့ ကြိုးစားနေသည်။ ဈာန်တစ်ယောက်တည်း ရင်ထဲမှာ ကြိတ်ကာ ဒေါသတွေဗလောင်ဆူဝေနေ၏။ ဒေါသကို အနိုင်နိုင်ထိန်းရသည်။

'အရိပ်... ဒီနေ့ ကျောင်းအားလား'

'ဟုတ်ကဲ့'

'မမမွှန်းတို့နဲ့ အပြင်လိုက်ခဲ့ပါလား၊ အဝတ်အစားတွေဝယ်ပေးချင်လို့'





'မလိုက်တော့ပါဘူး မမမွှန်း၊ အရိပ် ကျောင်းစာတွေရှိနေလို့ပါ၊ ကျေးဇူးတင်ပါတယ်'

'ကျေးဇူးတင်ပါတယ်ဆိုတဲ့ စကားက စိမ်းပါတယ် အရိပ်ရယ်၊ ယောက်မတော်ရမယ့်ဟာပဲ'

'အအေးသောက်ပါဦး မမ'

'လရောင်ရိပ်လေးက အေးချမ်းပြီးလိမ္မာတယ်၊ သော်တာတော့ အားကိုးရပြီပဲ၊ ကြိုးစားနော် အရိပ်လေး၊ အန်ကယ်ထင်လည်း ကူညီမယ်၊ နောက်ဆုံး နိုင်ငံခြားအထိ ပညာတော်သင်သွားချင်ရင် အန်ကယ် ကူညီနိုင်တယ်'

'ကျေးဇူးပါပဲ အန်ကယ်၊ အရိပ် ကြိုးစားမှာပါ၊ မာမီကြီးကျေးဇူးကိုလည်း မမေ့ပါဘူး'

'ကောင်းတယ်ကွယ်'

ဘာဖြစ်လို့များ အားလုံး အရိပ်မှ အရိပ်ဖြစ်နေကြရတာလဲ။ အရိပ်ကို ဈာန်တစ်ယောက်တည်းကပဲ ကူညီစောင့်ရှောက်မှုပေးချင်သည်။ အန်ကယ်ထင်ရော မွှန်းရော မဆီမဆိုင်ဝင်ပါနေ၏။ အရိပ်ကို အထဲဝင်စမ်းဟု မောင်းထုတ်ပစ်ချင်နေသည်။

'အရိပ်ကို ခွင့်ပြုပါဦး၊ လိုအပ်တာရှိရင်လည်း ပြောပါ၊ အားမနာပါနဲ့'

'ဘာမှမရှိတော့ပါဘူးကွယ်၊ မာမီရေ... မွှန်းတို့ မင်္ဂလာပွဲကြီးကျရင်တော့ လရောင်ရိပ်ကို သတို့သမီးအရံအဖြစ် ရွေးချယ်မယ်နော်'

'အင်း... မာမီလည်း စဉ်းစားထားတယ်'

www.burmeseclassic.com



'ပြီးတော့ အရိပ်အတွက် ဆရာဝန်လောင်းလေး သုခမောင်ကို သတို့သားအရံအဖြစ် ရွေးမယ်နော် ဒယ်ဒီ၊ မမကြီးပြုံးရဲ့ သားလေ၊ ဆေးတက္ကသိုလ်တတိယနှစ်လားပဲ၊ သုခလေ၊ အရမ်းလိုက်ဖက်မှာ သိလား၊ အရိပ်က ပြင်ဆင်ပေးလိုက်ရင် အရမ်းချောမှာ၊ ငေးကြည့်ရမယ်'

ဗျာန် ဒေါသတကြီးနှင့် ဝုန်းခနဲထရပ်ကာ ပေါက်ကွဲတော့မည့်အရေးမှ မသိစိတ်တွေနှင့် ပြန်ထိန်းချုပ်ထားရသည်။ မှုန်း လွန်လာပြီ။ အရိပ်အတွက် ဘာဖြစ်လို့များ ဒီလောက်အထိ စီစဉ်ချင်ရတာလဲ။ သူ ကြာလျှင် ဒေါသတွေပေါက်ကွဲရတော့မည်။ အရိပ် ပြန်ဝင်သွားသည်။

'အရိပ်လေးအတွက် လင်ကောင်းသားကောင်း ရှာပေးရမယ် မာမီ၊ တကယ်ပဲ သေချာကြည့်လေ တစိမ့်စိမ့်ချောလေပဲ၊ မြေတောင်မြှောက်ပေးသင့်ပါတယ်'

အရိပ်ကို မှုန်းက သူ့သွေးရင်းညီမလေးပဲဟု ထင်နေသည်။ ထို့ကြောင့်ပင် အရေးတယူရှိနေတာပါ။ မင်းနဲ့ ဘာဆိုင်လို့လဲ မှုန်း။ ယောကျ်ားရှာပေးဖို့အထိ စဉ်းစားနေတာ ဗျာန်ဒေါကန်ရ၏။ စကားကို ဖြတ်စေသည်။

'လောလောဆယ် စေ့စပ်ထားဖို့ပဲ စီစဉ်ပါ မှုန်းရယ်၊ မောင်က အလုပ်တွေကို အာရုံစိုက်ချင်တာပါ၊ ဖြည်းဖြည်းပေါ့'

'သားကလည်းကွယ်၊ အချိန်ဆွဲမနေပါနဲ့တော့၊ မိန်းကလေးဘက်က တောင်းဆိုတာပဲ၊ အမြန်ဆုံးလက်ထပ်တော့'

ဗျာန် မာမီ့ကိုဒေါသအဖြစ်ဆုံးပင်။ ဘာဖြစ်လို့ ဒီလောက်





အထိ လက်ထပ်စေချင်ရတာလဲ။ အဓိပ္ပာယ်မရှိတာ။ မှုန်းကလည်း လက်ထပ်ပွဲအတွက် ဆက်စီစဉ်မည်ဟု ပြောသွားသည်။

'မှုန်းတို့လက်ထပ်မယ် မောင်၊ ဘာမှအချိန်ဆွဲစရာမှ မလိုတာ၊ မာမီက ချွေးမကောင်းကောင်းလေးလွှတ်သွားမှာ စိုးရိမ်နေတာ၊ ဟွန်း… မှုန်းတော့ စီစဉ်မှာပဲ'

မှုန်းတို့သားအမ ပြန်သွားတော့ ဒေါသတွေက မာမီ့ဆီ ကူးစက်သွားသည်။

'မာမီက ဘာဖြစ်လို့ သားကို ဒီလောက်အထိ လက်ထပ်စေချင်နေတာလဲဗျာ၊ စေ့စပ်ထားပြီး ဘဝကိုအောင်မြင်အောင် ကြိုးစားချင်သေးတယ်၊ အလောတကြီးဆုံးဖြတ်စရာမှ မလိုတာပဲ'

'သားရယ်… မှုန်းတို့ဘက်ကတောင်းဆိုနေပြီလေ၊ မင်းလည်း လက်ထပ်ဖို့အဆင်သင့်အနေအထားပဲမလား၊ လက်ထပ်လိုက်တော့'

'မာမီက သားကိုအတင်းအကျပ်လက်ထပ်စေပြီး နောက်အိမ်ထောင်ပြုမလို့ မဟုတ်လား'

'ဘာပြောတယ် သား'

'ဗျာန် သဘောပေါက်ပါတယ်၊ မာမီက သားကို ရှင်းပစ်ချင်နေတာပါ၊ အန်ကယ်ထင်နဲ့ ပေါ်ပေါ်တင်တင်နေနိုင်ဖို့'

'ဘာပြောတယ်၊ မင်း…. မင်း…'

'ဖြန်း…'

'အား…'



www.burmeseclassic.com

www.burmeseclassic.com



'စော်ကားလှချည်လား ရျာန် မင်း အမေကို ဘယ်တုန်းက ဒီလိုပြောဖူးလို့လဲ'

'မာမီက ဘာဖြစ်လို့ ဒီလောက်အထိ အလောတကြီး လက်ထပ်စေချင်နေတာလဲ၊ အကြောင်းပြလေ'

'မင်းရော ဘာဖြစ်လို့ ငြင်းနေရတာလဲ၊ မင်းချစ်လို့ နေစပ်တာလေ၊ လက်ထပ်ဖို့ ဘာဖြစ်လို့ ငြင်းနေရတာလဲ'

ရျာန် အဖြေပေးစရာစကားတွေ မရှိတော့။ မှူန်းကို ချစ်ပါတယ်လို့ သူကိုယ်တိုင် ပြောထားပြီးပြီပဲ။ မာမီ ဘယ်တုန်းကမှ သူ့ကို မရိုက်ခဲ့။ စကားကို လေသံမာမာပင် မပြောခဲ့ဖူးပေ။ သူ ဒေါသပေါက်ကွဲနေသည်။ သူ့အတွက် အကြောင်းပြချက်က မှူန်းကို လက်မထပ်နိုင်လို့ပဲ။ လရောင်ရိပ်နဲ့ အပြီးအပိုင်မဝေးချင်လို့ပဲ။ မာမီကရော အန်ကယ်ထင်ကြောင့် မဟုတ်လား။ မာမီနှင့်သူ့အသံကြောင့် ဒေါ်လေးမနှင့် လရောင်ရိပ်တို့ ပြေးထွက်လာကြသည်။

'မာမီကြီး'

'ရျာန်'

'မင်း လက်ထပ်ရမယ်၊ ငါ့ကို ဘာမှဆင်ခြေမပေးနဲ့၊ ငါ့ရဲ့စေတနာတွေ မင်း စော်ကားလိုက်တာပဲ ကျော်ကျော်ရျာန်'

သူ ချာခနဲလှည့်ကာ အပေါ်ထပ်သို့ တက်လာခဲ့သည်။ အိပ်ခန်းထဲရောက်မှ သူ့ဒေါသတွေက ပေါက်ကွဲသွားရ၏။ ရျာန့်ပါးပြင်မှာ မာမီ့လက်ဝါးရာက ထင်းနေသည်။





'ကျွန်တော့်ကို ဘာဖြစ်လို့ ဖွတ်အတင်းအကျပ် လက်ထပ်စေချင်ရတာလဲ၊ မာမီ အဆင့်အတန်းခွဲခြားနေလို့ ဖြစ်ရတာ'

'ဝုန်း...'

'ချွမ်း... ချလန်...'

'ဝုန်း...'

မြင်မြင်သမျှအရာတွေကို ထုချေရိုက်ခွဲပစ်ချင်နေသည်။ မာမီက အန်ကယ်ထင်နဲ့ ပေါ်ပေါ်ထင်ထင် နေချင်လို့လား။ အန်ကယ်ထင်ကရော သမီးကို အရှက်မရှိ သူနှင့် အတင်းအကျပ် လက်ထပ်စေချင်နေ၏။ အကြောင်းပြချက်က ဘာလဲ။ အရေးတကြီးလက်ထပ်ဖို့မှ မလိုတာပဲ။ ဒေါသတွေ အတိုင်းအဆမဲ့စွာ သူ့ရင်မှာ မုန်တိုင်းထန်နေသည်။

'ရျာန်'

ဒေါ်လေးမက ရျာန့်အိပ်ခန်းထဲ ပြေးဝင်လာသည်။

'မလုပ်ပါနဲ့ ရျာန်ရယ်၊ ဒေါ်လေးမ တောင်းပန်ပါတယ်၊ မာမီကြီး အရမ်းခံစားနေရတယ်၊ ဝော်ပါတော့'

'ကျွန်တော့်ကို အတင်းအကျပ် လက်ထပ်ခိုင်းနေတာ ဘာကြောင့်လဲ၊ လိုမှမလိုတာ၊ တစ်နှစ်လောက်စောင့်နေတော့ရော ဘာဖြစ်မှာလဲ'

'မဟုတ်ပါဘူးကွယ်၊ မာမီကြီးက မင်း ဒယ်ဒီအပေါ် ဘယ်တော့မှ သစ္စာမမဲ့ပါဘူးကွယ်၊ ဒေါ်လေးမ အသိဆုံးပါ'

ရျာန် ဒေါသဖြစ်နေတာ မာမီကြောင့်လည်း အဓိက မဟုတ်ပါဘူး။ မှူန်းကို လက်မထပ်ချင်တာမို့။ ဒယ်ဒီဆုံးတော့



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



မာမီ ငယ်သေးတာပဲ။ သူကိုယ်တိုင် မာမို့ကို နောက်အိမ်ထောင်ပြုစေချင်ခဲ့သည်။ သည်းခံခွင့်လွှတ် နားလည်ပေးနိုင်၏။ အခုတော့ သူ့ရင်တွေ မီးတောက်နေပြီလား မသိတော့ဘူး။ အရာရာ ဝစ်ပေါက်ထုခွဲပစ်ချင်သည်။

'မင်းထင်သလို နောက်ယောကျ်ားယူချင်လို့ မဟုတ်ပါဘူးလို့ ပြောပါတယ် ချာန်ရယ်၊ မိန်းမကောင်းလေးတွေ့တုန်းသားကလည်း ချစ်မြတ်နိုးတယ်ပြောလို့ လက်ထပ်စေချင်တာပါတဲ့၊ ယုံပါ'

ဒေါ်လေးမကတော့ ချော့မော့ပြောနေပေမယ့် ချာန့်ရင်ထဲမှာ ဘာတွေခံစားနေရလဲ မသိနိုင်ပါဘူး။ အရိပ်နဲ့ မဝေးချင်ဘူး။ အရိပ်ကို ကျွန်တော် မစွန့်လွှတ်ဘူး။ ချာန့်အိပ်ခန်းထဲမှာ ပန်းအိုးအကွဲအရှုတွေ၊ ဖန်ခွက်အကွဲအရှုတွေနှင့်ပြန့်ကျဲနေသဖြင့် ဒေါ်လေးမ သိမ်းဆည်းပေးနေသည်။ ကိုယ့်အသည်းနှလုံးတွေလည်း တစ်စစီကွဲအက်ကြေမွနေပြီ အရိပ်ရယ်။ စေ့စပ်ဖို့လေးတောင် ကိုယ်အနိုင်နိုင်ထိန်းချုပ်ထားရတာပါ။ မင်းကို အရမ်းချစ်တယ်။ မင်းနဲ့ အဝေးမခံနိုင်တော့ဘူး။ ကိုယ် ဘာဆက်လုပ်ရမလဲဟင်။ မှုန်းကို လက်မထပ်နိုင်တော့ဘူး။ ချာန် ခေါင်းငိုက်စိုက်ကျနေသည်။

'မင်းထင်သလို မဟုတ်ပါဘူးကွယ်၊ မာမီက မင်းအတွက် စိတ်အေးချင်နေတာပါနော်၊ ဒေါသမထွက်ပါနဲ့၊ မှုန်းကို မင်းချစ်တယ်မဟုတ်လား ချာန်ရယ်'

မချစ်ဘူး။ လုံးဝမချစ်ဘူးဗျာ။ အရိပ် အနေချောင်စေချင်လို့ပါ။ မာမီက အရိပ်ကို နှိမ်ချဆက်ဆံနေမှာ စိုးရိမ်လို့ပါ။





အရိပ်ဘဝရှေ့ရေးအတွက်ပါ။ ဒေါ်လေးမက ဖျောင်းဖျပြောဆိုနေသည်။

'ဒေါ်လေးမက ချာန့်ကို ထိန်းကျောင်းကျွေးမွေးပြုစုပေးလာခဲ့ရတာပါ သားရယ်၊ မင်းရဲ့စိတ်သဘောထားဖြူစင်နူးညံ့တာကို ဒေါ်လေးမ အသိဆုံးပါ၊ အမေကို စိတ်ထိခိုက်ကြေကွဲအောင် မလုပ်နဲ့နော်'

ချာန် မှားသွားပြီပဲ။ မာမို့မှာ အပြစ်မှမရှိတာဘဲ။ နောက်ထပ်ယောကျ်ားတစ်ယောက်ယူဖို့ ငယ်ရွယ်စဉ်ကပင် မာမီမစဉ်းစားခဲ့ပေ။ သူ့အတွက်ပဲ။ သူ့ကို အဖေလိုရော အမေလိုပါ ကျွေးမွေးစောင့်ရှောက်ခဲ့သည်။

'ကျွန်တော် မှားသွားပါတယ် ဒေါ်လေးမ၊ မာမို့ကို သွားတောင်းပန်လိုက်ပါ့မယ်'

'အေး… အေး… သွားတောင်းပန်လိုက်ပါ သားရယ်'

ဒေါ်လေးမ အောက်ထပ်ဆင်းသွားသည်နှင့် ချာန် အောက်ထပ်ပြန်ဆင်းလာပြီး မာမို့အိပ်ခန်းထဲဝင်သွားတော့ လရောင်ရိပ် ရှိနေ၍ ပြန်လှည့်ထွက်လာခဲ့၏။ လရောင်ရိပ်ကို မြင်လိုက်သည်နှင့် သူ့စိတ်တွေ ချောက်ချောက်ချားချားဖြစ်သွားရသည်။

'တွေ့လား အရိပ်၊ ချာန် အရမ်းပြောင်းလဲနေတယ်၊ သမီးကို မွေးစားတာလည်း သားချာန် မကျေနပ်ဘူးလား မသိပါဘူးကွယ်'

မာမို့ကွယ်ရာမှာ ကိုချာန် တစ်မျိုးပါ။ အရိပ်ကို ကြည့်နေလိုက်တာ။ ပတ်ဝန်းကျင်မှာတောင် မျက်စိနောက်တယ်။ အရိပ်

www.burmeseclassic.com



ကတော့ အကြောင်းသိ။ မာမိကြီး ရိုက်တာ နည်းတောင်နည်းသေးတယ်။ မာမိကြီးကိုပဲ အရိပ် နှစ်သိမ့်ပေးနေသည်။

'မာမိကြီးရယ်… သားဆိုတော့ ဒီလိုပဲ ပေါက်ကွဲတတ်ပါတယ်၊ တစ်မျိုးထင်တာပါ၊ မာမိကြီး သေသေချာချာရှင်းပြလိုက်ပါ'

ဟုတ်တယ်။ သား ဘာဖြစ်လို့များ ဒီလောက်အထိ ပေါက်ကွဲသွားရတာလဲ။ မိမိနှင့် ကိုထင်တို့က ငယ်သူငယ်ချင်း မိတ်ဆွေတွေဖြစ်နေလို့ တရင်းတနှီးနေခဲ့ကြမိတာပါ။ ဘာစိတ်မှ မရှိပါဘူး။ ကိုထင်ကလည်း သူ့မိန်းမအပေါ် သစ္စာရှိလွန်းသူပါ။ မိမိကရော သားဘဝအတွက် ပတွေးဆိုတာ ဘယ်တော့မှမရှိစေရပါဘူး။ သားကို ရိုက်မိသည်။

'မာမီ့သားကို ဘယ်တော့မှ လေသံမာမာနဲ့တောင် မပြောခဲ့ဖူးဘူး၊ အရမ်းလိမ္မာတယ်၊ အမေ့စကားကို ဘယ်တော့မှ မဆန့်ကျင်ခဲ့ပါဘူး'

'အရိပ်ကြောင့်ဆိုရင်လည်း မာမိကြီးတို့သားအမိ စိတ်ဝမ်းမကွဲစေချင်ပါဘူး၊ အရိပ်ကို အိမ်အကူအဆင့်ပဲ သတ်မှတ်ထားပေးပါနော်'

'မဟုတ်သေးပါဘူးအေ၊ မာမိကြီး လက်မခံနိုင်ဘူး၊ သူပဲ မှန်းကို ချစ်တယ်၊ လက်ထပ်ဖို့တောင်းဆိုတာ မာမိကြီးအနားမှာ အရိပ် နေပေးရမှာလေ'

'အရိပ်ကို အိမ်အကူအဖြစ်ပဲထားရင်လည်း အရိပ် နေမှာ





ပါ၊ ပညာသင်ပေးနေတာပဲ၊ ကျေးဇူးကြီးလွန်းပါတယ် မာမိကြီးရယ်'

'အရိပ် ဘာမှတွေးမနေနဲ့၊ သားကို မာမိကြီး ရှင်းပြမယ်၊ မှန်နဲ့ကို လက်ထပ်ဖို့ နောက်မဆုတ်ဘူး၊ ထင်ချင်ရာထင်၊ မှန်းက မိန်းမကောင်းလေးပါကွယ်'

အရိပ်လည်း မာမိကြီးကို နှိပ်နယ်ပေးရင်း အားပေးနေရသည်။ ကိုဈာန်အား လိမ္မာတဲ့သားတစ်ယောက်ဟု ထင်မှတ်နေတာများလားပဲ။ မာမိကြီး အိပ်ပျော်သွားမှ အရိပ် ပြန်ထွက်လာခဲ့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

'သား တောင်းပန်ပါတယ် မာမီ၊ ရုတ်တရက် ထူပူသွားလို့ပါ၊ မာမီ့ကို မထင်သင့်ပါဘူး၊ သား ရှိခိုးတောင်းပန်ပါတယ်နော်'

ပြောပြီး အိပ်ခန်းထဲဝင်သွားပြီး ချာန် ရှိခိုးတောင်းပန်သည်။ သူ ပြဿနာရှာနေလျှင် လရောင်ရိပ် ဘယ်လိုနေမလဲ။ သူမှားတာပါ။ စိတ်တွေကို ထိန်းချုပ်ထားသင့်၏။ အရိပ်ကို ကောင်းစားစေချင်တာ မဟုတ်လား။ မှုန်းကိုလက်ထပ်ဖို့ကလွဲပြီး သူ့မှာ တခြားရွေးချယ်စရာ မရှိပေ။ သေသေချာချာစဉ်းစားမိတော့ အရိပ်အတွက် သူ ဘာမဆိုဖြည့်စွမ်းပေးချင်နေခဲ့တာပဲ။ မာမီကလည်း ချာန့်ကို ရိုက်မိ၍ နာကျင်ကြေကွဲနေသည်။

'မာမီလည်း မှားပါတယ်၊ သားက ဒီလိုပဲထင်မှာပေါ့၊ မာမီ့ကို ချစ်စိတ်နဲ့ဆိုတာ မေ့ပြီး ဒေါသအလျောက် ရိုက်မိတယ်ကွယ်'

မာမီ သူ့ကို လက်နှင့်ပင်မရွယ်ခဲ့။ အရမ်းချစ်ခဲ့သည်။ သားကသာ မာမီ့အတွက် တန်ဖိုးအရှိဆုံးပါ။ သူ့ပါးပြင်လေးကို





ထိတွေ့ပွတ်သပ်ရင်း မျက်ရည်တွေပင် ဝဲနေ၏။ သူ့မာမီကို ပွေ့ဖက်လိုက်သည်။

'မာမီ့စေတနာကို သား နားလည်ပါတယ်၊ မာမီ့ဆန္ဒအတိုင်းပဲ မှုန်းကို သား လက်ထပ်ပါ့မယ်'

'မှုန်းကို သားချစ်တယ်မဟုတ်လားကွယ်၊ မာမီကလည်း သားကို တင့်တယ်လိုက်ဖက်တဲ့ ဇနီးကောင်းလေး ရစေချင်တာပါ'

'ဟုတ်ပါတယ် မာမီ၊ သား လက်ခံပါတယ်၊ မှုန်းနဲ့ လက်ထပ်ပါတော့မယ်'

'သား'

'ပြောပါ မာမီ'

'အရိပ်ကို မာမီက သမီးအဖြစ်မွေးစားတာ သား မနှစ်သက်ဘူးထင်တယ်'

'မဟုတ်ပါဘူး မာမီ၊ ရုတ်တရက်တော့ မာမီက အရိပ်ရဲ့ အရိပ်ဖြစ်နေဖို့ မနာလိုဖြစ်ရတာပါ၊ တကယ်တမ်း ပြန်စဉ်းစားကြည့်တော့လည်း မာမီ့အနားမှာ အရိပ်ရှိနေသင့်ပါတယ်၊ သားက တောင် အရိပ်ကို ကျေးဇူးတင်မှာပါ'

'အေးကွယ်… မာမီက အရိပ်နဲ့ သား တရင်းတနှီးရှိစေချင်တယ်၊ အိမ်အကူကောင်မလေးဆိုတဲ့ အရိပ်မည်းကြီး အုပ်မိုးနေစေချင်ဘူး၊ စိတ်သစ်လူသစ်နဲ့ ဘဝသစ်ကို စစေချင်တာပါ'

ကိုယ့်ဘဝကိုပဲ ပေးဆပ်ပါတော့မယ် အရိပ်ရယ်။ မင်းအတွက်ပါ။ ကိုယ့်အချစ်တွေရဲ့ သက်သေပါ။ အရိပ်အနာဂတ်



www.burmeseclassic.com

www.burmeseclassic.com



လုပစေဖို့ သူ ဖန်တီးခဲ့တာပဲလေ။ မာမီ့ဆန္ဒတွေအတိုင်းပဲလုပ်ဖို့ ဆုံးဖြတ်လိုက်သည်။

'အရိပ်လေးကို သား ကျောင်းပို့ရမယ် မဟုတ်လား၊ သွားလေ၊ အရိပ်လေးရှေ့မှာ သားမျက်နှာကြီး တင်းမထားပါနဲ့၊ အရိပ်ကိုလည်း တရားဝင်အမွေစားအမွေခံအဖြစ် မွေးစားတာမှ မဟုတ်သေးတာဘဲ'

'သား နားလည်သဘောပေါက်သွားပါပြီ မာမီ၊ အရိပ်က မာမီ့သမီးလေးပါ၊ ဆက်ပြီးမြေတောင်မြှောက်ပေးပါနော်'

'အေးပါကွယ်… သား သဘောထားပြောင်းလဲသွားတာ မာမီ ဝမ်းသာပါတယ်'

လရောင်ရိပ်အတွက် စတွေ့ကတည်းက ဈာန် စိတ်မောခဲ့ရသည်။ မချစ်မနှစ်သက်တဲ့ မိန်းမတစ်ယောက်ကိုပင် လက်ထပ်ရတော့မည်။ မာမီ့အခန်းက ပြေးထွက်လာပြီး အောက်ထပ်ဆင်းလာတော့ အရိပ်က ကားအနားမှာ ရပ်စောင့်နေ၏။ ဈာန့်လက်ထပ်ရမယ့် မိန်းကလေးက လရောင်ရိပ်ဖြစ်လိုက်စေချင်နေသည်။

'မင်း ရောက်နေပြီလား'

ထုံးစံအတိုင်းပဲ အရိပ်က ကားနောက်ခန်းမှာ ဝင်ထိုင်တော့ သူက ရှေ့ခန်းမှာပဲထိုင်တဲ့။ ရှင်နဲ့ စကားမပြောချင်ပါဘူး။ အိမ်ကြီးရှင်ရဲ့သားဆိုပြီး နိုင့်ထက်စီးနင်း လုပ်ချင်နေသည်။

'လရောင်ရိပ်'

'ပြောပါ'

'မင်း ကားမောင်းသင်တော့'





'မသင်ချင်ပါဘူးဆိုမှ'

'ကားမောင်းသင်တန်းမှာ သင်ပေးမှာပါ၊ ကိုယ် မသင်ပေးပါဘူး၊ လိုအပ်တယ် အရိပ်'

ကားမောင်းသင်တန်းမှာ အပ်ပေးရင်တော့ အရိပ် သင်မည်။ မာမီကြီးအတွက်ပါ။ ချွေးမနှင့်သားကြားမှာ မဝင်လိုဘဲ အရိပ်ကို အားကိုးအားထားပြုဖို့ ကြိုးစားနေသည်။ မိခင်တစ်ယောက်ကဲ့သို့ ပြုစုယုယပေးချင်၏။ အရိပ်က ကားမောင်းသင်တန်းမှာဆိုရင် သင်မယ်ဆိုတော့ ကိုဈာန် ဒေါသဖြစ်ချင်သည်။

'မင်းက ကိုယ့်ကိုတော့ မယုံတာလား လရောင်ရိပ်'

'ကျွန်မ စိတ်လုံလုံနေချင်တာပါ၊ နေရာတကာ ကိုယ့်သဘောဆန္ဒအတိုင်း ဒေါသတကြီး နိုင့်ထက်စီးနင်း မဆုံးဖြတ်ချင်ပါနဲ့ ကိုဈာန်'

'ဘာပြောတယ်၊ မင်းကများ စကားတွေအရမ်းတတ်နေတာပါလား လရောင်ရိပ်'

လရောင်ရိပ်က ရှင်တို့အိမ်မှာ မှီခိုကပ်နေရလို့ ရှင့်ကို ခွန်းတုံ့မပြန်ဘဲ ငြိမ်ကုတ်နေတာပါ ကိုဈာန်။ မိန်းကလေးတစ်ယောက်ကို ချမ်းသာတိုင်း စော်ကားချင်တိုင်း စော်ကားလို့ရမယ်များ ထင်နေလား။ ဗွာတေးလန်မလေး လုပ်ပြချင်ပေမယ့် သူ့ကို ကလန်ကဆန်မလုပ်ရဲ။ မြန်မြန်လက်ထပ်သွားပါတော့။ အရိပ်တောင်းပန်ပါတယ်။ မိန်းမအိမ်မှာ လိုက်နေမည်ဆို၍ အရိပ် စိတ်မောသက်သာနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်း ချစ်သူတွေ ရည်းစားတွေတော့ ထားမယ်မကြံနဲ့နော် လရောင်ရိပ်'

'မထားပါဘူး'

'ငါ လုံးဝခွင့်မလွှတ်ဘူး'

'ရှင်...'

'မာမီက မင်းအပေါ် အရမ်းချစ်ခင်အားကိုးနေလို့ကွ မာမီ့အနားမှာပဲ တစ်သက်လုံး အိမ်ထောင်မပြုဘဲနေထိုင်သွားပါ့မယ်လို့ ကတိပေးရမယ်'

'အဲဒီလိုတော့...'

'ဘာ...'

'ဟို... ဟို အရိပ် ကတိပေးပါတယ်'

'မင်းအတွက်ပါ၊ ယောကျ်ားတွေက မယုံရဘူး၊ မင်းက လူ့လောကကြီးအကြောင်း ဘာမှမသိသေးလို့ ပြောတာ၊ အပျိုကြီးပဲလုပ်ရမယ်'

သူနှင့် စကားတွေ အရှည်အရှည်မပြောချင်။ မဆီမဆိုင် အရိပ်အား ပိုင်စိုးပိုင်နင်းနှင့် အပျိုကြီးလုပ်ရမယ်တွေ ဘာတွေ လာပြောနေသည်။ အရိပ်က မာမီကြီးအပေါ်ပဲ သစ္စာရှိမှာ။ သူ ကျောင်းရောက်သွားဖို့ပဲ လိုအပ်နေသည်။

'လရောင်ရိပ်... မင်းကို ကိုယ်ပြောနေတာတွေ ကြားရဲ့လား'

'ဟုတ်ကဲ့၊ ကြားပါတယ်'

ကားလေးက ကျောင်းရှေ့ရပ်တော့ သူ တော်တော်နှင့်





မပြန်ဘဲ အရိပ်ကို စောင့်ကြည့်နေသည်။ အရိပ် ဘာမှကြည့်မနေတော့ဘဲ အခန်းထဲတန်းဝင်လာခဲ့၏။ ကိုဗျာန့်ကားထွက်သွားမှ အသက်ရှူချောင်သွားသည်။

'လရောင်ရိပ်'

'ဟင်...'

'မင်းအစ်ကို တော်တော်လေးဂရုစိုက်နေတာပါလား၊ တို့တွေ အနားတောင်ကပ်လို့မရပါလား'

အရိပ် ဘာမှမပြောလိုပေ။ ကိုဗျာန်အား ကတိပေးထားတာထက် အရိပ်ဘဝအခြေအနေအရ ရည်းစားထားဖို့ စိတ်မဝင်စားပါဘူး။ သူများအိမ်မှာ ကပ်နေရတာ။ နန္ဒဆိုတဲ့သူက အရိပ်အနားကပ်ထိုင်သည်။

'ကျွန်မကို မနှောင့်ယှက်ပါနဲ့၊ ဘယ်သူနဲ့မှ မိတ်ဆွေမဖြစ်ချင်ဘူး'

'ပြတ်သားလှချည်လား'

'ဟုတ်တယ်၊ အစ်ကိုကလည်း မကြိုက်ဘူး၊ ယောကျ်ားလေးမိတ်ဆွေထားတာ မကြိုက်ဘူး၊ ကျွန်မ တောင်းပန်ပါတယ်'

အရိပ်လည်း စိတ်ညစ်တယ်။ ကိုဗျာန်က တစ်မျိုး။ ယောကျ်ားတွေကိုလည်း အရိပ် လုံးဝစိတ်မဝင်စားပါဘူး။ သူမ မျက်နှာလေးတင်းနေတော့ နန္ဒဆိုတဲ့လူ ထွက်သွားသည်။

'မင်း ရည်းစားမထားနဲ့နော်၊ ကိုယ် လုံးဝခွင့်မလွှတ်ဘူး'

ကိုဗျာန်နဲ့ တကယ်ပါပဲ။ အရိပ်ကို ဘာဖြစ်လို့များ အနိုင်ကျင့်ချင်ရတာလဲ။ အကြီးဆည်းဆာရော မတွေးချင်တော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူမ ဘဝရှေ့ရေးအတွက် ပညာရေးဆုံးခန်းတိုင်အောင် သင်နိုင်ဖို့ပါပဲ။ ကိုရျာန်က ညီမလေးတစ်ယောက်လို ဆက်ဆံမယ်ဆိုရင်လည်း ကောင်းပါတယ်။ အခုတစ်လောတော့ ငြိမ်သက်နေသည်။ မမမှုန်းနှင့် အမြန်ဆုံးလက်ထပ်သွားပါစေ။ ညနေကျောင်းဆင်းတော့ အရိပ်အား ကားမောင်းသင်တန်းတစ်ခုမှာ အပ်ပေးသည်။

'မင်း စိတ်အေးလက်အေး ကားမောင်းသင်ပါ၊ ကိုယ် ဟိုကော်ဖီဆိုင်မှာ ထိုင်စောင့်မယ်နော် အရိပ်'

'ဟုတ်ကဲ့'

သူမ ကားမောင်းသင်နေစဉ် ကိုရျာန်က ကော်ဖီဆိုင်မှာ ထိုင်စောင့်နေသည်။ ဒီလိုကျတော့လည်း အစ်ကိုတစ်ယောက်က ညီမတစ်ယောက်ကို စောင့်ရှောက်နေသလိုပါပဲလား။ ဒါပေမဲ့ သူ့ကို မယုံရဘူး။ အရိပ် ကြောက်၍သာ ငြိမ်သက်နေရသည်။ စိတ်က မယုံကြည်။ ကားမောင်းသင်နေရင်း အရေးထဲ နန္ဒကပါ ကားမောင်းလာသင်၏။ အရိပ်ကိုတွေ့တော့ နှုတ်ဆက်သည်။

'လရောင်ရိပ် ကားမောင်းလာသင်တာလား၊ ကိုယ်ရော လာသင်တာ၊ မင်းအစ်ကိုက မသင်ပေးဘူးလား'

'မသင်ပေးလို့ပေါ့'

'လေသံက ပြေပြေလည်လည်ပြောပါ လရောင်ရိပ်ရာ၊ တင်းမနေပါနဲ့၊ တစ်ကျောင်းတည်းသားချင်းတွေပါ'

သူမက ဘာမှပြောမနေတော့ဘဲ ကားမောင်းသင်နေသည်။ နန္ဒက ကားနောက်မှလိုက်နေ၏။ နန္ဒက တော်တော်လေးတောင် တတ်နေပြီ။ ဒုက္ခပါပဲ။ ကိုရျာန်က လှမ်းကြည့်နေ၏။





ပြဿနာပဲ။ အရိပ်လည်း ဘယ်နေရာရောက်ရောက် ကံမကောင်းပါလား။ နန္ဒက ပြောင်စပ်စပ်။ အရိပ်ကို လက်တွေပြနေသည်။ ထင်ထားတဲ့အတိုင်းပဲ ကိုရျာန် ထလာတော့၏။ သင်နေတဲ့ကားကို ရပ်နိုင်းသည်။

'တော်ပြီ လရောင်ရိပ်၊ ဆက်သင်စရာမလိုတော့ဘူး၊ သွားကြမယ်'

'ကိုရျာန်'

'ဘာကိုရျာန်လဲ၊ ကျွန်တော်တို့ နောက်နေ့မှဆက်သင်ပါ့မယ်၊ ကျေးဇူးတင်ပါတယ်'

ကားမောင်းသင်တန်းဆရာကို ကားပေါ်မှဆင်းခိုင်းသည်။ အရိပ် မျက်နှာပူလိုက်တာ။ အားနာစရာကြီးပဲ။ ကိုရျာန်က ကားပေါ်တက်မောင်းပြီး ထွက်လာ၏။ ဟိုကောင်နန္ဒက လက်ပြနှုတ်ဆက်နေသေးသည်။

'မင်းက ကိုယ်သင်ပေးတာကိုလက်မခံတာ ဒီအကြောင်းတွေကြောင့်ပဲလား လရောင်ရိပ်'

'မဟုတ်ပါဘူး၊ သူတို့လာသင်နေတာလည်း အရိပ် မသိပါဘူး'

'ဘာမသိတာလဲ၊ ဒီကောင်က တော်တော်တတ်နေပြီ၊ ကိုယ် သူ့အကြောင်း စုံစမ်းကြည့်တော့ သင်တန်းတောင်ဆင်းတော့မယ်တဲ့၊ မင်း သိကိုသိရမယ်'

'အရိပ် တကယ်မသိတာပါ'



www.burmeseclassic.com

www.burmeseclassic.com



'မင်း လိမ်ညာနေတာပဲ၊ မင်းနဲ့ တော်တော်လေး ရင်းနှီးနေတယ်၊ မင်း ကျောင်းတက်တာ ဘယ်လောက်ကြာသေးလို့လဲ'

လူတစ်ယောက်ရဲ့ ကိုယ်ကျင့်တရားတွေကို မသိဘဲနဲ့ ဘာဖြစ်လို့များ စော်ကားပုတ်ခတ်ချင်ရတာလဲ ကိုရျာန်။ ရှင့်အိမ်မှာ နိုကပ်နေရတယ်ဆိုပြီး နိုင်ထက်စီးနင်းလုပ်ချင်တာလား။ သူမ ဒေါသထွက်ချင်လာသည်။ သူက သင်ပါဆိုလို့လည်း သင်ရသေးတယ်။ အလကားနေရင်း ဒေါသတွေထွက်နေ၏။ မျက်နှာပြင်မှာလည်း နီရဲတွတ်နေသည်။ ဒီလောက်အထိ ဒေါသထွက်စရာ ဘာအကြောင်းရှိလို့လဲ။ သူမ တုံ့ပြန်ပြောချင်စိတ်ပင် ကုန်ခန်းသွားရသည်။

'နောက်နေ့ကစပြီး မင်း ကားမောင်းသင်တန်း တက်စရာမလိုတော့ဘူး၊ ကိုယ်ပဲ သင်ပေးမယ်'

'မသင်ချင်ဘူး'

'ဘာ...'

အော်ပစ်လိုက်၍ အရိပ်ပင် လန့်သွားရသည်။ ဟုတ်တယ်။ ပြတ်ပြတ်သားသားပဲ ဆန့်ကျင်ရမယ်။ 'ရှင်နဲ့ မသင်ချင်ပါဘူး။ မာမီကြီးက ရှင့်အကျင့်စရိုက်တွေကိုမှ မသိတာ။ အရိပ် စိတ်ညစ်လာ၍ ငိုပစ်ချင်သည်။

'သင်ရမယ်၊ မင်းကို ကိုယ် စိတ်မချဘူး၊ စောစောက ကောင်လေးအမူအကျင့်တွေ မကြိုက်ဘူး၊ မင်းက ငွေမက်တဲ့ ကောင်မလေးလား၊ ယောကျ်ားဆိုတာ ချမ်းသာတာ ဆင်းရဲတာထက် ကိုယ့်ကိုချစ်မြတ်နိုးပြီး တန်ဖိုးထားဖို့ အဓိကလိုအပ်တယ်'





ထင်ထင် ရှင့်ဟာရှင် ထင်ချင်သလိုထင်တော့။ အရိပ်မှာ အပြစ်မရှိတာ အရိပ်အသိဆုံးပဲ။ ရှင် အဖြစ်လာသည်းမနေပါနဲ့။ ကျွန်မ အထင်မကြီးဘူး။ အရိပ် စိတ်ထဲကပဲ ကြိတ်ပြီး ဒေါသဖြစ်နေသည်။ အပြင်မှာတော့ ထုတ်ဖော်မပြောရဲပါဘူး။ ကြောက်လို့။ ကားကို အိမ်ပြန်မမောင်းသေးဘဲ စားသောက်ဆိုင်တစ်ဆိုင်မှာ ထိုးရပ်လိုက်၏။ သူ အထိတ်တလန့် မော့ကြည့်ပြီး မစားချင်ဘူးဟု ပြောသည်။

'ဆင်းလေ'

'ကိုရျာန်ပဲ သွားစားပါ'

'ဆင်းစမ်းကွာ၊ ကိုယ် ဒီအတိုင်းအိမ်ပြန်သွားရင် ဒေါသတွေ ပေါက်ကွဲနေလိမ့်မယ်'

ဒေါသဖြစ်စရာမဟုတ်ဘဲ ဒေါသတွေထွက်နေပြီ။ အရိပ် မငြင်းရဲတော့။ သူက အရိပ်လက်ကိုဆွဲကာ စားသောက်ဆိုင်ထဲ ဝင်လာသည်။

'ကျွန်မ ဒီဆိုင်တွေမှာ မစားတတ်ပါဘူး၊ မျိုချလို့လည်း ရမှာမဟုတ်ဘူးထင်တယ်'

'ပါးစပ်ပိတ်ထား'

သူ ဒေါသတွေ ပေါက်ကွဲကာ ဝုန်းဒိုင်းကြဲမှာစိုး၍ ဘာမှ ပြောမနေတော့ဘဲ သူကျွေးတာတွေ စားနေရသည်။

'စားနော်၊ ဘာစကားမှ မများနဲ့၊ မင်းကို ကိုယ် မယုံတော့ဘူး၊ မနက်ကပဲ ကတိပေးပြီး ကောင်လေးတွေနဲ့ ပတ်သက်တယ်၊ မင်း ကြောက်ချင်ယောင်ဆောင်နေတာ'

www.burmeseclassic.com



အရှုံးပဲ။ သူပြောချင်တာတွေ ပြောနေသည်။ မာမီကြီးရော၊ မမမှုန်းကရော ရှင့်အကျင့်စရိုက်တွေကိုမသိဘဲ အထင်ခွတ်ကြီးနေတာ။ ထင်လေ။ ရှင်ထင်ချင်သလိုထင်။ အရမ်းလွန်လာရင် မာမီကြီးကို တိုင်မယ်။ ကျွန်မအကြီးရောက်လာရင် ပြန်မယ်။ မာမီကြီးမျက်နှာ ထောက်ထားပြီး အရိပ် သူပြောသမျှ ခံနေလိုက်သည်။

'ဘာစားဦးမလဲ'

'တော်ပြီ'

'ဘာလဲ… ကိုယ်ကို မကျေမနပ်ဖြစ်နေတာလား'

'မဖြစ်ပါဘူး'

'ဖြစ်ချင်တာဖြစ်ကွာ၊ ကိုယ်က မင်းကောင်လေးတွေနဲ့ ပတ်သက်တာ မကြိုက်ဘူး၊ တားရမယ်၊ မင်းကို အပျိုကြီးအဖြစ်ပဲ နေရမယ်လို့ ပြောထားတယ်နော်'

မနေနိုင်ဘူး။ မနေနိုင်ဘူး။ ရှင်နဲ့ ဘာဆိုင်လို့လဲ။ အခိပ္ပာယ်မရှိ လိုက်ပြီးချုပ်ချယ်တားဆီးနေတယ်။ ရှင့်မှာ ချစ်သူရှိတယ်မဟုတ်လား။ ရှင့်ချစ်သူနဲ့တော့ လက်ထပ်မယ်မဟုတ်လား။ ကိုယ်ချင်းစာတရားမရှိတဲ့လူ။ ဒေါသဖြစ်ဖြစ်နှင့် ရင်ထဲမှာ ရန်တွေ့နေသည်။

'သွားမယ်၊ ထ'

အရိပ် လက်ကိုဆွဲတော့ မသိမသာ ရုန်းဖယ်ပစ်တာ မလွတ်။ ပို၍တောင်တင်းကျပ်သွားသည်။ ကိုရှာန် လွန်နေပြီ။ အရိပ် ဆက်ပြီးသည်းခံနိုင်ပါတော့မလား။ သူ အရိပ်အား ဖျက်ဆီး





ပစ်ဖို့ကြံစည်နေတာ။ အရိပ် လက်မခံ၍ ဒေါသထွက်နေတာဖြစ်သည်။

'ဘာဖြစ်လို့ ရုန်းနေရတာလဲ၊ မင်းအသားပုံပါသွားလို့လား၊ ငြိမ်နေစမ်း'

အရိပ် ငြိမ်သွားသည်။ သူပေါက်ကွဲနာကျင်မှုတွေအတွက် ဖြေသိမ့်ဖို့ မင်းလက်လေးကိုပဲ ဆုပ်ကိုင်ထားတာပါ လရောင်ရိပ်ရယ်။ မင်းနဲ့ပတ်သက်လာရင် ကိုယ် အမြဲတမ်းပေါက်ကွဲနေတယ်။ တစ်ခါတလေ ကိုယ့်စိတ်တွေ ဘယ်လိုမှ ထိန်းချုပ်ထားလို့မရဘူး။ ဒါပေမဲ့လည်း မင်းဘဝလေးကို ဘယ်တော့မှ မဖျက်ဆီးပါဘူး။ ဖန်ပေါင်းချောင်ထဲက ရွှေငါးလေးတွေလို ကိုယ် အစာကျွေးရင်း ရေတွေအသစ်လဲပေးရင်း တဖြည်းဖြည်းအရောင်အသွေးတောက်ပကြီးထွားလာတာကို ကြည့်ချင်ခဲ့တာပါ။ ခြံထဲသို့ ကားဝင်လာတော့ မှုန်း ရောက်နေသည်။

'ဒီမောင်နှမ ကားမောင်းသင်တန်းသွားတာဆို၊ ဘယ်လိုလဲ အဆင်ပြေရဲ့လား အရိပ်လေး'

'ဟုတ်ကဲ့'

မမမှုန်းကို ရုတ်တရက်ကြီးတွေ့လိုက်တော့လည်း အရိပ် မျက်နှာထူပူပြီး စကားတွေပင် ဆွံ့အသွားချင်သည်။ ရှင့်ကြောင့်ပဲ အရိပ် ရှောင်ထွက်လာခဲ့သည်။

'စသင်ကာစတော့ ဒီလိုပဲ အရိပ်လေးရဲ့၊ ကြောက်တယ်၊ မမမှုန်းလည်း ကိုယ်တိုင်ကားမောင်းဖို့ အတော်လေး သတ္တိမွေးပြီး ကြိုးစားခဲ့ရတာ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့… အစဆိုတော့ အရိုင် အရမ်းကြောက်နေတယ်၊ ခုထိတောင် ရင်တွေခုန်နေသေးတယ်'

'ဟင်း… ဟင်း… ဟင်း… အရိုင်လေးက မမမှုန်းထက်တောင် နုသေးတယ်၊ ကြည့်ပါဦး… ကြောက်သွေးတွေမပျက်သေးဘူး၊ မျက်နှာလေးက ပန်းရောင်သွေးထနေတုန်းပဲ'

သူမ ပြုံးပြပြီး သူမအိပ်ခန်းလေးဆီ ပြေးဝင်လာခဲ့သည်။ အရိုင် ရှက်နေ၏။ မမမှုန်းအပေါ် သစ္စာဖောက်မိသလိုလည်း ခံစားရသည်။ မမမှုန်းသိထားတာ အရိုင်နဲ့ ကိုဗျာန်တို့ မောင်နှမဝမ်းကွဲတော်တယ်ဆိုတာပါပဲ။ အိပ်ခန်းထဲရောက်တော့မှ သူမဝမ်းနည်းကြေကွဲလာရပြီး မျက်ရည်တွေ လိမ့်ဆင်းကျလာသည်။

◆ ◆ ◆



(၁၄)

လူကြီးစုံရာနှင့် စေ့စပ်တဲ့နေ့က လရောင်ရိပ်ကို မာမီက ပြင်ဆင်ပေးပြီး ခေါ်လာဖို့လုပ်တော့ ဗျာန် ကန့်ကွက်သည်။ မာမီက အရိုင်လေး ပွဲတိုးရဲအောင်ပါတဲ့။ အိမ်မှာထားခဲ့ရင် အရိုင်လေး အားငယ်မယ်တဲ့။ မာမီက အရိုင်လေးကို လူသစ်စိတ်သစ်နဲ့ မာမီ့သမီးအဖြစ်ပဲ ရပ်တည်စေချင်တယ်တဲ့။ အရိုင် ဝတ်စားပြင်ဆင်ပြီးတော့ မမှတ်မိအောင်ပင် ချောမောနေ၏။ သတို့သမီးထက်ပင် ထင်ပေါ်တောက်ပနေသည်။

'ကျွန်မယောက်ျားဘက်က တူမလေးပါ၊ မိဘတွေဆုံးသွားလို့ ကျွန်မပဲ အနီးကပ်ခေါ်ပြီး စောင့်ရှောက်ထားတာလေ'

ဗျာန့်တို့စေ့စပ်ပွဲကို ရောက်လာတဲ့ ဧည့်သည်တွေနှင့် မိတ်ဆက်ပေးနေသည်။ သူ့စေ့စပ်ပွဲမှာ အရိုင်ကို ရှိမနေစေချင်ပေ။ သူ့စိတ်တွေ မလုံခြုံလို့ပါ။ မင်းမျက်ဝန်းတွေထဲမှာ တိုယ့်ကို မနာလိုဝန်တိုမှု အရိပ်အငွေ့လေးတောင် ရှိမနေဘူး။ မင်းကိုကိုယ်ချစ်နေတာတော့ မင်းသိနေမှာပါ။ အရိုင် တောင်လေးတွေ



www.burmeseclassic.com

www.burmeseclassic.com



နှင့် နည်းနည်းပါးပါး အရောတဝင်ရှိတာနှင့် ဈာန် မထိန်းနိုင် မသိမ်းနိုင်အောင် ဒေါသတွေပေါက်ကွဲရသည်။ သူ့စေ့စပ်ပွဲမှာ အရိပ်ပျော်နေသလိုပင်။ ကိုယ် မိန်းမရသွားတာ ကောင်းတယ်လို့ မင်းတွေးထားတာလား။ သူ့စေ့စပ်ပွဲက လရောင်ရိပ်နှင့်ဆိုလျှင် ဘယ်လောက်ကောင်းမလဲ။ လရောင်ရိပ်ကိုပဲ ညှို့သည်တွေ စိတ်ဝင်စားနေကြ၍ ဈာန် မကျေမနပ်ဖြစ်ရပြန်သည်။

'လရောင်ရိပ်တဲ့လား··· နာမည်နဲ့ တကယ်လိုက်ဖက်တယ်ကွာ'

ဆေးကျောင်းသား သုခဆိုတဲ့ကောင်လေးရဲ့ မိဘတွေရောက်လာတော့ အနုပညာတက္ကသိုလ်မှာ ပန်းချီအဓိကဘာသာရပ်နှင့် တက်နေတဲ့ လရောင်ရိပ်ကို မှူန်းက တကူးတကမိတ်ဆက်ပေးနေပြန်သည်။

'သုခရေ··· သူလေးက မမမှူန်းယောက်မလေး လရောင်ရိပ်တဲ့၊ အနုပညာတက္ကသိုလ် တက်နေတာပါ'

'တွေ့ရတာ ဝမ်းသာပါတယ် လရောင်ရိပ်၊ ကိုယ်က သုခပါ၊ ဆေးတက္ကသိုလ် (၁)ကပါ'

ဈာန် စိတ်တိုချင်လာသည်။ မှူန်း ဘာဖြစ်နေတာလဲ။ အရိပ်ကို ကောင်းစားစေချင်တာလား။ စေ့စပ်ပွဲက သူ့ကို မီးလောင်တိုက်သွင်းနေသလိုပင်။ ထွက်သွားချင်နေသည်။ သုခဆိုတဲ့ကောင်လေးကလည်း အရိပ်နားက မခွာတော့။ မာမီကလည်း ရှေ့တန်းတင်လွန်းနေ၏။ ဒီကောင်မလေးကို ထားခဲ့ပါဆိုမှဗျာ။ အန်ကယ်ထင်ကလည်း အရိပ်လိမ္မာကြောင်း၊ နူးညံ့ကြောင်း၊





လူကြီးမိဘကို ရိုသေကြောင်းတွေ သုခမိဘတွေအား ပြောပြနေသည်။

'လရောင်ရိပ်လေးက အရမ်းလိမ္မာရေးခြားရှိတယ် ညှန့်ညှန့်၊ သော်တာက သမီးအဖြစ်မွေးစားတော့မှာလေ'

'အရမ်းလှတယ်နော် အစ်ကိုကြီး၊ ကြည့်စမ်းပါဦး၊ နှာတံလေး၊ မျက်တောင်ကော့လေးတွေ၊ ဆံပင်လေးပဲ ပြောစရာရှိတာပါ၊ နောက်ဆို ဆံပင်အရှည်ထားလိုက်နော် သမီး၊ တကယ်ပဲ ကျက်သရေရှိလိုက်တာ၊ ချွေးမတောင် တော်ချင်လာပြီ'

သူ ဆတ်ခနဲထလိုက်ပြီး သန့်စင်ခန်းသွားဦးမယ်ဆိုပြီး ထွက်လာခဲ့သည်။ အရိပ်ကို ဘာဖြစ်လို့ ရယူဖို့ကြိုးစားရတာလဲ။ မကြားချင်တော့။ ဈာန် သန့်စင်ခန်းထဲဝင်လာပြီး ယောင်ချာချာနှင့် ရပ်နေ၏။ စေ့စပ်ပွဲနှင့်ဝေးရာကိုပဲ ထွက်သွားချင်သည်။

'မာမီ အရိပ်ကို ဘာဖြစ်လို့ပွဲထုတ်ချင်နေရတာလဲဗျာ၊ အရင်ကလို အိမ်အကူမလေးအဖြစ်ပဲ ထားလိုက်ပါတော့'

အရိပ်နှင့်ပတ်သက်လာလျှင် ဈာန် ဘယ်လိုမှ ဟန်ဆောင်ထိန်းချုပ်နိုင်စွမ်းမရှိပေ။ ပေါက်ကွဲလွယ်နေသည်။ အချစ်တွေကို မျိုသိပ်ထားရတာ သူ့နှလုံးသားတွေ တစ်စစီကွဲအက်ကြေမွနေ၏။ အရိပ်ကို ယောကျ်ားတစ်ယောက်နှင့် အောင်သွယ်စပ်ပေးနေတာလည်း သူမုန်းသည်။

'အစ်ကို··· အစ်ကို့ကို ခေါ်နိုင်းနေတယ်၊ စေ့စပ်ပွဲစတော့မယ်တဲ့'

'ဟင်···'



www.burmeseclassic.com

www.burmeseclassic.com



'အစ်ကို ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား'

Walter ကောင်လေးက အထဲဝင်လာပြီး ချာန့်ကိုခေါ်သည်။ ဧစပ်ပွဲ စတော့မယ်တဲ့။ သူ အသိကင်းမဲ့ပြီး ရပ်နေတာပါ။ သူ့ခန္ဓာကိုယ်တစ်ခုလုံး လေးလံနေ၏။ ဝန်ထမ်းကောင်လေးက စိတ်ပူပြီး သူ့လက်ကိုလှုပ်သည်။

'အစ်ကို… ဘာဖြစ်လို့လဲ၊ ခေါင်းမူးလို့လား၊ သတို့သားလောင်းပျောက်သွားလို့ စိတ်ပူနေကြတယ်၊ သွားလို့ရလား'

'ဪ… ရတယ်၊ ရတယ်၊ ကိုယ် နည်းနည်းလေး ခေါင်းမူးနေလို့၊ ဘာမှမဖြစ်ပါဘူး၊ ကိုယ့်မှာ သွေးအားနည်းရောဂါရှိတယ်'

'အဲဒါနဲ့များ အစ်ကို မိန်းမယူမလို့လား၊ အရမ်းချစ်လို့ထင်တယ်'

သူ ပြန်ထွက်လာခဲ့သည်။ ခုံမှာဝင်ထိုင်တော့ မှုန်းက မောင် ဘာဖြစ်နေလို့လဲ။ နေမကောင်းဘူးလားတဲ့။ မာမီလည်း စိတ်ပူသွား၏။ ချာန် တကယ်ပဲ ဟန်မဆောင်နိုင်လောက်အောင် ဖြစ်သွားသည်။

'ဘာမှမဖြစ်ပါဘူး မှုန်း၊ နည်းနည်းလေး ခေါင်းမူးသွားလို့၊ ကိုယ့်စိတ်တွေလှုပ်ရှားပြီး ညက အိပ်မပျော်ဘူးကွာ'

'မောင်ကလည်းလေ'

အရိပ်ရှေ့မှာ မောင်ဆိုတဲ့အသုံးအနှုန်းကို ချာန် မသုံးလိုပေ။ ဧစပ်ပွဲကြီး အမြန်ဆုံးပြီးသွားစေချင်နေသည်။ အခမ်းအနား





က မပြီးဆုံးနိုင်အောင် ရှည်လျားလွန်း၏။ အစီအစဉ်တွေ တစ်ခုပြီးတစ်ခု သူ အတော်လေးသည်းခံနေရသည်။

'ချာန်…'

'ဗျာ… မာမီ'

'သား လက်မှတ်ထိုးလေ'

'ဗျာ… ဘာဖြစ်လို့လက်မှတ်ထိုးရမှာလဲ မာမီ၊ လက်ထပ်သေးတာမှ မဟုတ်တာ'

သူ ခပ်ကြောင်ကြောင်ပြန်မေးမိပြီး လက်မှတ်ထိုးရမှာ တွန့်သွားသည်။

'ဧစပ်ပွဲမှာလည်း လက်မှတ်ထိုးရတယ်လေ မောင်၊ အသိသက်သေလည်း လက်မှတ်ထိုးမှာ'

'ဟုတ်တယ်၊ ကိုယ် ကြောင်သွားတာ၊ လက်မှတ်ထိုးရမှာပဲ'

ချာန် တကယ့်ကို ကယောင်ကတမ်းဖြစ်နေသည်။ မှုန်နဲ့ တရားဝင် အကြင်လင်မယားအဖြစ် လက်မှတ်ထိုးရမှာ ထိတ်လန့်တုန်လှုပ်နေသလိုပဲ။ လက်မှတ်ထိုးလိုက်ပြီး ဧစပ်ပွဲအခမ်းအနားရုပ်သိမ်းမှ ချာန် အသက်ရှူချောင်သွားသည်။

'မောင် နေမကောင်းဘူးလား၊ ခေါင်းက အရမ်းမူးနေလား၊ ဘယ်လိုလုပ်ပေးရမလဲဟင်'

'နည်းနည်းပါ… မောင် မအီမသာကြီးဖြစ်နေတယ်၊ မိသားစုညစာစားပွဲလည်း ရှိတယ်လေ၊ ရပါတယ်… အိမ်ပြန်ပြီး ခဏအနားယူလိုက်မယ်၊ ညစာစားပွဲတော့ တက်ရမယ်လေ'



www.burmeseclassic.com

www.burmeseclassic.com



'မောင့်အမှုအရာ အရမ်းပျက်လွန်းနေတယ်၊ မမညွှန့်က တောင် ချာန်က မွန်းကိုချစ်ရဲ့လားတဲ့၊ လူကြီးတွေ အတင်းပေးစားလို့ လက်ထပ်မှာလားတဲ့'

'မွန်းက ရှင်းပြလိုက်လေ၊ ချစ်လို့လက်ထပ်တာပါလို့'

'ဟွန်း… မွန်းတောင် မောင့်ကို သံသယဝင်နေပြီ၊ မောင့်မှာ ချစ်သူရှိတာတော့ မဟုတ်ပါဘူးနော်'

'မရှိပါဘူး၊ မိန်းကလေးတွေနဲ့ မောင် ဘယ်တော့မှပတ်သက်ခဲ့တာ မဟုတ်ပါဘူး၊ ညကျမှတွေ့မယ်နော် မွန်း'

သူ သတိထားရမယ်။ ပြဿနာကို ပေါက်ကွဲသွားစေရင် ထိခိုက်နစ်နာသူက အရိပ်ပဲဖြစ်နိုင်သည်။ မွန်းကို လက်ထပ်ဖို့ဆုံးဖြတ်ထားပြီးပြီပဲ။ အသိတရားရှိစမ်းပါ ချာန်ရာ။ မင်းကလေးမဟုတ်တော့ဘူး။ ဆုံးဖြတ်ပြီးသားကိစ္စပဲ။ ညစာစားပွဲက မိသားစုတွေချည်းဖြစ်သည်။

'ညစာစားပွဲမှာ မိသားစုတွေရှိနေတာ၊ မောင် မွန်းကို ကြင်နာယုယပြပါဦး၊ တော်ကြာ ဆွေမျိုးတွေက မောင့်ကို ငွေကြေးဥစ္စာတွေကြောင့်လို့ ထင်နေပါဦးမယ်'

'ကိုယ်ပြန်တော့မယ် မွန်း'

မွန်းနှင့် သူက နှစ်ယောက်တည်းကျန်ရစ်ခဲ့သည်။ သူ့စိတ်တွေ မွန်းကျပ်အိုက်လှောင်နေ၏။ သူ ယောကျ်ားပီသစွာ သူ့တာဝန်ကို သူ ယူသင့်သည်ဟုထင်သည်။ မွန်းက အပြစ်ကင်းသူပါ။ အပြစ်မဲ့သူက တန်ဆာခံမဖြစ်စေလိုပေ။ မွန်းကိုပဲလက်ထပ်ဖို့ ချာန် နိုင်နိုင်မာမာဆုံးဖြတ်လိုက်သည်။ သူ ပြန်ရောက်လာ





တော့ မာမီ့မျက်နှာပြင်ပေါ်မှာ စိုးရိမ်ပူပန်မှုတွေ ထင်းနေ၏။ အရိပ်က မာမီ့ကို နှိပ်နယ်ပေးနေသည်။

'သား'

'ဗျာ…'

'မင်း လက်ထပ်ပြီးရင် မာမီ နောက်ထပ်အိမ်ထောင်ပြုသွားမှာတော့ စိတ်မပူပါနဲ့၊ သားရဲ့ခံစားချက်တွေကို မာမီ နားလည်ပါတယ်လေ၊ မာမီ ကတိပေးပါတယ်'

မာမီက ချာန် အမှုအရာပျက်နေတာ မာမီ နောက်ထပ်အိမ်ထောင်ပြုမှာ စိုးရိမ်နေတာဟု ထင်နေသည်။ ချာန့်လုပ်ရပ်တွေ မှားယွင်းနေ၏။ ချာန် အသိနှင့်ထိန်းချုပ်လိုက်သည်။

'မာမီ ချာန်မှားသွားပါတယ်၊ ချာန့်စိတ်တွေကို မထိန်းနိုင်ဖြစ်သွားရတယ်၊ မာမီ ပျော်ပျော်နေပါ၊ မွန်းကို သားလက်ထပ်ပါ့မယ်၊ မာမီ့စိတ်တွေ အနှောင့်အယှက်မဖြစ်စေရတော့ပါဘူး'

အရိပ် မင်းကို မေ့ပစ်ရမယ်။ ကိုယ် အရမ်းကို အမှုအရာတွေပျက်ယွင်းနေတာပဲ။ မဖြစ်သင့်ဘူးကွာ။ ကိုယ်ချစ်နေရင် မင်းဘဝအတွက် အဟန့်အတားတွေ၊ ခလုတ်ကန်သင်းတွေ ဖြစ်လာမှာပါ။ ကိုယ် ထိန်းချုပ်ရမယ်။ မင်းဟာ ကိုယ့်ညီမလေးအဖြစ် လက်ခံလာအောင် ကိုယ် ကြိုးစားရမယ်။ ညစာစားပွဲကို မာမီ မလိုက်တော့ပါဘူး။ သားတို့ပဲ သွားပါ။ မာမီ နေမကောင်းလို့တဲ့။ သူသိလိုက်တာ ချာန့်ကြောင့်ပဲ ဖြစ်မှာပါ။ အန်တယ်ထင်းကို ရှောင်နေတာပဲဖြစ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မာမီ လိုက်ခဲ့ပါ၊ မိသားစုဝင်တွေအားလုံး ပျော်ပျော်ပါးပါးပဲပေါ့၊ အရိပ်လည်း လိုက်ခဲ့လေ'

'အရိပ် မလိုက်တော့ပါဘူး၊ မာမီကြီးတော့ သွားလိုက်ပါနော်၊ မမမှုန်း စိတ်အနှောင့်အယှက်ဖြစ်သွားမှာ စိုးရိမ်ရတယ်လေ'

'မာမီသွားရင်တော့ သမီးလည်း လိုက်ရမှာပေါ့၊ ဒါမှ ပွဲစည်မှာလေ၊ မာမီ လိုက်တယ်ဆိုရင်တောင် သားအတွက်ပါကွယ်၊ သားဒယ်ဒီအပေါ် မာမီ ဘယ်တုန်းကမှ သစ္စာမမဲ့ခဲ့ပါဘူးသား၊ ယုံပါ'

'စိတ်အနှောင့်အယှက်ဖြစ်စရာတွေ မေ့ပစ်လိုက်ပါ မာမီ၊ အရိပ်လည်း မနေခဲ့ပါနဲ့၊ လိုက်ခဲ့ပါ'

ကိုရျာန့်အကြောင်း အရိပ်အသိဆုံးပင်။ လူရှေ့မှာ သဘောကောင်းပြနေတာပါ။

တကယ်တော့ ကိုရျာန်ဖြစ်နေတာတွေက အရိပ်နှင့် ယောကျ်ားလေးတစ်ယောက် တရင်းတနှီးပြောဆိုဆက်ဆံနေတာ မနာလိုဝန်တိုနေသည်။ ဖြစ်သင့်လို့လား။ လူကြီးလူကောင်းတစ်ယောက်ရဲ့ အကျင့်စရိုက်တွေ လုံးဝမရှိဘူး။ အရိပ် မုန်းတယ်။ အရိပ်ဘဝကို ဖျက်ဆီးပစ်ဖို့ကြံစည်နေတာ သိသာနေသည်။

'အရိပ် မလိုက်တော့ပါဘူး၊ ကျောင်းကိစ္စတွေလည်း ရှိနေသေးတယ်၊ ညဘက် အိမ်မှာ ဒေါ်လေးမတစ်ယောက်တည်း ရှိတယ်လေ၊ အရိပ် နေခဲ့ချင်ပါတယ်'

သူခလည်း လာမှာပါ။ အရိပ်အား ညစာစားပွဲမှာ ထပ်





တွေ့ချင်ကြောင်း ကပ်ပြောခဲ့သည်။ ကိုရျာန်နဲ့ မဖြစ်ဘူး။ သူမကြောင့် မမမှုန်းနေ့စေ့ပွဲ မပျက်စေချင်တာပါ။ အရိပ် ဖွတ်ပဲနေရစ်ခဲ့၏။ မာမီကြီးကိုတော့ မသွားလို့မဖြစ်ကြောင်း ပြောရသည်။ ကိုရျာန်တို့သားအမိ ထွက်သွားမှ အရိပ် စိတ်သက်သာရာရသွား၏။ ဒေါ်လေးမကတော့ ညစာအတွက် စားကောင်းသောက်ဖွယ်တွေ လိုက်စားစမ်းပါအေတဲ့။ ဒေါ်လေးမကို သတိရလွန်းလို့ မျိုမကျပါဘူးလို့ပြောပြီး ရှောင်ထွက်လာခဲ့သည်။ အိပ်ခန်းထဲရောက်မှ အရိပ် ရင်တွေပူလောင်စပ်ဖျဉ်းနေတာတွေ လျော့သွားသည်။

'မင်း ချစ်သူထားရင် ကိုယ် လုံးဝခွင့်လွှတ်မှာမဟုတ်ဘူးနော် လရောင်ရိပ်'

ဟွန်း… သူနဲ့ ဘာဆိုင်လို့လဲ။ အရိပ်ကို ပိုင်စိုးပိုင်နင်းနဲ့။ မာမီကြီးက အရိပ်အား သမီးအဖြစ်သတ်မှတ်ထားပေမယ့် အရိပ် ကိုရျာန်နှင့်ဆက်နေရန် မဖြစ်တော့ဘူးဟု ထင်မိသည်။ အရိပ် ထွက်သွားမှဖြစ်မယ်ထင်တယ်။ ကိုရျာန့်စိတ်တွေ မရိုးသားတော့ဘူး။ အရိပ်ကို အမြဲတမ်းကြံစည်နေသည်။

'မေမေရယ်… အရိပ်ကံဆိုးလိုက်တာ၊ အရိပ် ဘာဆက်လုပ်ရမှာလဲဟင်'

ဒီညရော ကိုရျာန် အရက်တွေသောက်လာမှာလား။ အရိပ် တံခါးဖွင့်ပေးရမှာပင် ကြောက်နေသည်။ ဒေါ်လေးမကိုလည်း ညဘက် အိပ်ရေးပျက်မှာစိုး၍ မစောင့်ခိုင်းချင်။ ကိုရျာန် ကောင်းကြံစည်နေပါတယ်လို့ပြောရင်ရော လက်ခံမလား။ အခု



www.burmeseclassic.com

www.burmeseclassic.com



လောက်ဆိုရင်တောင် အရိပ် တံခါးဖွင့်ပေးမှာပဲဆိုပြီး ဒေါ်လေးမ အိပ်နေလောက်ပြီ။ မလွဲသာမရှောင်သာ အရိပ်ပဲ တံခါးစောင့်နေရသည်။ ညဦးနက်မှ မာမီကြီးတို့ ပြန်လာကြ၏။ အရိပ် ရင်တွေ တဒိန်းဒိန်းခုန်လာသည်။

'အရိပ်ကလေး စောင့်နေရတာပဲ၊ မာမီကြီး စားစရာတွေ ယူလာတယ်၊ ဒေါ်မမကို နှိုးကျွေးလိုက်ဦး၊ သမီးလည်း စား'

'ဟုတ်ကဲ့'

မာမီကြီးက စားစရာထုပ်တွေပေးပြီး အပေါ်ထပ်တက်သွားသည်။ နောက်မှာ ကိုချာန် ကျန်ခဲ့၏။ ဘုရားရေ… သူ မူးလာလား။ တိုက်ထဲဝင်မလာသေးဘဲ ခြံထဲမှာ ဘာလုပ်နေတာလဲ။ အရိပ် ကြောက်လာပြီး ဒေါ်လေးမကို သွားနှိုးလိုက်သည်။

'ဒေါ်လေးမ… ဒေါ်လေးမ'

'ဟင်…'

'ထပါဦး၊ ဒီမှာ မာမီကြီးက စားစရာတွေယူလာတယ်၊ နှိုးကျွေးဆိုလို့ပါ'

ဒေါ်လေးမ ထလာသည်။ တော်ပါသေးရဲ့။ အရိပ် ကြောက်တယ်။ တစ်ယောက်တည်း မနေရဲတော့ဘူး။ စားစရာတွေက အများကြီးပဲ။ ကိုချာန် ခြံထဲကမတက်သေးပေ။ အရိပ် တံခါးပိတ်ဖို့ ပြန်ထွက်ကြည့်တော့ ခြံထဲမှာ ကိုချာန် ထိုင်နေသည်။

'ဒေါ်လေးမ ခြံထဲမှာ ကိုချာန်ထိုင်နေတယ်၊ ဒေါ်လေးမ





ပဲ စောင့်လိုက်တော့နော်၊ အရိပ် အိပ်တော့မယ်၊ မနက် ကျောင်းကရှိသေးတယ်လေ'

'အေး… အေး… သွားအိပ်တော့၊ ဒေါ်လေးမပဲ တံခါးပိတ်လိုက်မယ်'

ဒေါ်မမလည်း အရိပ်လေးကိုသနား၍ တံခါးပိတ်ဖို့ တာဝန်ယူလိုက်သည်။ ချာန် ဘာဖြစ်လို့များ ခြံထဲမှာထိုင်နေရတာလဲ။ ဒီကလေး အခုတစ်လော မျက်နှာလေးမှိုင်တွေတွေဖြစ်နေ၏။ ဒေါ်မမ ခြံထဲဆင်းလာသည်။

'ချာန် ဝင်တော့လေ၊ အပြင်မှာ အေးနေတယ်၊ မင်း အရက်တွေအရမ်းသောက်လာတာလား'

'အိပ်ပါ ဒေါ်လေးမ၊ ချာန် နည်းနည်းမူးလာတယ်၊ ပျော်လို့လေ၊ မှုန်းနဲ့ ကျွန်တော် လိုက်ဖက်တယ်မဟုတ်လား ဒေါ်လေးမ'

'လိုက်ဖက်တာပေါ့ကွယ်၊ ရွှေချင်းထပ်တော့ မြတ်နေတာလေ၊ မှုန်းကလည်း အဘက်ဘက်က ပြည့်စုံနေတယ်၊ ဘာလိုသေးလဲကွယ်'

ချာန် အရမ်းမူးနေ၍ တိုက်ထဲမဝင်ချင်သေးပေ။ အရိပ်နှင့် မျက်နှာချင်းမဆိုင်လို၍ မဝင်သေးတာပါ။ ဒေါ်လေးမကို အရိပ် နှိုးလိုက်တာပဲဖြစ်မယ်။ ကိုယ့်ကို ဒီလောက်ထိ ကြောက်လန့်နေလား လရောင်ရိပ်ရယ်။ ချာန် အမှားအယွင်းတော့ ထပ်မလုပ်ချင်တော့ပေ။ တိုက်ထဲဝင်ရမှာ ကြောက်နေသည်။

'ဝင်တော့လေ ချာန်'



www.burmeseclassic.com

'ချာန် ခဏထိုင်နေချင်လို့ပါ၊ အမူးပြေသွားအောင်ပါ၊ ဒေါ်လေးမ အိပ်တော့၊ ချာန် တံခါးပိတ်မယ်'

'မဟုတ်တာဘဲ၊ ဒေါ်လေးမ ထိုင်စောင့်နေပါ့မယ်'

'ဒါဆိုလည်း ချာန် ဝင်တော့မယ်၊ ဒေါ်လေးမ အသက်ကြီးပါပြီ'

'ချာန်'

'ဗျာ...'

'ချာန့်ကို ဒေါ်လေးမ မေးမယ်၊ ဒေါ်လေးမက ချာန့်ကို ငယ်ငယ်လေးကတည်းက ပြုစုယုယကျွေးမွေးလာခဲ့တာပါ၊ မင်းရင်ထဲမှာ တစ်ခုခုဖြစ်နေပြီဆိုတာ သိနေသလိုပဲ၊ မင်းငယ်ငယ်လေးကတည်းကပဲ မင်း ဘာလိုအပ်နေလဲလို့ အမြဲတမ်း မင်းမျက်နှာလေးပေါ်က အရိပ်အကဲကို စောင့်ကြည့်နေရတာလေ'

'မေးပါ ဒေါ်လေးမ'

'မှုန်းကို ချစ်ရဲ့လား၊ မာမီကြီးကြောင့် မင်း လက်ထပ်တာလားကွယ်၊ မင်းက မိဘစကားကို နားထောင်တတ်တဲ့ကလေးလေ'

ချာန့်မှာ အဖြေရှိမနေပေ။ အရိပ်ကို ချစ်နေမိနေလို့ပါဟုဖြေလို့ရော ဖြစ်မလား။ မှုန်းကို ချာန် ချစ်လို့လက်ထပ်တာပါပဲဟုပြောပြီး ချာန် တိုက်ကြီးထဲဝင်လာခဲ့သည်။

◆ ◆ ◆



(၁၅)

'လရောင်ရိပ်'

'ဟင်... သုခ ဘာလာလုပ်တာလဲ'

အတန်းပြီးတော့ နောက်တစ်ခန်းကူးဖို့အတွက် အခန်းထဲမှထွက်လာစဉ် သုခကို တွေ့လိုက်ရ၍ အရိပ် အံ့ဩသွားသည်။ ကိုချာန်နဲ့စေ့စပ်ပွဲပြီးကတည်းက အရိပ်ဆီ သုခ ဖုန်းဆက်နေတတ်တာ။ ကိုချာန် မသိလို့ပဲ။ သုခ ရောက်လာတာက အရေးမကြီးပါဘူး။ ကိုချာန် တွေ့သွားလျှင် ပြဿနာက ကြီးထွားသွားနိုင်သည်။

'တစ်ခုခုစားရအောင်၊ အရိပ်ကို တွေ့ချင်လို့ပါ၊ ဘယ်လိုလုပ်ရမလဲ အရိပ်ရာ၊ အမြဲတမ်းတွေ့ချင်နေတယ်၊ စကားတွေပြောချင်နေတယ်၊ အရိပ်ကို သတိရနေတယ်'

အရိပ်ကတော့ သုခကိုတွေ့ကတည်းက ထိတ်လန့်နေပါပြီ။ စားသောက်တန်းဘက် သွားကြမယ်ဆိုပြီး သုခ ရှေ့မှထွက်သွားတော့ အရိပ် ငြင်းပစ်လိုက်ရင် ကောင်းမလားဆိုပြီး တွေတွေဝေဝေလေး ရပ်နေမိသည်။

www.burmeseclassic.com



'လာလေ… အရိပ်၊ ဘာဖြစ်လို့လဲ၊ လူရှင်းတဲ့ဆိုင်လေးမှာ စကားပြောရအောင်'

'ဟို… ဟိုလေ… အရိပ်မှာ အတန်းရှိသေးတယ်၊ မအားဘူးထင်တယ် သုခ'

'ဒါဆိုလည်း သုခစောင့်နေမယ်၊ အရိပ် သွားတက်လေ'

'သုခ ပြန်ပါ'

'ဘာဖြစ်လို့လဲ၊ သုခတောင် အတန်းဖျက်ပြီးလာရတာ၊ အရေးကြီးတဲ့အတန်း သိလား'

'အရိပ်လေ… အရိပ်'

မဖြစ်ပါဘူး။ နောက်အချိန်ပြီးရင် ကျောင်းက ဆင်းနေပြီ။ ကိုရျာန် လာကြိုတော့မယ်။ သုခကိုတွေ့သွားလို့ မဖြစ်ပါဘူး။ အခုပဲတွေ့လိုက်တော့မယ်။ သုခကို ပြန်ခိုင်းဖို့ကလည်း မမမှုန်းမျက်နှာက ရှိနေသေးသည်။ အားနာစရာကြီး။ သုခ အရေးကြီးတဲ့အတန်းတောင် ဖျက်လာတာဆိုတော့လည်း အခုပဲတွေ့လိုက်ဖို့ ဆုံးဖြတ်လိုက်သည်။

'အခုပဲတွေ့ကြမယ်လေ သုခ၊ ကျောင်းဆင်းတော့မယ်၊ သွားကြမယ်လေ'

'အတန်းသွားတက်ပါ၊ သုခ စောင့်ပေးနိုင်ပါတယ်၊ အိမ်ကို ဖုန်းဆက်လိုက်လေ၊ အစ်ကိုရျာန် လာမကြိုနဲ့တော့လို့၊ သုခ ပြန်ပို့ပေးမယ်လို့'

'မလုပ်ပါနဲ့ သုခရယ်၊ အရိပ်က အဒေါ်အိမ်မှာကပ်နေ





ရတာပါ၊ ယောကျ်ားလေးတစ်ယောက်နဲ့ တွဲနေတာမျိုး မဖြစ်ချင်ပါဘူး'

ကိုရျာန်က ပြဿနာပါရှာမှာပါ။ အရိပ်ကြောက်တယ်။ ပြဿနာတွေထပ်မတက်စေချင်တော့။ ဒေါ်လေးမပြောတာက ကိုရျာန် အရက်တွေအရမ်းသောက်တတ်နေပြီတဲ့။ မှုန်းကို တကယ်ချစ်တာမှ ဟုတ်ရဲ့လားလို့ ဒေါ်လေးမတောင် သံသယဝင်နေပြီတဲ့။ ညက အရိပ် အိပ်လို့မပျော်။ ဒီတိုက်ကြီးထဲကနေ ပြန်ထွက်ပြေးချင်နေသည်။

'အရိပ်'

'ဟင်…'

'အရိပ်မျက်ဝန်းလေးတွေက ချာချာလည်ပြီး တစ်စုံတစ်ယောက်ကို ကြောက်နေသလိုပဲကွာ၊ သုခကိုလား'

'အရိပ် တစ်ခါမှ ဒီလိုမထိုင်ဖူးလို့ပါ၊ ပတ်ဝန်းကျင်ကိုလည်း ကြောက်တယ် သုခ'

'မကြောက်ပါနဲ့၊ ဘာဖြစ်လဲ မမှုန်းက ပြောတယ်၊ လူကြီးတွေက OK တဲ့၊ သုခ သွားလို့ရတယ်တဲ့၊ အိမ်တောင် အဝင်အထွက်လုပ်နိုင်တယ်တဲ့'

'အမလေး… မလုပ်ပါနဲ့၊ လူကြီးတွေရှေ့မှာ အရိပ် မနေတတ်လို့ပါ၊ ခဏခဏ မလာနဲ့နော် သုခ'

အရိပ်ကို သုခ အရမ်းချစ်သွားသည်။ ရိုးသားဖြူစင်ပြီး လှပချောမောလွန်းတဲ့ လရောင်ရိပ်။ မေမေကတောင် ချွေးမတော်ချင်တယ်တဲ့။ တကယ်ပဲကွာ။ မင်းကို ချစ်တယ်။ စိတ်ချတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ သုခနဲ့တွဲလာတာတောင် ငမ်းချင်နေကြတဲ့ ကျောင်းသားတွေ အများကြီးပဲ။ အရိပ်မျက်နှာလေးက တစိမ့်စိမ့်ထိုင်ကြည့်နေတာတောင် မဝနိုင်။ မိန်းကလေးတွေနှင့်ပတ်သက်လာလျှင် အရမ်းစီစာကြောင်လွန်းခဲ့တဲ့ သုခတောင် အရိပ်ကိုတွေ့တွေ့ချင်းပဲ အရူးအမူးချစ်မိသွားရသည်။

'အရိပ်'

'ဟင်...'

'အအေးသောက်မလား၊ မင်းက အအေးနဲ့ ရှမ်းခေါက်ဆွဲ ကြိုက်တယ်ဆို၊ ကိုယ်လည်း ကြိုက်တယ်'

အရိပ်အကြိုက်တွေကို သိနေ၍ ကိုဈာန်ကိုတောင် သတိရသွားသည်။ ကိုဈာန့်အကြောင်း တွေးမိသည်နှင့် သုခနှင့်ယှဉ်တွဲထိုင်နေတာပင် ကျောထဲက စိမ့်သွားရ၏။ အခုတစ်လော ကိုဈာန် အရမ်းပေါက်ကွဲနေတတ်သည်။

'ဒီလောက်တောင် မျက်နှာလေးပေါ်မှာ ဖြူဖပ်ဖြူရော် ဖြစ်တဲ့အထိ ကြောက်မနေစမ်းပါနဲ့၊ သုခဆိုတာ တစ်ဆွေလုံး တစ်မျိုးလုံး ငြိမ်းပါတယ်၊ တစ်ဦးတည်းသောသား၊ ပညာတော်တယ်၊ လိမ္မာတယ်၊ ဘာလိုသေးလဲ'

ကြီးကျယ်ခမ်းနားလွန်းနေတဲ့ သုခရယ်။ ကိုဈာန်သိသွားရင် သေမှာ။ သုခကိုလည်း အရိပ် အထင်မကြီးပါဘူး။ ဘဝတိုးတက်ရေးအတွက် အဓိက။ ချစ်သူထားဖို့တွေ ဘာတွေ မစဉ်းစားပါဘူး။ သုခအကြည့်တွေကြောင့်လည်း အရိပ် စိတ်ညစ်သည်။ ထပ်ပြီးမပတ်သက်ဖို့ ဘယ်လိုပြောရမလဲ။ သူမ ကြိုက်





နှစ်သက်တဲ့ အစားအစာတွေကိုပင် မျိုချမရ။ စိတ်တွေပူနေသည်။ သုခ ပြန်ပါတော့။ နန္ဒရောက်လာတော့ ပိုဆိုးသွား၏။ အရိပ်နှင့် မျက်နှာချင်းဆိုင်မှာ လာထိုင်သည်။

'ပြန်မယ် သုခ'

'သူက ဘယ်သူလဲ အရိပ်'

'အတန်းထဲကပါ'

သုခကလည်း လရောင်ရိပ်အား ပိုးပန်းနေတဲ့သူတွေထဲက တစ်ယောက်ဆိုတာ သိသည်။ မင်းကို စိတ်မချတော့ဘူး အရိပ်။ လူကြီးတွေကတစ်ဆင့် စေ့စပ်လို၏။ မမမှုန်းက အရမ်းသဘောတူနေတာ။ သုခပြောလိုက်ရင် ပြီးပြီ။ စားသောက်ဆိုင်ကနေ ထလာသည်။

'ကိုဈာန့်ဆီ ဖုန်းဆက်လိုက်မယ် အရိပ်၊ လာမကြိုနဲ့တော့ သုခပဲ ကြိုလာခဲ့မယ်လို့'

'မလုပ်ပါနဲ့ သုခ၊ တောင်းပန်ပါတယ်နော်။ အရိပ် ရောက်လာတာ မကြာသေးဘူး၊ အတွဲရလာတယ်လို့ ထင်နေပါ့မယ်'

'ရပါတယ်ကွာ၊ ဘာဖြစ်လဲ၊ မမမှုန်းက အရမ်းသဘောတူနေတာ၊ မေမေရောပဲ'

'ဘာ...'

'အရိပ်ကို သုခ ချစ်တယ်'

'ဟင်...'



www.burmeseclassic.com

www.burmeseclassic.com



'သုခ နောက်ကျသွားမှာစိုးလို့ ဖွင့်ပြောပြတာလေ၊ ချစ်တယ်၊ မကြာခင် လူကြီးစုံရာနဲ့ စေ့စပ်ထားမယ်'

'အမလေး… သုခနော်၊ အဲဒီလိုမလုပ်ပါနဲ့၊ အရိပ် လက်မခံနိုင်ဘူး၊ ပညာရေးပဲ ကြိုးစားချင်တယ်'

အရိပ်က မာမီကြီး သွေးသားရင်းမှ မဟုတ်တာပဲ။ အိမ်ဖော်မကြီးရဲ့သမီး။ အိမ်ဖော်မျိုးရိုးက ဆင်းသက်လာတာပါ။ သုခတို့သိသွားရင် အရိပ် ကင်းကင်းရှင်းရှင်းနေတာပဲ ကောင်းပါတယ်။ သုခရဲ့အစီအစဉ်ကို ပျာပျာသလဲငြင်းမိသည်။

'သုခ'

'ပြော'

'သုခကို အရိပ် မချစ်နိုင်ပါဘူး၊ ပိုင်စိုးပိုင်နင်း မလုပ်ပါနဲ့၊ လောကကြီးထဲမှာ ပိုက်ဆံချမ်းသာတယ်ဆိုပြီး လုပ်ချင်တိုင်း မလုပ်ပါနဲ့၊ အရိပ် ငြင်းမှာပဲ'

'အရိပ်ကို သုခ တကယ်ပဲ မြတ်မြတ်နိုးနိုးချစ်တာပါ၊ တန်ဖိုးထားပြီးချစ်တာပါ အရိပ်ရယ်၊ ယုံပါ၊ သုခကို မငြင်းလိုက်ပါနဲ့'

'ငြင်းရမှာပဲ သုခ၊ အခုလောလောဆယ် ချစ်သူထားဖို့ကိစ္စတွေ အရိပ် စိတ်မဝင်စားသေးဘူး၊ မာမီကြီးက အပျိုကြီးဘဝနဲ့ပဲ သူ့အနားမှာ နေစေချင်တာနော်၊ လူကြီးတွေကို မပြောပါနဲ့'

'မာမီကြီးကိုယ်တိုင်က သဘောတူတယ်ဆိုရင်ရော ကိုယ်တို့ စေ့စပ်ထားရုံပါကွာ၊ သုခလည်း ဘွဲ့ရဖို့ အများကြီး





လိုသေးတယ်၊ အရိပ်ရောပဲလေ၊ လက်ထပ်ဖို့ သုခ မလောပါဘူး၊ နှစ်တွေဘယ်လောက်ပဲစောင့်ရစောင့်ရ'

'ဟင့်အင်း… မဖြစ်ဘူး၊ မဖြစ်ဘူး၊ အရိပ် လုံးဝလက်မခံဘူးနော်၊ လူကြီးတွေ မျက်နှာပျက်အောင် မလုပ်ပါနဲ့'

'အရိပ်ရာ… ဘယ်လိုဖြစ်ရတာလဲကွာ၊ မျက်နှာလေးပေါ်မှာ သွေးမရှိတော့ဘူး၊ ကြောက်နေလိုက်တာ၊ ရှက်သွေးတွေလည်း ထနေတယ်၊ အရိပ်က တကယ်ပဲ ချစ်စရာကောင်းတယ်'

'ပြန်ပါတော့နော် သုခ'

'အပြန်ကြိုနေမယ်'

'မလုပ်ပါနဲ့၊ ကိုချာန် လာမှာ၊ ရှက်ဖို့ကောင်းပါတယ်၊ အရိပ် မနေတတ်လို့ပါနော်၊ ပြန်ပါ သုခရယ်၊ ကျောင်းကိုလည်း မလာပါနဲ့'

'အရိပ်'

'ဟင်…'

'မေမေကိုယ်တိုင် မာမီကြီးကို ပြောမှာနော်၊ လရောင်ရိပ်ကို ချွေးမတော်ကိုတော်ရမှာတဲ့ဗျ၊ လူကြီးတွေက ပိုင်ပါတယ်၊ အရိပ် ရှက်နေလို့လား၊ သုခလို လူတော်လူကောင်းတွေတန်းစွေးထားနော်'

'ပြန်ပါတော့၊ လူကြီးတွေကိုလည်း ပေါက်တရစွေ ပြောပါနဲ့၊ အရိပ် မျက်နှာမပျက်ချင်လို့ပါ၊ အရိပ် ငြင်းမှာနော်၊ အရိပ်ကို နိုင့်ထက်စီးနင်းလုပ်တာမျိုးတွေ မကြိုက်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါပြီ အရိပ်ရယ်၊ သုခအချစ်ကိုတော့ စဉ်းစား ပေဦးနော်၊ မင်းသိထားဖို့က မင်းကို မရရအောင်ယူမှာဆိုတာပဲ'

သုခပြန်သွားသဖြင့် အရိပ် စိတ်သက်သာရာရသွားသည်။ ဒုက္ခပါပဲ။ ကိုချာန် သိသွားရင် ပေါက်ကွဲမှာပါ။ အရိပ်ကို ချစ်သူ ထားဖို့ စိတ်မကူးနဲ့တဲ့။ စိတ်ညစ်တယ်။ ထွက်တောင်ပြေးချင် လာပြီ။ အတန်းထဲ ပြန်ဝင်လာသည်။

'လရောင်ရိပ်… စောစောလူကရော အစ်ကိုပဲလား'

'နနနော်… ကိုယ်နဲ့မဆိုင်တဲ့ကိစ္စတွေ မစပ်စုနဲ့'

'ဟိုနေ့ညက ဘယ်လိုဖြစ်နေတာလဲ လရောင်ရိပ်၊ နန္ဒ ကိုမြင်လို့ လရောင်ရိပ်အစ်ကို ဒေါသဖြစ်သွားတာလား၊ ရုပ်ပျက်တယ်၊ နန္ဒက ဝါသနာပါလို့ အနုပညာကျောင်း လာတက် တာနော်၊ ဒီက ကျောင်းပြီးသွားရင် အမေရိကသွားမှာ၊ အရိပ်ရော လိုက်မလား'

'မလိုက်ပါဘူး၊ ဘာတွေလာပြောနေတာလဲ၊ စိတ်ညစ် ရတဲ့အထဲ၊ ဒုက္ခပါပဲ'

'လရောင်ရိပ်'

'နနနော်… လိုက်ပြီးမနှောင့်ယှက်နဲ့လို့ ပြောထားပြီးပြီ'

'မျက်နှာကြီးက သုန်မှုန်သွားလိုက်တာ၊ စောစောကတော့ ရယ်မောနေတယ်'

'ဟုတ်တယ်၊ သူက အရိပ်နဲ့ စေ့စပ်ထားတာ သုခတဲ့ သိပြီလား၊ ဆေးကျောင်းက'

'ဟား… ဟား… ဟား…'





'ဘာရယ်နေတာလဲ၊ ပတ်ဝန်းကျင်မှာ လူတွေနဲ့နော်'

'စေ့စပ်ထားတဲ့လူရှိတယ်ဆိုရင်လည်း မနှောင့်ယှက်တော့ ပါဘူး၊ ဆေးကျောင်းကကိုး၊ မင်းအစ်ကိုက လက်ခံတယ်ပေါ့'

အရိပ် နှုတ်ခမ်းစူပြီး မျက်နှာထားကို တင်းပစ်သည်။ စိတ်ရှုပ်တယ်။ အကြီးဆည်းဆာလာရင်တော့ ပြန်လိုက်သွားတာ အကောင်းဆုံးပဲ။ ကြာရင် အရိပ် သေလိမ့်မယ်။ အတန်းပြီးသွား ရင် ကိုချာန် လာဦးမယ်။ အရိပ် မသက်သာရပါလား။ ကျောင်း စာတွေထဲမှာတောင် အာရုံမစူးစိုက်နိုင်ဘဲဖြစ်နေ၏။ ကျောင်းဆင်း တော့ အရိပ်ကိုစောင့်နေသူက သုခဖြစ်နေသည်။

'ဟင်… သုခ၊ အိမ်ကို ဖုန်းဆက်လိုက်ပြီလား၊ ကိုချာန် ရော'

'အလုပ်ကိစ္စတွေ ရှုပ်နေလို့လေ၊ မမမှုန်းက သုခဆီ ဖုန်းဆက်တယ်၊ အရိပ်ကို သွားကြိုပေးပါတဲ့'

'ဟုတ်လို့လား'

'တကယ်ပါ၊ မယုံရင် မမမှုန်းဆီ ဖုန်းဆက်မေးကြည့် လေ၊ ကိုချာန်နဲ့ ကုမ္ပဏီကိစ္စတွေ အစည်းအဝေးရှိလို့တဲ့'

ကိုချာန်အား မတွေ့ရတော့လည်း အရိပ်ရင်ထဲမှာ တစ်ခုခု လိုအပ်သလို ဟာတာတာကြီးဖြစ်နေသည်။ ဒါပေမဲ့လည်း ကိုချာန် မလာတာ ကောင်းတာပဲ။ သူ့အရိပ်မည်းကြီး အုပ်မိုးထား၍ အရိပ် စိတ်သောကတွေ ရောက်ရသည်။

'ကားမောင်းလည်း လေ့ကျင့်ပေးပါတဲ့၊ သုခကို ဆေးသ ချာချာအပ်ထားတာနော်'



www.burmeseclassic.com

www.burmeseclassic.com



သုခ ပျော်နေသည်။ ကိုရျာန့်စိတ်တွေ ပြောင်းသွားပြီထင်တယ်။ အရိပ် ဝမ်းသာလိုက်တာ။ မမမှုန်းနှင့် လက်ထပ်ဖို့ မလိုလားသလိုကြီးဖြစ်နေလို့ လူကြီးတွေကပင် သံသယဝင်နေကြ၏။ အရိပ် ကားမြန်မြန်မောင်းတတ်ချင်နေသည်။ ဟိုလူလာကြို ဒီလူလာကြိုနှင့် အလုပ်ရှုပ်လို့ပဲ။ သုခက ကိုရျာန့်ထက်တောင် ပိုင်စိုးပိုင်နင်းလုပ်နေသေး၏။ အရိပ်ကို ချစ်တယ်၊ ချစ်တယ် စကားက နားကြားပြင်းကတ်အောင် ထပ်ကာထပ်ကာပြောသည်။

'အရိပ်ကို ချစ်တယ်၊ သုခ နောက်ကျသွားမှာစိုးလို့လေ၊ အရိပ် ငြင်းနေလည်း ကိုယ်က အရယူမှာပဲ'

'အရိပ်ကို ဘာဖြစ်လို့ချစ်တာလဲ သုခ'

'မသိဘူးကွာ၊ သုခနှလုံးသားတွေထဲက ချစ်သွားတာ ချောလို့လည်း မဟုတ်ဘူး၊ သုခဘေးနားမှာ အရမ်းချော အရမ်း ချမ်းသာတဲ့ကောင်မလေးတွေ အများကြီးရှိနေတာပဲ'

'အရိပ်မိဘတွေက ဆင်းရဲတယ်နော်၊ ဂုဏ်ဒြပ်တွေမရှိဘူး၊ ဆွေမျိုးတွေထဲမှာ အဆင်းရဲဆုံး'

'အရိပ် ဘာပဲဖြစ်နေဖြစ်နေ သုခ ချစ်နေမှာပဲ၊ ဆင်းရဲတာ ချမ်းသာတာက အချစ်နဲ့မဆိုင်ဘူးထင်တယ်'

အရိပ်အမေက အိမ်ဖော်၊ အဒေါ်က အိမ်ဖော်ပွဲစား။ အရိပ်ကိုယ်တိုင် အိမ်ဖော်အဖြစ် ရောက်လာတာဆိုရင်ရော။ ဆက်မပြောချင်ပေ။ သုခကို လက်ခံလို့မဖြစ်ပါဘူး။ မာမီကြီးကလည်း သူတို့ဘက်က စေ့စပ်ရင် လက်ခံမှာမဟုတ်ပါဘူး။ အရိပ်အကြောင်း သိနေတာပဲ။ သူမ ကားမောင်းလေ့ကျင့်ရာမှာတောင်





သတိကို အတော်လေးထိန်းချုပ်နေရသည်။ စိတ်ကျဉ်းကျပ်လိုက်တာ။ အပျော်ဆိုတာ အရိပ်မှာ ရှိမနေပေ။ သုခက တစ်မျိုး။ သင်တန်းပြီးလို့ ပြန်မယ်ဆိုတာတောင် မပြန်သေးဘဲ စားသောက်ဆိုင်မှာ ထိုင်နေသေးသည်။

'ပြန်မယ် သုခ'

'ဗိုက်ဆာတယ်ကွာ၊ တစ်ခုခုစားမယ်၊ အေးအေးဆေးဆေးပေါ့ အရိပ်၊ လူကြီးတွေက OKပါ၊ လမ်းဖွင့်ပေးထားတယ်'

'သုခကို အရိပ် လုံးဝမချစ်နိုင်ဘူးနော်၊ စေ့စပ်တာလည်း လက်မခံဘူး၊ လက်ထပ်ဖို့ဆိုတာ ဝေလာဝေးပဲ'

'မရဘူး'

'ဘာ...'

'အရိပ်က သုခချစ်သူပဲ၊ ဇနီးလောင်း'

'သုခနော်... အရိပ်ကို အနိုင်မကျင့်ပါနဲ့၊ အရုပ်မဟုတ်ဘူး၊ ရှင် ပိုက်ဆံပေးဝယ်လို့ မရနိုင်ဘူး၊ မှတ်ထားပါ၊ လူကြီးတွေ အတင်းစေ့စပ်လည်း ငြင်းမှာပဲ'

'နေပါဦး အရိပ်၊ သုခကို ဘာဖြစ်လို့ အသည်းအသန်ငြင်းနေရတာလဲ၊ မင်းဟာမင်း ငြင်းချင်ငြင်းလေ၊ သုခကတော့ ရရတဲ့နည်းနဲ့ အပိုင်သိမ်းမယ်၊ မင်းဘက်က တင်းမာနေရင် အမြန်ဆုံးလက်ထပ်နိုင်အောင် ကြိုးစားမယ်၊ ရှုပ်ပါတယ်ကွာ၊ အခုပဲ ကားတင်ပြေးတာ အကောင်းဆုံးပဲထင်တယ်'

'သုခနော်... အိမ်ပြန်ပို့တော့၊ နောက်လည်း ဘယ်တော့



www.burmeseclassic.com

www.burmeseclassic.com



မှ လာမကြိုနဲ့၊ အရိပ်ကို အနိုင်ကျင့်တဲ့သူတွေဆိုရင် အရမ်း မုန်းတယ်'

'နောက်တာပါ အရိပ်ရယ်၊ တစ်ခုခုစားပြီးရင် ပြန်ပို့မှာပါ၊ ခဏခဏမလာနဲ့လို့တော့ မတားနဲ့၊ သုခစိတ်ကိုက အရိပ်ကို တွေ့ချင်နေတာ ဘယ်လိုလုပ်ရမလဲ၊ အရမ်းချစ်နေတယ်'

အရိပ်မျက်နှာလေး စူစူပုပ်ပုပ်လေးဖြစ်လာတော့ သုခ ပြန်ပို့သည်။ တိုက်ထဲအထိဝင်ပြီး မာမီကြီးကိုပါ နှုတ်ဆက်နေသေး၏။ အရိပ် စိတ်ညစ်လိုက်တာ။ မာမီကြီးက ဝမ်းပန်းသတာဆီးကြိုနေပေမယ့် ကိုရျာန် ဘာပြောမလဲ။ ညကိုးနာရီလောက်မှ ပြန်ရောက်လာတဲ့ အရိပ်ကို စူးခနဲတစ်ချက်ကြည့်ကာ အပေါ်တက်သွားသည်။

◆ ◆ ◆

(၁၆)

'ရျာန်ရယ်… မာမီလည်း ဘယ်လိုပြင်းပယ်ရမှန်းတောင် မသိဘူး၊ သုခမေမေကိုယ်တိုင်က အရိပ်လေးကို ချွေးတော်ပါ ရစေတဲ့လေ'

မနက်စာစားရင်း မာမီ ပြောလိုက်တဲ့ စကားကြောင့် ကော်ဖီကို အရည်တောင်မျိုချလို့မရအောင် တစ်ဆို့သွားသည်။ ရျာန့်စိတ်တွေကို ထိန်းချုပ်ထားပေမယ့် တကယ်တမ်းကျတော့ တုန်လှုပ်ချောက်ချားနေ၏။ အရိပ်လည်း ရှိနေသည်

'သုခလေးကိုယ်တိုင်က အရမ်းနှစ်သက်နေတယ်တဲ့လေ၊ ရှန်းကလည်း သူ့ယောက်မလေးကောင်းစားရေးအတွက် သုခက အရမ်းချမ်းသာပြီး ပညာရေးဘက်မှာလည်း ထူးချွန်တယ်တဲ့၊ သိမ္မာတယ်တဲ့၊ ချစ်သူရည်းစားလည်း မထားဖူးဘူး၊ အရိပ်ကို အရမ်းချစ်နေတာတဲ့'

'မဖြစ်နိုင်ပါဘူး မာမီ၊ အရိပ်က ဘာလဲ၊ သူတို့က အရိပ်ကို ရျာန်တို့သွေးသားပဲ ထင်နေတာ'




www.burmeseclassic.com

www.burmeseclassic.com



မာမီ့စကားတွေကို ဈာန် ပြတ်ပြတ်သားသားပဲ ငြင်းပစ်သည်။ အရိပ်က အိမ်ဖော်မျိုးရိုး၊ သူခတို့ဘက်က သိသွားရင် ပြဿနာက ကြီးထွားလာနိုင်သည်။ သဘောတူမလား။ အရိပ် အေးအေးချမ်းချမ်းနေပါစေ။ ဈာန်တို့အသိုင်းအဝိုင်းထဲက ယောကျ်ား တစ်ယောက်နှင့် အရိပ်ကို သဘောမတူနိုင်ပေ။ မင်းအတွက်ပါ။ အရိပ်ကို ပညာရေးဆုံးခန်းတိုင်အောင် သင်ကြားစေချင်သေး၏။ နောက်ဆုံး နိုင်ငံခြားမှာပါ ပညာဆက်သင်ရမည်ဖြစ်သည်။

'မင်းခြေထောက်ပေါ် မင်းရပ်တည်နိုင်အောင်ပဲ ကြိုးစားပါ အရိပ်၊ ဒါမှ မင်းအနာဂတ် အေးချမ်းမှာကွ၊ သူခကို မင်း ချစ်သွားပြီလား၊ ကိုယ် ရည်းစားမထားရဘူးလို့ ပြောထားရက် သားနဲ့ကွာ'

ဈာန့်စိတ်ထဲမှာ ဒေါသတွေဖြစ်သွားရသည်။

'မှုန်းတို့ဘက်က ပြောလာရင်လည်း မာမီ ကန့်ကွက် လိုက်ပါ၊ အရိပ်ကို အပျိုကြီးဘဝနဲ့ပဲ မာမီ့အနားမှာ စောင့်ရှောက် စေချင်တယ်'

'အင်းပါ… မာမီလည်း စဉ်းစားထားပါတယ်လေ၊ မဖြစ်ပါဘူး၊ အရိပ်လေးဘဝအစစ်အမှန်ကို သိသွားရင် မာမီတို့ မကောင်းဘူး၊ ငြင်းရမယ်လေ'

'ကောင်းတယ် မာမီ၊ ဈာန်လည်း မှုန်းနဲ့ပတ်သက်နေတာ သဘောမကျဘူး၊ အဖြစ်မှန်က တစ်နေ့နေ့ သိမှာပဲ၊ ငြင်းလိုက်ပါ'

'အရိပ်လေး'

'ရှင်…'





'သူခကို ချစ်လား'

'ဟင့်အင်း… မချစ်ပါဘူး၊ အရိပ် လက်မခံနိုင်ပါဘူး မာမီကြီး၊ အရိပ်ဘဝကို အရိပ် အသိဆုံးပါ၊ အရိပ် ပညာရေးပဲ အဓိကထားပါတယ်နော်'

'အရိပ်က လိမ္မာပါတယ်လေ၊ မာမီကြီး သိပါတယ်၊ သားဈာန်ပြောသလိုတော့ အပျိုကြီးဘဝနဲ့ပဲ မာမီကြီးအနားမှာ တစ်သက်လုံးနေသွားဖို့ မဟုတ်ပါဘူး၊ အရိပ်ဘဝ အခြေခိုင်သွားမှ စဉ်းစားရမယ်၊ ဒါ အမှန်ပဲ၊ ကိုယ် လက်ထပ်မယ့်ယောကျ်ားကို တော့ ကိုယ့်ဘဝအမှန် ပြောပြရမှာပဲ၊ သူခနဲ့တော့ မဖြစ်ဘူးနော်'

'ဟုတ်ကဲ့'

ဒေါ်သော်တာမိုးထက်လည်း စဉ်းစားနေတာ။ အရိပ်က မိမိတို့သွေးသားမှ မဟုတ်ဘဲ။ အိမ်ဖော်မရဲ့သမီး။ တစ်နေ့ ပေါ် လာမှာပဲ။ သားဖနီးအသိုင်းအဝိုင်းဖြစ်၍ မကောင်းပါဘူး။ မျက်နှာ ပျက်ရမည်။ သူခလေးကတော့ လူတော်လူကောင်းလေးပါ။ ရွေးချယ်သင့်သည်။

'အင်းလေ… အခြေအနေအရ ကြည့်ပြီးငြင်းရမှာပဲ၊ လောလောဆယ်တော့ အလိုက်အထိုက်လေး နေရမယ်၊ သား မင်္ဂလာပွဲရှိတယ်လေ၊ သူခလေးကတော့ လက်ခံသင့်တဲ့ယောကျ်ား ပါပဲ၊ တကယ်လို့ ဖူးစာမှန်ရင်လည်း တစ်နေ့နေ့တော့ အဖြစ်မှန် တွေဖွင့်ပြောပြီး လက်ခံချင်လည်း လက်ခံပေါ့'

'အရိပ်အနာဂတ်ကို ဖျက်ဆီးပစ်မယ့်ကိစ္စပါ မာမီ၊ ဘယ်သူက လက်ခံကြည်ဖြူမှာလဲ၊ အပြတ်ငြင်းပစ်လိုက်ပါ'



www.burmeseclassic.com

www.burmeseclassic.com



အရိပ်အနောက်ဂတ်ကို ဖျက်ဆီးပစ်နေတာ ဘယ်သူလဲ။ ကိုချာန်ပဲလေ။ အရိပ် ဘယ်လောက်အပူသောကရောက်နေရလဲ။ မိန်းမတစ်ယောက်ကို အတည်တင့်တင့်တယ်တယ် လက်ထပ်ယူဖို့ ကြိုးစားစီစဉ်နေတဲ့အချိန်မှာ အရိပ်ကို အပျော်ကြံစည်နေတာ မဟုတ်လား။ အရိပ် စရောက်လာကတည်းက ကိုချာန် မဖွယ်မရာ တွေကြံစည်နေတာပါ။ မာမီကြီးက အေးအေးဆေးဆေးစားကြဦး။ မာမီကြီး ဈေးသွားရဦးမယ်ဆိုပြီး ခေါ်လေးမကိုခေါ်ကာ ထသွားသည်။ သေရောပဲ။ ကိုချာန်နှင့် အရိပ် နှစ်ယောက်တည်း ကျန်ရစ်ခဲ့၏။ ကိုချာန် ဘာတွေထဖောက်ပြန်မလဲဆိုတာ အရိပ် တထိတ်ထိတ်။ အစားအစာတွေကိုပဲ ခပ်သွက်သွက်စားပစ်သည်။

'လရောင်ရိပ်'

'ဟင်…'

'မင်းကို ရည်းစားမထားရဘူး၊ ယောကျ်ားလေးတွေ အရောတဝင်မနေရဘူးလို့ ကိုယ်ပြောထားတယ်မဟုတ်လား'

'ဘယ်မှာရောလို့လဲ၊ သူတို့ လာရောတာပါ၊ ကိုချာန့် စကားကို နားထောင်တာထက် အရိပ်ကိုယ်တိုင်က ကိုယ့်ဘဝကို နားလည်ထားတာပါ'

'ညက မင်း သူခနဲ့ ဘယ်တွေလျှောက်သွားနေတာလဲ'

'ကားမောင်းလေ့ကျင့်နေတာပါ၊ မမမှုန်းက ခိုင်းလို့တဲ့'

'ဒီအချိန်ထိလား'

'ဟို… ညစာပါစားနေလို့ပါ၊ သူခက အတင်း…'

'တိတ်စမ်း'





'အမေ့…'

ချာန် ဒေါသတကြီး အော်လိုက်၍ အရိပ် လန့်သွားသည်။ ချာန် လွန်သွားပြီထင်တယ်။ ဒီကောင်မလေးက ရိုးသားပါတယ်။ ကောင်လေးတွေကကို အတင်းအကျပ်ကြိုက်နေကြ၏။ သူရောပဲ။ အပြစ်မဲ့လွန်း၍ သနားသွားသည်။

'တော်ပြီကွာ သွားမယ်၊ မင်းဘဝကို မင်းသိထားရင် ပြီးတာပဲ၊ ကိုယ်က မင်းအတွက် စိတ်ပူပင်နေရတာပါ အရိပ်ရယ်'

အရိပ်နှင့် နှစ်ယောက်တည်း ဆက်ထိုင်မနေချင်တော့သဖြင့် ချာန် ထွက်လာခဲ့သည်။ မင်းကို စိတ်သောကရောက်အောင် ကိုယ် မလုပ်တော့ပါဘူးကွာ။ ရည်းစားထားရင် မင်းဘဝလေး တစ်ဝက်တစ်ပျက်နဲ့ ရပ်တန့်သွားမှာ စိုးရိမ်လို့ပါ။ မင်းကို မဖျက်ဆီးရက်ပါဘူး။ ချာန် ရှောင်ထွက်လာခဲ့၏။ သူ အပြင်ထွက်ရင်လည်း အရိပ်တစ်ယောက်တည်းကျန်ရစ်ခဲ့မည်။ စိတ်မချ။ အခန်းထဲမှာပဲ စာထိုင်ဖတ်နေရင်း မှုန်းရောက်လာသည်။

'ညီမလေးတစ်ယောက်တည်း ဖြစ်နေလို့လား မောင်၊ တော်သေးတယ်၊ အဖော်အဖြစ် မှုန်းရောက်လာလို့'

ယောကျ်ားလေးတစ်ယောက်ရဲ့ အိပ်ခန်းထဲ ရဲရဲတင်းတင်း ဝင်လာတဲ့ ဖနီးလောင်းကိုပင် ပွေ့ဖက်နမ်းရှိုက်ဖို့ ချာန် ဝန်လေးနေသည်။ မှုန်း ဘာကိုတောင့်တနေမလဲ ချာန် သိနေပြီး ချာန့် ခန္ဓာကိုယ်က လှုပ်ရှားမရ။ အချစ်တွေလည်း ဖြစ်မပေါ်လာခဲ့။ မှုန်း သူ့အနားမှ ထွက်သွားစေရန် အရိပ်နဲ့ သွားစကားပြောနေပါလားဟု လမ်းကြောင်းပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'အင်း... ဟုတ်သားပဲ၊ ယောက်မလေးဆီသွားရမယ်၊ သုခလေ အရှုးအမူးပဲ သိလား မောင်၊ အရိပ်လေး ကံကောင်းတယ်၊ မမညွန့်ကိုယ်တိုင် သဘောတူနေတာ၊ သုခ တစ်ညလုံးလာရင်ဖွင့်နေတာတွေ ပြောပြရဦးမယ်'

ဈာန် မသွားနဲ့တော့ဟု တားမလိုပြင်လိုက်စဉ်မှာပင် မှုန်းကလည်း အခန်းအပြင်ရောက်သွားသည်။ ဒုက္ခပါပဲကွာ။ စိတ်အနှောင့်အယှက်တော်တော်ဖြစ်ရပါလား။ လာပြန်ပြီ တစ်ယောက်။ သုခနှင့် အရိပ်ကို အောင်သွယ်ပေးနေသည်။ ဒေါသဖြစ်လိုက်ရတာ။ မပြောဖို့ သူ ဘယ်လိုတားဆီးမလဲ။ မှုန်း တစ်မျိုးထင်သွားမှာလည်း စိုးရိမ်ရသေး၏။ မတတ်နိုင်တော့ဘူး။ ပြောကြကွာ။ အရိပ် မင်းပဲ အရေးကြီးတာပါ။ မင်းမျိုးရိုးအမှန်ကို သိနေပြီး မင်းကို တကယ်ချစ်နေတာက ဈာန်ပဲရှိတယ်ကွ။ တစ်ယောက်တည်း ဒေါသတွေဖြစ်နေသည်။ မာမီတို့ ပြန်ရောက်လာမှ မှုန်းအပေါ်ပြန်တက်လာ၏။ ဈာန့်လက်မောင်းကို ဖက်တွယ်လာတော့ ဈာန် ယောင်ချာချာနှင့် မောင်တို့ အပြင်ထက်ရအောင်ဟုပြောပြီး ထွက်လာခဲ့သည်။

'မောင်တို့ တိုက်တစ်လုံးကို သွားကြည့်ရဦးမယ်လေ မှုန်း၊ အခုမှ သတိရတယ်ကွာ၊ ကွန်ဒိုဆောက်ဖို့လေ၊ စာချုပ်ချုပ်ရမှာပဲ'

'မောင် ဘာကြောင်နေတာလဲ၊ အဲဒီတိုက် စာချုပ်ချုပ်ဖို့က မနက်ဖြန်မှလေ'

'ဟုတ်သားပဲ၊ မောင်က အလုပ်ကိစ္စတွေမှာပဲ စိတ်





ရောက်နေတာ၊ ကိုယ့်အတွေးတွေထဲမှာ အလုပ်ကိစ္စတွေပဲရှိနေတယ်'

'အဲဒီလောက်အထိ ရှုးသွပ်မနေစမ်းပါနဲ့ မောင်ရာ၊ မှုန်းတော့လေ ကြာလေ မောင့်ကို သံသယဝင်လေပဲ၊ မှုန်းကို ချစ်မှ ချစ်ရဲ့လားလို့'

'ချစ်ပါတယ် မှုန်းရာ၊ မောင်က စီးပွားရေးမှာပဲ အာရုံစိုက်ထားလို့ပါ၊ မအောင်မြင်သေးဘူးလေ'

'မဆိုင်ပါဘူး မောင်၊ မှုန်း စိတ်ပျက်တယ်၊ မောင့်အမူအရာက အေးစက်စက်နဲ့၊ မာမီတိုက်တွန်းလို့ လက်ထပ်ရတာတော့ မဟုတ်ပါဘူးနော်'

'မဟုတ်ပါဘူး၊ မှုန်းကို ရွေးချယ်သင့်တယ်ထင်လို့ပါ'

မှုန်း ကျေနပ်စေရန် မှုန်းပခုံးလေးကိုဖက်၍ ဈာန့်ရင်ခွင်ထဲ ပွေ့ထားသည်။ ကိုယ် ဒီလောက်လေးပဲ လုပ်နိုင်တယ်။ ကိုယ့်ရင်ထဲမှာ အရိပ်ပဲရှိနေတာ ခက်တယ်ကွာ။ အရိပ်ကို သုခနဲ့ အောင်သွယ်နေတဲ့ မှုန်းကိုတောင် မုန်းလာမိတယ်။ ကိုယ် အရူးထတာပဲ။ မှုန်းမျက်ဝန်းတွေထဲမှာ အချစ်တွေကို တောင်းဆိုနေသယောင်။ မှုန်းနှုတ်ခမ်းလေးက အနမ်းကို မျှော်လင့်တောင့်တနေသည်။

'မောင်တို့ အပြင်သွားရအောင်နော် မှုန်း၊ အပြင်မှာ မနက်စာစားကြမယ်လေ၊ မင်း Shopping ထွက်မလား'

မှုန်းလက်လေးကိုဆွဲပြီး အခန်းထဲကထွက်လာတော့ မှုန်း မငြင်းနိုင်တော့ဘဲ လိုက်လာရသည်။ မှုန်းကို ချစ်သူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လိုဆက်ဆံရမှာ ဈာန် ဝန်လေးလွန်းနေ၏။ စိတ်တွေထဲမှာ ခံစား ချက်ကင်းမဲ့နေ၏။ ထို့ကြောင့်ပင် မှုန်းကိုခေါ်လာပြီး အပြင်မှာပဲ တစ်နေကုန် နေပစ်လိုက်သည်။ မင်္ဂလာပွဲကိစ္စအတွက် အကြောင်း ပြပြီး အဝတ်အစားအသုံးအဆောင်တွေ ဝယ်ပေးနေ၏။ အကြင်နာ အတုအယောင်တွေပေး၍ မှုန်းကို ချောင်တိမ်းသည်။

'မှုန်း…'

'ပြောလေ မောင်'

'မောင့်ကို ကျေနပ်ရဲ့လားကွာ၊ မောင်က မိန်းကလေး ကိစ္စ သိပ်နားမလည်ဘူး၊ လိုအပ်နေရင်လည်း တောင်းပန်ပါတယ် ကွာ၊ နော်'

'မောင်ရယ်… မှုန်းကတော့ စိတ်ပူတယ်၊ မောင့်ဘက် ကနေ တစ်ခုခုပျက်ပြယ်သွားမှာကိုလေ'

ဈာန်ကတော့ မှုန်းကိုပဲ လက်ထပ်မှာပါ။ အရိပ်ကို လက် ထပ်လို့မှ မရတာ။ မေ့ပစ်ဖို့ ကြိုးစားနေတာပါပဲလေ။ မှုန်းဆီက သူ့ခအကြောင်းတွေပြောလာတော့ သူ ပိုပြီး ဆောက်တည်ရာမရ အောင် ပေါက်ကွဲသွားရသည်။

'အရိပ်ကလေ သုခကို ငြင်းနေပေမယ့် သုခက သူ့အမေ ဆီမှာ အတင်းအကျပ်တောင်းဆိုနေတာ သိလား၊ အရိပ်ကိုတောင် အားကျတယ်၊ သုခက အရူးအမူးချစ်နေလို့လေ'

မှုန်းနှင့် ဆက်ပြီးပြောမနေချင်တော့၍ ပြန်ပို့ပစ်လိုက် သည်။ ဈာန် မပြန်ချင်သေးပေ။ အရက်သောက်ချင်လာ၍ တစ် ယောက်တည်း Bar မှာဝင်ပြီး အရက်သောက်နေလိုက်၏။ ကိုယ်





အရိပ်ကိုမေ့ပစ်လို့မရဘူး။ စွန့်လွှတ်လိုက်ရမှာ ကြောက်နေသလို ပဲ။ အရိပ်ကို ဈာန် သတ္တိရှိရှိလက်ထပ်ဖို့လည်း မဖြစ်နိုင်တော့။ မာမီက လက်မခံနိုင်တာ ဈာန် သိထားသည်။

'မေ့ပစ်ရမယ်၊ မင်းကို ထပ်ပြီး စိတ်ဒုက္ခမပေးချင်တော့ လို့ပါကွာ၊ မှုန်းကိုလက်ထပ်လိုက်တာ အားလုံးအတွက် အကောင်း ဆုံးပဲ အရိပ်ရေ'

သူ ဒယိမ်းဒယိုင်နှင့်ထလာပြီး အိမ်ပြန်လာခဲ့သည်။ မူးနေ ပြီ။ တစ်လောကလုံးကို မေ့ပစ်ချင်တယ်။ သူ မှုန်းကိုလက်ထပ် ဖို့ ပြောမိတာ မှားတယ်။ သူချစ်တာက လရောင်ရိပ်ပဲ။ တိုက် ထဲဝင်မယ်လုပ်တော့ တံခါးဖွင့်ပေးနေသူက အရိပ်ဖြစ်နေ၏။ ဈာန် စေ့စေ့ကြည့်ပစ်လိုက်သည်။

'လရောင်ရိပ်… မင်းကိုး။ ကိုယ် အရမ်းမူးနေတယ်၊ ဘာဖြစ်လို့ ဒီလောက်အထိ အရက်သောက်မိနေလဲ သိလား၊ မင်း ကို မေ့ပစ်ချင်လို့ပဲ'

'ကိုဈာန် သတိထားပါ၊ လူကြီးတွေနိုးလာရင် ကြားသွား ပါ့မယ်၊ အပေါ်ကို တက်ပါတော့နော်'

'တက်မှာပါ၊ ကိုယ့်စိတ်တွေကို ထိန်းချုပ်နေပါတယ်၊ ဒါပေမဲ့ မရဘူး၊ အရမ်းပေါက်ကွဲနေတယ်၊ ဘာဖြစ်လို့လဲ သိလား၊ မင်းကို ချစ်နေလို့လေ'

'ဒုက္ခပါပဲ၊ ဘာတွေပြောနေတာလဲ ကိုဈာန်၊ မမမှုန်းကို အားနာဖို့ကောင်းပါတယ်၊ တောင်းပန်ပါတယ်နော်'

'ကိုယ် နောက်ဆုံးပါ၊ ဒါ နောက်ဆုံးပဲ၊ မင်းဘဲ အနမ်



www.burmeseclassic.com

www.burmeseclassic.com



မခံရဖို့၊ မင်း ပညာတွေဆက်သင်နိုင်ဖို့၊ မင်းအနာဂတ်လှပဖို့ မာမီယုံကြည်အောင် ကိုယ်မချစ်နိုင်ဘဲ မှုန်းကို ရွေးချယ်ခဲ့တာကွ၊ မင်းသိလား၊ မင်းကို မာမီက နှိမ်ထားဖို့ပြင်ဆင်နေတာ ကိုယ် လုံးဝမကြည့်ရက်လို့ပါ'

'ဟင်...'

ကိုချာန့်အတွင်းစိတ်အမှန်ကို သိလိုက်ရ၍ အရိပ် နာကျင်ကြေကွဲသွားရသည်။ ဖြစ်မှဖြစ်ရလေ ကိုချာန်ရယ်။ အရိပ်က ကိုချာန့်ကို လူယုတ်မာကြီးတစ်ယောက်အဖြစ် သတ်မှတ်နေတာပါ။ တကယ်တော့ အရိပ်ကို ကိုယ်ထိလက်ရောက် ကိုချာန် လုံးဝမစော်ကားခဲ့ပေ။ မနက်က နှစ်ယောက်တည်းရှိနေတာတောင် အရိပ်ခန္ဓာကိုယ်အား မထိတို့ခဲ့။ သူမ စိတ်ထိခိုက်သွားသည်။

'မင်းကို စတွေ့ကတည်းကပဲ မင်းကို ဒေါ်လေးဆည်းဆာ လာအပ်စဉ်ကပဲလေ ကိုယ် အရမ်းချစ်မိသွားပြီး မင်းကို လက်ခံထားစေချင်တယ်၊ ဒါကြောင့် မာမီလက်ခံအောင် ကိုယ် စိတ်မဝင်စားဟန်ပြခဲ့ရတာ'

'ကိုချာန် တော်ပါတော့၊ ဆက်မပြောပါနဲ့တော့နော်၊ အားလုံးပြီးဆုံးသွားပါပြီ၊ အရိပ်ကို မာမီ့အနားမှာ သမီးအဖြစ် နေစေချင်တာမဟုတ်လား၊ အပေါ်တက်ပါတော့'

'တက်မယ်၊ မင်းကို မေ့ပစ်ရမယ်၊ သွားပြီ'

'ဝုန်း...'

'အမလေး...'

ကိုချာန် ပစ်လဲကျသွား၍ အရိပ် တွဲထူရသည်။ လူကြီး





တွေနိုးသွားရင် ပြဿနာပဲ။ ကိုချာန် ပြောချင်တာတွေ ပြောနေ၏။ မာမီကြီးကတော့ ဒီည အိပ်ဆေးသောက်အိပ်နေသည်။ ပင်ပန်းလို့တဲ့။ အရိပ် တွဲပြီး အပေါ်ထပ်ကို ပို့ပေးလိုက်၏။ အိပ်ရာပေါ်တင်ပေးလိုက်ပြီး ပြန်ထွက်သွားမယ်ပြင်လိုက်စဉ် သူ့လက်တွေက အရိပ်ခန္ဓာကိုယ်လေးအား သိုင်းဖက်လိုက်သည်။

'အရိပ် မင်းကို ချစ်တယ်၊ ကိုယ် ရူးတော့မယ်၊ မင်းအတွက် ကိုယ် မလုပ်ချင်တာတွေ လုပ်နေရတယ်၊ ကိုယ့်ဘဝတစ်ခုလုံးကို ပေးဆပ်ချင်ခဲ့တာပါကွာ'

'အို... ကိုချာန်၊ သတိထားပါဦး၊ လူကြီးတွေ ကြားသွားပါ့မယ်နော်၊ တောင်းပန်ပါတယ်'

အရိပ် တိုးတိုးတိတ်တိတ် ကြိတ်ပြီးတောင်းပန်နေပေမယ့် ကိုချာန် လူမှန်းမသိအောင်ပင် မူးနေသဖြင့် အသိကင်းမဲ့စွာ အရိပ်တစ်ကိုယ်လုံးအား သိမ်းကျုံးပွေ့ဖက်သည်။ အရိပ်လည်း မထိန်းနိုင်တော့ဘဲ ကိုချာန့်ရင်ဘတ်ပေါ် လဲပြိုကျသွားကာ ခန္ဓာကိုယ်ချင်း လုံးထွေးပူးကပ်သွားသည်။

'ကိုချာန်... သတိထားပါ၊ ဒုက္ခပါပဲ၊ လွှတ်ပါနော်၊ လူကြီးတွေ သိသွားရင် မကောင်းပါဘူး၊ လွှတ်ပါ'

'အို...'

'ချစ်တယ်၊ ချစ်တယ်၊ ကိုယ် အရိပ်ကို မခွဲနိုင်တော့ဘူး၊ ကိုယ့်ရင်ခွင်ထဲမှာ ခဏလေးဖြစ်ဖြစ် ငြိမ်ငြိမ်လေးနေပေးစမ်းပါ'



www.burmeseclassic.com

www.burmeseclassic.com



'ကိုရျာန်… ဘုရားရေ… ကိုရျာန် အရမ်းမူးနေပြီထင်တယ်၊ အရိပ်ကိုလွှတ်ပါ၊ တောင်းပန်ပါတယ်'

အရိပ်ကို မလွှတ်တဲ့အပြင် သူ့လက်မောင်းတွေနှင့် တင်းကျပ်စွာပွေ့ဖက်ထားရင်း အနမ်းလေးတွေ ကြွေကျလာသည်။ အရိပ် ထိတ်လန့်ကြောက်ရွံ့ကာ ရုန်းဖယ်ပစ်နေပေမယ့် အားချင်းက မမျှ။ ပြီးတော့လည်း အရိပ်ကိုယ်တိုင်က ကိုရျာန့်အပေါ် ချစ်မိသွားခဲ့ပြီပဲဖြစ်၏။ မရုန်းဖယ်ပစ်ချင်တော့။ အရိပ်ကို ချစ်ပါ ကိုရျာန်ရယ်။ အရိပ် ထားရာမှာနေ၊ စေရာသွားဖို့အထိဆုံးဖြတ်ပြီး ကိုရျာန့်အလိုဆန္ဒတွေအတိုင်း ဖြစ်စေချင်နေတယ်။ အရိပ်နှလုံးသားတွေထဲမှာ မထင်မှတ်ဘဲ ကိုရျာန့်ကို ချစ်မိသွားတယ်ထင်တယ်။ အရိပ်နှင့် ကိုရျာန် အသိကင်းမဲ့စွာ အမှောင်ထုထဲတိုးဝင်ဖြတ်သန်းနေကြသည်။ အမှားအမှန်ဆိုတာကို အသိရှိနေတဲ့ အရိပ်ကိုယ်တိုင်ပင် မခွဲခြားနိုင်။ ချစ်သူဆန္ဒတွေနှင့် တစ်ထပ်တည်းဖြစ်စေသည်။

'အရိပ် နောင်တမရပါဘူး ကိုရျာန်၊ အရင်က အထင်မှားပြီး လူယုတ်မာတစ်ယောက်အဖြစ် သတ်မှတ်ခဲ့မိတာတောင် နောင်တရမိတယ်၊ ဒါပေမဲ့ ကိုရျာန့်အနာဂတ်ကို အရိပ် မဖျက်ဆီးပစ်ရက်ပါဘူးနော်'

မောပန်းနွမ်းနယ်စွာ သူမ ထလိုက်မိသည်။ ကိုရျာန်က အိပ်ပျော်သွား၏။ အသိတွေကင်းမဲ့နေပြီး မနက်မိုးလင်းရင်တောင် အဖြစ်အပျက်တွေကို သတိရချင်မှ ရမှာပါ။ ချောမောခန့်ညားတဲ့ ယောကျ်ားတစ်ယောက်ရဲ့ မျက်နှာကို သူမ ချစ်မြတ်နိုးစွာစိုက်





ကြည့်နေမိခဲ့သည်။ မထင်မှတ်တာမှ တကယ့်ကို မထင်မှတ်တာပါနော်။

အရိပ်ကိုယ်အရိပ်တောင် ဘာတွေလုပ်မိနေမှန်း မသိပေ။ မိုက်မဲတာလား။ ကျေးဇူးကန်းခဲ့တာလား။ မာမီကြီးရဲ့မျက်နှာကိုပင် မထောက်ထားတော့တာလား မသိတော့ဘူး။ အရိပ် ဒီအဖြစ်အပျက်တွေကို ဘယ်တော့မှ မမှတ်မိပါစေနဲ့လို့ပဲ ဆုတောင်းပါတယ်။ အရိပ်လည်း ဖွင့်မပြောပြပါဘူး။ တကယ်တမ်း ကိုရျာန် လက်ထပ်ရမှာက မမမှုန်းကိုပါပဲ။ အရိပ်က နိမ့်ကျလွန်းပါတယ်။ ကိုရျာန့်ဘဝကို အမည်းစက်ထင်ပြီး ဂုဏ်သိက္ခာကင်းမဲ့သွားစေမှာပါ။ အရိပ်တို့ အဖြစ်အပျက်တွေအားလုံးကို မေ့ပစ်လိုက်ကြရအောင်နော်။ ကိုရျာန့်ခန္ဓာကိုယ်အား နေသားတကျဖြစ်အောင် လှဲပေးပြီး ဖိနပ်လည်း ချွတ်ပေးမိသည်။ နောက်ဆုံးပါ။ ကိုရျာန့်ခန္ဓာကိုယ်ပေါ် စောင်ကို လွှမ်းခြုံပေးထားကာ အရိပ် ပြန်ဆင်းလာခဲ့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

'အား… ခေါင်းတွေကိုက်လိုက်တာ၊ အရက်သောက်တာ တွေ များသွားတယ်'

ချာန် စိတ်ညစ်လွန်း၍ အရက်တွေ တစ်ခွက်ပြီးတစ်ခွက် သောက်မိနေသည်။ မှုန်းကိုတော့ အရမ်းပျော်လို့ပဲဟု ပြောလိုက်၏။ တကယ်တော့ သူ စိတ်ညစ်နေတာ။ အရိုပ်ကို အရမ်းသတိရ လွမ်းဆွတ်နေတာ။ စိတ်ထဲမှာ ပေါက်ကွဲနေ၏။ အရက်တွေ မသောက်စဖူး အလွန်အကျွံ သောက်မိနေသည်။

'ဟာ…'

သူ့ရင်ဘတ်ကြယ်သီးမှာ ကပ်ငြိနေတဲ့ ဆံပင်တွေ ဘယ်သူ့ဆံပင်တွေလဲ။ ဒေါ်လေးမလား။ မဖြစ်နိုင်ဘူး။ လရောင် ရိပ်လား။ သူ ထိတ်ခနဲပူလောင်သွားသည်။

'ဒီမှာလည်း ဆွဲကြိုးလေး၊ ဒါ… ဒါက အရိပ်ပစ္စည်း ပဲ၊ မာမီ လက်ဆောင်ပေးထားတာ၊ ပြုတ်ကျကျန်ရစ်ခဲ့တဲ့အထဲ ဟာ…'





သူ ခိုးရိမ်ထိတ်လန့်စွာ ထရပ်ပစ်မိသည်။ ဘာတွေဖြစ် ကုန်တာလဲ။ အရိပ်နဲ့ သူ။ အတွေးတွေနှင့် ချောက်ချားသွားရ၏။ အဖြစ်နိုင်ပါဘူး။ အရိပ်က အလွယ်တကူခွင့်ပြုမှာ မဟုတ်။ ချာန် ကို မပတ်သက်ချင်သူ။ မာမီနှင့် မှုန်းအပေါ် ကျေးဇူးသိတတ်သူ ပဲ။ ဖောချွေးတွေပင် ပျံချင်လာ၏။ အရိပ်ရဲ့အပျိုစင်ဘဝလေးကို ချာန် မထိပါးလိုပေ။ ပန်းပွင့်လေးတစ်ပွင့်လို အလှကြည့်ချင်နေ ခဲ့သည်။

'အရိပ်နဲ့ ငါ မဖြစ်နိုင်ပါဘူး၊ ဖြစ်လည်း မဖြစ်ပါစေနဲ့၊ အရိပ်ကို မစော်ကားသင့်ဘူးထင်တယ်'

ချာန် ဘာဆက်လုပ်ရမှန်းမသိအောင်ပင် တုန်လှုပ်နေ သည်။ စောစောက ခေါင်းကိုက်နာကျင်နေတာတွေပင် ဘယ် ရောက်ကုန်မှန်း မသိတော့။ သူမ စိတ်ဒဏ်ရာတွေ ရသွားနိုင် သည်။ သူတို့တိုက်မှာပဲ မှီခိုရာရှိတာပါ။ မာမီသိသွားရင်… ချာန် ဆင်ခြင်မယ်။ သူ့ကြောင့် အရိပ်ဘဝ လုံးဝမပျက်စီးစေ ရဘူး။ ဒုက္ခမရောက်စေရပါဘူး။ ချာန် ရေချိုးခန်းထဲဝင်ခဲ့သည်။

'အရိပ်ရယ်၊ ကိုယ် တောင်းပန်ပါတယ်၊ မင်း… မင်း ရဲ့ ကိုယ်၊ အား…'

သူ အော်ဟစ်ပစ်မိသည်။ မနေ့ကပဲ မိန်းကလေးတစ် ယောက်နဲ့ ချာန် ဇွဲစပ်ခဲ့၏။ မကြာခင် လက်ထပ်ရမယ်။ အရိပ် ကို သနားတယ်။ မစော်ကားသင့်ပါဘူး။ စိတ်ထိခိုက်နေရသည်။ ရေချိုးခန်းထဲကနေ ပြန်ထွက်လာတော့ လရောင်ရိပ်က ကော်ဖီ



www.burmeseclassic.com

www.burmeseclassic.com



နှင့် မုန့်တွေ ဗန်းလေးနှင့်လာပို့၏။ ဗန်းလေးချပြီး ပြန်ထွက်သွားမယ်လုပ်တော့ ရျာန် ခေါ်လိုက်သည်။

'လရောင်ရိပ်'

'ရှင်...'

'ညက ကိုယ် အရက်တွေ အရမ်းသောက်လာတော့ ဒီအခန်းထဲ မင်းလိုက်ပို့တာလား'

'ဟုတ်ကဲ့'

'ဘာ...'

'ရှင်...'

'ဒီဆွဲကြိုးက မင်းဟာ မဟုတ်လား'

'ဟုတ်ပါတယ်၊ ညက ကိုရျာန် အရမ်းမူးနေလို့ လဲကျနေတာနဲ့ အရိပ် တွဲပြီးပို့ပေးခဲ့တာပါ'

ကိုရျာန့်အမူအရာတွေ ပျက်နေပြီး ညကကိစ္စကိုတော့ သတိမရပုံပင်။ အရိပ်လည်း ကြောက်လွန်း၍ ဒူးတွေပင်တုန်ချင်နေတာ။ ဘာမှမဖြစ်ဟန် အနိုင်နိုင်ဖုံးဖိ ဟန်ဆောင်ထားရသည်။

'ရော့'

'ဟုတ်ကဲ့'

'လရောင်ရိပ်'

'ရှင်...'

'မင်းကိုမေးမယ်၊ မရှက်ပါနဲ့၊ ကြောက်လည်း မကြောက်ပါနဲ့၊ ရဲရဲတင်းတင်း အမှန်တွေဖြေပါ'





'မေးပါ'

'ညက မင်းနဲ့ ကိုယ် ဘယ်အတိုင်းအတာအထိ ဖြစ်ပျက်သွားကြလဲ၊ ဘာတွေမှားယွင်းခဲ့ကြလဲ၊ ကိုယ် မမှတ်မိဘူး၊ ကိုယ့်ဂျင်ဘတ်ကြယ်သီးမှာ မင်းဆံပင်တွေ ကပ်ငြိနေတယ်၊ ပြီးတော့ မင်းဆွဲကြိုး ပြုတ်ကျကျန်ရစ်ခဲ့တယ်၊ ပြောပါကွာ အမှန်တွေကို'

'ကိုရျာန် သံသယမဝင်ပါနဲ့၊ အရိပ် မနိုင်မနင်းနဲ့ပွေ့ချရင်း ဖြစ်ခဲ့တာပါ၊ ဘာမှလွန်လွန်ကျူးကျူးမဖြစ်ပါဘူး၊ ယုံပါ'

'မင်း တကယ်ပြောတာနော် လရောင်ရိပ်၊ မင်းဘဝလေးကို မထိခိုက် မပျက်စီးစေချင်ဘူး၊ ကိုယ့်ကြောင့် မနစ်နာစေချင်တာပါ၊ မင်းနဲ့ ကိုယ် တစ်စုံတစ်ခုတိုင်းအတာထက်ပိုပြီးလွန်ကျူးသွားရင် ကိုယ် တာဝန်ယူမယ်၊ အရာရာကို ပြတ်ပြတ်သားသားရင်ဆိုင်မယ်၊ မာမီ အမွေပြတ်လည်း ခံမယ်'

'မဖြစ်ပါဘူး ကိုရျာန်၊ အမှန်တွေပါ၊ ကိုရျာန်က မူးနေတော့ မထိန်းနိုင်ဘူးလေ၊ အရိပ်ကလည်း မနိုင်မနင်းနဲ့၊ ဘာမှမဖြစ်ကြပါဘူးနော်၊ သံသယမဝင်ပါနဲ့၊ အရိပ် တကယ်ပြောတာပါ'

သူ အရိပ်ကို စူးစူးစိုက်စိုက်လေး ကြည့်မိသည်။ မျက်နှာမပျက်။ ရှက်နေတာပဲရှိ၏။ အရိပ်ကိုလည်း အားနာလာကာ နောက်ပိုင်း အရက်မသောက်တော့ဘဲ မှန်းကိုပဲ လက်ထပ်လိုက်ဖို့ ဆုံးဖြတ်မိသည်။

'သွားတော့... နောက်ဆို ညဘက်တွေ မင်း မစောင့်



www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့၊ အရေးကြီးတာ မင်းပညာရေးပဲ၊ မင်းအတွက် အိမ်ဖော် နောက်တစ်ယောက်ငှားဖို့ ကိုယ် မာမီ့ကို ပြောမယ်'

'မလုပ်ပါနဲ့၊ ကိုဈာန် နောက်ကျတာလည်း တစ်ခါတစ်ရံပဲ၊ အရိပ်တို့အိမ်မှာ လူမှမရှိတော့တာ၊ အရိပ် ဒီလိုပဲ အိမ်မှုကိစ္စတွေဝိုင်းကူရင်း နေချင်ပါတယ်၊ ကိုဈာန် လက်ထပ်သွားရင် အလုပ်မှမရှိတော့တာ၊ အရိပ်အတွက် စိတ်ချပါနော်၊ ပညာကို အောင်မြင်ထွန်းပေါက်အောင် ကြိုးစားမှာပါ'

'သွားတော့'

'ဟုတ်ကဲ့'

အရိပ်ရယ်။ ကိုယ့်စိတ်တွေ မလုံမလဲနဲ့ ကြေကွဲရတယ်ကွာ။ မင်းနဲ့ကိုယ် ဘယ်အတိုင်းအတာအထိ မှားယွင်းသွားခဲ့ကြလဲ သိချင်တယ်။ အရိပ်ကတော့ ငြင်းဆန်သွားသည်။ ဈာန် ယုံရမလား။ ဘယ်လောက်ပဲလေးလံ၍ ခန္ဓာကိုယ်ကို သယ်လာပါစေ ဆွဲကြိုးပြတ်တဲ့အထိ ဖြစ်နိုင်လို့လား။ ဆံပင်တွေငြိတာကို ဈာန် သံသယမဝင်ပေ။ အရိပ် ထိခိုက်နစ်နာမှာစိုးရိမ်သည်။

'မွန်းနဲ့ ဘာမှမငြိစွန်းသေးဘူး အရိပ်၊ ကိုယ် သစ္စာရှိတယ်၊ မင်းကိုထိခိုက်မှာ အရမ်းစိတ်ပူတယ်ကွာ'

အရိပ်ကတော့ အမူအရာနည်းနည်းလေးမှ မပျက်။ ထူးခြားနေတာက သူ့မျက်နှာလေး စူတင်းမာထန်မနေတော့။ မျက်ဝန်းလေးတွေထဲမှာ အကြင်နာအရိပ်အငွေ့လေးတွေ ယှက်သန်းနေသည်ဟု ဈာန် ထင်နေသည်။





'ကိုယ် မွန်းကို လက်ထပ်မယ်၊ မင်းရှေ့ရေးအတွက်ပါ၊ ကိုယ့်ကြောင့် မင်း စိတ်အနှောင့်အယှက်တွေ မဖြစ်ပါနဲ့'

ဈာန် အရက်ထပ်မသောက်ဖို့ပဲ ဆုံးဖြတ်လိုက်သည်။ အမှားအယွင်းတွေ ထပ်ပြီးအဖြစ်မခံနိုင်တော့။ အရိပ်လေး စိတ်ဒုက္ခရောက်ရမည်။ ဈာန် ဆင်ခြင်မယ်။ သူ ယောက်ျားပဲ။ ကိုယ်လုပ်ထားတဲ့အလုပ်အတွက် တာဝန်ယူရဲရမည်ဖြစ်၏။ မွန်းကို လက်ထပ်ဖို့ သူ သဘောတူ၍ လူကြီးစုံရာနှင့်ပင် ခမ်းနားစွာ စေ့စပ်ပြီးနေပြီပဲ။ သူ ကုမ္ပဏီကိုသွားဖို့ ပြင်နေသည်။

'အရိပ်ကိုလည်း ကျောင်းပို့ရဦးမှာပဲ၊ မေ့နေတယ်'

သူ နာရီကြည့်ပြီး ကော်ဖီနှင့် မုန့်တွေ စားသောက်ကာ အောက်ထပ်ဆင်းလာသည်။ အရိပ်က ကျောင်းသွားဖို့ပင် အဆင်သင့်ဖြစ်နေ၏။ သူ ခြံထဲဆင်းလာခဲ့သည်။

'လရောင်ရိပ်'

'ရှင် …'

'မင်းမောင်း …'

'ရှင် …'

'ကိုယ် ဘေးကစီးမယ်၊ မင်းမောင်းတတ်နေပြီပဲ၊ သတ္တိရှိရှိမောင်းပါ၊ ဘာမှမဖြစ်ဘူး၊ ကဲ … လာ'

'ဖြစ်ပါ့မလား ကိုဈာန်'

အရိပ် ကားမောင်းတတ်နေပေမယ့် ကိုဈာန့်အကြည့်တွေ အောက်မှာ သူမစိတ်တွေ မလုံမလဲနှင့် ထူပူပြီး အသားတွေ



www.burmeseclassic.com

www.burmeseclassic.com



တဆတ်ဆတ် တုန်ယင်ချင်နေသည်။ ကိုရျာန်နဲ့ အရိပ် ဘာမှမဖြစ်ခဲ့သလို ဟန်ဆောင်ဖုံးကွယ်ထားရတာကိုက ပင်ပန်းနာကျင်နေရ၏။ အရိပ်အတွက် ဘဝတစ်ခုလုံး ပေးဆပ်နေတဲ့ ကိုရျာန့်ချစ်ခြင်းမေတ္တာတွေကို သိလိုက်ရ၍လည်း အရိပ်နှလုံးသားတွေမာကျောမနေနိုင်တော့ဘဲ တုံ့ပြန်ချစ်မိသွားသည်။ မဖြစ်နိုင်ပါဘူးဆိုတဲ့အသိနှင့် ကိုရျာန့်ဂုဏ်သိက္ခာတွေကို မြှင့်တင်ပေးနိုင်မယ့် မမမွှန်းနှင့် လက်ထပ်နိုင်ရေးအတွက်ပဲ အရိပ် လုပ်ဆောင်ပေးရတော့မည်ဖြစ်၏။ သူမ လှုပ်ရှားနေတဲ့စိတ်ကို မနည်းထိန်းချုပ်လိုက်သည်။

'မကြောက်နဲ့၊ နောက်ဆို အရိပ်ပဲ မောင်းရမှာလေ၊ မာမီက အရိုင်ဘာမငှားဘူး၊ သူကိုယ်တိုင် မောင်းရင်လည်း အသက်ကြီးပြီလေ'

'ဟုတ်ကဲ့'

အရိပ် ကားပေါ်တက်ပြီး သူမရဲ့ လွှင့်မျောနေတဲ့အာရုံတွေကို စုစည်းကာ စက်နှိုးသည်။ ဂီယာထိုးလိုက်၏။ အရိပ် ကားမောင်းတော်တော်လေးကျွမ်းကျင်နေပါပြီ။ ကိုရျာန်က ဘေးနားကနေ သင်ပြပေးနေသည်။

'အရိပ်က တော်သားပဲ၊ အတတ်မြန်တယ်၊ တကယ့်ကို ကျွမ်းကျင်အဆင့်ပဲ'

ကိုရျာန် မသိဘူးနော်။ အရိပ်စိတ်တွေ လှုပ်ရှားနေတယ်။ အနိုင်နိုင်စုစည်းထားရတာပါ။ ရင်တွေ တလှပ်လှပ်ပဲ။ အရိပ်ဘဝ





မှာ ကိုရျာန်တစ်ယောက်တည်း ရင်းနှီးကျွမ်းဝင်မှု ရှိခဲ့ရတာပါ။ ကိုရျာန့်အကျင့်တွေကို အရိပ် တုံ့ပြန်ခံစားနေရတယ်။ အရိပ်မေ့ပစ်လို့မရတော့ဘူး။ ဘယ်လိုလုပ်ကြမလဲဟင်။ မမမွှန်းကို မချစ်ဘဲ ကိုရျာန် ရွေးချယ်လိုက်တာ အရိပ်ကြောင့်ပါ။ မီးဖိုခန်းထဲမှာ အနှိပ်စက်ခံဘဝကနေ မာမီကြီးသမီးဘဝနဲ့ မြေတောင်မြှောက်ခံရတာ ကိုရျာန့်ကြောင့်ပါ။ ကိုရျာန့်အပေါ် မှန်းတီးနာကြည်းနေမှုတွေ ပျောက်သွားသည်။

'လရောင်ရိပ်'

'ဟင်...'

'အဲဒါ ကျောင်းသွားတဲ့လမ်း မဟုတ်ဘူးလေ၊ ကန်တော်ကြီးထဲ ဝင်သွားဦးမယ်'

'ဟုတ်သားပဲ'

အရိပ် အတွေးတွေလွန်ပြီး လမ်းကြောင်းမှားသွားသည်။ ကိုရျာန် ရယ်နေ၏။ အရိပ်လည်း အပျော်တွေကူးစက်သွားပြီး ပြုံးရယ်မိနေသည်။

'အရူးမလေး'

'ဟင်း... ဟင်း... ဟင်း...'

အရိပ် ရယ်နေတာပဲ။ အရင်ကနှင့် လုံးဝမတူတော့။ ရျာန် စိတ်ချမ်းသာရသည်။ ဟုတ်နိုင်ပါတယ်လေ။ အရိပ်မှ အမှုအရာမပျက်တာ။ အရင်ကနှင့်မတူတာတော့ ထူးဆန်းနေ၏။ ဘာပဲဖြစ်ဖြစ် အရိပ် ပျော်နေ၍ ရျာန် ကျေနပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'အပြန်လည်း ဒီလိုပဲမောင်းရမယ်၊ သုခ လာကြိုမှာလား'

'သုခ'

'အင်း'

'ကိုဈာန် မလာဘူးလား'

'သုခ လာကြိုမယ်ဆိုလည်း ကိုဈာန် မလာဘူးလေ၊ အင်း… သုခလည်း မဆိုးပါဘူး၊ လူတော်လေးပါ၊ ဒါပေမဲ့ အရိပ်ဘဝအမှန်တော့ သိစေချင်တယ်၊ သိရင်လည်း ဘယ်လက်ခံပါ့မလဲ၊ ကိုဈာန် စိတ်ပူလို့ပါကွာ၊ ဒါပေမဲ့လည်း ကိုဈာန်တို့ မပြောပြရင် သိစရာမှမလိုတာ၊ အရိပ်ဆန္ဒပဲလေ'

'သုခကို အရိပ် မရွေးချယ်ပါဘူး ကိုဈာန်၊ ပညာရေးပဲ ဆုံးခန်းတိုင်အောင် အရိပ် ကြိုးစားမှာပါ၊ အရိပ် ကိုယ့်ဘဝကို ကိုယ်နားလည်ပါတယ်နော်'

'ကောင်းပါတယ် အရိပ်၊ မင်း ကြိုးစားရင် နိုင်ငံခြားအထိ ပညာတော်သင်သွားနိုင်တာပဲ'

'ဟုတ်ကဲ့'

ကိုဈာန်ရယ်။ ကျောင်းကိုရောက်တာ မြန်နေသလိုပဲ။ အရင်က ကိုဈာန်နဲ့သွားရတာ အရိပ် စိတ်ညစ်ပြီး ခရီးဝေးကြီး စိတ်ပင်ပန်း လူပင်ပန်း အခက်အခဲတစ်ခုကို ကျော်ဖြတ်နေရသလို ထင်တယ်။ အရိပ်ကို ယောကျ်ားလေးတစ်ယောက်နဲ့ ချစ်သူအဖြစ် ရွေးချယ်ခွင့်တောင် ပေးနေပြီလား။ ညီမလေးတစ်ယောက်လိုပဲ သတ်မှတ်လိုက်တာမဟုတ်လား ကိုဈာန်။ အရိပ်လေ ကိုဈာန့်ကို





ချစ်မိသွားပြီ။ ရင်ထဲမှာပဲ မျိုသိပ်ထားမှာပါ။ ဘယ်တော့မှ မထုတ်ဖော်ပါဘူးနော်။ ကိုဈာန့်ဘဝအတွက်ပါပဲလေ။ သူမ ကျောင်းရောက်တော့ ကိုဈာန်နှင့်ခွဲရတာ လွမ်းနေမိသည်။

'လရောင်ရိပ်'

'ဟင်…'

'မနက်က အစ်ကို၊ ညနေက ချစ်သူ၊ ကျောင်းချိန်မှာက နန္ဒ'

'ဘာပြောတယ်'

'အလကားစတာပါ၊ အရိပ်လိုမိန်းလေးက သုခလို ဆေးကျောင်းသားနဲ့မှ လိုက်ဖက်တင့်တယ်တာပါ'

'နန္ဒနော်… ကိုယ့်ဟာကိုယ် အေးအေးဆေးဆေးနေစမ်းပါ၊ ကျွန်မကို မနှောင့်ယှက်ပါနဲ့၊ ကျွန်မ ပညာရေးကလွဲပြီး ဘာကိုမှ စိတ်မဝင်စားဘူး'

အရိပ် ခပ်ပြတ်ပြတ်ပဲ ပြောလိုက်မိသည်။ ယခုအထိ အရိပ်ရဲ့စိတ်တွေ တည်ငြိမ်မှုမရှိသေးပေ။ တုန်လှုပ်ချောက်ချား သိမ်ငယ်နေသေး၏။ ဆုံးဖြတ်ချက်တွေက မပြတ်သားနိုင်။ သုခကိုလည်း အရိပ် လက်ထပ်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်။ သူမဘဝက အစေအပါးမျိုးရိုးမှ ဆင်းသက်လာသူ။ ဘဝအမှန်မှာ ရိုးသားဖြူစင်စွာပဲ နေထိုင်ချင်သည်။

'လရောင်ရိပ်ရယ်… မင်းကလေ တစိမ့်စိမ့်ကြည့်လေ ချစ်စရာကောင်းလေပဲ၊ အရမ်းလှတယ်'



www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်စောင်းပဲထိုးပစ်မိသည်။ ချောမောလှပမှုတွေက အန္တရာယ်ပဲ။ အရိပ် မလှချင်ပါဘူး။ အရိပ်သာ ရုပ်ဆိုးမလေးဆိုရင် အေးချမ်းတဲ့ဘဝလေးကို ပိုင်ဆိုင်နေရပါပြီ။ အိမ်အကူမလေးဘဝနှင့် ပညာသင်ချင်သည်။ ကျောင်းဆင်းတော့ သူခလာကြိုနေ၏။ ကိုရှာန် ဘာဖြစ်လို့များ လာမကြိုတာလဲ။ အရိပ်ကို ဥပေက္ခာပြုလိုက်တာလား။ အရိပ်အတွက် မဟုတ်လားကိုရှာန်ရယ်။ အရိပ် ငိုချင်သည်။

'အရိပ်'

'ဟင်...'

'ကိုရှာန်က အရမ်းသဘောကောင်းနေတယ်၊ အရိပ်ကိုသွားကြိုတဲ့၊ ကားမောင်းလည်း လေ့ကျင့်ပေးလိုက်ဦးတဲ့'

'အရိပ် တော်တော်လေးမောင်းတတ်နေပါပြီ သူခ'

'ပိုပြီးကျွမ်းကျင်သွားအောင်လေ၊ ကိုရှာန်က သူ့လက်ထပ်သွားရင် မာမီ့ကို အရိပ်ပဲ စောင့်ရှောက်သွားမှာတဲ့'

'အင်း...'

'အရိပ်ပဲမောင်းနော်'

'အင်း...'

သူမ ကားပေါ်တက်လိုက်တော့ စိတ်တွေက လေးလံထိုင်းမှိုင်းနေသည်။ အင်အားတွေကင်းမဲ့နေ၏။ တစ်စုံတစ်ယောက်ကို သတိရနေသလိုပင်။ ကားဆက်မောင်း၍ မရတော့။ အရိပ်ကားကို လမ်းဘေးမှာ ထိုးရပ်ပစ်မိသည်။





'အရိပ် ဘာဖြစ်လို့လဲ'

'အရိပ် ဆက်မောင်းလို့မရတော့ဘူး သူခ'

'ဟင်...'

'စိတ်တွေလေးနေတယ်၊ အိမ်ပဲပြန်ကြရအောင်နော်'

'အရိပ် ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား၊ ကားထဲမှာဆေးအိတ်ပါတယ်လေ၊ သွေးပေါင်ချိန်ပေးမယ်။ အားနည်းနေတယ်ထင်တယ်'

'ဘာမှမဖြစ်ပါဘူး သူခ၊ စိတ်တွေပဲ နည်းနည်းလေးနေတာပါ'

အရိပ် ပြန်ချင်နေသည်။ စိတ်တွေ ထိုင်းမှိုင်းနေသဖြင့် သူခနှင့် ဆက်မနေချင်။ အပူလှိုင်းတွေ ဖြတ်သန်းနေသလိုပင်။ အရိပ် ကားနေရာပြောင်းထိုင်လိုက်ချိန်တွင် ကိုရှာန်ဆီမှ ဖုန်းလာသည်။

'အရိပ် အမြန်ပြန်လာပါ၊ မင်းအကြီးဆီက ဖုန်းလာတယ်၊ မင်းအကြီးဆည်းဆာ အသည်းအသန်ဖြစ်နေတယ်တဲ့၊ အရိပ်ကို တွေ့ချင်နေတယ်တဲ့၊ အမြန်သွားရမယ်'

'ဟင်...'

'ပြန်လာခဲ့တော့'

'ဟုတ်ကဲ့'

'ဘာဖြစ်လို့လဲ အရိပ်'

'ပြန်လာခဲ့တော့တဲ့၊ ဆွေမျိုးထဲက အဒေါ်တစ်ယောက်နေမကောင်းလို့ အခုပဲသွားရမယ်တဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ပြန်မယ်လေ'

အကြီးဆည်းဆာ အသည်းအသန်ဖြစ်နေလို့တဲ့။ အရိပ်အတွက် တစ်ဦးတည်းသောသွေးသားဆွေမျိုး ဖြစ်သည်။ ကျန်းမာရေးချို့တဲ့နေလို့ အရိပ်ဆီမလာတာပဲ။ သူမ စိတ်ပူပြီး အမြန်ဆုံး ပြန်လာခဲ့၏။ ကိုချာန် လိုက်ပို့မှာတဲ့။ ကားပေါ် ချက်ချင်းတက်ပြီး ထွက်လာခဲ့ကြသည်။

◆ ◆ ◆



## (၁၈)

'အကြီးဆည်းဆာ ဘယ်လိုဖြစ်ရတာလဲဟင်၊ အရမ်းပိန်ကျသွားပါလား၊ အရိပ်ဆီ ဘာဖြစ်လို့ မဆက်သွယ်ရတာလဲဟင်၊ ဖြစ်မှဖြစ်ရလေ အကြီးဆည်းဆာရယ်'

အကြီးဆည်းဆာကိုတွေ့တော့ အိပ်ရာပေါ်မှာလဲနေပြီး အရိုးပေါ်အရေတင် ပိန်ချုံးကျနေသည်။ အရိပ် မြင်မြင်ချင်းပဲ ဝမ်းနည်းကြေကွဲစွာ ပွေ့ဖက်ထားမိ၏။ နောက်ဆုံးအချိန်ရောက်မှ အရိပ်ကို ဆက်သွယ်လေသည်။

'သမီးကို ဒုက္ခမပေးချင်လို့ပါ၊ မာမီကြီးဆီမှာ လုံခြုံစိတ်ချရတာ အကြီးဆည်းဆာသိလို့ မဆက်သွယ်တာပါ၊ အကြီးဆည်းဆာလည်း တာဝန်မယူနိုင်ဘူးလေ'

'အရိပ်ကို စိတ်ချပါ၊ ကျောင်းလည်း တက်နေပါပြီ၊ မာမီကြီးက သမီးတစ်ယောက်လို ကျွေးမွေးစောင့်ရှောက်နေပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'အရိပ်လေး ပိုချောလာတယ်၊ တကယ့်ကို သူဌေးသမီးလေးပဲ၊ အရိပ်လေး အဲဒီလိုဖြစ်သင့်ပါတယ်'

'ရှင်…'

'အကြီးဆည်းဆာ မင်းလေးကို ပစ္စည်းတစ်ခုပေးချင်တယ်၊ အမလေး… မောလိုက်တာကွယ်'

'အကြီးဆည်းဆာ စကားမပြောပါနဲ့၊ ဆေးခန်းသွားမလားဟင်'

'မသွားပါဘူး၊ ရောဂါက ကျွမ်းနေပြီလေ၊ ရော့… အရိပ်၊ ဒါက သမီးပစ္စည်းပဲ'

'ဟင်…'

အကြီးဆည်းဆာ ပေးတာ ဆွဲကြိုးလေးတစ်ကုံးပင်။ ရွှေဖြူနှင့်ပြုလုပ်ထားပြီး လော့ကက်လေးထဲမှာ မိန်းမတစ်ယောက်ရဲ့ဓာတ်ပုံလေး ပါနေသည်။ မေမေ့ပုံတော့ မဟုတ်။ ချောမောလှပနုဖတ်နေသည့် မိန်းမငယ်လေးပုံပင်။ အရိပ်နှင့် ဆင်တူသလိုပဲ။

'ဒီဓာတ်ပုံက…'

'သမီးကိုပေးချင်လို့ ခေါ်လိုက်တာပါ၊ ဒီဓာတ်ပုံကလေ ဟင်း… မောတယ်'

'အကြီးဆည်းဆာ သတိထားပါဦး၊ စကားဆက်မပြောပါနဲ့၊ ဆရာဝန်ခေါ်ပေးမယ်နော်'

အကြီးဆည်းဆာ စကားဆက်မပြောနိုင်တော့ဘဲ သတိလစ်သွားသည်။ သတိမလစ်ခင် အရိပ်အား နောက်ဆုံးကြည့်သွား





တဲ့ မျက်ဝန်းတွေက ရှုံးစိုက်နာကျင်လွန်းနေ၏။ အကြီးဆည်းဆာကိုထားခဲ့ပြီး အရိပ် အပြင်ထွက်လာကာ ကိုဈာန့်အား ဆရာဝန်ခေါ်ပေးရန်ပြောပြီး အခန်းထဲပြန်ဝင်လာတော့ အကြီးဆည်းဆာ အသက်မရှိတော့ပေ။ အသက်ရှူရပ်သွားပြီဖြစ်သည်။

'အကြီးဆည်းဆာ အရိပ်ကို စိတ်ချထားခဲ့ပြီလား၊ နောက်ဆုံးအချိန်ကျမှ သမီးကို ဘာဖြစ်လို့မဆက်သွယ်ရတာလဲ၊ သမီးဘာဆက်လုပ်ရတော့မလဲဟင်'

အရိပ် ငိုသံကြောင့် ကိုဈာန်နှင့် အကြီးဆည်းဆာယောကျ်ား ပြေးဝင်လာသည်။ ဘကြီးမောင်က အရက်တွေမူးယစ်နေ၏ အကြီးဆည်းဆာ အသည်းကင်ဆာဖြစ်နေတာ ကြာပြီဖြစ်ကြောင်းနှင့် အရိပ်အား ဆက်သွယ်ရန်ပြောတာ လက်မခံဘူးတဲ့။ အသေခံသွားမယ် အရိပ်ကိုတော့ ဒုက္ခမပေးနိုင်ဘူးတဲ့။ ဆေးဝါးကုသမှုမခံယူဘဲ ဆေးမြီးတိုတွေနှင့် အသေခံသွားခြင်းဖြစ်သည်။

'အကြီးဆည်းဆာရယ်… အသည်းက ကင်ဆာဖြစ်နေတာ ကြာပြီမဟုတ်လား၊ အရိပ်ကိုမပို့ခင်ကတည်းက ထင်တယ်၊ အမြဲတမ်းဖျားနေတတ်ပြီး အောင့်တယ်လို့ပြောနေတတ်တယ်လေ'

အရိပ်ကို မာမီကြီးအိမ်မပို့ခင်ကတည်းက ရောဂါဝေဒနာခံစားနေရှာသည့် ပုံပါပဲ။ ညည်းလေးအတွက်ပဲ ရင်လေးတာပါအေ။ လုံခြုံစိတ်ချရတဲ့နေရာလေးမှာ ပို့ထားခဲ့ချင်တယ်တဲ့။ အရိပ်လေးကို သနားလွန်းလို့တဲ့။ မဆင်းရဲသင့်ဘဲ ဆင်းရဲနေရတာကံကြမ္မာပါလေတဲ့။ အရိပ်အတွက် နောက်ဆုံးသွေးသွား ကွယ်လွန်သွားပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



‘အရိပ် မငိုနဲ့တော့လေ… အကြီးဆည်းဆာအတွက် အကောင်းဆုံးလုပ်ပေးကြရအောင်၊ သေသေချာချာသင်္ဂြိုဟ်ပေးပြီး အလှူဒါနလုပ်ကြမယ်၊ အမျှအတန်းဝေကြမယ်နော်’

ကိုဈာန်ရှိနေလို့ပါပဲ။ အရိပ် ဖြေလို့မရအောင် ကြေကွဲနေမိသည်။ အကြီးဆည်းဆာအတွက် ကိုဈာန်က အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးနေ၏။ အရိပ်ကိုပေးခဲ့တဲ့ ဆွဲကြိုးလေးနှင့် လော့ကက်သီးလေးကို အရိပ် ဘယ်သူမှမပြဘဲ သိမ်းထားမိသည်။ သတိလစ်ကာနီးတွင် ဘယ်သူ့မှမပြနဲ့၊ သိမ်းထားဟု နှုတ်ခမ်းလေးလှုပ်ရုံ ပြောသွားခဲ့၏။ အကျိုးအကြောင်းပြောပြဖို့ကြိုးစားနေပေမယ့် ဘယ်လိုမှပြောမပြနိုင်တော့ဘဲ လူ့လောကကြီးထဲကနေ ထွက်ခွာသွားခဲ့ရသည်။

‘အရိပ်’

‘ရှင်…’

‘အကြီးဆည်းဆာ မရှိပေမယ့် အားမငယ်ပါနဲ့၊ မာမီနဲ့ ကိုဈာန် ရှိပါတယ်၊ မင်းမှာ ပညာအရည်အချင်းလည်း ရှိတာပဲ၊ မာမီ့ဆီ ဖုန်းဆက်အကြောင်းကြားတော့ အရမ်းစိတ်မကောင်းဖြစ်နေတယ်၊ မလာနိုင်တော့ဘူးတဲ့၊ ကောင်းကောင်းမွန်မွန်သင်္ဂြိုဟ်ပြီး အလှူဒါနပြုပေးကြတဲ့’

‘ဟုတ်ကဲ့… ကျေးဇူးတင်ပါတယ် ကိုဈာန်ရယ်’

‘မှုန်းလည်း လိုက်လာလိမ့်မယ်၊ အရိပ်ကို အားပေးနှစ်သိမ့်ဖို့တဲ့၊ သုခလည်း လိုက်လာမယ်တဲ့’

‘ကိုဈာန်’





‘မစိုးရိမ်ပါနဲ့၊ မှုန်းတို့ရောက်လာတာနဲ့ ချက်ချင်းပြန်ကြမှာပဲ၊ မလာနဲ့လို့ပြောရင် မကောင်းဘူး၊ အရိပ်အတွက် ကိုယ်အကာအကွယ်ပေးမှာပါ’

‘အရိပ်ကတော့လေ ဘဝအမှန်ကို အသိပေးချင်ပါတယ်၊ မမမှုန်းတို့ သုခတို့ အထင်ကြီးတာလည်း မခံယူချင်ပါဘူး ကိုဈာန်’

‘သိဖို့မှမလိုအပ်တာပဲ အရိပ်ရယ်၊ ထားလိုက်ပါ၊ အဖေဘက်ကအမျိုးလို့ ပြောထားတဲ့စကားအတိုင်းပဲ ရှိနေပါစေ၊ အိမ်ကလေးကလည်း မဆိုးဘူးလေ၊ ဘာမှစိတ်အားငယ်မနေနဲ့နော် ကောင်မလေး၊ ဘဝကို ပြတ်ပြတ်သားသား သတ္တိရှိရှိနဲ့ ရင်ဆိုင်တိုက်ပွဲဝင်စမ်းပါ’

ကိုဈာန်ရယ်… အရင်ကလေ ကိုဈာန့်အပေါ် အရိပ် အထင်မှားပြီး လူယုတ်မာတစ်ယောက်အဖြစ် သတ်မှတ်ခဲ့မိတယ်။ အရမ်းလည်း မုန်းတီးရွံရှာခဲ့တယ်လေ။ ဒါပေမဲ့ အဖြစ်မှန်ကို သိလိုက်ရတဲ့အချိန်မှာပဲ ကိုဈာန့်အတွက် အရိပ် ပြန်ပြီးပေးဆပ်နေချင်ပါတယ်။ အရိပ် အဖြစ်မှန်တွေကို ဘယ်တော့မှဖွင့်မပြောပါဘူး။ အရိပ်ကိုလက်ထပ်ရင် ကိုဈာန် ဂုဏ်သိက္ခာတွေကျဆင်းရမယ်။ အရှက်တကွဲဖြစ်ရမယ်။ မမမှုန်းကပဲကို ဈာန့်ဘဝအနာဂတ်ကို ထွန်းလင်းတောက်ပစေမယ့် အလင်းတိုင်တစ်ခုပါနော်။ ချစ်ရသူကို တိတ်တခိုးလေး ငေးမောကြည့်မိသည်။

‘ကိုဈာန်က ယောကျ်ားပီသလိုက်တာ၊ ချောတယ်၊ အရာ



www.burmeseclassic.com

www.burmeseclassic.com



အားလုံးပြည့်စုံတယ်၊ ကိုဈာန်နဲ့တွေ့ဆုံမှုက ဖူးစာရေစက်မပါလို့ပဲဖြစ်မယ်ထင်တယ်'

အရိပ် ရင်ထဲကနေ လွမ်းလွမ်းဆွတ်ဆွတ်လေး တိုးတိုးတိတ်တိတ် ရေရွတ်မိသည်။ အကြီးဆည်းဆာ အသုဘရက်လည် ဆွမ်းကျွေးပြီး တရားနာ အမျှအတန်းပေးဝေပြီးမှ မမမှုန်းနှင့်သုခတို့ ရောက်လာကြ၏။ ကိုဈာန့်အစီအစဉ်ပဲ ဖြစ်မယ်။ ဘကြီးမောင်ကို ပေးစရာရှိတာပေးပြီး ချက်ချင်းပဲပြန်လာခဲ့ကြသည်။

'မောင်နဲ့ မှုန်းက ကားတစ်စီး၊ သုခနဲ့ အရိပ်လေးက ကားတစ်စီးမောင်းလာခဲ့နော်'

အပြန်တွင် ကားက နှစ်စီးဖြစ်နေတော့ မမမှုန်းက ထိုအတိုင်းပဲစီစဉ်သည်။ သုခကတော့ တစ်လမ်းလုံး အရိပ်ကားမောင်းသမျှ အားပေးနေခဲ့၏။ အရိပ် အကောင်းစားကားကြီးပေါ်မှာ လိုက်ပါလာရတာပင် စိတ်မလုံ။ သူမက သုခထင်ထားသလို ကိုဈာန်တို့သွေးသားမှ မဟုတ်တာဘဲ။ ပြန်ရောက်လာတော့ မာမီကြီးက ဘာမှအားငယ်မနေနဲ့။ မာမီကြီးတစ်ယောက်လုံး စောင့်ရှောက်မှာပါတဲ့။ အရိပ်လေး စိတ်အားငယ်တယ် အကြီးဆည်းဆာရယ်။ ပြန်စရာမှမရှိတာဘဲ။ ပြေးဝင်စရာအရိပ် လုံးဝကင်းမဲ့သွားပါပြီ။ မာမီကြီးက ယခင်ကထက်ပင် အခွင့်အရေးတွေပေးကာ ချစ်ခင်ယုယနေခဲ့သည်။ ကိုဈာန်တို့ကလည်း လက်ထပ်ပွဲကို နှစ်လလောက် နောက်ဆုတ်ထားလိုက်၏။ သတို့သမီးအရံလုပ်ရမယ့် အရိပ် စိတ်ထိခိုက်နေပြီး ကျန်းမာရေးချို့တဲ့လာ၍ဖြစ်သည်။

'အရိပ် နေမကောင်းဘူးလား၊ ညည်းလေးကိုကြည့်ရတာ





အားမရလိုက်တာ၊ စိတ်အားမငယ်စမ်းပါနဲ့ကွယ်၊ ကိုဈာန်ကတောင် ညည်းလေးကို အသိအမှတ်ပြုနေပြီလေ'

ဒေါ်လေးမ အားပေးစောင့်ရှောက်ပေမယ့် အကြီးဆည်းဆာ ဆုံးပြီး နှစ်လလောက်အကြာမှာတော့ အရိပ် ပိုပြီးကျန်းမာရေး ချို့တဲ့ကာ အိပ်ရာပေါ်မှာပဲ လှဲအိပ်ချင်နေသည်။ ခေါင်းတွေလည်း မူးနေ၏။ ရင်ထဲမှာ ပျို့အန်ချင်လာသည်။ တစ်စုံတစ်ခုကို သတိရသွားသောအခါ အရိပ် အထိတ်တလန့်ဖြစ်သွားရ၏။ ဘုရားရေ။ ကံကြမ္မာဆိုးတွေက ကြောက်စရာကောင်းလောက်အောင် အရိပ်ကို ထိုးနှက်တိုက်ခိုက်လေပြီလားပဲ။ သူမ နေကောင်းချင်ယောင်ဆောင်နေပေမယ့် စိုးရိမ်ပူပန် ထိတ်လန့်မှုတွေနှင့် အိပ်ရာပေါ် လဲချင်လာသည်။

'အရိပ် ဘာဖြစ်လို့ စိတ်ကိုတင်းမထားရတာလဲကွာ၊ မာမီက အရင်ကထက်တောင် အရိပ်ကို ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာဆက်ဆံနေတာပဲ၊ အားမလျှော့ပါနဲ့၊ အားကိုးစရာသွေးသား တစ်ယောက်မှရှိတော့ဘူးဆိုတဲ့အတွေး မတွေးစမ်းပါနဲ့ ကလေးရယ်နော်'

ကိုဈာန်က အရိပ်အား ကလေးတစ်ယောက်ကဲ့သို့ ခေါင်းလေးကိုပုတ်ကာ အားပေးနှစ်သိမ့်နေသည်။ ကိုဈာန်ရယ်။ အရိပ် ဘယ်လိုရှင်သန်ဖြတ်ရတော့မလဲ။ အကြီးဆည်းဆာနောက်ကိုပဲ အရိပ် လိုက်ချင်တယ်။ ကိုဈာန်က အခုတစ်လော မမမှုန်းကို ချစ်ချစ်ခင်ခင်ဆက်ဆံနေပြီ။ အရိပ်ကိုလည်း ညီမလေးအရင်း



www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့ စောင့်ရှောက်နေခဲ့၏။ မာမီကြီးကလည်း ပို၍ဂရုစိုက်နေသည်။

'အရိပ်လေး ဆေးခန်းမှာသွားပြီးပြရအောင်၊ ကျန်းမာရေးဆေးစစ်ကြည့်ရင် ကောင်းမယ်ထင်တယ်၊ မာမီကြီး လိုက်ပြပေးမယ်ကွယ်၊ အခေါ်ကြောင့် စိတ်ထိခိုက်နေတာ အားနည်းနေပြီ'

'အရိပ် ဘာမှမဖြစ်ပါဘူး မာမီကြီး၊ ဆေးခန်းပြစရာလည်း မလိုပါဘူး၊ ရပါတယ်'

ဆေးခန်းမပြရဲပါဘူး။ မာမီကြီးရှေ့မှာတော့ အရိပ်နေကောင်းဟန်ဆောင်ပြရသည်။ အစားအစာတွေကို မစားနိုင်။ အရိပ် တော်တော်လေးပိန်ချုံးကျသွား၏။ ဟန်ဆောင်နေရတာ အရိပ် မောပန်းနေပါပြီ။ ဒီကနေထွက်သွားရင် ကောင်းမလားပဲ။ သွားစရာလည်း မရှိ။ ကြောက်လိုက်တာ။ သုခကတစ်မျိုး။ အရိပ်ကို ဆေးခန်းပြဖို့ပဲ ပြောနေသည်။

'အရိပ် ဆေးခန်းပြသင့်တယ်၊ အရိပ်ကို ကျွေးမွေးစောင့်ရှောက်လာခဲ့တဲ့အခေါ် ဆုံးသွားတာဆိုပေမယ့် ဒီလောက်အထိ မဖြစ်သင့်ဘူးကွာ၊ သွေးပေါင်တွေလည်း အရမ်းကျနေတယ်'

'ဟင့်အင်း… အရိပ်ဘာမှမဖြစ်ပါဘူး၊ ဒေါ်ကြီးဆည်းဆာကို သတိရလို့ပါ၊ အရိပ်တစ်ယောက်တည်းနေပါရစေ သုခရယ်'

မာမီကြီးနှင့် တခြားသူတွေရှေ့မှာ အရိပ် ဟန်ဆောင်နေရပြီး လူကွယ်လျှင်တော့ ရေချိုးခန်းထဲပြေးဝင်ပြီး အော့အန်မိသည်။

'ဝေါ့… ဝေါ့…'





'ဝေါ့…'

'အရိပ်'

'ဟင်…'

'ဘာဖြစ်နေတာလဲ'

'ဟို … ဟို … ဘာမှမဖြစ်ပါဘူး ကိုချာန်ရယ်၊ နေမကောင်းဖြစ်နေလို့ပါ'

'မင်း မှန်မှန်ပြောစမ်း အရိပ်၊ မင်း တစ်ခုခုဖြစ်နေတာ မဟုတ်လား။ လွန်ခဲ့တဲ့နှစ်လလောက်က မင်းနဲ့ကိုယ်'

'အို… မဟုတ်ပါဘူး ကိုချာန်ရယ်၊ ဘာတွေလာပြောနေတာလဲ၊ စိတ်ညစ်ရတဲ့အထဲ၊ ဒေါ်ကြီးဆည်းဆာကြောင့်ပါ၊ အရမ်းစိတ်ထိခိုက်ကြေကွဲနေရတယ်၊ ဖြေလို့မရဘူးလေ'

ချာန် လက်မခံနိုင်ပေ။ အရိပ်ရဲ့ကိုယ်လုံးလေးကို ဆတ်ခနဲ ထွေးပွေ့ဆွဲယူကာ သူ့ရင်ခွင်မှာ အပ်ထားလိုက်သည်။

'အို… ကိုချာန် ဘာလုပ်တာလဲ၊ အဲဒီလိုမလုပ်ပါနဲ့၊ အရိပ်ကို ညီမလေးတစ်ယောက်လိုပဲ ဆက်ဆံပေးပါနော်၊ အရိပ် တောင်းပန်ပါတယ်၊ လွှတ်ပါ'

'မလွှတ်ဘူးကွာ၊ မင်းကို ဒီအတိုင်းမထားနိုင်တော့ဘူး၊ ကိုယ်လက်ထပ်မယ်၊ မင်း ဘာတွေဖြစ်နေလဲဆိုတာ ကိုယ်သိတယ်၊ မှန်းနဲ့ ကိုယ် ဘာမှမငြိစွန်းကြသေးပါဘူး၊ ကိုယ် ယောကျ်ားပီပီသသ တာဝန်ယူမယ်'

'ကိုချာန် ဘာတွေလာပြောနေတာလဲ၊ အမိုက်အဲ့ပြတာ၊ အရိပ် ရိုးရိုးသားသားနေမကောင်းဖြစ်ပြီး ဖျားတာပါဆို သွားပါ'

www.burmeseclassic.com



'အရိပ် မင်းကို အရမ်းချစ်တယ်၊ ကိုယ်လေ မင်းနဲ့ဝေးရမှာကို အရမ်းကြောက်နေတယ်၊ မင်းကို မစွန့်လွှတ်နိုင်ဘူး'

'ကိုရျာန် လွှတ်ပါ၊ အဓိပ္ပာယ်မရှိတာတွေ မပြောပါနဲ့နော်၊ အရိပ်ကို မနှစ်ပါနဲ့၊ မှီခိုတွယ်တာရာ အရိပ်ကင်းမဲ့နေရတဲ့ မိန်းကလေးပါ'

'မင်း ဘာမှမဖြစ်ဘူးဆိုတာ ကိုယ် မယုံဘူး အရိပ်၊ ဖြစ်ကိုဖြစ်တယ်၊ မင်း ဘာဖြစ်လို့ သတ္တိမရှိတာလဲ၊ ကိုယ်တို့ လက်ထပ်မယ်၊ မင်းကိုခေါ်ပြီး ကိုယ် ဒီကနေထွက်သွားမယ်၊ ဘာကိုမှဂရုစိုက်စရာမလိုပါဘူး'

'ကိုရျာန့်နော် နေမကောင်းရတဲ့အထဲ အကြီးဆည်းဆာကြောင့် အရိပ် စိတ်ထိခိုက်နေတာ၊ အရိပ် ဘာမှမဖြစ်ဘူး'

သူမ ရုန်းထွက်လိုက်သည်။ ကိုရျာန်နဲ့ လက်ထပ်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ အရိပ် လက်မခံနိုင်။ ကိုရျာန်ရဲ့ဂုဏ်သိက္ခာ မဲ့ရမယ်။ အရိပ်က အိမ်ဖော်မျိုးရိုးကနေ ပေါက်ဖွားလာသူပါ။ ကိုရျာန့်အား ရှောင်ထွက်ဖို့ပြင်လိုက်သည်။

'အရိပ်'

'ကိုရျာန် အဲဒီလိုအပြုအမူတွေကို အရိပ် မနှစ်သက်ဆုံးပဲ၊ အရိပ်က ဒီအိမ်က အိမ်ဖော်ကောင်မလေးပါ၊ ကိုရျာန်ဆင်ခြင်သင့်တယ်'

'ဘာ...'

'စောင့်ထိန်းရမယ့် စည်းဆိုတာ ရှိတယ်လေ၊ ညှာတာသင့်ပါတယ်၊ ကိုရျာန့်အပြုအမူကြောင့် အရိပ်အနာဂတ် လုံးဝ





ပျက်စီးသွားရလိမ့်မယ်၊ သူဌေးသားနဲ့ အိမ်ဖော် ခြေတော်တင်တဲ့ ဇာတ်လမ်းကို ကိုရျာန်က ခင်းချင်နေတာလား'

'တော်စမ်း အရိပ်၊ ဆက်မပြောနဲ့တော့၊ လူချင်းအတူတူပဲ၊ ကိုယ် အဆင့်အတန်းမခွဲခြားဘူး၊ မင်း ကြမ်းပြင်မှာ ငုတ်တုတ်လေးထိုင်ပြီး ခေါ်လေးဆည်းဆာလာအပ်ကတည်းက ကိုယ်ချစ်မိသွားတာ၊ မင်းကို မာမီလက်ခံလိုက်ပါစေလို့ ကိုယ်ဆုတောင်းနေတာ၊ ကိုယ်တို့ဖူးစာပဲ'

'အရိပ် လက်မခံဘူး၊ သရေပေါ်အိပ် သရေနှားစားတဲ့ ကျေးဇူးမသိတတ်တဲ့ ခွေးတစ်ကောင်လည်း အဖြစ်မခံနိုင်ဘူး၊ မာမီကြီးဘက်က တွေးပါ၊ အရိပ်ကို ချွေးမအဖြစ်လက်ခံဖို့ဆိုတာ လုံးဝမဖြစ်နိုင်တာပဲ'

'မှန်းကိုလက်မထပ်နိုင်တော့ဘူး၊ ကိုယ့်ဘဝတစ်လျှောက်လုံး ကိုယ်မချစ်နိုင်တဲ့ မိန်းကလေးကို ဟန်ဆောင်လက်မထပ်နိုင်တော့ဘူး၊ အရိပ်ကို ချစ်တယ်၊ ကိုယ့်မှာ သတ္တိရှိပါတယ်၊ ရင်ဆိုင်ကြရအောင်နော် အရိပ်'

'မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး၊ ကျွန်မ လက်မခံဘူး၊ ရှင် အတင်းအကျပ်လုပ်ရင် ကျွန်မထွက်သွားမယ်၊ တကယ်ပြောနေတာနော်၊ မယုံမရှိနဲ့'

'အရိပ်'

'ဖယ်ပါ'

'မင်း...'



www.burmeseclassic.com

www.burmeseclassic.com



'ထွက်သွားပါ၊ ကျွန်မလည်း သူ့ခကိုရွေးချယ်ဖို့ စဉ်းစားထားတယ်'

'ဘာပြောတယ်'

'ရှင်ယောကျ်ားမဟုတ်ဘူးလား၊ သတ္တိရှိရှိ ကိုယ်နဲ့စေ့စပ်ထားတဲ့မိန်းမရဲ့ အရှက်သိက္ခာတွေကို ကာကွယ်ပေးစမ်းပါ'

သူ အရိုပ်ကို ငေးကြောင်ကြောင်ကြည့်နေရင်း မင်းအတွက် ကိုယ်ပြောတာပါ။ မင်းကို အထိခိုက်မခံနိုင်ဘူး။ မင်းလိုအပ်နေတာတွေ ကိုယ် ဖြည့်စွမ်းပေးချင်နေတာပါဟု ပြောပြီးထွက်သွားသည်။

'ကိုစျာန်ရယ်... အရိုပ်ကလည်း ကိုစျာန် ထိခိုက်နစ်နာစေမယ့်အရာမှန်သမျှ ကာကွယ်ပေးရမှာပဲလေ၊ ကျွန်မ ကိုစျာန်ဂုဏ်သိက္ခာကျစေမယ့်ကိစ္စ လုံးဝမလုပ်ဘူး'

သူမ အိပ်ရာပေါ်မှောက်လျက်ကျသွားပြီး တသိမ့်သိမ့်ရှိုက်ငိုမိသည်။ အရိုပ်နဲ့ ကိုစျာန်က ဘယ်လိုမှမနီးစပ်နိုင်တဲ့ မိုးကောင်းကင်နဲ့ မြေကြီးပါ။ အတူတူယှဉ်တွဲပြီးတွေ့နေရပေမယ့် အဝေးကြီးပါနော်။ မိုင်သန်းပေါင်းများစွာ ဝေးနေတာပါ။ အရိုပ်တစ်နေရာရာကိုထွက်သွားဖို့ ဆုံးဖြတ်ထားသည်။

◆ ◆ ◆



(၁၉)

'လရောင်ရိုပ် ညည်းက တော်တော်ကြောက်စရာကောင်းတဲ့ မိန်းကလေးပဲ၊ ကုတ်ကမြင်းဆိုတာ ညည်းလိုမိန်းမမျိုးပဲ၊ ညည်းတို့လို မိန်းကလေးမျိုးတွေကို ဘယ်တော့မှ အရေးတဝင်မလုပ်ခဲ့တဲ့ ငါ့သားစျာန်ကို ညည်း ဘယ်လိုမြှူဆွယ်ဖြားယောင်းလိုက်လဲ'

'ရှင်...'

မထင်မှတ်ဘဲ အရိုပ်အခန်းထဲ မာမီကြီးဝင်လာသဖြင့် အရိုပ် အထိတ်တလန့်နှင့် မျက်ဝန်းလေးတွေပြူးကျယ်ဝိုင်းစက်သွားသည်။ မာမီကြီး သိသွားပြီပဲ။ ကြောက်လိုက်တာ။ အရိုပ်ခန္ဓာကိုယ်လေး မီးတောက်တွေ လောင်မြိုက်ဝါးမျိုလိုက်သလို ပူလောင်သွားရ၏။ မာမီကြီးရဲ့ ယုံကြည်အားကိုးမှုတွေအားလုံး လဲပြိုသွားပါပြီ။ ဒေါသမျက်ဝန်းတွေ၊ အထင်သေးရွံရှာမုန်းတီးမှုတွေ ပြည့်နှက်စွာ အရိုပ်ကို ကြည့်သည်။

'ဒေါ်မမ... ကျွန်မတို့ တစ်ပတ်ရိုက်ခံရတာပဲ၊ ကျွန်မသားက ဘယ်လိုယောကျ်ားမျိုးလဲဆိုတာ ဒေါ်မမသိတယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ သိပါတယ် မာမီကြီး၊ ချာန်က တည်တည်ကြည်ကြည်နေတဲ့သူပါ'

'အခု ဘာတွေဖြစ်ကုန်တာလဲ၊ ဟဲ့... လရောင်ရိပ် ပြောစမ်း၊ ချာန်နဲ့ ညည်း ဘယ်အခြေအနေထိ ရောက်နေတာလဲ၊ ပြောလေ၊ စောစောက ငါကြားလိုက်တယ်၊ ငါ့သားက ညည်းကို လက်ထပ်မယ်၊ ဟုတ်လား'

'မဟုတ်ပါဘူး မာမီကြီးရယ်၊ မဖြစ်နိုင်တာဘဲ'

'ငါ့သားနဲ့ နင် လွန်ကျူးမိသွားပြီလား၊ ညည်းကြောင့်ပဲဖြစ်မှာ၊ ငါ့သားက ကိုယ်ကျင့်သိက္ခာကို တန်ဖိုးထားထိန်းသိမ်းတဲ့ ယောကျ်ားပဲ၊ ညည်းမြူဆွယ်တာ ငါထင်တယ်၊ ဒေါ်မမ ဒီကောင်မလေးက ရိုးပုံရိုးလက်နဲ့၊ ရင်ကတည်းက ကျွန်မ နောင်တရနေတာ၊ မီးဖိုချောင်ထဲမှာပဲ အစုတ်အပြတ်ဝတ်ပြီး နှိမ်ထားရမှာ'

ဒေါ်မမလည်း ဘာကိုနားလည်ရမှန်းပင် မသိတော့ပေ။ အရိပ်လေးကိုလည်း သနားသည်။ ချာန်ကရော မိန်းမတွေနှင့် ရှုပ်ပွေခြင်းမရှိခဲ့။ တည်ခန့်စွာနေထိုင်တတ်သူပါ။ မာမီကြီးက ဒေါ်မမကိုခေါ်ပြီး သက်သေပြမှ မျက်လုံးပြူးပြီး အထိတ်တလန့် ဖြစ်ရသည်။

'ညည်းက ဘာမျိုးရိုးလဲ၊ ကိုယ့်ဘဝကိုယ် နားမလည်ဘူးလား လရောင်ရိပ်၊ ညည်းလို အိမ်ဖော်မကို ချွေးမတော်မယ် ထင်လို့လား၊ ငါ့သား ဘယ်ဘဝရောက်သွားမလဲ၊ ပြောစမ်း... ကျေးစူးကန်းတဲ့ကောင်မ'

'ဖြန်း'





'အား...'

'မာမီကြီး သတိထားပါ၊ ဒေါသတွေကို ထိန်းပါဦးနော်၊ အရာရာ ထိန်းထိန်းသိမ်းသိမ်းဖြေရှင်းရမယ့်ကိစ္စလေ၊ ဒေါ်မမ တောင်းပန်ပါတယ်နော်'

မာမီကြီးကို ဒေါ်မမ သတိပေးရင်း ဖမ်းချုပ်ထားရသည်။ အရိပ်ကတော့ ခေါင်းငုံ့ခံနေရုံကလွဲပြီး တုံ့ပြန်ဖြေရှင်းခြင်းမရှိ။ သူမမျက်ဝန်းတွေထဲမှ မျက်ရည်တွေတပေါက်ပေါက်နှင့် ကြမ်းပြင်ပေါ် ပြုတ်ကျနေသည်။

'ငါထင်သားပဲ၊ ညည်းကို သနားလို့ ငါလက်ခံလိုက်ပြီးတဲ့နောက် အရမ်းပူပင်ပြီး နောင်တွေရနေခဲ့တာလေ၊ အခုတော့ ငါထင်တဲ့အတိုင်းပဲ၊ ဘယ်လိုဖြစ်ရတာလဲအေ၊ ငါ့သားက မှုန်းကိုပဲချစ်တာ၊ ညည်း ပြဿနာရှိသွားလို့ မှုန်းကိုလက်ထပ်ဖို့တောင် စိတ်သောကရောက်နေရရှာတယ်'

မာမီကြီး ပြောချင်တာ ပြောပါ။ အရိပ် ခံပါ့မယ် မာမီကြီးရယ်။ အစကတည်းက အရိပ်ကို လက်မခံသင့်ပါဘူးနော်။ အရိပ် ကြေကွဲရလွန်း၍ အသားလေးတွေပင် တဆတ်ဆတ်တုန်ယင်ချင်နေသည်။

'အခု ဘယ်လိုလုပ်ကြမလဲ ဒေါ်မမ၊ ကျွန်မ သဘောကောင်းပြီးပြီ၊ အလုပ်သမားကောင်မကို ယုံကြည်အားကိုးမိတာ မှားတာပဲ'

'မာမီကြီး ဘာလုပ်ချင်လဲ၊ ပြောပါ၊ ဒီကိစ္စ အေးအေး



www.burmeseclassic.com

www.burmeseclassic.com



ဆေးဆေးဖြေရှင်းပါ၊ အရိပ်ကို ကျွန်မခေါ်ပြီး ဒီကနေထွက်သွားရမလား'

အရိပ်ကလည်း ရိုးသားဖြူစင်သူဆိုတာ ဒေါ်မမသိသည်။ သနားတယ်။ မိုးခိုစရာမရှိ၊ သွားစရာမြေမရှိဘူးဆိုတာ ဒေါ်မမ အသိဆုံးပင်။ အရိပ်က အရမ်းချောလွန်းတော့လည်း ဒီလိုအဖြစ်မျိုးတွေက ရင်ဆိုင်ကြုံတွေ့ရမှာပဲလေ။ တသိမ့်သိမ့်ရှိုက်ငိုနေရုံကလွဲပြီး မဖြေရှင်းတတ်တဲ့ ကလေးပါ။

'ဒေါ်မမပြောတာ မှန်တယ်၊ ပူပူဆူဆူဖြေရှင်းလို့ မရဘူး၊ သားနဲ့ မှုန်း လက်ထပ်ပွဲလည်း အပျက်မခံနိုင်ဘူး၊ ညည်းကိုပဲ ငါသတ်ပစ်ချင်တယ် လရောင်ရိပ်၊ ငါ ဘယ်လိုဖြေရှင်းရမှန်းတောင် မသိတော့ဘူး'

'ကျွန်မ ဒီကနေထွက်သွားပါ့မယ် မာမီကြီး၊ စိတ်မပူပါနဲ့၊ ဒီကိစ္စ ကျွန်မအသက်နဲ့လဲပြီး နှုတ်ဆိတ်နေပါ့မယ်၊ လုံးဝ မပေါက်ကြားစေရပါဘူး၊ ကိုဈာန်နဲ့ မမမှုန်းတို့ မင်္ဂလာပွဲကိုလည်း အပျက်မခံနိုင်ပါဘူး၊ ကျွန်မကို ယုံကြည်ပေးပါနော်'

'တောက်…'

ဒေါ်သော်တာမိုးထက် စိတ်ပူခဲ့တာတွေ ခုတော့ ဖြစ်လာပြီပဲ။ မိမိ အယုံလွယ်ခဲ့သည်။ သားတို့ဇနီးမောင်နှံကြား မနေလိုဘဲ လရောင်ရိပ် သနားကမားကောင်မ မိမိအားကိုးတကြီး မြေတောင်မြှောက်ပေးမိတာ မှားတာပဲ။ သားဈာန်က ဒီကောင်မလေးမျိုးကို လုံးဝစိတ်ဝင်စားမှာ မဟုတ်ပါဘူး။ ဒီကောင်မလေး စတာပဲဖြစ်မယ်။ ရိုးပုံရိုးလက်နဲ့ ကျေးဇူးကန်းလွန်းသည်။





'ဒီမှာ ငါပြောမယ်၊ ညည်းဘဝလည်း ကောင်းစားအောင် သူခကိုလက်ထပ်ရမယ်'

'ရှင်…'

'အဲဒါလည်း မဖြစ်သေးပါဘူး၊ သိမှာပဲ'

'အရိပ်လေးကို လုံခြုံတဲ့နေရာကို ကျွန်မ ခေါ်သွားပါရစေနော်၊ မာမီကြီးတို့က ငွေကြေးပဲ ထောက်ပံ့ပေးပါ'

'နေဦး ဒေါ်မမ၊ အခုတော့ ထွက်မသွားနဲ့ဦး၊ သား မင်္ဂလာပွဲရှိတယ်၊ ငါ အမြန်စီစဉ်မယ်၊ ဒီကောင်မလေးကို ဟန်ပြအဖြစ်တော့ ထားရမှာပဲ၊ သားက လက်ထပ်မှာလေ၊ ငါ့သား မှုန်းနဲ့လက်ထပ်ဖြစ်အောင် ညည်းပြော၊ ညည်းကို ဆက်လက်ခံမယ်'

'မာမီကြီး'

'ငါ ဒီလိုပဲဆုံးဖြတ်ရလိမ့်မယ် ဒေါ်မမ၊ ညည်းနဲ့ လရောင်ရိပ် နှစ်ယောက်စလုံးထွက်သွားလို့ မဖြစ်ဘူး၊ မှုန်းတို့ကို ငါ ဘယ်လိုအကြောင်းပြမလဲ၊ ဒီဟာမကလည်း လူမမာဖြစ်နေတာ၊ မှုန်းတို့ရိပ်မိသွားနိုင်တယ်လေ'

'မာမီကြီး ဘာဖြစ်ချင်လဲ၊ ဖြစ်စေရပါ့မယ်၊ ဒေါ်မမ တာဝန်ယူပါတယ်'

'လောလောဆယ်တော့ ဟန်မပျက်ဆက်နေသွားရမှာပဲ ဟဲ့… နင် လူမမာလုပ်ပြမနေနဲ့၊ ဒေါ်မမ သင်းတို့ [illegible] လာအောင် ဂရုစိုက်ပေးပါ၊ တခြားပြဿနာတွေကို [illegible] ဖြေရှင်းမယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့… မာမီကြီး ခေါင်းအေးအေးထားပါ၊ ဖြစ်လာပြီးမှတော့ ရင်ဆိုင်ဖြေရှင်းရမှာပဲလေ'

'သေပစ်ချင်တာပဲအေ၊ ငါ့သားအနာဂတ်ကို ဖျက်ဆီးပစ်မယ့်ကောင်မ၊ ငါ့သမီးအရောထားတာလောက်နဲ့ မကျေနပ်နိုင်တဲ့ကောင်မပဲ'

မာမီကြီး ဘာပဲပြောပြော အရိပ် တုံ့ပြန်နိုင်ခြင်းမရှိပေ။ အရိပ် အမှားပါ။ တကယ်ဆို ကိုရျာန်က အသိမဲ့နေသူပဲ။ အရိပ်ရှောင်ရှားလို့ရသောအခြေအနေမှာပင် အရိပ်ကိုယ်တိုင် ဖွတ်တိုးမိခဲ့သည်။ မာမီကြီးကျေးဇူးတွေကလည်း ဆပ်လို့မကုန်၍ အရိပ်မာမီကြီးဆန္ဒအတိုင်းပဲ ထားရာနေ စေရာသွားဖို့ ဆုံးဖြတ်ထားသည်။

'ဒေါ်မမ တာဝန်ယူထားပါ၊ ဒီကောင်မလေးကို မျက်ခြည်မပြတ်စေနဲ့၊ သားနဲ့ မှုန်းတို့ လက်ထပ်ပြီးရင် ပြီးပါပြီ'

မှုန်းတို့ဘက်မှ တစ်မျိုးမထင်စေရန် ဒေါ်သော်တာမိုးထက် စီစဥ်ရမည်။ သွေးပူလို့မဖြစ်ပါဘူး။ သားကလည်း ဒီဟာမလေးအပေါ် စွဲလမ်းနှစ်သက်နေပြီလား။ အမလေး… မတွေးရဲတော့ဘူး။ အစကတည်းက မီးဖိုခန်းထဲမှာပဲ အစုတ်အနုတ်တွေဝတ်ပြီး ဖိနှိပ်ထားရမှာပါ။ မိမိမြှောက်စားခဲ့တာ အခုမှတော့ဘာလုပ်လို့ရတော့မလဲ။ ဒေါ်မမလက်ထဲအပ်ပြီး ဒေါ်သော်တာမိုးထက် ပြန်ထွက်လာခဲ့သည်။

◆ ◆ ◆





'မှုန်းလား'

'ဟုတ်ကဲ့ပါ မာမီ'

'သမီး လာခဲ့ပါ၊ ဒယ်ဒီ့ကိုလည်း ခေါ်လာခဲ့၊ မာမီတို့ဆွေးနွေးစရာရှိတယ်'

'ဟုတ်ကဲ့ မာမီ၊ အခုပဲ ဒယ်ဒီ့ကိုခေါ်ပြီး မှုန်းထွက်လာခဲ့ပါ့မယ်၊ မာမီရော အားဆေးကုန်ပြီလားဟင်၊ မှုန်း ဝယ်လာခဲ့မလို့၊ ဘာစားဦးမလဲဟင်၊ အသီးအနှံတွေထဲကရော ဘာစားချင်လဲ၊ မှာနော်'

'မလိုပါဘူးကွယ်၊ အားဆေးလည်းရှိတယ်၊ သမီးတို့သာလာခဲ့ပါ'

'ဟုတ်ကဲ့ မာမီ'

လိမ္မာလိုက်တဲ့ ချွေးမလေး။ မှုန်းက မိမိကိုလည်း ရိုသေလေးစားသည်။ လရောင်ရိပ်။ လူလည်မ၊ မိမိရှေ့မှာ ရိုးသားဟန်ဆောင်ပြနေခဲ့တာပဲ။ မိမိကတော့ စေတနာမေတ္တာတွေနှင့်သမီးတစ်ယောက်အဖြစ် သတ်မှတ်ထားခဲ့၏။ ပိုရိုလိုက်တာ။ သားကိုလည်း မှုန်းတို့သားအဖ ရောက်လာမည်။ အဝတ်အစားလဲပြီးဆင်းလာခဲ့ပါ ပြောလိုက်၏။ မှုန်းနဲ့လက်ထပ်ဖို့ အမြန်ဆုံးညှိနှိုင်းဆွေးနွေးရန် ဖြစ်သည်။

'မာမီ'

'ပြော'

'မှုန်းတို့သားအဖကို ရုတ်တရက်ကြီး ဘာဖြစ်လို့ခေါ်ရတာလဲဟင်'



www.burmeseclassic.com

www.burmeseclassic.com



'သားနဲ့ မှုန်းတို့ လက်ထပ်ဖို့လေ၊ မာမီ အမြန်စီစဉ်ချင်တယ်၊ အချိန်ဆွဲနေလို့လည်း မဖြစ်ဘူး'

'အရိပ်မှ နေမကောင်းသေးတာပဲ၊ ရက်ရွှေ့ထားတာ ဘာဖြစ်လို့လဲ မာမီ၊ အရိပ်က သတို့သမီးအရံလုပ်မှာလေ'

'မဖြစ်ပါဘူး၊ အရိပ်ကို ထားလိုက်တော့၊ မာမီ စိတ်အေးချင်ပြီ၊ လက်ထပ်ရမယ်၊ မင်း အဝတ်အစားလဲ ဆင်းလာခဲ့နော်'

သားကိုကြည့်ရတာ လက်ထပ်စေချင်ပုံ မပေါ်သေးပေ။ မျက်နှာလေး ချောင်ကျနေသည်။ လရောင်ရိပ် ညည်းကြောင့်ပဲ ကျေးဇူးကန်းတယ်။ ငါကတော့ အားကိုးလိုက်ရတာ။ ငါ့သားလေး အညွန့်တုံးပါပြီ။ ညည်းလိုအိမ်ဖော်မက ငါ့သားနဲ့ တန်လို့လား။ တွေ့မယ်။ ဒေါ်သော်တာမိုးထက် ကြိတ်ပြီး ဒေါသဖြစ်ရသည်။

'သော်တာ တစ်ယောက်တည်းထိုင်ပြီး ဘာတွေစဉ်းစားနေတာလဲ၊ ကိုထင်တို့ဝင်လာတာတောင် မသိဘူး'

'ဟုတ်ပါရဲ့၊ သားနဲ့ သမီးကို အမြန်လက်ထပ်ပေးဖို့ စဉ်းစားနေတာပါ ကိုထင်၊ အရိပ်လေးက နေမကောင်းသေးဘူး၊ အဆုတ်နာရောဂါထင်တယ်၊ ဆေးက ကိုးလတောင် သောက်ရမယ်လေ၊ ထားလိုက်ပါ၊ အရိပ် အနားယူပါစေ'

တမင် အရိပ်အနားမသွားစေရန် ဒေါ်သော်တာမိုးထက် ပြောမိသည်။ မှုန်း တွန့်သွား၏။ သား ဆင်းလာသည်။

'လာထိုင်··· သား'

'ချာန်တောင် နည်းနည်းပိန်သွားသလိုပဲ'





'အလုပ်တွေပင်ပန်းလို့ ထင်ပါတယ် အန်ကယ်'

'ဟုတ်တယ်၊ မောင့်ကိုကြည့်ရတာ မရွှင်မလန်းနဲ့၊ နေမကောင်းဘူးလားဟင်'

'ကောင်းပါတယ် မှုန်း၊ ကိုယ် ခရီးထွက်လိုက်တာ စိတ်ပင်ပန်းသွားလို့ပါကွာ'

'ကဲ··· သားနဲ့ သမီး လက်ထပ်ပွဲရက်ကို မရွှေ့ဆိုင်းတော့ဘူး၊ တစ်လအတွင်းစီစဉ်မယ်'

'ရပါတယ် မာမီ၊ မှုန်းက စောင့်ပေးနိုင်ပါတယ်'

'မာမီက မစောင့်နိုင်တော့ဘူး၊ မှုန်းလေးကို ချွေးမတော်ချင်နေတာလေ၊ စီစဉ်တော့ သားကလည်း သဘောတူလက်ခံပါတယ်ကွယ်၊ နော် သား'

'ဟုတ်ကဲ့ မာမီ၊ အမြန်ပဲစီစဉ်ပါ၊ သားကလည်း မှုန်းကို လက်ထပ်ချင်နေပါပြီ'

ငါ့သားလေးက လက်ထပ်ချင်နေတာ မှုန်းပဲ။ တွေ့လား လရောင်ရိပ်။ မငြင်းဘူး။ ညည်း ဖြတ်ခုတ်လုယူဖို့ ကြံစည်နေတာမဟုတ်လား။ အခြေအနေကိုသိထားတော့ ဒေါ်သော်တာမိုးထက် ရင်တွေ မီးတောက်နေသည်။

'မှုန်း ကြိုက်တာတွေ စီစဉ်လေ၊ အကောင်းဆုံးတွေပဲလုပ်၊ ကြီးကျယ်ခမ်းနားတဲ့ မင်္ဂလာပွဲကြီး ဖြစ်စေချင်တယ်'

'ကောင်းပါပြီ မာမီ၊ လက်ထပ်ပြီးတော့ မောင် အလုပ်မှာ ပိုအားစိုက်နိုင်တာပေါ့လေ၊ မှုန်း စီစဉ်တော့မယ်၊ [illegible] ပြန်ရမှာ'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းတယ် မှုန်း၊ စီစဉ်တော့'

မာမီ ဘာကြောင့်များ အလောတကြီးစီစဉ်နေရတာလဲ။ သူနှင့် အရိပ်အကြောင်းတွေကိုများ သိသွားလို့လား။ မာမီ ဟန်ဆောင်နေပုံပင်။ မျက်ဝန်းတွေက တင်းမာညှိုးရော်နေသည်။ မာမီ သိနေပြီထင်တယ်။ အရိပ် ဘာတွေဖြစ်နေလဲ။ သူ စိတ်ပူမိသည်။

'မှုန်း ပြန်တော့မယ် မောင်၊ ကုမ္ပဏီမှာတွေ့မယ်၊ ဒယ်ဒီနဲ့ မှုန်း ကိစ္စတစ်ခုနဲ့ ညှိသည်တွေ့စရာရှိလို့ပါ'

'ကောင်းပြီ၊ မောင် လာခဲ့မယ်၊ မှုန်းစိတ်တိုင်းကျ စီစဉ်နော်၊ မောင်ကတော့ မှုန်းဆန္ဒပဲ'

အရိပ်မှာ အဆုတ်နာရောဂါဖြစ်နေတာဖြစ်၍ မှုန်း သွားပင်မကြည့်တော့။ မင်းစိတ်မာတာက ဘာလဲကွ မှုန်း။ အရိပ်ကို ပစ်ပယ်ထားတာမျိုး ချာန် သဘောမကျမိ။ ကိုယ် ဘယ်လိုလုပ်ပေးရမလဲ။ သူနဲ့လက်ထပ်ဖို့ တောင်းဆိုတာ ခါးခါးသီးသီးပဲ ငြင်းဆန်နေသည်။

'ချာန်'

'မာမီ'

'မင်း ကုမ္ပဏီကိုသွားမယ်မဟုတ်လား၊ ပြင်တော့လေ၊ မှုန်းလေးကို စိတ်ချမ်းသာအောင်ထားပါ သားရယ်၊ မှုန်းလေးကို မာမီ အရမ်းနှစ်သက်သဘောကျတယ်၊ ချမ်းသာပေမယ့် မမောက်မာဘူး'

'သား သွားတော့မယ်၊ အရိပ်ရော မာမီ၊ နေမကောင်းသေးဘူးလား၊ ဒီကောင်မလေး ကျောင်းတွေပျက်နေတယ်'





'ကောင်းနေပါပြီ သားရယ်… အနားယူနေတာပါ၊ ဒီကောင်မလေးလည်း မာမီ့သမီးလို သတ်မှတ်ထားကာမှ ထူးခြားနေတယ်၊ နေနေတာပဲဖြစ်မယ်၊ ကဲပါလေ… အဓိက သား အာရုံစိုက်ထားရမှာက မှုန်းလေးနဲ့ လက်ထပ်ဖို့ပဲ၊ စီးပွားရေးတောင် ဒုတိယထားပါ'

မာမီ အပေါ်ထပ်သို့ ပြန်တက်သွားသည်။ ချာန်လည်း အဝတ်အစားလဲဖို့ အပေါ်ထပ်တက်ရမည်ဖြစ်ပေမယ့် အရိပ်ကို တွေ့ချင်လာ၏။ မင်းကို စိတ်မချဘူး။ ကိုယ်နဲ့ မှားယွင်းပြီး ကိုယ်ဝန်များ ရှိလေလားပဲ။ ကိုယ် တာဝန်ယူမယ် အရိပ်။ မင်း အားမငယ်ပါနဲ့။ ကိုယ် ယောကျ်ားပါ။ မာမီ အမွေဖြတ်လည်း ကိုယ့်မှာ အစွမ်းအစတွေရှိပါတယ် အရိပ်ရယ်။ မင်း ဘာပဲဖြစ်နေဖြစ်နေ ကိုယ် လက်ထပ်မယ်။ သူ အရိပ်ရှိနေမည့် အိမ်အောက်ခန်းဆီ မသိမသာ ဝင်လာသည်။

'ချာန် ဘာလိုချင်လို့လဲ၊ ပြောလေ'

'ဟို… အရိပ်ရော'

'ကျောင်းသွားဖို့ ပြင်ဆင်နေတယ်လေ၊ ချာန် လိုက်ပို့ပေးစရာ မလိုဘူးမဟုတ်လား၊ အရိပ် ကားမောင်းတတ်နေပြီပဲ၊ သူဟာသူ သွားလိမ့်မယ်'

'အရိပ် နေမှမကောင်းသေးတာပဲ၊ အားမရှိပါဘူး၊ ကားမောင်းရင်း မူးနေလိမ့်မယ်၊ ချာန်လိုက်ပို့ပေးမလို့'

'အရိပ်က သူမောင်းနိုင်ပါတယ်တဲ့၊ ကိုချာန် ကုမ္ပဏီကိုပဲ သွားပါတဲ့ ပြောခိုင်းထားတယ်၊ ချာန် သွားတော့'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးမက အရိပ်အနားမှာ အလစ်မပေးဘဲ စောင့်နေပုံပင်။ မာမီ့ကြောင့်ထင်တယ်။ ကျွန်မ ဘယ်လိုလုပ်ရမလဲ။ မထူးတော့ဘူး။ ဖွင့်ပြောလိုက်မယ်။ ကျွန်မ တာဝန်မမဲ့ချင်တာပါ။ အရိပ်အတွက် ကျွန်မ့နှလုံးသားတွေ ကွဲအက်ကြေမွမတတ် နာကျင်နေသည်။

◆ ◆ ◆



(၂၀)

'အရိပ်'

'ရှင်… ဒေါ်လေးမ'

'မာမီကြီး ပြောထားတာတွေ မာမီကြီးဆန္ဒတွေကို ညည်း သိတယ်နော်'

'ဟုတ်ကဲ့'

'ကျေးဇူးတရားဆိုတာ မမေ့ရဘူး၊ အရိပ်မှာ အပြစ်မရှိဘူးဆိုတာ ဒေါ်လေးမ ယုံကြည်တယ်၊ ကျွန်မှာလည်း အပြစ်မရှိပါဘူး၊ ညည်းလေးက အရမ်းချောတယ်လေ'

'ဘာပဲဖြစ်ဖြစ် ကိုကျွန်မှာ အပြစ်မရှိပါဘူး ဒေါ်လေးမ၊ အရိပ်အပြစ်ပါပဲ၊ ကိုကျွန်က အရက်တွေ လူမှန်းမသိအောင် မူးနေတာလေ၊ အသိကင်းမဲ့နေတယ်၊ အရိပ်က ငြင်းဆန်ရှောင်ဖယ်ရမှာပါ'

အရိပ်ကြောင့် ကိုကျွန် ဘယ်လိုနည်းနဲ့မှ ဂုဏ်သိက္ခာမကျစေရပါဘူး။ အရိပ် အသက်ပေးကာကွယ်မှာပါ။ ဘယ်တော့



www.burmeseclassic.com

www.burmeseclassic.com



မှလည်း လက်မထပ်ဘူး။ ကိုချာန်က တာဝန်ယူရဲပေမယ့် အရိပ် လက်မခံနိုင်ဘူး။ ဟုတ်တယ်။ ဒေါ်လေးမ ပြောသလိုပဲ မာမီကြီး ကျေးဇူးတွေက အများကြီးပဲ။ ပေးဆပ်မယ်။ သူမစိတ်ကို ကြံ့ခိုင် အောင်မွေးမြူတည့်မတ်ထားသည်။

'ဖူးစာရေစက်ပဲအေ၊ ဘာတတ်နိုင်မှာလဲ၊ ညည်းဘဝကို ထူထောင်နိုင်ဖို့ ကြိုးစားပါ အရိပ်၊ ဒေါ်လေးမ အတတ်နိုင်ဆုံး ကူညီမယ်၊ ချာန်က တာဝန်ယူပေမယ့် မာမီကြီးက လက်ခံမှာ မဟုတ်ဘူး၊ ချာန်နဲ့ မှုန်း လက်ထပ်ပါစေ'

'ဟုတ်ကဲ့… အရိပ်လည်းစောင့်ထိန်းပါ့မယ် ဒေါ်လေးမ၊ စိတ်ဓာတ်တွေ ကြံ့ကြံ့ခံနိုင်အောင် ကြိုးစားမယ်၊ အရိပ် အရှုံးမပေး တော့ပါဘူး'

အရိပ် နေမကောင်းဖြစ်နေလို့ မဖြစ်ပါဘူး။ ကိုချာန်နဲ့ မာမီကြီးတို့ပဲ ထိခိုက်မယ်။ အရိပ် အားဆေးတွေသောက်သည်။ အစားအစာတွေ ပြန်စားဖြစ်၏။ အရိပ် ပျော့ညံ့နေလို့ လုံးဝမဖြစ် ပါဘူး။ ရင်ဆိုင်မယ်။ သူမ ပြန်လန်းလာသည်။

'အရိပ်လေးရယ်… သနားလိုက်တာ၊ အရမ်းချောတယ်၊ ညည်းလေးက အိမ်ဖော်က မွေးထားတယ်ဆိုတာ မယုံနိုင်အောင် ပါပဲ'

အရိပ်မှာ ဓာတ်ပုံတစ်ပုံရှိသည်။ ဘယ်သူမှ မပြခဲ့။ အရိပ်နှင့် တူလွန်းတဲ့ မိန်းမတစ်ယောက်ပါပဲ။ အကြီး ဆည်းဆာ ဖွင့်ပြောမယ်ပြင်တုန်း အမော်ဖောက်သွား၏။ အရိပ်နှင့် ဘယ်လို





ပတ်သက်လို့ ပေးထားခဲ့ရတာလဲ။ မကြာခဏထုတ်ကြည့်မိပြီး ရင်တွေနာကျင်ရသည်။

'အရိပ် ကျောင်းသွားတော့မယ်'

'ကားရော မောင်းနိုင်ရဲ့လား အရိပ်၊ မာမီကြီးက ကား မောင်းသွားတဲ့'

'ဟုတ်ကဲ့'

အရိပ် ကားကို ကျွမ်းကျွမ်းကျင်ကျင်မောင်းတတ်နေပါ ပြီ။ အပြင်ထွက်လာတော့ မာမီကြီးက စောင့်နေသည်။

'လရှောင်ရိပ်'

'ရှင် ပြောပါ မာမီကြီး'

'ငါပြောထားတာတွေ မှတ်မိတယ်နော်၊ ညည်း မူရာ မာယာများပြမနေနဲ့၊ ကားကိုမောင်းသွား၊ အငှားကားတွေ ဘတ်စ် ကားတွေစီးရင် ငါ့သားချာန်က လိုက်ပို့နေဦးမယ်၊ ညည်း လုံးဝ မပတ်သက်နဲ့နော်၊ ယောကျ်ားလေးဆိုတာကတော့ ရရင်ယူမှာပဲ၊ ညည်းက အညှာလွှယ်နေတာကိုး၊ ငါ့သား လက်ထပ်တော့မယ်၊ မနှောင့်ယှက်ပါနဲ့'

'စိတ်ချပါ မာမီကြီး၊ အရိပ် နားလည်ပါတယ်၊ မင်္ဂလာ ပွဲပြီးရင် အရိပ် ဒီကနေ ထွက်သွားပေးပါ့မယ်၊ စိတ်မပူပါနဲ့နော်'

'အင်း… ဒါက နောက်မှ စီစဉ်ရမယ့်ကိစ္စပဲ၊ လရှောင် ရိပ် လောလောဆယ် ညည်းအနေအထိုင်ဆင်ခြင်စမ်းပါအေး ငါ စိတ်ပူလို့ သေတော့မယ်၊ အစကတည်းက ငါ ပြောသာသင့်တာ

www.burmeseclassic.com

www.burmeseclassic.com



ပါ၊ ညည်းကို လက်မခံသင့်ဘူး၊ ဒါကြောင့် ရှေးလူကြီးတွေက ခြေနှစ်ချောင်း မကယ်ကောင်းဘူးပြောတာပဲ'

မာမီကြီးရယ်။ အရိပ်ကို အဲလောက်အထိ အထင်မသေးပါနဲ့နော်။ ကံကြမ္မာအရပါ။ အရိပ် ရှောင်ပါသေးတယ်။ အရိပ် စိတ်ဓာတ်တွေ အဲဒီလောက်အထိတော့ အောက်တန်းမကျသေးပါဘူးနော်။ မာမီကြီး ပြောဆိုသမျှ အရိပ် ခေါင်းငုံ့ခံယူနေမိသည်။ ပြောချင်တာ ပြောပါစေ။ မာမီကြီးက အရိပ်ရဲ့အမေပါပဲ။ ကျေးဇူးကန်းမိတာကတော့ အရိပ်ပါပဲ မာမီကြီးရယ်။ သူမ ခြံထဲက ထွက်လာသည်။

'အရိပ် မင်း ကိုယ့်ကားပေါ်တက်၊ ကိုယ် လိုက်ပို့ပေးမယ်၊ မင်း ကားမမောင်းနိုင်သေးဘူး၊ အားနည်းနေသေးတယ်'

'ကိုဈာန် အဲဒီလိုမလုပ်ပါနဲ့၊ ကျွန်မ ဒီကနေ မောင်းထုတ်ခံရအောင်မလုပ်ပါနဲ့နော်၊ ကျွန်မ တောင်းပန်တာပါ၊ ကျွန်မ လွတ်လွတ်လပ်လပ်နေပါရစေ၊ ကိုဈာန်နဲ့ ဘာမှမငြိစွန်းပါဘူး၊ ယုံပါ၊ ကျွန်မအဒေါ်ကြောင့် စိတ်ထိခိုက်ရတာပါ၊ ဖယ်ပေးပါ'

'မဖယ်ဘူးကွာ၊ ကိုယ် မှန်းကို လက်ထပ်မှာပါ၊ မင်းကို ဒီကနေ မောင်းထုတ်တာမျိုး လုံးဝလက်မခံနိုင်ဘူး၊ မင်း ကိုယ်နဲ့ မငြိစွန်းရင် ဒီမှာပဲနေရမယ်၊ မာမီ ယုံကြည်သွားတဲ့အထိလေ'

'နေမယ်၊ ကိုဈာန်သာ ဝေးဝေးနေပေးပါ၊ . မာမီကြီး တစ်မျိုးထင်သွားရင် မကောင်းပါဘူး၊ မာမီကြီး သံသယဝင်နေတယ်လို့ ကျွန်မထင်တယ်၊ ဖယ်ပါ'





'အရိပ်'

'သွားတော့မယ်'

'မင်း လမ်းမှာ မူးလဲနေရင် ဘယ်လိုလုပ်မလဲကွ'

'ဘာမှမဖြစ်ပါဘူး၊ ကျွန်မ အင်အားတွေပြည့်နေပါပြီ၊ မာမီကြီး ကြည့်နေလိမ့်မယ်။ ကျွန်မကို စောင့်ရှောက်ပေးချင်တယ်ဆိုရင် ဝေးဝေးနေပေးပါ၊ မမမှုန်းနဲ့ လက်ထပ်ပါ'

အရိပ် ကားပေါ်တက်ကာ ကားမောင်းထွက်လာခဲ့သည်။ ရင်ထဲမှာ ဆို့နစ်နာကျင်နေ၏။ သူမ အားမပြည့်သေးသဖြင့် ခေါင်းထဲမှာ တရိပ်ရိပ်မူးနေသလိုပင်။ အရိပ် အားတင်းထားမယ်။ မျက်ရည်မကျဘူး။ ဘဝကို ရင်ဆိုင်မယ်။ မေမေရယ်။ အရိပ်က ကံဆိုးမလေးပါ။ ဘယ်ဘဝက အကုသိုလ်တွေလဲ မသိဘူးနော်။ သူမ ငိုချင်နေသည်။ မျက်ရည်တွေ ဝေ့တက်လာ၍ မျက်တောင်တွေနှင့် ပုတ်ခတ်ထိန်းပစ်လိုက်ရ၏။ အင်အားတွေ အပြည့်ရှိနေရမယ်။ ကိုဈာန် လက်ထပ်ပြီးသွားတဲ့အထိပေါ့။ သူမကိုယ်တိုင် ကားမောင်းလာတော့ သုခက စောင့်နေသည်။

'အရိပ် မင်း နေမကောင်းဘူးဆို၊ မမမှုန်းက တီဘီရောဂါတဲ့၊ ဟုတ်လား'

'ဟင် ...'

'မာမီကြီးက ပြောလိုက်တာ အဆုတ်ရောဂါဆို၊ [illegible] တော့ မထင်ပါဘူး၊ အရိပ်က တီဘီရပ်မှမဟုတ်တာ၊ [illegible] စိတ် ထိခိုက်နေတာပါ၊ မျက်နှာလေးတော့ ချောင်[illegible]'



www.burmeseclassic.com

www.burmeseclassic.com



မာမီကြီးရယ်။ အရိပ်အပေါ် ဒီလောက်အထိပဲ မုန်းတီးသွားပြီလားဟင်။ ဒါကြောင့် မမမှုန်းက အရိပ်အနားမလာတော့တာပါ။ အဲဒါလည်း ကောင်းတာပါပဲလေ။ အရိပ်လည်း သူတို့တွေနဲ့ မပတ်သက်ချင်တော့ပါဘူး။ သုခကတော့ အရိပ်ကို သေသေချာချာကြည့်နေသည်။

'မာမီကြီးပြောတာ ဟုတ်တယ် သုခ၊ အားနာတယ်၊ အရိပ် တီဘီဆေးတွေသောက်နေရတယ်၊ သုခလည်း အနားမကပ်ပါနဲ့'

'ကိုယ်က ဆေးကျောင်းသားပဲ၊ မယုံဘူး၊ မာမီကြီးထင်တာနေမှာပါ၊ တီဘီလက္ခဏာ မဟုတ်ဘူး'

'တကယ်ပါ သုခရဲ့'

'အရိပ်မှာ တီဘီရှိလည်း ဘာဖြစ်လဲ၊ ဆေးသောက်ရင်ပျောက်ပါတယ်၊ ကူးစက်ပါစေကွာ'

သုခ ဘယ်ဆိုးလို့လဲ။ သူမလက်လေးကို ဆတ်ခနဲဆုပ်ကိုင်သည်။

'သုခ ဘာလုပ်တာလဲ'

'အရိပ်ကို ချစ်တယ်၊ မင်းမှာ ဘာရောဂါရှိရှိကွာ၊ အခုနမ်းပြရမလား'

'အဟက်... တော်တော်သတ္တိရှိတာပဲ၊ ကျောင်းနော်၊ ကန်တော်ကြီးစောင်း မထင်နဲ့'

'အရိပ်'





'ပြော'

'သုခ တကယ်ပြောတာပါ၊ အရိပ်ကို ချစ်တယ်၊ လူကြီးတွေနဲ့ စေ့စပ်ထားချင်တယ်၊ အရိပ်ကို စိတ်မချဘူး၊ ကျောင်းက ကောင်တွေကလည်း လိုက်နေတယ်မဟုတ်လား'

'အရိပ်က ပညာရေးပဲ စိတ်ဝင်စားတယ်၊ သုခကိုလည်း မချစ်ဘူး၊ စဉ်းစားပေးပါဆိုရင်တောင် လူကြီးတွေမျက်နှာကြောင့် အရိပ်က ကျောင်းပြီးမှ စဉ်းစားမှာပါ'

သုခရယ် အရိပ်ကို မချစ်ပါနဲ့။ လက်ထပ်ဖို့လည်း မကြိုးစားချင်ပါဘူး။ အရိပ်က မသန့်ရှင်းတော့လို့လေ။ ကိုချွန်ကလွဲပြီး အရိပ် ဘယ်သူ့ကိုမှ မချစ်နိုင်တာပါ။ နှလုံးသားထဲမှာပဲ အချစ်တွေကို လှောင်ပိတ်သော့ခတ်ထားလိုက်တော့မယ်။ သုခရှေ့မှာ ရပ်နေရတာပင် ခေါင်းတွေမူးလာသည်။ အားက သိပ်မရှိသေးဘူး။ သုခအနားကနေ ထွက်လာခဲ့၏။ အရိပ် အရမ်းချစ်ရတဲ့သူက ကိုချွန်တစ်ယောက်တည်း ဖြစ်နေသည်။ အတန်းထဲဝင်ထိုင်တော့ ကိုချွန့်ဆီမှ ဖုန်းလာ၏။ အရိပ် ကျောင်းရောက်ပြီလားလို့ စိတ်ပူပြီးမေးတာတဲ့။ သူမ မျက်ရည်ဝဲရသည်။

'ဟုတ်ကဲ့ ရောက်ပါပြီ ကိုချွန်၊ နေကောင်းပါတယ်။ ဘာမှမဖြစ်ပါဘူး၊ စိတ်ချပါ၊ အပြန်လည်း အရိပ် ကိုယ့်ဟာထိုင်ပဲ ပြန်လာခဲ့ပါ့မယ်'

သူမစိတ်တွေ ငြိမ်သက်စပြုနေကာမှ ကိုချွန် [illegible] ခတ်အောင် စိတ်ပူပင်နေတာကြည့်ပြီး ပျော့ညံ့ချင်လာ၍ [illegible] လာသည်။



www.burmeseclassic.com

'အရိပ်ကို မေ့ထားလိုက်ပါ၊ ဥပေက္ခာပြုထားလိုက်ပါ၊ အရိပ် လွတ်လွတ်လပ်လပ်နေပါရစေ'

သူမ ပြောပစ်ချင်သည်။ မာမီကြီး စိတ်ချမ်းသာအောင် ပဲ အရိပ် နေချင်ပါတယ်။ ကိုဈာန်ကို မေ့ပစ်ချင်တယ်။ သူမ အိမ်ပြန်လာတော့မှ ကိုဈာန် အပြင်ထွက်သွားသည်။ အရိပ်ကို ဒီလောက်အထိပဲ စိတ်ပူနေလား ကိုဈာန်ရယ်။ မာမီကြီးက အရိပ် ရှိနေတဲ့အခန်းထဲ ဝင်လာ၏။ အမုန်းတွေ၊ နာကြည်းနေမှုတွေ ပြည့်နှက်နေတဲ့ မျက်ဝန်းတွေနှင့် ကြည့်သည်။

'လရောင်ရိပ်'

'ရှင်'

'ညည်းကို ဆေးခန်းခေါ်သွားပြီး စစ်ဆေးမယ်'

'ကျွန်မ ဘာမှမဖြစ်ပါဘူး၊ ကိုယ်ဝန်တွေဘာတွေလည်း မရှိပါဘူး၊ ကျွန်မ ရိုးရိုးသားသားနေမကောင်းဖြစ်တာပါ'

'ဒါနဲ့များ ငါ့သားက ဘာဖြစ်လို့ အရေးတယူဖြစ်နေရတာလဲ၊ တစ်နေ့လုံး ဖုန်းဆက်နေတယ်၊ မှုန်းက ပြောတယ်၊ မောင်က သူ့ညီမကို အရမ်းချစ်တယ်တဲ့၊ မှုန်းတောင် မနာလို ဖြစ်ရတယ်တဲ့၊ ညည်း ကျန်းမာရေးကို ဖုန်းဆက်မေးနေတယ်ဆို'

'ကျွန်မနဲ့ ကိုဈာန် ဘာမှမဖြစ်ပါဘူး၊ ကိုဈာန် အရက် အရမ်းမူးတဲ့နေ့က အရိပ် လိုက်ပို့ပေးတော့ ဆွဲကြိုးလေးပြုတ်ကျ ကျန်ခဲ့တာကို သံသယဝင်နေတာပါ'

'လရောင်ရိပ်'





'ရှင်...'

'တကယ်ပဲ အဲဒီညက ညည်းနဲ့ ငါ့သား ဘာမှမဖြစ်ခဲ့ ကြဘူးလား'

'မဖြစ်ပါဘူး မာမီကြီး၊ ယုံပါ၊ အရိပ် နေမကောင်းတာ ကလည်း အကြီးဆည်းဆာကြောင့်ပါ၊ မအိပ်နိုင် မစားနိုင်ဖြစ်နေ လို့ပါနော်'

'ဟုတ်ရဲ့လားအေ၊ မာယာမများနဲ့နော်၊ ညည်းကို မယုံ တော့ဘူး၊ ကုတ်ကမြင်းပဲ'

မာမီ့စကားကြောင့် အရိပ် ဆောက်တည်ရာမရအောင် နာကျင်သွားသည်။ မာမီကြီး ဆေးခန်းကိုခေါ်သွားမှာ အရိပ် ကြောက်တယ်။ တကယ်လို့ ကိုယ်ဝန်ရှိနေရင် ဖျက်ဆီးပစ်လိမ့် မယ်။ အရိပ် ဆေးခန်းမသွားချင်ပါဘူး။ သူမ နေကောင်းအောင်ပဲ နေပြတော့မယ်။ မာမီကြီး သေသေချာချာထပ်မေးသည်။

'ညည်း မလိမ်နဲ့နော်၊ နောက်မှ ပြဿနာကိုမရှာနဲ့၊ ငါ့ ကို စိတ်ဒုက္ခရောက်အောင်လုပ်ရလား လရောင်ရိပ်ရယ်၊ ညည်း ကို လက်ခံလိုက်ပြီးကတည်းက ငါ နောင်တရနေတာပါ၊ ငါ့သား လေးဘဝ အဖတ်ဆယ်လို့မှ ရပါတော့မလား၊ ကိုယ့်အိမ်[illegible] အပါးကို လက်ထပ်ရရင် ငါသေမှာပဲ၊ ငါ့သားလေးက ငါ အရမ်း တန်ဖိုးထား ချစ်မြတ်နိုးခဲ့ရတာ၊ ညည်း ကြံစည်ရက်တယ်'

ဒေါ်လေးမ ရောက်လာပြီး ချော့မော့ပြန်ခေါ်သွားသည်။

မာမီကြီး ငိုရှိုက်သံတွေက အရိပ်ရင်တွေကို [illegible]တွေ



www.burmeseclassic.com

www.burmeseclassic.com



နှင့်ထိုးနှက်စိုက်ဝင်သွားသလို နာကျင်စူးရှမှုဝေဒနာတွေ ပြင်းပြစွာခံစားသွားရသည်။ အရိပ် အိပ်ရာပေါ် လဲပြိုကျသွားရ၏။ အရိပ်ကို ဒီလိုမပြောပါနဲ့ မာမီကြီးရယ်။ မာမီကြီး အရမ်းကြေကွဲခံစားနေရမယ်ဆိုတာလည်း အရိပ် နားလည်ပါတယ်။ စိတ်ချပါနော်။ ကိုရျာန့်ကို နောက်ထပ် ဘယ်တော့မှမပတ်သက်တော့ပါဘူး။ ကိုရျာန် လက်ထပ်ပြီးတာနဲ့ အရိပ် ထွက်သွားမှာပါ။ မာမီကြီး အရှက်တကွဲမဖြစ်စေရပါဘူး။ သူမပါးပြင်လေးပေါ် မျက်ရည်တွေ တလိမ့်လိမ့်ကျဆင်းလာသည်။

◆ ◆ ◆



(၂၁)

'ညည်း သုခကိုလက်ထပ်ရမယ် လရောင်ရိပ်'

'ရှင်...'

'ညည်းနဲ့ ကျုပ်သား ဘာမှမငြိစွန်းဘူးဆိုရင်ပေါ့၊ ညည်းကို ချွေမျိုးလို့ပြောထားပြီးမှ ကျုပ် ဘယ်လိုလုပ်ရတော့မလဲ၊ မညွန့်က ညည်းကိုတော့ ချွေးမအဖြစ် တော်ပါရစေတဲ့၊ လူကြီးချင်း စေ့စပ်ထားချင်တယ်တဲ့၊ ငါ ဘယ်လိုငြင်းမလဲ၊ သူတို့သားက ဆရာဝန်လောင်းလေ'

'အရိပ့်မှာ တီဘီရောဂါရှိနေတယ်လို့ မာမီကြီး ပြောထားတာပဲ'

'သုခက လက်မခံဘူးတဲ့၊ အရိပ် ရိုးရိုးသွေးအားနည်းတာပါတဲ့၊ ဆေးမှတ်တမ်းတွေပြဖို့ တောင်းနေတယ်'

အရိပ် ဘယ်လိုဖြေရှင်းရမှန်းပင် မသိတော့ပါဘူး။ သူနဲ့ မဖြစ်ပါဘူး။ ငြင်းတော့လည်း မာမီကြီးက သံသယဝင်မိသည်။ ကိုရျာန့်မင်္ဂလာပွဲကလည်း စီစဉ်နေပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'လက်ခံရမယ် လရောင်ရိပ်၊ ငါတို့ရဲ့ ဂုဏ်သိက္ခာအတွက်ပဲ'

'အရိပ်က အိမ်အကျမျိုးရိုးပါ မာမီကြီးရယ်၊ မဖြစ်နိုင်ဘူးထင်ပါတယ်၊ တစ်နေ့နေ့ သိသွားရင် မာမီကြီးတို့ဂုဏ်သိက္ခာပိုပြီးထိနိုက်ညှိုးနွမ်းစေပါလိမ့်မယ်'

'အရမ်းကြီးငြင်းနေလို့ မဖြစ်ဘူးထင်တယ်၊ ဒုက္ခပါပဲအေ၊ သေချင်တယ်၊ သုခက အရူးအမူးစွဲလမ်းနေတယ်တဲ့၊ ညည်းက ဘယ်ဆိုးလို့လဲ၊ ငါက ရိုးအမယ်ထင်နေတာ၊ ယောကျ်ားလေးတွေကို မြှူဆွယ်ဖြားယောင်းသိမ်းသွင်းနိုင်သားပဲ'

တော်ပါတော့ မာမီကြီးရယ်။ အရိပ်ကို အထင်သေးတဲ့မျက်ဝန်းတွေနဲ့ မကြည့်ပါနဲ့။ မာမီကြီး ပြောဆိုသမျှ ခေါင်းငုံ့ခံနေရသည်။ အရိပ် မတုံ့ပြန်ချင်ပါဘူး။ အပြစ်ကိုကျူးလွန်ခဲ့တာအရိပ်ပဲ။ သုခကို အခြေအနေအရ အပြတ်မငြင်းနိုင်ဘူးတဲ့။ ညနေသုခတို့သားအမိ လာလိမ့်မယ်။ မိသားစု အပြင်ထွက်ပြီး ညစာစားကြမယ်တဲ့။ အရိပ် ရင်မဆိုင်ချင်။ မာမီကြီးအမိန့်ဖြစ်နေသည်။ မတတ်နိုင်တော့လည်း အရိပ် ဝတ်စားပြင်ဆင်ရတော့သည်။ မမမှုန်း လည်း ပါလာသည်။

'အရိပ်လေးကို မာမီက တီဘီလို့ပြောတော့ မမမှုန်းစိတ် ပူလိုက်ရတာ၊ သုခက ပြောတယ်၊ မဟုတ်ဘူးတဲ့၊ အားနည်းနေတာတဲ့'

တီဘီဆို၍ မှုန်း ကြောက်ပြီး အရိပ်ကို လူမမာပင်မမေးခဲ့





တော့။ အရိပ်လေး ပိန်သွားတယ်။ သုခကိုယ်တိုင် အရူးအမူးဖြစ်နေ၍ မမညွှန့်ကိုယ်တိုင် နေ့စပ်ပေးဖို့ စီစဉ်နေရသည်။

'မောင်ရော မာမီ'

'လာလိမ့်မယ် မှုန်း၊ အဝတ်အစားလဲနေတယ်'

'မှုန်း တက်သွားမယ်နော်'

'အေး··· အေး···'

မှုန်း အပေါ်ထပ်သို့ တက်လာခဲ့သည်။ မောင် ထိုင်နေသည်။ အဝတ်အစားတွေလည်း မလဲရသေးပေ။ မှုန်းကို ကြောင်ငေးငေးကြည့်နေ၏။ မှုန်းကို ပြုံးပြသည့်အပြုံးတွေက တောက်တောက်ပပမရှိ။ မောင် တစ်ခုခုတော့ဖြစ်နေပြီဟု မှုန်း သံသယဝင်လာသည်။

'မောင်'

'ဟင်··· မှုန်း၊ မောင် အခုပဲဆင်းလာတော့မှာပါ၊ ခဏလေးထိုင်နေတာလေ'

'မောင် စောစောပြန်သွားတာပဲ၊ ဘာဖြစ်လို့ ခုထိထိုင်နေရတာလဲ'

'မောင် အလုပ်ကိစ္စတွေ စဉ်းစားနေတာပါ၊ မှုန်း ဆင်းသွားလေ'

'မောင်နဲ့ အတူတူဆင်းမယ်၊ ရေချိုးခန်းထဲဝင်လေးအောက်မှာ မမညွှန့်တို့သားအမိ စောင့်နေတယ်၊ သုခကတော့ အရူးအမူးပဲ၊ မမညွှန့်လေ နားပူလို့ သားအလိုလိုက်ရှာတယ် မောင်ရေ'



www.burmeseclassic.com

www.burmeseclassic.com



အရိပ်ကို သူခနဲ့စေ့စပ်တာ လုံးဝမဖြစ်နိုင်ဘူး။ တစ်နေ့နေ့ ပြဿနာတွေ တက်လိမ့်မယ်။ မာမီ ဘာတွေလုပ်နေတာလဲ။ ကျွန် လက်မခံနိုင်။ ဒေါသတွေထွက်နေသည်။ ချစ်သူနဲ့ အဝေးကြီးဝေးရတော့မှာလား။ တဖြည်းဖြည်းနှင့် မှုန်းကို ကျွန် မချစ်နိုင်ကြောင်း သိသာလာ၏။ ကျွန်ချစ်တာ လရောင်ရိပ်ပဲ။ ဘာကြောင့် လက်ထပ်ခွင့်မရှိရတာလဲ။ အိမ်ဖော်လည်း လူပဲ။ အဆင့်အတန်း သတ်မှတ်ချက်က အဓိပ္ပာယ်မရှိဘူးလေ။ ဒီကမ္ဘာကြီးထဲမှာ အတူတူမွေးဖွားလာကြတာ ဘာဖြစ်လို့လဲ။ သူပေါက်ကွဲနေသည်။

'မောင်က ရှက်နေတာလား၊ ကိုယ့်ညီမ ကောင်းစားမှာပဲဟာ၊ သုခကို လက်ထပ်ချင်တဲ့မိန်းမတွေ အများကြီးပဲလေ၊ အရိပ်လေး ကံကောင်းတယ် သိလား'

'တော်စမ်းပါကွာ'

'မှုန်း…'

'ဟင်… မောင်'

'အရိပ်က ငယ်သေးတယ်ကွ၊ မင်း ဘာဖြစ်လို့ ဒီလောက်အထိ လင်ပေးစားချင်နေရတာလဲ၊ ဘာဖြစ်လို့ အတင်းအကျပ်စေ့စပ်ချင်နေကြတာလဲ၊ ပြောစမ်း'

မှုန်း လန့်သွားသည်။ မောင့်ပုံစံကြီးက ကြောက်စရာကောင်းလောက်အောင် ဒေါသတွေပေါက်ကွဲနေသည်။ မှုန်းပင်နားမလည်နိုင်။ မောင့်ညီမနဲ့ စေ့စပ်နေတာ သူဌေးသား ဆေး





ကျောင်းသား ဆရာဝန်လောင်းလေ။ မှုန်းတောင် ဒေါသဖြစ်ချင်သည်။

'စေ့စပ်တာပဲ မောင်၊ လက်ထပ်ကြတာမှ မဟုတ်တာ၊ မောင် ဘာဖြစ်နေရတာလဲ၊ ကလေးကချေကောင်နဲ့ မှုန်းက အတင်းစေ့စပ်နေတာမှ မဟုတ်တာ'

'ဘာပဲဖြစ်ဖြစ်ကွာ၊ မကြိုက်ဘူး၊ အဓိပ္ပာယ်မရှိတာဘဲ၊ မင်းလည်းသွားတော့ မှုန်း၊ မင်းတို့ညစာပွဲလည်း မောင်မလိုက်ဘူး၊ မင်းတို့ပဲသွားကြ'

'မောင်'

'ကျေးဇူးပြုပြီး သွားပါတော့၊ မောင် ခေါင်းတွေအရမ်းကိုက်နေတယ်၊ မလိုက်နိုင်ဘူးထင်တယ်ကွာ'

ကျွန် ရူးတော့မယ်။ ရင်ထဲမှာ ပူလောင်နေတယ်။ အရိပ်နှင့် သူ ကျူးလွန်မိသွားတာကို သူသိနေသည်။ အရိပ် လိမ်ညာနေတာပါ။ မင်း ဘာတွေဖြစ်နေလဲ ကိုယ်သိတယ် အရိပ်။ မာမီကလည်း အဆင့်အတန်းခွဲခြားနေတယ်။ ကိုယ် မခံစားနိုင်တော့ဘူး။ မကြာခင် လက်ထပ်ရတော့မည်။ မှုန်းကိုပင် ကျွန် အော်ဟစ်မောင်းထုတ်မိသည်။

'သွားကြစမ်း… အားလုံးသွားကြ၊ မတတ်နိုင်ဘူးကွာ'

မှုန်း ဆင်းသွားသည်။ ကျွန် တားဆီးဖို့ပြင်ပြီးမှ မတားချင်တော့။ သေသေချာချာပြန်စဉ်းစားကြည့်တော့ မှုန်းကို လက်ထပ်လိုက်ရင် သူရော မှုန်းရော တစ်သက်လုံး စိတ်ဆင်းရဲမှာပဲ။ အရိပ်ကို သူ့ရင်ထဲကနေ ဘယ်လိုနည်းနဲ့မှ ထုတ်ပစ်နိုင်မှာမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



လောကကြီးက ဘာလဲကွာ။ ခဏကြာတော့ မာမီနှင့် မှုန်းတို့ အားလုံး ကားနှင့်ထွက်သွားသံတွေ ကြားရသည်။

'ငါ ပြတ်ပြတ်သားသားပဲ ရင်ဆိုင်မယ်၊ မှုန်းကို လက်မထပ်တော့ဘူး၊ အစီအစဉ်တွေအတိအကျ ဘာမှမလုပ်ရသေးခင် ဖျက်ရမယ်'

ရျာန် ဆုံးဖြတ်လိုက်သည်။ အရိပ် ဘယ်လိုလုပ်ပြီး သူခကို လက်ထပ်မှာလဲ။ မာမီ အတင်းအကျပ်စီစဉ်နေတာပါ။ ရျာန် လက်မခံနိုင်ဘူး။ တားဆီးရမယ်။ အစွမ်းကုန်တားဆီးပစ်မယ်။ သူတစ်ယောက်တည်း ဆောက်တည်ရာမရအောင် ပေါက်ကွဲပြီး အပြင်ထွက်လာခဲ့သည်။

'ရျာန်'

'ဟင်... ဒေါ်လေးမ'

'မင်းစိတ်ကိုထိန်းချုပ်ပါ၊ အမိကနစ်နာရမှာက အရိပ်လေးပါကွယ်၊ စဉ်းစားပါဦး၊ လုပ်ချင်တာတွေ မလုပ်ပါနဲ့'

'ကျွန်တော် အရိပ်ကိုလက်ထပ်မယ်ဆိုရင်ရော ဒေါ်လေးမ'

'ဘာပြောတယ်'

'ကျွန်တော်နဲ့ အရိပ် ဘာတွေဖြစ်ခဲ့လဲဆိုတာ ဒေါ်လေးမ သိနေပါတယ်ဗျာ၊ အရိပ်ကို အထိခိုက်မခံနိုင်ဘူး၊ အခု သူခနဲ့ အတင်းစေ့စပ်နေကြတယ်၊ အရိပ်အနာဂတ်အတွက်တဲ့၊ မဖြစ်နိုင်ဘူး၊ ကျွန်တော် လုံးဝလက်မခံနိုင်ဘူးဗျာ'

'မင်းမာမီကရော အရိပ်ကို လက်ခံမလား၊ မဖြစ်နိုင်ဘူး ရျာန်၊ မင်းလည်း ပညာတတ်တစ်ယောက်ပဲ၊ အရိပ်လေးဘဝကို





အကာအကွယ်ပေးပါ၊ ဒေါ်လေးမ တောင်းပန်ပါတယ်ကွယ်၊ အရိပ်ကို သနားလွန်းလို့ပါ'

ဒေါ်လေးမ ပြောရင်း ငိုသံတွေရောယှက်ပါလာသည်။ ရျာန် အသိတွေဝင်လာရ၏။ အရိပ်ပဲ ထိခိုက်နစ်နာနိုင်သည်။

'အရိပ်ကရော မင်းကို လက်မခံနိုင်ဘူး၊ ဘယ်လိုနည်းနဲ့မှ လက်ခံမှာမဟုတ်တော့ဘူး ရျာန်၊ မာမီကြီး စိတ်ဆင်းရဲစေမယ့် အပြုအမူတွေ မလုပ်တော့ဘူး၊ အရိပ် ထွက်သွားလိမ့်မယ်၊ မှီခိုရာမဲ့နေသူလေးပါကွယ်၊ မင်း အရိပ်ကိုချစ်တာကိုက မှားနေတာပါ ရျာန်၊ အဆင့်အတန်းက မတူဘူး၊ မိုးနဲ့မြေပဲ'

'လာပြန်ပြီဗျာ .ဒီအဆင့်အတန်း... လူလူချင်းပါပဲ ဒေါ်လေးမ၊ ဘာကွာခြားနေလို့လဲ'

'ခက်တယ် ရျာန်၊ မင်းမာမီက အိမ်အကူကောင်မလေးကို ရိုင်းရိုင်းပြောရင် ကျွန်မပဲလေ၊ မင်းနဲ့ သဘောတူမလားချွေးမလို့ ပတ်ဝန်းကျင်မှာ ထုတ်ဖော်ပြောရဲမလား'

'ကျွန်'

'အင်းလေ'

'ကျွန်လည်း လူပဲလေ၊ ဆင်းရဲတာ ချမ်းသာ[illegible] ကံကြမ္မာပဲ၊ ကျွန်တော် လက်မခံနိုင်ဘူး၊ ရျာန်က [illegible] တာဝန်ယူရဲတယ် ဒေါ်လေးမ၊ ရျာန့်ချစ်သူက ဘာ[illegible] ဗျာ၊ ရျာန် ပိုင်ဆိုင်ထားချင်တယ်၊ အဝေးမခံနိုင်ဘူး [illegible] ဘူး၊ သိလားဗျ'

'မင်း စွန့်လွှတ်ရမယ်၊ အရိပ်အတွက်လေး [illegible]



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်ဖို့ကြိုးစားနေရင် အရိပ် သူ့ကိုယ်သူ သတ်သေသွားလိမ့်မယ်'

'ဗျာ...'

'မင်းဖြစ်ချင်သလို ကံကြမ္မာက ဖြစ်ခွင့်မပေးသေးဘူးလေ ဈာန်၊ အခြေအနေကို စောင့်ကြည့်ပါဦးကွယ်'

ဈာန် အပြင်ထွက်လာခဲ့သည်။ ဒေါ်လေးမ ပြောတာတွေ အမှန်တွေပဲ။ အရိပ်အတွက် ဈာန် ကြည့်ရမည်။ သူ့စိတ်ကို ဈာန် ထိန်းချုပ်နေ၏။ အေးချမ်းတဲ့ညချမ်းလေးမှာ ဈာန် အရက်တွေကိုပဲ တစိမ့်စိမ့်သောက်နေမိသည်။ မှုန်းဆီက ဖုန်းလာ၏။ သူ ဖုန်းကို ဖွင့်နားထောင်တော့ မှုန်းက ရန်တွေ့သည်။

'မောင် ဘာတွေလုပ်နေတာလဲ၊ အရက်တွေသောက်နေတယ်၊ အရက်သမားလား'

'မောင့်ကို မချုပ်ချယ်ပါနဲ့ မှုန်း၊ ယောကျ်ားဆိုတာ ဒီလောက်တော့ရှိတယ်၊ ဘာလဲ မင်းက အခုကတည်းက အမိန့်ပေးချင်နေတာလား ခြယ်မှုန်းထင်'

'မောင်နော် မှုန်းကို ဘာဖြစ်လို့ ရန်လုပ်နေရတာလဲ အမိန့်ပေးချင်နေတာ မဟုတ်ပါဘူး၊ စိတ်ပူလို့ပါ မောင်'

'မောင် ကလေးမဟုတ်ဘူး၊ ဒါပဲလား'

'မောင်'

မကြားချင်ဘူး။ အရိပ်အသံလေးကလွဲပြီး ဘယ်မိန်းမအသံမှ မကြားချင်ဘူး။ ကိုယ် ရူးသွားပြီလားမသိဘူး အရိပ်ရာ မှုန်းအသံတောင် မကြားချင်ဘူး။ မာမီကတော့ ကိုယ့်ကို စိတ်ဆိုး





နေမှာပဲ။ ကိုယ့်ရင်ထဲမှာ မီးတောက်ကြီးတစ်ခု ပေါက်ကွဲလွင့်စဉ်နေတယ်။ အရိပ်ကို မေ့ပစ်ချင်တာပါ။ ဘယ်လိုမှ မေ့ပစ်လို့မရဘူး လရောင်ရိပ်ရယ်။ သူ ဖုန်းကိုပိတ်ပစ်လိုက်သည်။

'အရိပ်ရေ... အရိပ်လေးရယ်၊ လရောင်ရိပ်လေး ရင်ခွင်ထဲမှာ ကိုယ် နားခိုချင်တယ်'

သူ အရက်သောက်တာကိုရပ်ပြီး ပြန်လာခဲ့သည်။ အရမ်းမူးနေလို့ မဖြစ်ဘူး။ အရိပ်လေး စိတ်ညစ်မယ်။ တစ်ယောက်တည်း ကြိတ်မှိတ်ခံစားပြီး မင်း ငိုရှိုက်နေမှာလား။ ကိုယ့်ရင်ခွင်ထဲမှာ ပွေ့ဖက်ချော့မြူချင်တယ်။ သူ့ကို တံခါးဖွင့်ပေးဖို့ စောင့်နေတာက မာမီဖြစ်နေသည်။

'ဈာန် မင်းကိုယ်မင်း ဘာတွေလုပ်နေလဲဆိုတာ မင်းသိရဲ့လား'

'မာမီ'

'ထိုင်ပါဦး ဈာန်'

မာမီက သူ့ကို ဧည့်ခန်းမှာထိုင်စေသည်။ အရိပ်ပါထိုင်နေတော့ သူ့မျက်လုံးတွေပြူးသွား၏။ အမူးတွေ လွင့်စဉ်သွားသလိုပင်။ မာမီက မျက်နှာထားတင်းနေသည်။

'ကျော်ကျော်ဈာန်.. မင်း ဘာတွေလုပ်နေတာလဲ၊ မှုန်းကို ဘာဖြစ်လို့ မင်းရန်သူတစ်ယောက်လို အော်ဟစ်ရတာလဲ၊ မင်းရဲ့ လူကြီးလူကောင်းပုံစံတွေ ဘယ်ရောက်သွားပြီလဲ၊ လရောင်ရိပ်ကို ဆရာဝန်လောင်းနဲ့ စေ့စပ်တာ မင်းဒေါ်ကန်နေတယ်ဆို'

'ဟုတ်တယ် မာမီ၊ ဈာန် သဘောမတူဘူး'



www.burmeseclassic.com

www.burmeseclassic.com



'မင်းက ဘာကြောင့်သဘောမတူရတာလဲ၊ သုခနဲ့ မတန်လို့လား'

ကိုဈာန် ဘာတွေလျှောက်လုပ်နေတာလဲ။ အရိပ် နေစရာမရှိတော့။ မာမီကြီးကိုလည်း အားနာပြီး မျက်နှာပူရသည်။ မမမှုန်းတောင် ငိုတယ်။ သုခအဖေက ဒေါသထွက်နေ၏။ မာမီကြီးအကြည့်တွေက မာထန်ထန်။ အရိပ် ကြောက်ရွံ့သိမ်ငယ်ရသည်။

'အမေတစ်ယောက်လုံးရဲ့ ခံစားချက်ကိုတောင် မင်းလုံးဝထည့်မစဉ်းစားတော့ဘူးလား ဈာန်၊ မင်းကို တယုတယ ငါ ကျွေးမွေးစောင့်ရှောက်ထားခဲ့တာ မင်းရဲ့ ရက်ရက်စက်စက်အရှက်ခွဲခံရဖို့လား'

မာမီကြီး ငိုတော့ အရိပ် ပျာယာခတ်သွားသည်။

'မာမီကြီး'

'တော်စမ်း၊ နင် ငါ့လက်ကို လာမထိနဲ့၊ သနတယ်၊ နင်က ဘာကောင်မလဲ၊ ငါ့သားကို အရှက်သိက္ခာမဲ့စေအောင် နင်လုပ်ရက်တယ်'

'အရိပ်မှာ ဘာအပြစ်မှမရှိပါဘူး မာမီ၊ ဈာန့်အပြစ်တွေပါဗျာ၊ အရိပ်ကိုစတွေ့ကတည်းက ဈာန့်နှလုံးသားထဲအထိ စူးနစ်အောင်ချစ်မိသွားတာ ဈာန့်အပြစ်ပါ၊ အရိပ်က လုံးဝငြင်းဆန်ပါတယ်'

'တိတ်စမ်း… ငါ မကြားချင်ဘူး၊ နင့်ကို ငါ ဒီလိုကောင်မလေးမျိုးနဲ့ သဘောတူမယ်ထင်လို့လား၊ နင် လက်ထပ်ရဲလက်ထပ်ကြည့်၊ ငါ အဆိပ်သောက်သေပစ်မယ်'





'ကိုဈာန် ရှင် အရမ်းလွန်နေပြီ၊ မာမီကြီးစိတ်သောကရောက်အောင် မလုပ်ပါနဲ့တော့၊ ကျွန်မနဲ့ ဘာမှမငြိစွန်းပါဘူးလို့ အကြိမ်ကြိမ်ပြောခဲ့တာပဲ၊ ကျွန်မ သုခနဲ့ စေ့စပ်သင့်တာပဲ၊ ကျွန်မဘဝကို ဒီလောက်အထိ သောကပင်လယ်ဝေအောင် ဆက်မလုပ်ပါနဲ့တော့၊ ရှင်နဲ့ ဘယ်တော့မှ လက်မထပ်ဘူး၊ ကျွန်မစိတ်ဓာတ်တွေ ဒီလောက်အထိ အောက်တန်းမကျဘူး၊ သိလား'

မာမီကြီး ငိုတော့ အရိပ် ဘယ်လိုမှသည်းမခံနိုင်တော့ပေ။ သူမကို ချစ်ခင်ကြင်နာစွာ စောင့်ရှောက်ခဲ့သူပါ။ ကိုဈာန်လွန်တယ်။ အရမ်းလွန်တယ်။ အရိပ် ထွက်ပြေးလာခဲ့သည်။

'အရိပ်'

'ဒေါ်လေးမရယ် အဟင့်… ဟင့်… အဟင့်… အီး'

'အရိပ်လေးရယ်'

ကိုဈာန်နှင့် မာမီကြီးတို့ အော်ဟစ်သံတွေ ကြားရသည်။ အရိပ် ကြောက်လွန်း၍ အသားတွေတဆတ်ဆတ်တုန်နေ၏။ ဒေါ်လေးမရဲ့ ရင်ခွင်ထဲမှာ ပျော့ခွေကျသွားသည်။

'အရိပ် ကံဆိုးလိုက်တာ၊ မိဘဆွေမျိုးတွေလည်း တစ်ယောက်မှမရှိတော့ဘူး၊ ဘယ်လိုမှဖြေရှင်းလို့မရတဲ့ အခက်အခဲပြဿနာတွေနဲ့လည်း ရင်ဆိုင်နေရတယ်၊ အရိပ် သေပစ်လိုက်ရင်ကောင်းမယ်ထင်တယ်နော်'

'စိတ်ဓာတ်မကျပါနဲ့ အရိပ်လေးရယ်၊ လူတိုင်း အခက်အခဲဒုက္ခတွေကို ရင်ဆိုင်နေကြရတာပဲ၊ မင်းမှာ တာဝန်တွေရှိသေးတယ်လေ၊ တစ်ယောက်တည်းမဟုတ်တော့ဘူး အရိပ်'



www.burmeseclassic.com

www.burmeseclassic.com



'ရှင်…'

'ဟုတ်သားပဲ၊ ဒေါ်လေးမ စကားရဲ့အဓိပ္ပာယ်ကို အရိပ်ကောင်းစွာသိရှိနားလည်သည်။ တော်သေးတာပေါ့။ ဒေါ်လေးမရှိနေလို့။ ဘဝတူချင်း ကိုယ်ချင်းစာနာစွာ ဖေးမကူညီနေ၏။ ဒေါ်လေးမက အရိပ်ကိုဖက်တွယ်၍ အိပ်ခန်းထဲခေါ်လာသည်။

'အနားယူလိုက်တော့၊ အိပ်ပျော်အောင် ကြိုးစားပါ အရိပ်လေးရယ်၊ အင်အားတွေ ဖြည့်ထားစမ်းပါ'

'ဟုတ်ကဲ့ပါ ဒေါ်လေးမရယ်၊ အရိပ် ဘာဆက်လုပ်ရမလဲဆိုတာ နားလည်သဘောပေါက်ပါပြီ'

ဒေါ်လေးမက အရိပ်ကို ချော့မော့ပြီး မာမီကြီးထံ ပြေးသည်။ အရိပ်ကြောင့် အေးချမ်းသာယာစွာ ချစ်ချစ်ခင်ခင်နေထိုင်ခဲ့ကြတဲ့ မိသားစုလေး မုန်တိုင်းတွေထန်ကြရပါပြီ။ မကြာခင် မမမှုန်းလည်း လူကြီးစုံရာနဲ့ စေ့စပ်ထားပြီးမှ လက်ထပ်ပွဲပျက်၍ အရှက်တကွဲဖြစ်တော့မည်။ ကိုဈာန်ရောပဲ။ အရိပ် ခေါင်းကို ခါယမ်းပစ်မိသည်။ မျက်ရည်တွေ လွှင့်စဉ်ကျလာ၏။ အရိပ် ဘာလုပ်သင့်လဲဆိုတာ တိကျပြတ်သားတဲ့ ဆုံးဖြတ်ချက်တွေ ချပစ်လိုက်သည်။

◆ ◆ ◆



(၂၂)

'မင်း မှုန်းနဲ့ လက်ထပ်ပွဲပျက်သွားအောင် အဖြစ်မှန်တွေ ဖွင့်ပြောပြလိုက်ရင် မှုန်း ဘာဖြစ်သွားမလဲဆိုတာ မင်းစောင့်ကြည့်လေ ကျော်ကျော်ဈာန်'

'မာမီ ဘာကိုပြောတာလဲ၊ ဈာန်က ယောကျ်ားပါ၊ တာဝန်ယူရဲရမယ်၊ ကျွန်တော်နဲ့ အရိပ် အဲဒီနေ့က ငြိစွန်းသွားကြတာ အသေချာပဲ၊ မိန်းကလေးချင်း ကိုယ်ချင်းစာပြီး ခွင့်ပြုပေးပါ'

'မပြုနိုင်ဘူး၊ မင်း လက်ထပ်ရမှာက မှုန်းပဲ၊ မာမီအဲဒီလောက်အထိသဘောမကောင်းနိုင်ဘူး၊ မင်း မှုန်းကိုလက်ထပ်ပြီး မှုန်းဒယ်ဒီနောက်လိုက်သွားပါ၊ ဒီမှာ အရိပ်ကို ငါစောင့်ရှောက်ထားမယ်၊ ဘွဲ့ရပြီးရင် သူခနဲ့ လက်ထပ်ပေးမယ်၊ အဲဒီလိုမှမဟုတ်ရင်တော့ လရောင်ရိပ်ဆိုတာ ဒီကမ္ဘာလောကကြီးထဲကပါ ပျောက်ကွယ်သွားအောင် ငါလုပ်ပစ်ရလိမ့်မယ် ဈာန်'

'မာမီရယ်'

'အိမ်ဖော်အစေအပါးကောင်မလေးကို မင်း လက်[illegible]မှာ မာမီ လုံးဝမကြည့်ချင်ဘူး၊ မမြင်ချင်ဘူး၊ မ[illegible]



www.burmeseclassic.com

www.burmeseclassic.com



အရိုပ်က ငါ့စကားတစ်ခွန်းပဲ၊ မင်း စမ်းသပ်ကြည့်မလား၊ အရိုပ်ကို ငါ လသာဆောင်ကနေ အောက်ကိုခုန်ချခိုင်းပြရမလား'

'တော်ပါတော့ မာမီရာ၊ အရိုပ်က အိမ်ဖော်မလေး မဟုတ်ပါဘူး၊ မာမီ့ဆီမှာ စိတ်ချယုံကြည်လို့ ဒေါ်လေးဆည်းဆာ လာအပ်ထားတာပါ၊ ပညာတတ်၊ ရုပ်ရည်ကအစ သန့်ပြန့်ချောမောပြီး အနာဂတ်ရှိနေတဲ့ မိန်းကလေးပါ'

'မင်း ဆက်မပြောနဲ့တော့ ရျာန်၊ အိမ်အလုပ်သမားသွေး မပါစေချင်ဘူး၊ မင်း စဉ်းစားပါ၊ မွန်းကို အဆင်ပြေအောင် ပြန်ဆက်ဆံပါ၊ မင်္ဂလာပွဲကျင်းပနိုင်အောင် စီစဉ်ပါ၊ လရောင်ရိပ်က ငါ့လက်ခုပ်ထဲက ရေနော်'

အရိုပ် တစ်ခုခုဖြစ်သွားမှာတော့ ရျာန် စိတ်ပူသည်။ မာမီကလည်း ပြတ်သားပုံပင်။ အရိုပ်အတွက်ပဲ စဉ်းစားရမည် ဖြစ်၏။ မင်းကိုတော့ နည်းနည်းလေးမှ အထိခိုက်မခံနိုင်ပါဘူး အရိုပ်ရယ်။ ရျာန် ခိုင်မာစွာဆုံးဖြတ်လိုက်သည်။

'အရိုပ်ကိုတော့ နည်းနည်းလေးမှမထိခိုက်ပါစေနဲ့ မာမီ၊ ရျာန် ဆုံးဖြတ်လိုက်ပါပြီ၊ မွန်းနဲ့ လက်ထပ်မယ်၊ မွန်းဒယ်ဒီနဲ့ နိုင်ငံခြားမှာ နေမယ်၊ အရိုပ်ကို မာမီ စောင့်ရှောက်ထားပေးပါ၊ ပညာဆက်သင်ခွင့်ပေးပါ၊ သူခနဲ့ လက်ထပ်ပါစေ၊ ဒါပေမဲ့ နောက်ဆုံးနေ့နဲ့ အရိုပ်ကို နှစ်ယောက်တည်းတွေ့ဆုံခွင့်ပေးပါ မာမီ'

'မင်း…မင်း ဘာလုပ်မလို့လဲ ရျာန်'

'ကျွန်တော် အရိုပ်ကို လက်ဖျားနဲ့တောင်မတို့ပါဘူး မာမီ





ရယ်၊ သားအရမ်းချစ်မြတ်နိုးရတဲ့ မိန်းကလေးကို မထိခိုက်စေစေချင်လို့ပါ၊ တစ်ကြိမ်လေးပါပဲ'

ဒေါ်သော်တာမိုးထက် စဉ်းစားလိုက်သည်။ အခြေအနေက ပဋိပက္ခတွေနှင့် ဖြေရှင်းလို့မရဘူးဆိုတာပါပဲ။ ခေါင်းအေးအေးထားပြီး တစ်ခုချင်း တစ်လှမ်းချင်းလုပ်ရမယ်။ နောက်ထပ် ဖြေရှင်းရမည့်အခြေအနေက ရှိသေး၏။ လရောင်ရိပ်ဆိုတာ သူတို့ အသိုင်းအဝိုင်းထဲကနေ ထွက်ခွာသွားစေရမယ်။ အပြီးအပိုင်ပဲ။ ဒါမှ သားနောက်ကြောင်းအေးရမှာပါ။ အမေတစ်ယောက်အနေနှင့် သားအနာဂတ်အတွက် ထွန်းလင်းတောက်ပဖို့ ရက်စက်သင့်ရင်လည်း ရက်စက်ရမှာပဲ။ သားကို အရှက်တကွဲနှင့် ဘဝမှာ အရိပ်မည်းကြီးအုပ်မိုးမနေစေချင်ပေ။ မာမီ ဖယ်ရှားပေးမယ်။ အဓိက မွန်းနဲ့ အမြန်ဆုံးလက်ထပ်စေဖို့ပဲ။ အရိပ်ကို တွေ့ခွင့်တောင်းနေ၍ ခွင့်ပြုသင့်သည်ဟုထင်သည်။

'ကောင်းပြီလေ၊ မင်း သွားတွေ့လိုက်ပါ၊ မင်းကတိနဲ့ မင်းနော် ရျာန်၊ နောက်မှ မာမီ့အဆိုးမဆိုနဲ့'

အရိပ်ရှိနေတဲ့အခန်းကို ရျာန် ရောက်လာသည်။ အိပ်ရာလေးပေါ်မှာ လဲနေတဲ့ အရိပ် အထိတ်တလန့်နှင့် ထထိုင်လိုက်၏။ ထိတ်လန့်ကြောက်ရွံ့နေတဲ့ မျက်ဝန်းလေးတွေထဲမှာ အချစ်တွေလည်း ရှိနေသည်ဟု ရျာန်ထင်သည်။

'ကိုရျာန် ဘာလာလုပ်တာလဲ၊ ထွက်သွားပါ၊ တော်ကြာ သိရင် အရိပ်ကို စိတ်ဆိုးလိမ့်မယ်'

'မာမီ သိပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်…'

'ကိုယ် အရိပ်နဲ့ နောက်ဆုံးအကြိမ်အဖြစ် တွေ့ခွင့်တောင်းခဲ့တာပါ'

'နောက်ဆုံးအကြိမ်'

'အင်း… အရိပ်ကို သေသေချာချာကြည့်ပြီး အမှန်တရားတစ်ခုကို မေးချင်လို့ပါ'

'မေးပါ'

'အရိပ် ကိုယ့်ကိုချစ်လား'

ချစ်တယ်ဟုပြောတော့မည့် သူမနှလုံးသားထဲမှ စကားတွေက လည်ချောင်းဝမှာတင် ပျောက်ကွယ်သွားသည်။ အရိပ်မှာ ကိုရှာန့်အား ချစ်ခွင့်မရှိလို့ပါ။ ကိုရှာန့်က အရိပ်မျက်ဝန်းတွေထဲက အဓိပ္ပာယ်ကို စေ့စေ့ကြည့်ကာ ရှာဖွေနေ၏။ အရိပ် ခေါင်းခါပြလိုက်သည်။

'မချစ်ဘူး၊ ကျွန်မချစ်တာ အမှန်အတိုင်းဝန်ခံရရင် သူခကိုပါ'

'ဘာပြောတယ်'

'ကိုရှာန့် ပြန်ပါတော့၊ ဘာမေးခွန်းမှ ထပ်မမေးပါနဲ့၊ အဖြေက ကြားချင်တာတွေ ထွက်လာမှာမဟုတ်ဘူးနော်'

'မာမီကြောင့်လားကွာ'

'မဟုတ်ပါဘူး၊ အရိပ် ရင်ထဲက အဖြေပါ၊ ကိုရှာန့်သိချင်နေတဲ့မေးခွန်းတွေအတွက် အရိပ်ဖြေပေးပါမယ်၊ ကိုရှာန့်





ကို အရိပ် မချစ်ဘူး၊ ကိုရှာန့်နဲ့ အရိပ် မငြိစွန်းခဲ့ပါဘူး၊ အရိပ်နေမကောင်းတာက ရိုးရိုးသားသားပါ၊ အမှန်တွေပဲလေ'

အရိပ် လိမ်ညာပြောနေတယ်ဆိုတာ ရှာန့် သိနေသည်။ မင်းမျက်ဝန်းတွေထဲမှာ အဖြေဆိုတာ ရှိနေတာပဲ။ မင်း ကိုယ့်ကို ချစ်နေတယ်။ မင်းနဲ့ကိုယ် လွန်ကျူးငြိစွန်းခဲ့တယ်။ ကိုယ်အသိချင်ဆုံးက မင်းမှာ ကိုယ့်ရင်သွေးလေး လွယ်ထားရတာ ရှိ၊ မရှိဆိုတာပဲ။ သူ အရိပ်အနားတိုးကပ်သွားတော့ အရိပ်ခန္ဓာကိုယ်လေးက နောက်ဆုတ်သွားကာ နံရံမှာကပ်နေသည်။

'ကိုယ်အခုမေးမယ့်မေးခွန်းကိုတော့ မင်း အမှန်အတိုင်းပဲဖြေပါ၊ သေသေချာချာစဉ်းစားဖြေနော်၊ ကိုယ့်အတွက် အရမ်းအရေးကြီးလို့ပါ အရိပ်ရယ်'

အရိပ် ခန္ဓာကိုယ်လေးအား သူ့လက်တွေနှင့် ဆတ်ခနဲဆွဲယူကာ သူ့ရင်ခွင်ထဲမှာ ထွေးပွေ့ထားသည်။ အရိပ်က ခဏတာမှင်သက်မိသလို ငြိမ်သက်နေပြီးမှ အထိတ်တလန့်ရုန်းထွက်၏။ သူက မလွှတ်။ တင်းတင်းကျပ်ကျပ် ပြန်ဖက်ထားသည်။

'ကိုရှာန့် ဘာလုပ်တာလဲ၊ အရိပ် မကြိုက်ဘူးနော်၊ ရှင်စော်ကားချင်တိုင်း စော်ကားလို့ရမယ်မထင်နဲ့၊ အရိပ် အော်မှာနော်'

'မင်း ကိုယ့်ရင်သွေးလေးကို လွယ်ထားရလား အရိပ်'

'ဘာ…'

'မလိမ်ပါနဲ့၊ ကိုယ်တောင်းပန်ပါတယ်ကွာ၊ ကိုယ် အရမ်းသိချင်နေတယ်၊ မှန်တဲ့အဖြေကိုပဲ ပေးပါ'



www.burmeseclassic.com

www.burmeseclassic.com



'လွှတ်ပါ၊ ကျွန်မ အဖြေမှန်ကိုပြောပြမယ်'

'မလွှတ်ဘူး၊ မင်းကို ကိုယ့်ရင်ခွင်ထဲမှာထွေးပွေ့ပြီး နား ထောင်ချင်တယ်၊ ဖြေပါ'

'ကောင်းပြီလေ... ကျွန်မ ဖြေမယ်၊ မရှိဘူး၊ အမှန်ပဲ၊ သူခနဲ့စေ့စပ်တာကို လက်ခံလိုက်ကတည်းက အဖြေက ပေါ်နေ ပါပြီ၊ ကိုရျာန် ကျွန်မကိုလွှတ်ပါတော့'

'မလွှတ်ဘူးကွာ၊ ဒီညတစ်ညလုံး ဖက်ထားမယ်၊ အမွှတ် တရအနမ်းလေး နမ်းချင်တယ်'

'အရူးမထချင်စမ်းပါနဲ့ ကိုရျာန်၊ အခိပ္ပာယ်မရှိတာပဲ၊ ဒေါ်လေးမကို ခေါ်လိုက်မှာနော်၊ သုခနဲ့ စေ့စပ်မယ်၊ နိုင်ငံခြား အထိ ပန်းချီပညာဆက်သင်မယ်၊ အရိပ်ကိုချစ်တယ်ဆိုရင် မနှောင့် ယှက်ပါနဲ့တော့'

'အရိပ်... မင်း... မင်း...'

အရိပ်ကို သူ့ရင်ခွင်ထဲကနေ ခွာပစ်လိုက်သည်။ မင်း မလိမ်ညာတတ်ဘူးဆိုတာ ကိုယ်သိနေတယ် အရိပ်။ တကယ် တော့ မင်းချစ်နေတာ သုခပဲ။ ကိုယ် နားလည်သွားပါပြီ။ သုခ ကပဲ မင်းနဲ့လိုက်ဖက်ပါတယ်။ မင်း ပျော်ရွှင်စွာနေပါ။ မင်း အနာဂတ်ကိုလည်း လှလှပပလေးတည်ဆောက်ပါ။ ကိုယ် မနှောင့် ယှက်တော့ဘူး။ မင်းစကားတွေကို ယုံကြည်လက်ခံတယ်။ ခန္ဓာ ကိုယ်ချင်း ကွာသွားသည်။

'အရိပ်'

'ရှင်...'





'ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေအားလုံးအတွက် ကိုယ် တောင်းပန်ပါတယ်၊ ကိုယ့်ကြောင့် မင်း စိတ်သောကတွေ၊ အသက် အခဲတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်၊ နောက်ဆို ကိုယ် မင်းကို ညီမအရင်း လေးတစ်ယောက်လိုပဲ ဆက်ဆံမယ်နော်၊ ညီမလေး လရောင်ရိပ်'

'အရမ်းဝမ်းသာပြီး ကျေးဇူးတင်ပါတယ် ကိုရျာန်ရယ်၊ မာမီ ပျော်ရွှင်ရမှာပဲ၊ ကိုရျာန့်ဆုံးဖြတ်ချက် မှန်ပါတယ်၊ အရိပ် ပျော်လိုက်တာ'

ကိုရျာန်က သူမကိုနှုတ်ဆက်ပြီး ပြန်ထွက်သွားတော့ အရိပ် ငိုသည်။ ပျော်ပါတယ် ကိုရျာန်။ ဖြစ်သင့်တာပါပဲ။ ကိုရျာန် နှင့် မမမွှန်းတို့ လက်ထပ်ပြီးတဲ့အထိ ဟန်မပျက်နေထိုင်ဖို့ အရိပ် ဆုံးဖြတ်ထားမိသည်။

'ညည်း တော်တယ် လရောင်ရိပ်၊ ငါ့သားဆုံးဖြတ်ချက် နိုင်မာသွားပြီ၊ လက်ထပ်ပွဲပြီးဆုံးတဲ့အထိ ကူညီပါ၊ ညည်းကို ငါ ပစ်ပယ်မထားပါဘူးအေ'

မာမီကြီး ရောက်လာပြီး အရိပ်ကိုစေ့စေ့ကြည့်ကာ ပြော သည်။ အရိပ် မျက်ရည်တွေကို သုတ်ပစ်လိုက်၏။ မာမီကြီး အပြုံးတွေက အရိပ်အတွက် ကြောက်စရာကောင်းလိုက်တဲ့ အပြုံး တွေဟုပဲ ထင်မှတ်လာသည်။

'မာမီကြီးက ညည်းလေးအပေါ် ဘယ်လောက်ထောက်ထား လဲ လရောင်ရိပ်၊ သမီးလေးလို သတ်မှတ်ထားတာပါ။ သုခနဲ့ လက်ထပ်ဖို့တောင် မာမီကြီးက စီစဉ်ပေးသေးတာ'



www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးတင်ပါတယ် မာမီကြီးရယ်၊ အရိပ်မှာလည်း အားကိုးစရာမရှိပါဘူး၊ မာမီကြီးနားမှာပဲ နေပါရစေ'

'နေရမှာပေါ့အေ၊ သားချာန်နဲ့ မှုန်း လက်ထပ်စေချင်တယ်၊ အဲဒါဆိုရင်တော့ မာမီကြီး စိတ်အေးရပြီ၊ ကူညီနော်'

'ဟုတ်ကဲ့'

'အရိပ်လေးက လိမ္မာပါတယ်၊ မာမီကြီး အပြုအမူတွေ အမှားအယွင်းတွေဖြစ်သွားရင် ခွင့်လွှတ်နော်၊ ညည်းလေး တကယ်ပဲ ငါ့သားနဲ့ မငြိစွန်းခဲ့ဘူးလား'

'ဟုတ်ကဲ့ပါ'

'ဝမ်းသာလိုက်တာကွယ်'

အရိပ် ညည်းလိမ်နေတာပါ။ ငါမယုံဘူး။ စိတ်လည်း မချဘူး။ ညည်းလိုကောင်မလေးမျိုးက သစ္စာရှိနိုင်ပါ့မလား။ ငါ့သားအတွက် ဆူးငြောင့်ခလုတ် အနှောင့်အယှက်ဆိုရင် ငါဖယ်ရှားပစ်ရမှာပဲ။ အရိပ်အား ချော့မော့နေရသည်။ သားလက်ထပ်ပွဲပြီးတဲ့အထိပေါ့အေ။ သုခကိုလည်း ညည်း လက်ထပ်ခွင့်ရမယ်မထင်နဲ့။ ညည်းဘဝအမှန်ကို ငါ ဖုံးကွယ်မထားရဲတော့ဘူး။ တော်ကြာ ငါ့သားလေး အိမ်ထောင်ရေးပါ ထိခိုက်လာနိုင်တယ်။ ငါသေသေချာချာစဉ်းစားဆုံးဖြတ်ရတော့မယ် လရောင်ရိပ်။ အယုံလွယ်လို့ မဖြစ်ဘူး။ ညည်းကိုသနားပေမယ့် ငါပြတ်သားမှဖြစ်မယ်လေ။ သတ္တဝါတစ်ခု ကံတစ်ခုပဲလို့ သတ်မှတ်ရမယ်။ လရောင်ရိပ်ကို အချုပ်သတ်ထားဖို့ စဉ်းစားထားသည်။

'အရိပ်လေး အရင်လိုပဲ ပျော်ပျော်နေပါ၊ သတို့သမီးအရံ





လည်း လုပ်ပေးရဦးမယ်၊ သုခက တောင်းဆိုနေတယ်လေ'

'ဟုတ်ကဲ့'

'အစားတွေကို ပြန်စား၊ အားဆေးတွေသောက်နော်၊ ပြည့်ပြည့်ဖြိုးဖြိုးလေး ပြန်ဖြစ်လာအောင်လုပ်ထားနော်'

'ဟုတ်ကဲ့'

'ဒေါ်မမရေ'

'ရှင်… လာပါပြီ မာမီကြီး'

'အရိပ်လေးကို စောင့်ရှောက်ပါ၊ သတို့သမီးအရံ လုပ်ရမယ်၊ စိတ်ချမ်းသာအောင်ရော အာဟာရပြည့်ဝအောင်ရော ဂရုစိုက်ပါအေ'

'ဟုတ်ကဲ့ မမကြီး၊ အရိပ်လေး ပြန်ပြည့်လာပါပြီ၊ ဆံပင်လေးတောင် ရှည်လာတယ်၊ ဘယ်လိုဖြစ်ဖြစ် အလှတော့မပျက်ပါဘူး'

မာမီကြီးက အရိပ်ကိုပွေ့ဖက်ပြီး ပြန်ထွက်သွားသည်။ အရိပ်ကတော့ ကြောက်နေဆဲပင်ဖြစ်၏။ မာမီကြီးဆန္ဒအတိုင်း လက်ထပ်ပွဲအောင်မြင်ဖို့တော့ အရိပ် ဟန်ဆောင်နေထိုင်ပြုရမည်။

'အရိပ်ရယ်… ညည်းအကြောင်း ငါအသိဆုံးပါအေ ညည်း ဘာပဲလုပ်ချင်လုပ်ချင် ဒေါ်လေးမကိုတော့ အသိပေးပါနော်'

'ဟုတ်ကဲ့ပါ'

အရိပ် ဆုံးဖြတ်ချက်မှန်ပါတယ်လေ။ နောက်ကိုတော့ အရှုံးပေးနစ်နာရမည့်သူက အရိပ်ပဲဖြစ်လာမှာပါလဲ။ ဘယ်လိုမှ



www.burmeseclassic.com

www.burmeseclassic.com



လည်း မနီးစပ်နိုင်တော့တာ။ လရောင်ရိပ်ရဲ့ ခန္ဓာကိုယ်အား ခေါ်မမ ပွေ့ဖက်ထားမိတော့ အရိပ်ကိုယ်လေး မိမိရင်ခွင်ထဲ လဲပြိုကျလာသည်။ ညည်းလေး အဖြစ်မှန်တွေကို ဖုံးကွယ်ထားတာ ခေါ်လေးမ သိနေပါတယ်။ စိတ်တော့ပူတယ်လေ။ ဘဝတူချင်းတွေဆိုတော့လည်း အရိပ်လေးကို ဖေးမကူညီအားပေးနှစ်သိမ့်ပေးနေရသည်။

◆ ◆ ◆

(၂၃)

'မှုန်းရယ်... မောင် တောင်းပန်ပါတယ်ကွာ၊ နောက်ဆို မှုန်း စိတ်ညစ်စေမယ့်အပြုအမူတွေ မောင် ဘယ်တော့မှမလုပ်တော့ပါဘူး၊ မောင် မှုန်းကိုချစ်ပါတယ်'

ဈာန် ဆုံးဖြတ်လိုက်တာက မှုန်းနှင့်ပဲ ပျော်ရွှင်ချမ်းမြေ့ဖွယ်အိမ်ထောင်ရေးတစ်ခုကို တည်ဆောက်ဖို့ပဲဖြစ်သည်။ ယခင်ကထက် ယုယကြင်နာပြနေ၏။ မာမီလည်း စိတ်ချမ်းမြေ့နေသည်။ အရိပ်လည်း စိုစိုပြည်ပြည်ဖြစ်လာပြီး သတို့သမီးအရံလုပ်ဖို့ ပြင်ဆင်နေ၏။ သုခနှင့်လည်းတတွဲတွဲ။ ဒီလိုပဲဖြစ်သင့်ပါတယ်။ ဈာန် ဆင်ခြင်ရမယ်။ ဈာန့်ကြောင့်ပဲ အားလုံး စိတ်သောကတွေရောက်ပြီး ရှုပ်ထွေးပူလောင်ခဲ့ကြရသည်။

'အရိပ်လေး နေကောင်းသွားလို့ တော်ပါသေးရဲ့ ထွက်သုခနဲ့ အရိပ် အရမ်းလိုက်ဖက်တယ်'

မှုန်းကလည်း အရိပ်မှ အရိပ်ဖြစ်နေသည်။ မောင် မှုန်း အောင်သွယ်ပေးတာ မဟုတ်ဘူးနော်ဟုလည်း ပြောတတ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



မှုန်းကို တယုတယပွေ့ဖက်ကာ ချော့ရသည်။

'မောင့်ညီမလေးကို မှုန်းက ချစ်ခြင်းမေတ္တာတွေနဲ့ စီစဉ်ပေးတာပဲ၊ အရင်ကတော့ သုခ အပျော်လာကြံတယ်ထင်တာလေ၊ ကိုယ် သဘောပေါက်သွားပါပြီ၊ ကိုယ်တို့ လက်ထပ်ပွဲပြီးရင် အရိပ်နဲ့ သုခ စေ့စပ်ပွဲလုပ်ကြတာပေါ့ကွာ၊ နော်'

သူ ရယ်ရယ်မောမောပြောလိုက်သဖြင့် မှုန်းလည်း ရယ်နေသည်။ မင်္ဂလာပွဲကိစ္စပဲ ဈာန် အာရုံစိုက်ထား၏။ ရင်ထဲမှာ တစ်ခါတစ်ရံ အရိပ်အား တမ်းတလွမ်းမောနေခဲ့ပေမယ့် သူ ရွေးချယ်ထားတဲ့ လမ်းပေါ်မှာ ဖြောင့်တန်းစွာလျှောက်လှမ်းဖို့ အခိုင်အမာဆုံးဖြတ်ထားပြီးသား ဖြစ်နေသည်။

'ဖိတ်စာတွေတော့ အကုန်ဝေပြီးပြီလေ၊ မှုန်းတို့ ဟန်းနီးမွန်း ဘယ်ကိုထွက်ကြမလဲဟင်၊ ဘာလီကျွန်းသွားမလား'

'မှုန်း သွားချင်တဲ့နေရာ သွားလေ၊ မောင်ကတော့ မှုန်း ပျော်ရွှင်ဖို့ပဲ မောင် ဖြည့်စွမ်းပေးချင်ပါတယ်ကွာ'

မှုန်းကိုပွေ့ဖက်ထားရင်း ပထမဆုံးအကြိမ် အနမ်းလေး ပေးဖို့ ဈာန် အတော်ကြိုးစားနေရသည်။

'မှုန်းလေ မောင့်ကို အရမ်းချစ်တယ်၊ ယုံကြည်အားကိုးပါတယ်၊ မှုန်း ဘယ်တော့မှ မောင့်ဆန္ဒတွေကိုဆန့်ကျင်ပြီး အနိုင်မယူပါဘူးနော်'

'မှုန်းရယ်'

ဈာန် နာကျင်စွာညည်းညူမိသည်။ မှုန်း နဖူးလေးကို နမ်းစဉ် သူ သတိရသွားသူက အရိပ်ပင်။ မဖြစ်သေးပါဘူး





မှုန်း ကိုချစ်နိုင်အောင်ပဲ ကြိုးစားရမယ်။ မှုန်းကပဲ သူလက်ထပ်သင့်တဲ့ မိန်းကလေး။ သူ့ဇနီးလောင်း။ မှုန်းကို ပျော်ရွှင်ကျေနပ်အောင် ထားမည်။

မင်္ဂလာပွဲကြီးကျင်းပမည့်အချိန် ရောက်လာ၏။ အရိပ်က သတို့သမီးအရံအဖြစ် လုပ်ဆောင်ပေးနိုင်၍ ဈာန်လည်း ပျော်ရသည်။

'အရိပ်လေးက အရမ်းလှတာပဲ မောင်ရေ၊ ကြည့်ပါဦး၊ မှုန်းထက်တောင် ထင်ပေါ်နေတယ်'

'ဟုတ်တယ် မှုန်း၊ ဒါပေမဲ့ မှုန်းကိုတော့ ဘယ်မီပါ့မလဲ၊ နာမည်အကြီးဆုံး အလှဖန်တီးရှင်က သတို့သမီးဖြစ်တဲ့ မှုန်းကို အစွမ်းကုန်ပြင်ဆင်ပေးကြမှာပါ'

အရိပ်ကတော့ သူမအား အရမ်းလှတာပဲဟု ချီးမွမ်းစကားပြောနေသူတွေကို အပြုံးလေးနှင့်နှုတ်ဆက်ရင်း ချစ်သူကို လက်လွှတ်ဆုံးရှုံးဖို့ သေချာသွားပြီဆိုတာ သိလိုက်ရသော နာကျင်မှုက နှလုံးသားတွေကို ထိုးနှက်အက်ကွဲ ကြေမွစေသည်။

'ကလေးရယ်... မတတ်နိုင်တော့ဘူးလေ၊ မေမေ ဒီအတိုင်းပဲ ဘဝကို ရုန်းကန်ရှင်သန်ရတော့မယ်'

အရိပ် ရင်ထဲတွင် ဗလောင်ဆူဝေကာ ရင်သွေးလေးကို ပြောပြနေသည်။ သူမနှုတ်ခမ်းသားလေးတွေ စေ့ပိတ်ကာ အလှပြင်ဆင်ပေးသူရဲ့စိတ်တိုင်းကျ ငြိမ်ငြိမ်သက်သက်လေး [illegible] ရသည်။

'အရိပ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… သုခ'

'အရမ်းလှတယ်၊ မင်း သတို့သမီးဖြစ်လာရင် မိုးနတ်သမီးလေးတစ်ပါး မိုးပေါ်ကနေ ပြုတ်ကျလာလိုဖြစ်နေမယ်ကွာ၊ ဥမ္မာဒန္တီတို့လို'

'တော်ပါတော့ သုခရယ်၊ အရမ်းပိုသွားပြီထင်တယ်'

'မမှုန်းတို့ မင်္ဂလာပွဲပြီးရင် ကိုယ်တို့ စေ့စပ်မယ်၊ ကိုယ်ဆေးကျောင်းပြီးတာနဲ့ လက်ထပ်ကြမယ်နော် အရိပ်'

'အင်းပါ… လူကြီးတွေဆန္ဒအတိုင်းပဲ သုခရယ်'

မဖြစ်နိုင်ပါဘူး သုခရယ်။ အရိပ်မှာကလေ။ ကိုချမ်းကတော့ မမှုန်းအနားမှာရှိနေရင်းကပင် အရိပ်ဆီသို့ မသိမသာ လှမ်းကြည့်နေသည်။ ကိုချမ်းလည်း လုပ်သင့်တာလုပ်နေရသလို အရိပ်လည်း အလုပ်သင့်ဆုံးကိုပဲ လိုက်လုပ်နေရတာပါ။ ရင်ထဲမှာ ငိုကြွေးချင်လာ၏။ မငိုပါဘူး။ အရိပ်မှာ အားအင်တွေရှိနေဖို့ လိုအပ်ပါတယ်။ မင်္ဂလာအခါတော်ကျတော့ ကိုချမ်းက မမှုန်းနှင့်တွဲရပြီး အရိပ်က သုခနှင့်တွဲရသည်။

'အရိပ်'

'ဟင်…'

'ရင်ခုန်နေလား'

'အင်း…'

'သုခက ကိုချမ်းနေရာရောက်ချင်နေပြီ'

'မပိုစမ်းပါနဲ့ သုခ၊ ကိုချမ်းက မမှုန်းကို အရမ်းချစ်တာ သိလား'





'သုခက ကိုချမ်းထက် အဆပေါင်းများစွာ အရိပ်ကို ချစ်တာပါ၊ မယုံဘူးလား၊ အရိပ်ကရောကွာ'

အရိပ် ရယ်ရင်း အဖြေမပေးဖြစ်တော့။ မင်္ဂလာခန်းမကြီးထဲ ဝင်ရောက်သွားသည်။ မင်္ဂလာပွဲကြီး ပြီးဆုံးသွားချိန်မှာတော့ ကိုချမ်းက မမှုန်းတို့တိုက်မှာ လိုက်နေ၏။ အရိပ် စိတ်သက်သာရာရသွားသည်။

'လရောင်ရိပ်'

'ရှင်… မာမီကြီး'

'ညည်း သုခကိုလည်း လက်ထပ်လို့မဖြစ်ဘူးနော်၊ တစ်နေ့ကျရင် အပုပ်ဆိုတာ ပေါ်မှာပဲ လရောင်ရိပ်၊ ငါ့သားနဲ့ ပတ်သက်နေတယ်၊ ညည်း ဒီကနေ အဝေးဆုံးကိုထွက်သွားပေးပါ၊ ငါနဲ့နေဖို့ နိုင်ငံခြားကနေ ငါ့သူငယ်ချင်း လာမယ်၊ သူ့အလုပ်သမားနှစ်ယောက်ရှိမယ်၊ ညည်းတို့ မလိုတော့ဘူး'

'အရိပ် ထွက်သွားပေးပါ့မယ် မာမီကြီး၊ စိတ်ချပါ၊ ကိုချမ်းရော မာမီကြီးရော ဂုဏ်သိက္ခာထိခိုက်စေမယ့်အလုပ်တွေကို ဘယ်တော့မှမလုပ်ပါဘူးနော်၊ ယုံကြည်ပေးပါ'

'ညည်းကိုယုံပေမယ့် ငါ့သားမင်္ဂလာပွဲဖြစ်မြောက်အောင် ညည်းအကူအညီပေးတာတော့ ငါ အသိအမှတ်ပြုတယ်၊ ကောင်းပြီလေ… ညည်းထွက်သွားပေးပါ၊ ဘယ်တော့မှ ငါ့သားအနာဂတ်ကို ဖျက်ဆီးပစ်ဖို့ မကြိုးစားပါနဲ့တော့အေ'

'မာမီကြီးရယ်… အရိပ် အလုပ်နဲ့ပဲ သတ်[illegible] မကြာခင်မှာ အရိပ် ဒီကနေထွက်သွားပေးပါ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



'စောင့်ကြည့်မယ်လေ၊ ညည်းဘဝ ညည်းသိပါတယ် လရောင်ရိပ်၊ ငါ ကယ်တင်စောင့်ရှောက်ထားတဲ့ကျေးဇူးကိုပဲ သိတတ်ပါအေ၊ ငါတို့မိသားစုကို လုံးဝမပတ်သက်ပါဘူးလို့ ကတိပေးပါ'

'ကတိပေးပါတယ် မာမီကြီး၊ အရိပ် လုံးဝမပတ်သက်တော့ပါဘူး၊ အရိပ်ကို ဒီလောက်ထိ ကယ်တင်စောင့်ရှောက်ပေးထားတာ ကျေးဇူးအရမ်းတင်ပါတယ်'

အရိပ် ထလာခဲ့သည်။ ဒေါ်လေးမကလည်း အားမငယ်ဖို့နှင့် အရိပ် ကြိုးစားပါတဲ့။ ဘဝကို အရှုံးမပေးပါနဲ့တဲ့။ အရိပ် တစ်ယောက်တည်းပဲ ထွက်သွားဖို့ဆုံးဖြတ်ထားသည်။

'မာမီကြီးရယ်... အရိပ်ကို ပိုက်ဆံတွေဘာတွေပေးစရာ မလိုပါဘူး။ အရိပ်ဘဝကို အရိပ်အစွမ်းအစနဲ့ ထူထောင်မှာပါ၊ အရိပ် ထွက်သွားပါတော့မယ်'

မာမီကြီးအား ရည်မှန်း၍ အရိပ် ကျုံ့ကျုံ့လေးထိုင်ကာ လက်အုပ်လေးမိုး၍ ရှိခိုးမိသည်။ ဒေါ်လေးမကိုလည်း မာမီကြီးကို ပြုစုစောင့်ရှောက်ပေးဖို့ ထားခဲ့ချင်ပါတယ်။ အရိပ်ကတော့ ကိုရှာန်ပေးထားတဲ့ ဘဏ်စာအုပ်လေးပဲ ယူသွားပါ့မယ်။ ဒါကတော့ အရိပ်လွယ်ထားရတဲ့ ရင်သွေးလေးအတွက်ပါနော်။ သူမ ယူဆောင်သွားရမည့်ပစ္စည်းအနည်းငယ်ကိုပဲ အိတ်ထဲထည့်နေသည်။

'အရိပ် မယူချင်ပါဘူး ကိုရှာန်ရယ်၊ ဒါပေမဲ့ အရိပ်ဘဝ





ရပ်တည်နိုင်အောင် ကြိုးစားဖို့ရှိသေးတယ်လေ၊ အရိပ်ကို ခွင့်လွှတ်ပေးစေချင်ပါတယ်'

အရိပ် နံနက်မိုးလင်းတာနှင့် အိမ်သားတွေမနိုးခင် ခြံကြီးထဲကနေ အိတ်ကလေးတစ်အိတ်ဆွဲပြီး ထွက်လာခဲ့သည်။

'နှုတ်ဆက်ကန်တော့ခဲ့ပါတယ် မာမီကြီးရယ်'

ဒေါ်လေးမကိုရောပဲ။ အရိပ် ဘဝမှာ ကူညီစောင့်ရှောက်ခဲ့တဲ့သူတွေအားလုံး ကျေးဇူးမမေ့ပါဘူးနော်။ ခြံကြီးထဲကနေ ထွက်လာတော့ အရိပ် လွှတ်မြောက်သွားသလို ပေါ့ပါးလန်းဆန်းနေသည်။

အရိပ်ကို မနက်စာစားဖို့ လာနှိုးတဲ့ ဒေါ်လေးမက အရိပ်ကိုမတွေ့ရ၍ စိတ်တွေပူပင်သွားရသည်။ ဘယ်ရောက်သွားပြီလဲ။ နိုးတာနဲ့ ဒီကလေးမ မီးဖိုခန်းထဲပဲ ဝင်တတ်တာပါ။ တစ်တိုက်လုံးရှာလည်း မတွေ့ပေ။ အရိပ်အခန်းထဲရှာတော့ စာလေးတစ်စောင်ပဲ တွေ့သည်။

*ဒေါ်လေးမ*

*နှုတ်ဆက်ခဲ့ပါတယ်။ မာမီကြီးကို စောင့်ရှောက်ပေးနိုင်နေခဲ့ပါ။ အရိပ်အတွက် မပူပါနဲ့။ နေထိုင်စားသောက်ဖို့ အရင်းအနှီးလည်း ပါပါတယ်နော်။ စိတ်ချပါ။ အရိပ် အားမလျှော့ပါဘူး အောင်မြင်လာတဲ့တစ်နေ့ ဒေါ်လေးမဆီ ပြန်လာပါ့မယ်။*

*လရောင်ရိပ်*

'ဟင်...'

အရိပ် အခန်းလေးထဲရှာတော့ အဝတ်အစား အသုံး



www.burmeseclassic.com

www.burmeseclassic.com



အဆောင်အနည်းငယ်သာ ယူဆောင်သွားသည်။ မှန်ဗီရိုထောင့်မှာ ဘူးနီနီလေးတစ်ဘူး တွေ့လိုက်ရ၍ ယူပြီးဖွင့်ကြည့်တော့ ဆွဲကြိုးလေးတစ်ကုံးနှင့် လော့ကက်သီးလေး တွေ့ရ၏။ လော့ကက်သီးလေးက ခလုတ်နှင့်ဖြစ်၍ ဖွင့်ကြည့်ရာ ဓာတ်ပုံလေးတစ်ပုံ ရှိနေသည်။

'မာမီကြီးရေ… မာမီကြီး၊ ဒီမှာ အရိပ် ထွက်သွားပြီ၊ စာလေးရေးခဲ့တယ်၊ ဆွဲကြိုးလေးနဲ့ ဓာတ်ပုံလေးတစ်ပုံ ကျန်ခဲ့တယ်၊ ယူဖို့မေ့သွားတာထင်တယ် မာမီကြီး'

'ပြစမ်း'

ဒေါ်သော်တာမိုးထက် ယူကြည့်လိုက်တော့ နိုင်ငံခြားမှာနေတဲ့ မိမိသူငယ်ချင်းငယ်ငယ်က ဓာတ်ပုံလေးဖြစ်နေသည်။

'ဓာတ်ပုံလေးက မာမီကြီးသူငယ်ချင်းဓာတ်ပုံပဲ၊ မကြာခင် မြန်မာပြည်ပြန်လာမှာလေ၊ အရိပ်ဆီ ဘယ်လိုလုပ်ရောက်နေရတာလဲ'

'မသိဘူးလေ မာမီကြီး၊ အရိပ်လေးဗီရိုထောင့်က တွေ့တာပါ'

'အရိပ်က… လရောင်ရိပ်က မာမီကြီးသူငယ်ချင်း ရီတာချို့ရဲ့ သမီးလေးများလား'

'ဟင်…'

ဒေါ်သော်တာမိုးထက်နှင့် ရီတာက ကျောင်းနေဘက်ငယ်သူငယ်ချင်းတွေ။ တစ်ယောက်အကြောင်း တစ်ယောက် အသိဆုံးပါပဲ။ ရီတာ ကလေးတစ်ယောက်မွေးခဲ့သည်။ ဘယ်ပျောက်သွားမှန်း မသိတော့။ ဒေါ်သော်တာမိုးထက် စိတ်ပူသွားသည်။

'အရိပ် ဘယ်အချိန်က ထွက်သွားတာလဲ၊ ရှာပါဦး ဒေါ်မမ၊ ဘယ်ကိုသွားတာလဲဟင်'

'မသိပါဘူး မာမီကြီးရယ်၊ ဒီကလေးမက စိတ်သဘောထားကောင်းပါတယ်၊ သူ့မှာ ကိုယ်ဝန်ရှိနေတယ်လို့လည်း ကျွန်မထင်တယ်'

'ဘာပြောတယ်'

'အရိပ်က အနှစ်နာခံတတ်တဲ့ ကလေးပါ၊ သူ ငယ်ပါသေးတယ်၊ ဘယ်လိုအခြေအနေမျိုးနဲ့ ဘဝကို ရင်ဆိုင်မလဲ'

'လုပ်ပါဦး ဒေါ်မမရယ်၊ ကျွန်မသူငယ်ချင်းရဲ့ သမီးလေးသာဆိုရင် ဒုက္ခပဲ၊ သားကိုလည်း အကြောင်းကြားလို့မဖြစ်ဘူး၊ မနက်ဖြန် ဟန်နီးမွန်းထွက်သွားတော့မှာလေ၊ သူတို့ မင်္ဂလာပွဲမှာ စိတ်အနှောင့်အယှက်ပေးစရာ မလိုတော့ဘူး'

ဒေါ်သော်တာမိုးထက် စိတ်ပူပြီး ကိုယ်တိုင်ကားမောင်း၍ ထွက်ရှာသည်။ မတွေ့တော့ပေ။ ဒေါ်သော်တာမိုးထက် ဘာဆက်လုပ်ရမှန်းပင် မသိ။ သားတို့က ဘာလီကျွန်းသို့ ဟန်နီးမွန်းခရီးထွက်သွား၏။ ဒေါ်သော်တာမိုးထက် သူငယ်ချင်းလာတော့ထင်တဲ့တိုင်းပင်။ ရီတာရဲ့သမီးလေး ဖြစ်နေသည်။

'ဒီဓာတ်ပုံလေးပိုင်ဆိုင်တဲ့သူက ကိုယ့်သမီးလေးပဲ… ပေးခဲ့တာ၊ မာမီတို့က မောင်နဲ့သဘောမတူလို့ မောင့်သွေးသားကိုလည်း လက်မခံဘူးဆိုလို့ အိမ်ဖော်မလေးနေရီကို ပေးခဲ့တာ







www.burmeseclassic.com

www.burmeseclassic.com



ဆွဲကြိုးလေးထဲမှာ ငါ့ဓာတ်ပုံ ထည့်ပေးလိုက်တာလေ၊ သမီးလေး ဘယ်မှာလဲ၊ ငါ မိဘတွေနဲ့ နိုင်ငံခြားကိုအပြီးအပိုင်လိုက်သွားရပေမယ့် သမီးလေးကို တစ်နေ့မှ မမေ့ခဲ့ပါဘူးဟယ်၊ အခု ဘယ်လိုလုပ်ကြမလဲ၊ သတင်းစာထဲကနေထည့်ကြော်ငြာရမယ် သော်တာ၊ ငါ အခု ပြန်လာတာ ဒီသမီးလေးကို ရှာမလို့ပါ'

'လရောင်ရိပ်က နင်နဲ့ ကိုအောင်တို့ရဲ့ သမီးလေးလား'

'ဟုတ်တယ်၊ နာမည်ကို ငါကိုယ်တိုင်ပေးခဲ့တာ၊ နင်သိတဲ့အတိုင်းပဲ၊ ကိုအောင်နဲ့အတင်းခွဲပြီး ရင်သွေးလေးမွေးတော့ အလုပ်သမားလက်ထဲအပ်လိုက်တာ၊ နေရီက စိတ်သဘောထားကောင်းတယ်၊ ကြင်နာသနားတတ်တဲ့ အိမ်ဖော်လေးဖြစ်လို့ ငါ အပ်ခဲ့တာ၊ ဘယ်လိုလုပ်ကြမလဲဟင်၊ ဖြစ်မှဖြစ်ရလေ သမီးလေးရယ်၊ မာမီတို့ကြောင့် သမီးလေး ဆင်းဆင်းရဲရဲ နှိမ်နှိမ်ချချနဲ့ လူ့လောကကြီးထဲမှာ နေထိုင်နေရတယ်'

'ငါလည်း ဘယ်သိမလဲ ရီတာရယ်၊ အိမ်ဖော်မျိုးရိုးက ကောင်မလေးဆိုပြီး ငါ့သားနဲ့ သဘောမတူခဲ့ပေမယ့် သမီးလေးလို ကျွေးမွေးစောင့်ရှောက်ဖို့လုပ်ခဲ့ပါတယ်ဟယ်၊ နှင့်သမီးလေးကံကြမ္မာပဲလေ၊ မတတ်နိုင်ဘူး'

'ငါသတင်းစာထဲထည့်မယ်၊ ငါ့သမီးလေးကို တွေ့အောင်ရှာမယ်၊ တကယ်တော့ အဆင့်အတန်းခွဲခြားမှုတွေကြောင့် ငါတို့ ချစ်သူတွေရော သမီးလေးရော ဒုက္ခတွေ၊ အပူသောကတွေနဲ့ ရင်ဆိုင်ကြရတယ်၊ ဘာအဓိပ္ပာယ်ရှိလဲ'

'ရီတာရယ် ငါစိတ်မကောင်းလိုက်တာဟယ်၊ တကယ်





တော့ လရောင်ရိပ်လေးကို ငါ အရမ်းသနားကြင်နာမိပါတယ်၊ ချစ်လည်းချစ်တယ်၊ ဒါပေမဲ့ ငါ့အတွက်လေ၊ သားနဲ့ယှဉ်တော့ ငါ အတွက်ကြီးမိတယ်၊ ယုတ်မာကောက်ကျစ် ရက်စက်မိတယ်၊ တောင်းပန်ပါတယ် သူငယ်ချင်းရယ်'

'သမီးလေး ကံဆိုးတာပါ၊ ဘယ်မှလည်း ရှာမတွေ့ဘူး၊ ဘယ်ရောက်သွားပြီလဲဟင်၊ အန္တရာယ်တစ်ခုခုနဲ့များ ရင်ဆိုင်နေရပြီလား'

လရောင်ရိပ်ကို သတင်းစာကြော်ငြာ ထည့်ပေမယ့် သတင်းအစအန ပျောက်နေသည်။

*သမီး လရောင်ရိပ်*

*မေမေ့ဆီ အမြန်ဆက်သွယ်ပါ။ အားလုံးအဆင်ပြေသွားပြီ။ သမီးကို ရှာနေကြတယ်။ အကျိုးအကြောင်းတွေ ရှင်းပြချင်ပါတယ်။ သမီးလရောင်ရိပ်ကို မေမေ ရှာနေပါတယ်။*

*မေမေရီတာချို*

*ခေတ္တ စင်ကာပူ*

သတင်းစာကြော်ငြာ နေ့စဉ်ထည့်ပေမယ့် သမီးလရောင်ရိပ်ကို အဆက်အသွယ်မရခဲ့ပေ။ ဒေါ်ရီတာချို ကြေကွဲလို့မဆုံးတော့။ နည်းမျိုးစုံနှင့် ရှာဖွေခဲ့သော်လည်း မတွေ့တော့။ သမီးလေး သေဆုံးသွားပြီလား။ ဆေးရုံ၊ ဆေးခန်းတွေလည်း စုံစမ်းကြည့်မိသည်။

'ရဲစခန်းလည်း လူပျောက်တိုင်ထားတာပဲ၊ သတင်းလည်း မတတ်ဘူး၊ ဘယ်လိုလုပ်ရမလဲ ရျာန်ရယ်'



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းစုံကို ဟန်နီးမွန်းခရီးကနေ ပြန်လာတဲ့ ဈာန်လည်း သိလိုက်ရပြီး အရိပ်အတွက် စိတ်ပူပြီး ရှာဖွေခဲ့ပေမယ့် မတွေ့ပေ။ သတင်းသဲ့သဲ့လေးပင် မကြားရ။ အကြောင်းအရာ အသေးစိတ်ကို မှန်းတို့ မသိ။ လရောင်ရိပ် ပျောက်ခြင်းမလှ ပျောက်သွားခဲ့သည်။ ဒေါ်ရီတာချိုလည်း သမီးကို တစ်နေ့တွေ့ရနိုးနှင့် ဒေါ်သော်တာမိုးထက်နှင့် အတူနေထိုင်ကာ စောင့်မျှော်နေလေသည်။

◆ ◆ ◆



## (၂၄)

နှစ်တွေကြာပြီပဲ။ ငါးနှစ်ဆိုတဲ့ အချိန်ကာလတွေကို ဖြတ်သန်းလာခဲ့ရတဲ့ လရောင်ရိပ်ဘဝကတော့ အပြောင်းလဲကြီး ပြောင်းလဲခဲ့ရသည်။ ဘန်ကောက်ကနေတစ်ဆင့် ဆိုက်ရောက်လာတဲ့ လေယာဉ်ကြီးပေါ်မှ အဆင်းတွင် သူမရင်ထဲမှာ လွမ်းလွမ်းဆွတ်ဆွတ် ကြေကြေကွဲကွဲလေးနှင့် နာကျင်ရသည်။ တစ်စုံတစ်ခုကို တွေးမိတိုင်း နာကျင်ရပေမယ့် ထိုနာကျင်မှုလေးကိုပဲ ရင်ထဲမှာ ထာဝရသိမ်းထားချင်ခဲ့၏။ နာကျင်မှုဝေဒနာတွေ ပြည့်နှက်နေတဲ့နေရာလေးကို လရောင်ရိပ် ထပ်မံရောက်ရှိခဲ့သည်။

'လရောင်ရိပ်ကို ကြိုဆိုပါတယ်၊ အရမ်းကို ချောလာတာပဲ၊ ငေးကြည့်ရတဲ့ ကောင်မချောလေးပဲ'

သူမအား လာရောက်ကြိုနေသော အပျိုကြီးမနှင်းထား စတွေ့တာနှင့် ချီးမွမ်းစကားတွေနှင့် နှုတ်ဆက်သည်။

'လရောင်ရိပ်လေး ညွှန်ကြားထားတဲ့အတိုင်း ပန်း[illegible]ကြီးလည်း ပြင်ဆင်ထားပြီးပါပြီ၊ အနားယူပြီးမှ ပန်း[illegible]ကို သွားကြမယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့'

'မနက်ဖြန် ဖွင့်ပွဲအတွက် ပြင်ဆင်ထားပြီးပြီ အရိပ်၊ ကြော်ငြာတွေလည်း ပလူပျံနေတာပဲ၊ သခင်မလေး အနားယူတော့ မှုပါ'

'ကျေးဇူးပါပဲ မမနှင်းရယ်၊ ဒါကြောင့် အားကိုးတာလေ'

အရိပ်တို့တည်းခိုမည့် မမနှင်းတို့တိုက်ကြီးဆီ ရောက်သွားသည်။ အရိပ်အတွက် လိုလေသေးမရှိအောင် ပြင်ဆင်ထား၏။ ကျေးဇူးတင်ပါတယ်။ မမနှင်းက အရိပ်အား ကယ်တင်စောင့်ရှောက်ထားပြီး ယခုကဲ့သို့ ပန်းချီပြခန်းကြီးပြသနိုင်တဲ့ အဓိကကူညီပေးခဲ့သူဖြစ်သည်။

'မမနှင်းကို အရိပ် အရမ်းကျေးဇူးတင်ပါတယ်နော်၊ အရိပ်ကို ကယ်တင်စောင့်ရှောက်ထားခဲ့လို့လေ'

'အရိပ်ရယ်... မမနှင်းမှာလည်း တစ်ကောင်ကြွက်ပါကွယ်၊ အရိပ်လေးနဲ့တွေ့မှ အရမ်းပျော်ရွှင်ချမ်းမြေ့ပြီး မျှော်လင့်ချက်တွေ ရှင်သန်လာခဲ့ရတာပါ'

အရိပ် မာမီကြီးအိမ်က ထွက်လာပြီး သူမတို့မြို့ကိုပြန်ဖို့ အဝေးပြေးကားဂိတ်ကို သွားသည်။ ကားဂိတ်တွင် မမနှင်းကားနှင့်တိုက်မိပြီး သတိလစ်နေတဲ့ အရိပ်ကို မမနှင်းက ကြောက်လန့်ပြီး သူ့အိမ်ခေါ်လာခဲ့သည်။ အရိပ် သတိရတော့ အမှုဖြစ်မှာကြောက်လို့ မမလည်း ကားပေါ်တင်ခေါ်လာတာ။ ညီမလေးဘယ်ကလဲ။ ဘာအကူ အညီပေးရမလဲဟု ပြောဆိုနေစဉ် အရိပ်





ကိုယ်ဝန်ပျက်ကျ၍ သွေးတွေ ဒလဟောဆင်းလာသည်။ မနှင်းက သူ့အသိဆေးခန်းကို ပို့ပေးကာ ဆေးကုသပေးခဲ့သည်။

'မင်း ဘာတွေဖြစ်လာတာလဲ၊ မမ ဘာကူညီရမလဲ၊ မမက အပျိုကြီးပါ၊ ဒီမှာနေလို့ရတယ်နော်၊ အားနာစရာမရှိဘူး'

အရိပ် အကျိုးအကြောင်းကို ပြောသင့်သလောက်ပြောပြပြီး မမနှင်းဆီမှာပဲ နားခိုနေထိုင်ခဲ့သည်။ သွားစရာမှ မရှိတာ။ မမနှင်းကလည်း နိုင်ငံခြားကို အလည်အပတ်သွားဖို့ ပြင်ဆင်ထားတာနှင့် အရိပ်ကိုပါ ခေါ်ဆောင်သွားခဲ့သည်။ မမနှင်းဆွေမျိုးတွေရဲ့ အကူအညီနှင့် နိုင်ငံခြားမှာပဲနေထိုင်ပြီး ပန်းချီပညာသင်ကြားခဲ့၏။ မမနှင်းလည်း အရိပ်နှင့်အတူနေထိုင်သည်။ ယခု အရိပ်က မြန်မာပြည်မှာ ပန်းချီပြပွဲပြုလုပ်ချင်သည်ဆို၍ မမနှင်းက အရင်ပြန်နှင့်ကာ ပြပွဲအတွက် လာရောက်စီစဉ်နေခဲ့သည်။

'မနက်ဖြန် ပြပွဲအခမ်းအနားကို စိတ်ဝင်စားတဲ့သူတွေ အများကြီးပဲ အရိပ်၊ ညည်းလေးက ဘာလို့ လရောင်ရိပ်ကနေ နေညိုညိုဖြစ်ရတာလဲ'

'အေးမြတာချင်းအတူတူပဲလေ မမနှင်း၊ နေညိုညိုက ပိုပြီးအဓိပ္ပာယ်ရှိလားလို့ပါ၊ အရိပ်က နေပူပူမှာ ဖြတ်သန်းလာခဲ့ရတာ၊ အခု နေညိုချိန်ပဲမဟုတ်လား'

'အရိပ်လေးရယ်'

နောက်နေ့ ပြပွဲဖွင့်ပွဲသွားဖို့ အရိပ် မြန်မာဆန်ဆန် ချိတ်ရွှေအိုရောင်ဝမ်းဆက်လေးဝတ်တော့ မမနှင်းက [illegible]



www.burmeseclassic.com

www.burmeseclassic.com



မိုးပေါ်ကနေ ပြုတ်ကျသလိုပဲ။ ပန်းချီကားတွေ မကြည့်ဘဲ ပန်းချီဆရာမလေးကိုပဲ ကြည့်နေလိမ့်မယ်နော်တဲ့။

ကိုချာန်ရယ်။ ဒီနေ့မှ ထူးထူးခြားခြား သတိရလိုက်တာ။ အခုလောက်ဆိုရင် ကလေးတွေတောင် ရနေလောက်ပြီနော်။ မမနှင်းက ပြပွဲသွားဖို့နှိုးဆော်နေသည်။

'အရိပ် သွားကြရအောင်၊ ဖွင့်ပွဲနီးနေပြီလေ'

'ဟုတ်ကဲ့ မမနှင်း'

ပန်းချီဆရာမ နေညိုညိုရဲ့ ပန်းချီပြခန်းကြီးက မမနှင်း အစွမ်းနှင့် လွန်စွာလှပခမ်းနားနေသည်။ မထင်မှတ်ဘဲ တက်ရောက်ကြည့်ရှုကြတဲ့ ဧည့်ပရိသတ်တွေ ပြည့်ကျပ်နေသည်။

'အရိပ် တွေ့လား၊ အရမ်းနာမည်ကြီးနေတယ်၊ စိတ်ဝင်စားကြတယ်၊ အရိပ် အောင်မြင်ပြီ'

ပန်းချီပြခန်းသို့ စိတ်ဝင်တစား လာရောက်ကြည့်ရှုသူတွေထဲတွင် သူမပန်းချီကျောင်း ပထမနှစ်မှာ တွေ့ဆုံခဲ့တဲ့ နန္ဒကိုလည်း တွေ့ရသည်။

'နေညိုညိုဆိုလို့ ကိုယ်က ဘယ်သူများလဲလို့၊ လရောင်ရိပ်ပဲ'

နန္ဒက တည်ငြိမ်လာသည်။ ကျောင်းမှာ အရိပ်အား အမြဲတမ်း စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်နေတတ်တဲ့ နန္ဒကို တွေ့ရ၍ ပျော်ရသည်။

'အရိပ်... နင် ဒေါက်တာသုခနဲ့ လက်ထပ်ဖြစ်လား၊ ကလေးတွေရော ဘယ်နှယောက်ရနေပြီလဲ'

'ဟင့်အင်း'



BURMESE CLASSIC



'နင် ဘယ်သူနဲ့မှ လက်မထပ်ဖြစ်ဘူးလား'

'အင်း...'

'အပျိုကြီးပေါ့၊ ဒါဆို နန္ဒအတွက် မျှော်လင့်ချက်တွေ ရှိသေးတာပေါ့နော်'

'ကောင်စုတ်... ငါ့ကို လာမနှောင့်ယှက်နဲ့လို့ ပြောထားတယ်နော်'

နှစ်ယောက်သား ရယ်မောမိသည်။ ငါက နောက်တာပါ။ မိန်းမရလို့ ကလေးတောင်ရနေပြီတဲ့။ သုခကိုလည်း သတိရသည်။ ဆရာဝန်ဖြစ်နေပြီလား။ နန္ဒတောင် မိန်းမရပြီ။ ဒီကောင်က လူရှုပ်။ ပြပွဲမှာ လာရောက်ကြည့်ရှုသူတွေရော၊ ပန်းချီကားတွေရော ရောင်းရတာများလွန်း၍ ပန်းချီဆရာမ နေညိုညို အောင်မြင်သွားရ၏။ နောက်ဆုံးနေ့မှာတော့ ပန်းချီဆရာမ နေညိုညိုရဲ့ ပြခန်းသို့ ဧည့်ပရိသတ်တစ်ဦး ရောက်လာသည်။ လရောင်ရိပ်လို့ အမည်ပေးထားတဲ့ သူမရဲ့ပုံတူပန်းချီကားအားဝယ်ယူရန် လူတစ်ယောက် နေညိုညို့ရုံးခန်းထဲ ဝင်ရောက်လာသည်။

'ဟင်... လရောင်ရိပ်၊ မင်း... မင်းပဲ၊ နေညိုညိုဟာ မင်းပဲလား အရိပ်ရယ်'

ဝမ်းသာအားရ ပျော်ရွှင်ကြည်နူးသွား၏။ ကိုချာန်နှင့် မထင်မှတ်ဘဲ ဆုံဆည်းရလေသည်။

'အရိပ်'

'ကိုချာန်တစ်ယောက်တည်းလား၊ ထိုင်လေ- ချောင်းရော၊ ကလေးတွေရနေပြီလားဟင်'

www.burmeseclassic.com



*အရိပ် တုန်လှုပ်ချောက်ချားမှုတွေကို ရုတ်ခြည်းပြန်ထိန်း* လိုက်နိုင်သည်။ ကိုဈာန်က ဝင်ထိုင်ရင်း ခပ်စူးစူးကြည့်တော့မှပင် အရိပ် ဘာမှမဖြစ်သလို ကွဲကွာနေတဲ့ဆွေမျိုးသားချင်းတစ်ယောက်ကို တွေ့လိုက်ရသလို ဖြူဖြူစင်စင်ဆက်ဆံနိုင်ခဲ့၏။ သူမ ပြုံးလိုက်သည်။

'မမမှုန်းကို ဘာဖြစ်လို့ခေါ်မလာရတာလဲ ကိုဈာန်၊ မာမီကြီးရော ဒေါ်လေးမရောဟင်၊ နေကောင်းကြလား'

'မှုန်းက ဆုံးသွားပါပြီ'

'ဟင်...'

'လက်ထပ်ပြီး တစ်နှစ်အကြာမှာပဲ အသည်းကင်ဆာနဲ့ ဆုံးသွားတယ်၊ ရောဂါဝေဒနာတွေ ခံစားနေရလို့ ကလေးလည်း မယူဖြစ်ပါဘူး၊ သုခလည်း ဆရာဝန်ဖြစ်သွားပြီလေ'

'ဟုတ်လား၊ ဖြစ်မှဖြစ်ရလေ မမမှုန်းရယ်၊ အရမ်းစိတ်ကောင်းစေတနာရှိတာပါ'

မမမှုန်း ဆုံးသွားပြီဆိုတော့ အရိပ် တကယ်ပဲ စိတ်မကောင်းဖြစ်ရသည်။

'ကိုယ် တစ်ယောက်တည်းပဲနေတယ်၊ မိန်းမတွေနဲ့ လုံးဝ မပတ်သက်တော့ဘူး၊ မာမီလည်း နေကောင်းပါတယ်၊ ဒေါ်လေးမလည်း နေကောင်းတယ်၊ ဪ... ဒါနဲ့ အရိပ် မင်းထွက်သွားတော့ သတင်းစာကြော်ငြာ မတွေ့ဘူးလား'

'ဟင့်အင်း... မတွေ့ပါဘူး၊ အရိပ် ကားတိုက်မိပြီး အဲဒီမမက အရိပ်ကို ကူညီစောင့်ရှောက်ခဲ့တာပါ၊ မမနှင်းဇေကရီလေ၊ ပြပွဲကြီးကြပ်ပေးနေသူပါ'





မမမှုန်း ဆုံးသွားတာ အရိပ် စိတ်ထိခိုက်ကြေကွဲရသလို ကိုဈာန် လူလွတ်အဖြစ်ရှိနေတာ ပျော်သွားရသည်။ ရင်တွေခုန်ချင်လာ၏။ အကြည့်ချင်း ဆုံသွားသည်။

'တကယ်တော့ အဲဒီအချိန်ကအကြောင်းတွေ မပြောချင်တော့ပါဘူး ကိုဈာန်ရာ။ ထားလိုက်ပါတော့၊ အရိပ်လည်း ဖြစ်ချင်တဲ့ပန်းချီဆရာမကြီး ဖြစ်ပြီပဲ၊ မမနှင်းနဲ့ နိုင်ငံခြားလိုက်သွားဖြစ်ပြီး ဟိုမှာပဲ ပန်းချီပညာသင်ကြားခဲ့တာပါ'

'အရိပ်'

'ရှင်...'

'မင်းကို စောင့်နေတဲ့သူနှစ်ယောက်ရှိတယ်၊ တစ်ယောက်က မာမီ၊ နောက်တစ်ယောက်က မင်းဆီမှာရှိနေတဲ့ လော့ကက်သီးလေးထဲက မိန်းမကြီးလေ၊ အဲဒါ အရိပ်အမေပဲ'

'ဘာပြောတယ် ကိုဈာန်'

အရိပ် လော့ကက်သီးလေးကျန်ရစ်ခဲ့တာတော့ သိသည်။ ပြန်သွားမယူချင်တော့၍ မေ့ပစ်ထားမိ၏။ အရိပ်မမေတဲ့ အကြီး ဆည်းဆာက တစ်စုံတစ်ခုပြောဖို့ဟန်ပြင်ပြီးမှ အမောတကော ပြီး လူ့လောကကြီးထဲကနေ ထွက်ခွာသွားခဲ့သည်။

'သတင်းစာမှာ ကြော်ငြာတွေထည့်တယ်၊ မင်းကို အရူးကြီးတစ်ယောက်လို ရှာနေခဲ့တာပါ၊ မာမီလည်း နောင်တတွေ ရနေတယ်၊ မင်း လိုက်ခဲ့ပါ အရိပ်၊ မင်းကို အရမ်းတွေချစ်နေကြတယ်'

အရိပ်ကို မာမီကြီးက တွေ့ချင်နေတာတော့ အရိပ်

www.burmeseclassic.com



ဝမ်းသာပါတယ်။ မိခင်တစ်ယောက်ဖြစ်ပြီး သမီးတစ်ယောက်ကို အိမ်ဖော်တစ်ယောက်လက်ထဲ အပ်ပစ်လိုက်တာတော့ အရိပ် နာကြည်းသည်။

'မင်းအဘိုးအဘွားတွေ လုပ်တာပါကွာ၊ မင်းအမေက မင်းကို အမြဲတမ်းရှာနေခဲ့တာပါ၊ မင်း သွားတွေ့သင့်ပါတယ် အရိပ်ရယ်'

'ကျွန်မစဉ်းစားပါရစေဦး ကိုဗျာန်၊ အိမ်ဖော်မကြီးရဲ့ သမီးဘဝကိုပဲ ကျွန်မနှစ်သက်တယ်၊ မဆီမဆိုင် ကျွန်မ ကျွေးအမေက ရှန်းကန်လှုပ်ရှားပြီး ပညာတတ်တစ်ယောက်ဖြစ် အောင် ကျွန်မ ဆင်းဆင်းရဲရဲမနေရအောင် မြေတောင်မြှောက်ပေး ခဲ့တာပါ၊ ကျွန်မဘဝမှာ သူဌေးအမေ မလိုအပ်တော့ပါဘူးနော်'

မာမီကြီးကရော အရိပ်ကို သူဌေးသွေးဆိုပြီး လက်ခံသွား တာလား။ အတိတ်ကို မေ့ပစ်ထားချင်သည်။ ပြန်မတူးဖော်ချင် ပါဘူး။ ဒီပြပွဲပြီးရင် အရိပ် နိုင်ငံခြားကိုပဲ ပြန်သွားဖြစ်မည်။ ဟိုမှာလည်း ပြပွဲလုပ်မည်ဖြစ်သည်။ ကိုဗျာန့်ကိုပင် အရိပ်မှာ ကိုယ်ဝန်ရှိခဲ့ကြောင်း မပြောပြတော့။ ပြီးခဲ့တာတွေ ထားရစ်ခဲ့ ချင်၏။ အမေဆိုတာလည်း အရိပ်အတွက် မလိုအပ်တော့ပေ။ ကိုဗျာန်က တောင်းပန်သည်။

'အားလုံးပြီးဆုံးသွားပါပြီ ကိုဗျာန်၊ မာမီကြီးကို ပေးထား တဲ့ကတိအတိုင်း ကိုဗျာန်နဲ့ပတ်သက်နေမိတာတောင် ကတိဖောက် ဖျက်ရာရောက်နေပြီလားပဲ'

'မာမီက နောင်တတွေရနေပါတယ်၊ အရိပ်ကို သမီးလေး





တစ်ယောက်လို ချစ်ခဲ့တာပါ၊ မာမီ ပိုပြီးစိတ်ထိခိုက်ရပြီး အရိပ် ကိုတွေ့ချင်လို့ စောင့်မျှော်နေပါတယ် အရိပ်'

'ထားလိုက်ပါတော့၊ ကဲ... ကိုဗျာန်ဝယ်မယ့်ပန်းချီကား ကို ငွေကြေးနဲ့မဝယ်ပါနဲ့၊ မေတ္တာလက်ဆောင် ပေးလိုက်ပါ့မယ်'

'အရိပ်'

'သွားနိုင်ပါပြီနော်၊ ပန်းချီကားကတော့ ထုပ်ပိုးပြီး ဝန်ထမ်းတွေက ကားပေါ်တင်ပေးပါလိမ့်မယ်'

'အရိပ်'

'ကျွန်မ နေညိုညိုဖြစ်သွားပြီ'

'ကိုယ်တောင်းပန်ပါတယ်၊ အရမ်းတွေ့ချင်နေကြတဲ့ လူကြီးနှစ်ယောက်ရဲ့ဆန္ဒကို ဖြည့်စွမ်းပေးပါ၊ လိုက်ခဲ့ပါကွာနော်'

'ဟင့်အင်း... မလိုက်သေးပါဘူး၊ ကျွန်မအတွက် အမေ မှမလိုတာဘဲ၊ အိမ်ဖော်မကြီး ကျွန်မအမေက ကျွန်မကို ကြင်ကြင် နာနာ နွေးနွေးထွေးထွေး စောင့်ရှောက်ခဲ့ပါတယ်၊ အိမ်ဖော်မျိုးရိုး မဟုတ်တဲ့ ကျွန်မကို အဝတ်လေးတစ်ထည်၊ ပန်းကန်လေးတစ်ချပ် တောင် မဆေးခိုင်းရက်ဘူး၊ ပညာတတ်လေးဖြစ်အောင် ကြိုးစား သင်ပေးတယ်၊ အဲဒါ ကျွန်မအမေပဲ'

ကိုဗျာန် မသွားသဖြင့် အရိပ် ထလိုက်သည်။

'မင်းအမေမှာ သွေးကင်ဆာဖြစ်နေတယ်၊ နောက်ထပ် လူ့လောကကြီးထဲမှာ နေထိုင်ခွင့်က နှစ်လလောက်ပဲရှိတော့တယ် အရိပ်'

ကိုဗျာန့်စကားကြောင့် အရိပ် ထိုင်နေရာမှ ဆတ်

www.burmeseclassic.com



ခနဲထုလိုက်သည်။ မေမေအရင်းကိုတော့ အရိပ် တွေ့ချင်နေခဲ့၏။ သူ့ဒွေးအမေဖြစ်၍ အငမ်းမရလိုက်တွေ့သည်ဟုလည်း အထင်မခံနိုင်။ မေမေ ရောဂါဝေဒနာတွေ စွဲကပ်နေပြီဆိုတော့လည်း အရိပ် တွေ့ချင်လာသည်။

'ကျွန်မ လိုက်တွေ့မယ်၊ ဘာပဲဖြစ်ဖြစ်လေ ကျွန်မကို မွေးထားတဲ့ အမေအရင်းကိုတော့ တွေ့ချင်ပါတယ်'

'ကိုယ်နဲ့လိုက်ခဲ့ အရိပ်'

မမနှင်းကို အသိပေးပြီး ကိုဈာန့်နောက် အရိပ် စိုးရိမ်ပူပန်မှုတွေနှင့် လိုက်ခဲ့သည်။

'အမလေး… အရိပ်လေးရယ်၊ မာမီကြီးက စောင့်လိုက်ရတာ၊ မာမီကြီး တောင်းပန်ပါတယ်၊ ခွင့်လွှတ်ပါနော်'

မာမီကြီးက အရိပ်ကိုတွေ့တွေ့ချင်း ပွေ့ဖက်ကာတောင်းပန်သည်။ မျက်ရည်တွေလည်း ကျလာ၏။ အရိပ်လည်း ဝမ်းသာအားရနဲ့ ပြန်ပွေ့ဖက်မိ၏။ အရိပ်ရဲ့ မေမေဆိုတာကတော့ မျက်ရည်တွေစီးကျကာ အရိပ်ကို ငေးကြောင်ကြည့်နေသည်။

'ရိတာ… နင့်သမီးလေး လရောင်ရိပ်လေ၊ သေသေချာချာကြည့်မှ နင်ငယ်ငယ်ကနဲ့ အရမ်းတူနေတယ်နော်'

'သမီး'

အရိပ် လှည့်ကြည့်လိုက်တော့ မေမေက ကျန်းကျန်းမာမာကြီးပါ။ ဖြူနုပြီး အရိပ်နှင့် ဆင်တူနေသည်။

'သမီးလေးရယ်… မာမီ့ကို ခွင့်လွှတ်ပါ၊ တကယ့်ကို





အတင်းအကျပ်စီစဉ်ခြင်းခံခဲ့ရတာပါ၊ သမီးလေးကို မာမီ အမြဲ တမ်းရှာခဲ့ရပါတယ်'

'မာမီ'

'သမီးလေး'

'ဟို… ဟိုလေ… မာမီ့မှာ သွေးကင်ဆာဖြစ်နေပြီဆို၊ လူ့လောကကြီးထဲမှာနေဖို့ နှစ်လလောက်ပဲကျန်တော့တယ်ဆို'

'မဟုတ်ပါဘူး သမီးလေးရယ်၊ သားပြောတာလား'

'ဟုတ်တယ် အန်တီရိတာ၊ အရိပ်က တွေ့ဖို့ငြင်းနေလို့လေ၊ သူ့အတွက် မေမေမလိုအပ်တော့ပါဘူးလို့ ပြောနေတယ်။ ဒါကြောင့် လုပ်ကြံပြောပြီး ခေါ်လာခဲ့တာပါ'

'ကြည့်စမ်း… ကိုဈာန် အရမ်းဆိုးတာပဲ၊ လူလိမ်၊ အရိပ် ကတော့ အဟုတ်အောက်မေ့လို့ ငိုချင်နေတာ၊ အရမ်းတွေ့ချင်သွားတာ'

'သမီးလေးရယ်… မာမီ တောင်းပန်ပါတယ်ကွယ်၊ သမီးလေးဘဝကို အခုလို ထူထောင်နိုင်တာ ဝမ်းသာတယ်၊ မာမီ့ကို ခွင့်လွှတ်ပေးပါနော်၊ မိသားစုဝင်တွေ ပျော်ပျော်ပါးပါးဖြစ်ရကြရအောင်ပါ'

'ဟုတ်ပါတယ်… အရိပ်လေးရယ်၊ မာမီကြီးလည်း တောင်းပန်ပါတယ်၊ အရိပ်လေးအပေါ် အတွကြီးမိတယ် ခွင့်လွှတ် ပေးပါကွယ်၊ နော်'

'အရိပ် အားလုံးကို နားလည်ခွင့်လွှတ်ပေးပါတယ် မာမီ



www.burmeseclassic.com

www.burmeseclassic.com



ကြီး၊ မာမီကြီးတို့ဆန္ဒအတိုင်း ဖြစ်စေရပါ့မယ်၊ အရိပ် ကျေးဇူး ဆပ်ချင်တာပါ'

'ဒါဆို မာမီကြီးတို့ဆန္ဒက သားချာန်နဲ့ ပြန်လက်ထပ် ပေးချင်တယ်ဆိုရင်ရောကွယ်'

'ရှင်…'

အရိပ် မျက်နှာပူပြီး တစ်ကိုယ်လုံးထူပူသွားကာ ကိုချာန့် ကိုကြည့်လိုက်တော့ အကြင်နာမျက်ဝန်းညို့ညို့နှင့် လက်ခံလိုက် ပါ အရိပ်ရယ်လို့ တောင်းပန်တိုးလျှိုးစွာ ကြည့်နေသည်။ အရိပ် ငြင်းလည်း မငြင်း။ ခေါင်းလည်း ညိတ်မပြ။ ငြိမ်သက်နေသဖြင့် ကိုချာန် အားမလိုအားမရဖြစ်ကာ အရိပ်လက်လေးကိုဆွဲ၍ အပေါ် ထပ်သို့ ခေါ်ဆောင်သွားသည်။

'ကိုချာန် ဘာလုပ်တာလဲ၊ လွှတ်ပါ'

'မင်း ဘာဖြစ်လို့ အဖြေမပေးတာလဲ၊ လက်မခံမချင်း မပြန်ရဘူးနော်၊ ကိုယ့်အခန်းထဲမှာ သော့ပိတ်ထားမလို့'

'ကိုချာန်ရယ်… တိတ်ဆိတ်နေခြင်းဟာ ဝန်ခံခြင်းပဲ မဟုတ်လား၊ အရိပ် ခေါင်းညိတ်ပြဖို့လိုသေးလို့လားလို့၊ ပြောလေ'

'အရိပ်လေးရယ်'

ကိုချာန့်လက်တွေက အရိပ်ခန္ဓာကိုယ်လေးကို ပွေ့ဖက် လိုက်ပြီး အနမ်းလေးတွေ ပွင့်အိစက်စွာ ကျရောက်လာလေ တော့သည်။

ရှင်မြတ်နိုး



BURMESE CLASSIC
www.burmeseclassic.com